
# ကမ္ဘဘောဂ



ဆွာမိ ဝိဝေကနန္ဒာ

# မာတိကာ


| အခန်း | စာမျက်နှာ |
|---|---|
| ၁။ ကိုယ်ကျင့်တရားတွင် ကမ္ဘာ၏လွှမ်းမိုးမှု | ၁။ |
| ၂။ လူတိုင်းသည်မိမိနေရာတွင်ကြီးမြင့်ကြ၏ | ၂၁။ |
| ၃။ အသုပ်၏လျှို့ဝှက်တရား | ၅၅။ |
| ၄။ တာဝန်ဆိုသည်မှာ အဘယ်နည်း | ၈၁။ |
| ၅။ ကမ္ဘာကိုစောင်မခြင်းမဟုတ်၊ မိမိတို့ ကိုယ်ကို စောင်မခြင်းပင် | ၁၀၁။ |
| ၆။ တွယ်တာမဲ့မှုသည် လုံးဝကိုယ်ကျိုး စွန့်လွှတ်မှုဖြစ်၏။ | ၁၂၀။ |
| ၇။ လွတ်မြောက်ရေး | ၁၅၀။ |
| ၈။ ကမ္မယောဂ၏စံပြသဘော | ၁၈၁။ |

၈ ၃၄၀

# ကမ္မယောဂ

## အခန်း (၁)

## ကိုယ်ကျင့်တရားတွင် ကမ္မ၏ သွမ်းမိုးမှု။

ကမ္မဟူသောစကားသည် သက်ရိက်ဘာသာ "ကြိ" ဟူသောစကားလုံးမှ ဆင်းသက်လာ၍ ပြုလုပ်ခြင်းဟု အနက်ရ၏။ တနည်းအားဖြင့်ဆိုလျှင်ဤစကားလုံးသည် ပြုလုပ်ခြင်းများ၏အကျိုးများဟုလည်း အဓိပ္ပါယ်ရ၏။ သပြိုဟ်နည်းဖြင့်ဆိုလျှင်ဤစာလုံးသည်ကျွန်ုပ်တို့၏ ယခင်ဘဝမှအကြောင်းခံများကိုမှီ၍ဖြစ်သော ယခုဘဝ အကျိုးများဟု ဆိုနိုင်ပြန်လေသည်။ ကမ္မမှာ အလုပ်ဟူသော ရိုးရိုး အဓိပ္ပါယ်ကိုပင် ယူရပါမည်။

လူ့လောက၏ ပန်းတိုင်သည် ပညာရရှိမှုဖြစ်၏။ ဤကား အရှေ့တိုင်းအဘိဓမ္မာ၏ သဘောတရပ် ဖြစ်ချေသည်။ သာယာ ရွှင်မြူးမှုမှာ လူ့ဘဝ၏ ပန်းတိုင်မဟုတ်၊ ပညာသာလျှင် ပန်းတိုင်ဖြစ်၏။ သာယာရွှင်မြူးမှုနှင့် ပျော်ရွှင်မှုတို့တွင် အဆုံးရှိ၏။ သာယာရွှင်မြူးမှုသည်ပန်းတိုင်ဖြစ်သည်ဟူသော

အယူအဆသည်များပွင်း၏။ လောကကြီးတွင်ဖြစ်ပေါ်သမျှသော မချမ်းမြေ့ဘွယ်ဟူသမျှ၏ တရားခံဖြစ်သော အချက်သည်လူတို့၏သာယာရွှင်မြူးမှုကို အရေးတကြီးကြံဆအပ်သည်ဟု ယူဆကြသောအချက်ပင်ဖြစ်၏။

ကာလအနည်းငယ် ညောင်းသော အခါ လူတို့သည် မိမိသွားနေသော ခရီးမှာ သာယာ ရွှင်မြူးခြင်း သို့မဟုတ် ပညာရရှိခြင်းသို့ဖြစ်သည်ကို သိမြင်လာ၏။ သာယာ ရွှင်မြူးမှုနှင့်ခံစားရမှုတို့မှာ သူ၏ ဆရာများဖြစ်၍ အကောင်းမှုရင်း၊ အဆိုးမှုရင်း၊ သင်းခန်းစာရယူနိုင်လေသည်။

သာယာ ရွှင်မြူးမှုနှင့် နာကျင်ခံ စားရမှုတို့သည်၊ လူတယောက်၌ ထင်ဟပ်ပြီးသောအခါ၊ လူတွင်အသွင်အမျိုးမျိုးကို ထားခဲ့၏။ ထိုအသွင်အမျိုးမျိုး၏ တရုတပေါင်းတည်းအဖြစ်မှာ "ကိုယ်ကျင့်တရား" ပင်ဖြစ်လေသည်။ လူတယောက်၏ ကိုယ်ကျင့်တရားကိုကြည့်ပါ၊ ယင်းသည် တစုံတခုသော အကြောင်းချင်းတများဆီသို့ ယိုင်ညွှတ်သောစိတ်၏ အစုအအပေါင်းသဘောဖြစ်လေသည်။ သူ့စိတ်၏ ယိုင်ညွှတ်ချက်များ၏ပေါင်းစည်းသောသဘောကိုတွေ့ရပေလိမ့်မည်။ ကြေကွဲဝမ်းနည်းရခြင်းနှင့်ပျော်ရွှင်ချမ်းမြေ့ရခြင်း နှစ်ရပ်တို့မှာ ကိုယ်ကျင့်တရားကို ပုံဆောင်ရာတွင် တူညီမျှသော အကြောင်း နှစ်ရပ်ဖြစ်ပေသည်။ ကိုယ်ကျင့်တရားကို ပြုပြင်ရာတွင် အကောင်းနှင့် အဆိုးနှစ်ရပ်သည် မျှတူမျှ၌ပါဝင်ကြ၏။

ရံဖန်ရံခါမူကား အခိုးတည်း ဟူသော ကြေကွဲဝမ်းနည်းခြင်း ကအကောင်းတည်းဟူသော ရွှင်လန်း ဝမ်းမြောက်ခြင်းထက် ထိရောက်သောသင်ခန်းစာကို ပေးနိုင်လေသည်။ ကမ္ဘာ့တွင် ပေါ်ထွန်းခဲ့သမျှသော ပုဂ္ဂိုလ်ကြီးတို့၏ ကိုယ်ကျင့် တရားကို လေ့လာလျှင် များစွာသော အဖြစ်တို့၌ အခိုးက အကောင်း ထက် သင်ခန်းစာပေးနိုင်သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ကျွန်ုပ်ပြောရပေါသည်။ ချမ်းသာခြင်းထက် ဆင်းရဲခြင်းက အသိတရားကိုသင်ကြား ပေးနိုင်ပါသည်။ အတွင်းမီးလျှံကို တောက်လောင်နိုင်ရန်အတွက်မြီးမွှမ်းခြင်းထက်လေဖြင့်မှုတ် ခြင်းက တတ်နိုင်ပါသည်။

တဖန်ဉာဏ်ပညာဘို့သည် လူတို့ ရှုံးရာ၌အမွှေဆက်ခံ ရခြင်းဖြစ်ပါသည်။ ထိုပညာဘို့သည် ပြင်ပမှလာသည်မဟုတ်၊ အတွင်းအရှုတ္တ၌သာ အခြေခံကြပါသည်။ လူတယောက်၏ သိခြင်း ဟူ သော အချက်ကို စိတ်ပညာ သဘောပါအောင် တိကျစွာ ပြောရလျှင် ထိုသူသည် 'တွေ့ရှိခြင်း' သို့မဟုတ် 'ဖေါ်ထုတ်ခြင်း' ဟု ပင် ဆိုရပါမည်။ လူတယောက်၏တတ် သိနားလည်ခြင်းသည် ထိုသူ၏"တွေ့ရှိခြင်း"ပင် ဖြစ်ပါသည်။ စင်စစ်မှာ မိမိ၏ ဝိဉာဉ်အဖုံးကို အသွားဖွင့်ကြည့်ခြင်း ဖြစ်ပါ သည်။ မိမိဟူသောအကြောင်းမှာလည်း ဖေါ်ထုတ်မကုန်နိုင် သောသတ္တုတွင်းကြီးပမာဖြစ်ပါလေသည်။

နယူတန်သည် မြေကြီး၏ဆွဲငင်ခြင်း အားကို ရှာဖွေ တွေ့ရှိသည်ဟု ကျွန်ုပ်တို့ပြောကြသည်။ ထိုတွေ့ရှိချက်သည် သူ၏အခန်းတဆောင့်ထောင့်တွင် အချိန်ကျအောင် သူ့အား

စောင့်ဆိုင်းနေခဲ့ပါသလော။ အမှန်အားဖြင့် နယူတန်၏စိတ်သာဖြစ်ပါသည်။ အချိန်ကျသောအခါထိုအကြောင်းကိုစိတ်ဖြင့် ရှာဖွေတွေ့ရှိခြင်းဖြစ်ပါသည်။ ကမ္ဘာ့လောကကြီးကရရှိသမျှသောဉာဏ်ပညာတို့သည့်စိတ်တွင်အရင်းခံကြပါသည်။ ဤ သုံးမကုန်နိုင်သော စကြဝဠာ ပညာ ဘဏ္ဍာတိုက်ကြီးသည် ကျွန်ုပ်တို့စိတ်တွင်း၌ရှိပါသည်။

ဖြင်ပလောကမှာ အကြံပေးသည့်သဘောသက်သက်သာဖြစ်ပါသည်။ စိတ်ကိုလှုံ့လာရန်အခါအခွင့်အခြေအနေကိုဖန်တီးပေးပါသည်။ လှုံ့လာရန် အကြောင်း ရပ် မှာ ကားကျွန်ုပ်တို့စိတ်တွင်း၌ပင် ရှိပါသည်။

ပန်းသီးကလေးတလုံး ကြွေကျခြင်းသည်သိပ္ပံပညာရှင် နယူတန်အားအကြံပေးလိုက်သကဲ့သို့ဖြစ်သည်။သူသည့်သူ့စိတ်၌ လှုံ့လာသည်။ ယခင်တွေ့ရှိသမျှ စိတ်ဘွင်းရှိ အဆက်အစပ်ကလေးများကို ပြန်စဉ်းစား၍ အစီအစဉ် သစ်ပြုပြီးလျှင် တသီဘတန်းကြီးဆွဲ၍ အဖြေ ထုတ် လိုက် သည်။ ထိုအဖြေကား ကျွန်ုပ်တို့ သိရသောမြေကြီး၏ ဆွဲငင်အား အကြောင်းပင်ဖြစ်လေသည်။ကြွေကျလာသောပန်းသီးထဲ၌ရင်း၊ ကမ္ဘာ၏အလယ်ဗဟို၌ရင်း၊ ထိုအသိဘရေးသည် ရှိ သည် မဟုတ်ပေ။ ထို့ကြောင့် လောကီပညာဖြစ်စေ၊ လောကုတ္တရာပညာဖြစ်စေ လူ့စိတ်ဘွင်း၌သာ ကိန်း အောင်း လျက်ရှိ ပေသည်။များသောအားဖြင့် ဤပညာကိုရှာဖွေမတွေ့ရှိကြ။ တစုံ

တရားနှင့် ဖုံးလွှမ်း၍ထား၏။ ထိုဖုံးလွှမ်းမှု ဘဖြည်းဖြည်း ပွင့်လာခြင်းကို ကျွန်ုပ်တို့ “သင်ယူနေသည်” ဟု ဆိုကြသည်။ ၍လုပ်ငန်းသည့် အဆင့်အတန်းမြင့်လာလေလေ၊ ပညာသည် နက်ရှိုင်းလာသေသေဖြစ်တော့သည်။ လူဘယောက်တွင် အဖုံးအလွှမ်းတည်းဟူသော အမြှေးများနည်းပါး သွားလေလေ ထိုသူသည် ပညာဘတ်သာလေလေဖြစ်ပေသည်။ ထိုအမြှေး ထူနေသောသူသည် ပညာနည်းပါးသူဖြစ်၏၊ ထိုမြှေးများ လုံးဝကင်းစင်ပါလျှင်ကား အလုံးစုံသောပညာဉာဏ်ကို ရရှိသူဖြစ်ပေတော့သည်။

အလုံးစုံသော ပညာကိုရသူတို့သည် ပေါ်ထွန်းခဲ့ကြပြီ။ ပေါ်ထွန်းလတ္တံ့သော ပုဂ္ဂိုလ်တို့ ရှိဦးမည်ကို လည်း ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ကျွန်သေးသမျှ သံသရာစက်တွင်လည်း ထိုပုဂ္ဂိုလ်မျိုးအသင်္ချေအနန္တ ရှိကြပေလိမ့်ဦးမည်။ ကျောက်ခတ် နှစ်ခုထိသောအခါ၊ မီးပွင့်သကဲ့သို့ စိတ်တွင် လည်း ပညာအလင်းသည် လျှပ်တပြက်တွင် ဖြစ်ပေါ်တတ်သည်။ပြင်ပအတွေ့အကြုံတို့မှာထိုပညာကို ဖြစ်ပေါ်စေသော မီးခတ်နှစ်ခု ခတ်မိသည့် သဘောပင် ဖြစ်လေ သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အပြုအမူနှင့် စိတ်အဟုန်ဟူသမျှတို့ဖြစ်သော၊ အငိုးများနှင့် မျက်ရည်များသည့်ငှင်း၊ ပျော်ရွှင်ခြင်းနှင့်ပူဆွေးခြင်းများသည့်ငှင်း၊ ငိုကြွေးခြင်းနှင့် ရယ်မောခြင်းများသည့်ငှင်း၊ ကျိန်ဆဲခြင်းနှင့် ချီမြှင့်ခြင်းများသည့်ငှင်း၊ ခြိမ်းမွမ်းခြင်းနှင့် ပြစ်တင်ခြင်းများသည့်ငှင်း၊ ဦးခေါင်းအေးအေးနှင့် စဉ်းစားလျှင် ကျွန်ုပ်တို့ကိုယ်တွင်းမှ ထုတ်ဆောင်ပေးသဖြင့်

ထွက်လာသောအရာများ ဖြစ်ကြောင်း တွေ့ရ ပေလိမ့်မည်။ ၎င်းတို့ထွက်လာသော အကျိုးကား ကျွန်ုပ်တို့၏ လက်ငင်းဘဝအဖြစ်ပင်တည်း။ ထိုအရာအားလုံးကို စုပေါင်းလိုက်သည်ရှိသော်အလုပ်နှင့် ဆောင်ရွက်ချက်ဟူသောကမ္မတရားသည် ထွက်ပေါ်လာ၏။

စိတ်ဖြင့်ဖြစ်စေ၊ ကိုယ်၏အမှုဖြင့်ဖြစ်စေ မိမိအတွင်းစိတ်ကို လှုံ့ဆော်ပေးအခါ မီးတောက်သည့် ပွင့်လက်လာ၏။ ထိုမှမိမိစွမ်းအားနှင့် ပညာဉာဏ်ကို တွေ့ရှိလာ၏။ ထိုအမှုသည် ကမ္မပင် ဖြစ်၏။ ကမ္မဟူသော စကား၏ ခြုံမိသမျှအဓိပ္ပါယ်အရုံကို သုံးလျှင်ကျွန်ုပ်တို့သည်ကမ္မတည်းဟူသော အမှုကိုအမြဲပြုနေကြသူများပင်တည်း။

ကျွန်ုပ်သင်တို့အား ဟောကြားနေခြင်းသည် ကမ္မဖြစ်၏။ သင်တို့နားထောင်နေခြင်းသည်လည်းကမ္မဟုမည့်ပါ၏။ ကျွန်ုပ်တို့ အသက်ရှုရှိုက်ကြ၏။ ထိုရှုရှိုက်ခြင်းသည် ကမ္မဖြစ်၏။ ကျွန်ုပ်တို့လမ်းလျှောက်ခြင်းသည်လည်းကမ္မဖြစ်၏။ ကျွန်ုပ်တို့၏ စိတ်ဖြင့်၎င်း၊ ကိုယ်ဖြင့်၎င်းပြုသမျှသည် ကမ္မဖြစ်၏။ထိုကမ္မသည်ကျွန်ုပ်တို့၌အရာထင်၍ ကျန်ရစ်လေသည်။

အချို့သောအမှုကိစ္စတို့သည် သေးငယ်သော အမှုကလေးများကိုစုပေါင်းလုပ်ဆောင်ခြင်းနှင့် တူညီသောသဘောရှိကြကုန်၏။ ကျွန်ုပ်တို့သည် ပင်လယ်ကမ်းစပ်တွင် ရပ်နေသည့်အခါကြီးမားသော လှိုင်းပုတ်သံကိုကြားရ၏။ ထိုအသံ

ကားကြီးမားလေစွဟု စိတ်ကထင်မိ၏။ ထိုလှိုင်းလုံးများသည် လှိုင်းတက်ကလေးများ သန်းနှင့်ချီကာ စုပေါင်း၍ ဖြစ်ပေါ်ရခြင်းကိုမူ ကျွန်ုပ်တို့သတိမထားမိကြ။ လှိုင်တက်ကလေးများ တခုစီ၏ရိုက်ခတ်သံကိုကျွန်ုပ်တို့မကြားမိကြ။ ၎င်းတို့ရဝေး၍ သေးငယ်ရာမှဒုဒယ်အားဖြင့်ကြီးလာသောအခါတွင်မှကျွန်ုပ် တို့နား၌ကြားကြရလေသည်။

ထို့နည်းတူစွာပင်နှလုံးခုန်သောအချက်ကလေးတိုင်း သည် အလုပ်လုပ်နေခြင်းဖြစ်၏။ အချို့ အဖြစ်အပျက်များကို ကျွန်ုပ်တို့စိတ်တွင်သိသိသာသာ သတိထားမိ၏။ ၎င်းတို့သည် ပြုမူချက် ကလေးပေါင်းများစွာမှ လုံးပေါင်းလျက် ပေါ်လာ ခြင်းဖြစ်လေသည်။လူတယောက်၏အမူအကျင့်(Character) ကိုဆုံးဖြတ်လိုလျှင် သူ၏ကြီးကျယ်သော ဆောင်ရွက်မှုများ ကိုကြည့်ရန်မလိုပါ။ သူရှုံးသော်မှ တကြိမ်တခါခါတွင်ထင် ရှားကျော်ဇော်အောင် ပြုတတ်ပါသေး၏။ ထို့ကြောင့်လူတ ယောက်တွင်နေ့စဉ်လုပ်နေကျအသေးအမွှားအပြုအမူကလေး များကိုလေ့လာပါ။ ၎င်းတို့သည် ထိုသူ၏အမူအကျင့်ကို ထင် ရှားစေမည့်တကယ့်အချက်များဖြစ်ပေတော့သည်။တခါဘ ရုံအခွင့်ကောင်း အလန်းကောင်းကြုံကြိုက်သဖြင့်အနိမ့်ဆုံးသူ ပင်လျှင်ပိုင်ကော်၍ ချုံပေါ်ရောက်တတ်ပါသည်။ ၎င်းမူအကျင့် အားဖြင့် ကြီးမြတ်သော သူ ကား အခါမရွေး၊ နေ ရာ မ ရွေး ကြီးမြတ်နေပေတော့သည်သာတည်း။

လူတို့၌ကမ္ဘ၏ ထင်ဟပ်မှုသည် ကိုယ်ကျင့်တရားတွင် အရေးအကြီးဆုံးဖြစ်ပေသည်။ လူသည်မူလပကတိ အားဖြင့်

ဗဟိုအချက်အခြာဖြစ်၍ ပတ်ဝန်းကျင်လောကရှိ ဓွမ်းအား များကိုမိမိ၏အထံသို့ဆွဲဆောင်လေ့ရှိ၏။ ထိုဗဟိုအချက်အခြာ၌ပင်စွမ်းအင်အမျိုးမျိုးတို့ကို ရောနှောက်ရွေ့စပ်၍ တခုတည်းသောဓာတ်အားကိုဖွံ့ထွက်ပြန်၏။ ထိုဗဟိုအချက်အခြာပုဂ္ဂိုလ်မျိုးကားတန်းခိုးရှင်ဖြစ်သော လူစင်စစ်ဖြစ်၏။ အရာခပ်သိမ်းကိုသိတတ်သောဉာဏ်ရှိ၏။ စကြဝဠာတခုလုံးကို သူ့ထံသို့ ဆွဲငင်ယူ၏။ အကောင်းနှင့်အဆိုး၊ ညှိုးလျှမှုနှင့်ပျော်ရွှင်မှုမှန်သမျှ သူ့ထံသို့ပြေးကပ်၍ ပတ်လည်၌ တွဲရရဲခိုနေကြ၏။ ထိုအထဲမှ ထိုပုဂ္ဂိုလ်သည် ကိုယ်ကျင့်တရားဟူသော ထင်ရှားသည့်အဆင်းကို ဖန်တီး၍ပြင်ပသို့ ထုတ်လွှတ်၏။ သူ့တွင် အရာအားလုံးကို သိမ်းကျုံးဆွဲငင် နိုင်စွမ်းသလို ထုတ်လွှတ်ပေးပို့နိုင်စွမ်းလည်း ကြီးမားစွာရှိ၏။

ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသမျှအပြုအမူမှန်သမျှသည်ဝင်း၊ လူ့အဖွဲ့အစည်းမှ လှုပ်ရှားမှု မှန်သမျှသည်ဝင်း၊ ကျွန်ုပ်တို့ပတ်လည်ရှိလုပ်ငန်းဟူသမျှသည်ဝင်း၊ လူတို့၏ စိတ်ကူးစိတ်သန်းကို ထင်ရှားပြရာဖြစ်၏။ လူ၏ စိတ်တန်းခိုးကို ထင်ပေါ်စေရာများ ဖြစ်ကြသည်။ စက်များ၊ လက်နက်ကရိယာများ၊ မြို့ပြကြီးများ၊ သင်္ဘောများ၊ စစ်သည်တော်ကြီးများဟူသမျှသည့်လည်း လူ၏စိတ်တန်ခိုးကိုထင်ရှားပြရာများဖြစ်ကြပေသည်။ ထိုစိတ်တန်ခိုးသည်ကိုယ်ကျင့်တရားမှဆင်းသက်၏။ ကိုယ်ကျင့်တရားကိုလည်း ကမ္ဘမှ ဖြစ်ပေါ်စေလေသည်။ ကမ္ဘကိုလိုက်၍ စိတ်တန်ခိုး ထင်ရှားပြမှုသည်လည်းဖြစ်ပေါ်၏။

ကမ္ဘာကြီးမှ ပေါ်ထွက်သော စိတ်တန်းခိုး ကြီးမားသည့်သူများသည် အဓိကရအသုပ်သမားကြီးများဖြစ်ကြ၏။ ၎င်းတို့၌ ကြီးမားသော စိတ် ဝိညာဉ်ရှိ၏။ ကမ္ဘာကြီးကို ဓောက်သိုးမိုးမျှော်ပြုနိုင်သော စိတ်တန်းခိုးလည်း ရှိကြ၏။ ၎င်းတို့ရရှိသောစိတ်တန်းခိုးအဟုန်ကားခေတ်အဆက်ဆက်မနားမနေကြီးပမ်းခဲ့ရချက်ပင်ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာနှင့်ယေရှုခရစ်တော်ကဲ့သို့သောပုဂ္ဂိုလ်ကြီးများ၏ကြီးမားသောစိတ်အဟုန်မျိုးကိုတဘဝတည်းနှင့်မရရှိနိုင်ပါ။အဘယ့်ကြောင့်ဆိုသော်သူတို့၏ဖခင်များမည်သူဆိုသည်ကို၊ ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။ သူတို့ဖခင်များသည် လူ့လောက၏ကောင်းကျိုးအတွက် တခွန်းတပါဒပြောဆိုခဲ့သည်ဟူ၍ ကျွန်ုပ်တို့မကြားဘူးခဲ့ပါ။ ဂျုံးဇက်ကဲ့သို့လက်သမား ဆရာပေါင်းများစွာသည် သန်းနှင့်ချီ၍ ကွယ်လွန် ခဲ့ကြလေပြီ။ သက်ရှိထင်ရှားနေသောသူများသည်လည်းသန်းနှင့်ချီ၍ရှိပါသေး၏။ ဗုဒ္ဓမြတ်စွာ၏ ခမည်းတော်ကဲ့သို့သောအညာတြ ဘုရင်များ သည်၊ ကမ္ဘာတွင် ပေါ်ပေါက်ခဲ့ဘူးကြပြီ။ အကယ်၍ ဤကိစ္စသည်မျိုးရိုးကိုလိုက်၍ဖြစ်ပါသည်ဟုဆိုပါက၊ မိမိ၏အလုပ်အကျွေးများကိုသာ ဩဇာညောင်းခဲ့သော ဘုရင် တပါးသည်။ ကမ္ဘာ၏ ထက်ဝက်မျှ မက ကိုးကွယ်ရသေးသားတဦးကိုမည်ကဲ့သို့ မွေးထုတ်ခဲ့ပါလေသနည်း။

ထိုမှတပါး ဖခင်ဖြစ်သူ လက်သမားဆရာနှင့်လူသန်းပေါင်းများစွာတို့၏ဘုရားဟုကိုးကွယ်ခြင်းခံရသောသူ သား

တို့၏ စပ်ကြားရှိ ဟာကွက်ကိုမည်သို့ ဆက်စပ်၍ယူပါသည် နည်း။ ထိုအချက်ကို မျိုးရိုးဗီဇဗေဒပညာနှင့် ဖြေရှင်း၍ရနိုင် မည်မဟုတ်ပါ။ ဗုဒ္ဓမြတ် စွာ နှင့် ယေရှုခရစ်တော်တို့က မှာ အလုံးသို့လွတ်ခဲ့သော စိတ်တန်ခိုးအဟုန်သည် ဘယ်အရပ်မှ လာပါသနည်း။ ဤမျှစုပေါင်းပြီးသော တန်းခိုးအဟုန်ကား ဘယ်မှရရှိပါလေသနည်း။ ၎င်းသည်ခေတ်အမျိုးမျိုး မင်းအ ဆက်ဆက်ကိုလွန်၍ တည်ခဲ့ရမည်မလွဲတည့်။ တစနှင့်တစ တိုးတက်ကြီးထွားလာ၍ ဗုဒ္ဓမြတ်စွာ သို့မဟုတ် ယေရှုခရစ် ၏ဖွါးမြင်ရာအသိုင်းအဝိုင်းတွင်ရုတ်တရက် ပေါ်ထွန်းလာပြီး နောက်၊ ဤခေတ်သို့တိုင် သက်ဆင်းလာရပေလိမ့်မည်။

ဤအရာအားလုံးတို့ကို ကမ္ဘတည်းဟူသောအလုပ်က ဆုံးဖြတ်ပေသည်။ မည်သူတဦးတယောက်မျှ ကိုယ့်အား မစိုက်ထုတ်ဘဲနှင့် ကိုယ် မရနိုင်ပေ။ ဤသည်မှာ ခိုင်မြဲသော တရားဖြစ်၏။ တခါတရံကျွန်ုပ်တို့သည်၊ ထိုသို့မဖြစ်ဘတ်ဟု ထင်မြတ်ကြ၏။ သို့သော်ကာလညောင်းသောအခါ ဤအချက် မှန်သည်ကိုထင်မြင်လာရ၏၊ လူတယောက်သည် မိမိဘဝ တလျှောက်လုံး ချမ်းသာရန်လုံးပမ်းပေလိမ့်မည်။ သူသည် ငွေထောင်ပေါင်းများစွာကိုလည်း လိမ်လည်လှည့် ပတ်ပေ လိမ့်မည်။ သို့သော်နောက်ဆုံးတွင်သူသည် ဤနည်းဖြင့်ချမ်း သာမှုမျိုးဖြင့်မတန်သည်ကိုတွေ့ရှိ၍ ဒုက္ခသောကတို့နှင့်တွေ့ ရပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ် ကာ ယ ချမ်း သာမှုအ တွက် စုဆောင်း လုပ်ကိုင် သွားလျှင် သွားကြ ပေလိမ့်မည့်။

သို့သော်ကိုယ်အားထုတ်မှုဖြင့်ရရှိသောအရာသာလျှင်၊ကိုယ့် အတွက်စင်စစ်ဖြစ်ပေသည်။

သူရူးတယောက်သည် ကမ္ဘာပေါ်တွင်ရှိသမျှစာအုပ်ပေါင်းများစွာကိုဝယ်သော်ဝယ်လိမ့်မည်။ သို့သော်သူသည် သူနှင့်ထိုက်ရာတန်ရာကိုသာဖတ်နိုင်လိမ့်မည်။ ဤသို့ထိုက်ရာတန်ရာကိုဖန်တီးသူမှာ ကမ္မဖြစ်ပေတော့သည်။

ကျွန်ုပ်တို့၏ကမ္မသည်၊ကျွန်ုပ်တို့နှင့်ထိုက်ရာတန်ရာနှင့် သမနိုင်ရာ၊ဟူရာကိုဆုံးဖြတ်ပေးပေသည်။ ကျွန်ုပ် တို့ သည် ကျွန်ုပ်တို့၏လက်ငင်းဘဝအတွက်တာဝန်ရှိ၏။ ဘာမဆို မိမိ ကိုယ်ကိုဖြစ်စေလိုလျှင် မိမိတို့၏ စိတ်အဟုန်ဖြင့်ဖြစ်နိုင်သော စွမ်းပကားရှိပေသည်။

အကယ်၍ကျွန်ုပ်တို့၏လက်ငင်းအကျိုးပေးများသည် ကျွန်ုပ်တို့၏အတိတ်ဘဝအပြုအမူများ၏အကျိုးဆက်ကြောင့် ဖြစ်သည်ဆိုပါက၊ကျွန်ုပ်တို့ဘာမဆိုဖြစ်စေချင်သမျှအကြောင်း အနာဂါတ်သည် ယခုဘဝ၏ပြုလုပ်သောအမှုများကိုမှီရသည် မှာ သေချာမလွဲဖြစ်တော့သည်။ သို့သိရသဖြင့် ကျွန်ုပ်တို့မည် သို့ပြုကျင့်ရမည်ကိုသိရပေသည်။

သင်တို့ကဆိုလိမ့်မည်။ “မည်သို့အမှုပြုရမည်ကိုလေ့လာခြင်းဖြင့် မည်သို့အကျိုးထူးနိုင်မည်လဲ။ ကမ္ဘာကြီးတွင် လူတိုင်းသည် တခုမဟုတ်၊ တခု ကို လု ပ် နေ ကြ သည် ပင် မဟုတ်ပါလော”ဟုဆိုပေလိမ့်မည်။

သို့သော်လည်း ကျွန်ုပ်တို့သည် ကိုယ့်အင်အားကို အခကြောင်းမဲ့ဖြုန်းတီးနေကြတတ်ပါသည်။ကမ္မယောဂအား ဘဂဝတ်ဂီတာကျမ်းကြီး၌ အမှုကိုလိမ်မာစွာပြုခြင်းဟုပြဆို ထားပါသည်။ မည်သို့ ပြုလုပ်ရမည်ကို သိသျှင် ထိုသူသည် အလုပ်မှအများဆုံးသော ရလဒ်ကို ရနိုင်ပါသည်။ ကျွန်ုပ်တို့ သိရှိမှတ်ခိရန်ကား အလုပ်ဟူသမျှသည် မူလက ရှိပြီးသော စိတ်တန်ခိုးကို ထုတ်ယူအသုံးပြုခြင်းဖြစ်သည်၊ တနည်းအား ဖြင့်ဝိဉာဉ်ကိုနှိုးခြင်းဖြစ်လေသည်။ လူတိုင်း၏အတွင်းသန္တာန် ၌စွမ်းအင်ရှိသည်။ ထို့အတူဉာဏ်ပညာလည်းရှိသည်။အမျိုး မျိုးသောအလုပ်တို့သည် ထိုတန်ခိုးကြီးများ ဉာဏ်ပညာကြီး များကို ထကြွစေရန် လှုံ့ဆော် နှိုးဆွခြင်းပင် ဖြစ်လေသည်။

လူတို့သည် ရည်ရွယ်ချက်အမျိုးမျိုးနှင့်အလုပ်လုပ်ကြ ၏။ ရည်ရွယ်ချက်မရှိသော အလုပ်ဟူ၍၊ မရှိနိုင်ပါပေ။အချို့ သည် ကျော်ဇောမှုကိုလိုကြ၏။ ထို့ကြောင့် ကျော်ဇော ရန် အားထုတ်ကြ၏၊ အချို့သည်ငွေကိုလိုကြ၏။ အချို့သည်တန်ခိုး အာဏာကိုအလိုရှိကြ၏၊ ထို့ကြောင့်တန်ခိုးအာဏာကိုရရှိရန် အားထုတ်ကြ၏။ အချို့သည် ကောင်းကင်ဘုံသို့ ရောက်လိုကြ ၏။ ထို့အတွက်အားထုတ်ကြ၏။

အချို့တို့မှာ လူသေပြီးနောက် နာမည် ကျန် လိုကြ၏။ တရုပ်ပြည်တွင်ထိုအလေ့အထမျိုးရှိပါသည်။ လူတယောက် သည် မသေမီကာလအတွင်း ဂုဏ်ထူး၊ ဘွဲ့ထူး၊ တခုမျှ မရ နိုင်ကြပေ၊ ကျွန်ုပ်တို့နှင့် စာ လျှင် သူ တို့ ၏ စံ နစ် သည် ပိုမို

ကောင်းမွန်လှ၏။ လူတယောက်သည် အလွန် ကောင်း မြတ်သောအလုပ်တခုကိုပြုလျှင် ထိုသူ၏သေဆုံးသွားသော ဖခင်သို့မဟုတ် ဘိုးအေအားဂုဏ်ထူးဘွဲ့ထူးတခုပေးအပ်လေ့ရှိ၏။ အချို့သူများသည် ဤသို့သောဂုဏ်ထူးမျိုး ရနိုင်ရေးအတွက်အားထုတ်ကြ၏။

အချို့သောမဟာ့မဒင် ဘာသာ ဂိုဏ်းဝင် တို့သည် သေလွန်သော အခါတွင်၊ ဂူသင်္ချိုင်း ကြီးကြီးနှင့် နေရရန်အတွက် တသက်လုံး ကြိုးပမ်း အားထုတ် ကြသည်။ ကွန်ဖြူးရှပ်ဘာသာဝင် များတွင် ခလေးကို မွေးသည်နှင့် တပြိုင်နက်၊ သူ့အတွက်သင်္ချိုင်းကို ပြင်ဆင်ထားလေ့ရှိ၏။ သူတို့တွင်ထိုကိစ္စမှာ လူ့ဘယောက် အတွက် အရေးအကြီးဆုံး ဖြစ် ပေ သည်။ ဂူ သင်္ချိုင်းသည် လှပ၍ ကြီးမားလေလေ၊ လူတယောက်၏ တမလွန် ကာလသည် ကောင်းကျိုးပေးလေလေဟု ယူဆကြ၏။ အချို့သူများသည် မိမိကိုယ်ကိုဆုံးမခြင်းပြုရန် ဆိုးဝါးသောအလုပ်အမျိုးမျိုးကို လုပ်ကြ၏။ ဘိုနောက်ဘုရားကျောင်းကို တည်ဆောက်ကြ၏။ သို့မဟုတ် ဘုန်းကြီးရဟန်းများအတွက် တစုံတရာဝယ်ခြမ်းလှူဒါန်း၏။ ဤနည်းဖြင့် ကောင်းကင်သို့သွားရာလက်မှတ်ကို ရယူကြ၏။ ၎င်းတို့အထင်ရှိသည်မှာဤသို့သောကောင်းမှုမျိုးသည်၊ မိမိတို့အကုသိုလ်များကို ပယ်ရှားစေလျက်။ အပြစ်မှ လွတ်ကင်းချမ်းသာလိမ့်မည်ဟုထင်ကြ၏။ ဤသည်တို့မှာ လုပ်ငန်းအတွက် အကြံအစည်အမျိုးမျိုးမှအချို့ပေတည်း။

အလုပ်သည် အလုပ်ကိစ္စ အတွက်သာ ဖြစ်ရမည်။ ကမ္ဘာပေါ်တွင် တိုင်းပြည်တိုင်း လိုလို၌ နာမည် ရရေးကို ပထာန မထား ကျော်ဇော မှုကို မရည်ရွယ်။ နိဗ္ဗာန် ရောက် ဘို့ကိုသော်မှ စိတ်မကူးဘဲ အလုပ်ကိုသာ ဇောက်ချရန်လုပ်သူ တွေရှိကြ၏။ ၎င်းတို့အလုပ် လုပ်ကြသည်မှာ အလုပ်မှ ချမ်းသာ ကြည်ရွှင်မှုကိုရသောကြောင့်ဖြစ်၏။

အချို့သောသူတို့မှာ ဆင်းရဲသူတို့အား စောင်မလျက် လောကကောင်းကျိုးကိုဖြစ်စေ၍၊ မြင့်မားသောအကြံအစည် နှင့်အလုပ်လုပ်ကြ၏။ အဘယ်ကြောင့် ဆိုသော် ကောင်းမှု ပြုကျင့်ခြင်းကို နှစ်သက်၍ ယုံကြည်သောကြောင့် ဖြစ်၏။ နာမည်ကောင်း ရရန်အတွက်နှင့် ကျော် ဇော ထင်ရှားရန် အကြံအစည်နှင့် အလုပ်လုပ်သူတို့မှာ လတ်တလော အကျိုး မရရှိတတ်ပေ။ ထုံးစံအားဖြင့် ၎င်းအကျိုးတို့မှာ အသက် အရွယ်ကြီး၍ လူ့ဘဝတွင် အချိန်ကုန်လွန်ကာမှ ရောက်လာ အကျိုးပေးမြဲဖြစ်၏။

ဤသို့ဆိုလျှင်လူတယောက်သည်မိမိ၏အကျိုးစီးပွါး ကိုမမြှော်ကိုးဘဲ အလုပ်လုပ်လျှင် မည်သို့မျှ အကျိုးထူး မခံ စားရတော့ပြီလော။ ထိုသူမျိုးမှာ အမြင့်ဆုံးသော အကျိုးကို ခံစားရမြဲဖြစ်ပါသည်။ ကိုယ်ကျိုးမဖက်မှုသည် အကျိုးအပေး ဆုံးဖြစ်၏။ လူအများကသာလျှင် ဤသို့လက်တွေ့လုပ်ဆောင် ရန် ဦးလေးကြခြင်းဖြစ်၏။ ကျန်းမာရေးဘက်ကကြည့်လျှင် လည်းပို၍ အကျိုးပေးသေး၏။ မေတ္တာ၊ သစ္စာ နှင့် ကိုယ်ကျိုး

မငဲ့မှုတို့မှာ စကားပြောချာတွင်သာ ကြီးရင့်သော စကားလုံးများမဟုတ်၊ ကျွန်ုပ်တို့၏ ကြီးမြင့်သော မှန်းထားချက်များအဖြစ်ဖြင့်တည်နေ၏။အဘယ်ကြောင့်ဆိုသော်ထိုတရားများထဲတွင်တန်ခိုးထင်ရှားမှုသည်ပါဝင်လေသည်။

ဦးစွာပဌမအနေနှင့်ဆိုလျှင် လူတယောက်သည်။ ငါးရက်ဖြစ်စေ၊ ငါးမိနစ်မျှဖြစ်စေ၊ မိမိကိုယ်ကျိုးမြှော်ကိုးချက်မပါဘဲနှင့်ဖြစ်စေ၊ ရှေ့ရေးအတွက်မြှော်မတွေးဘဲနှင့်ဖြစ်စေ လောကုတ္တရာကောင်းကျိုးအတွက်ဖြစ်စေ၊တနည့်းနည်းမပါဝင်ဘဲ အလုပ်လုပ်နိုင်လျှင်ထိုသူ၌မြင့်မားသော ဝုဏ်ိသတ္တိ၏ စာရိတ္တတန်ခိုးသည်တည်လာပေသည်။

ထိုကိစ္စမျိုးမှာပြုလုပ်ရန်ခက်ခဲ၏။ သို့သော်ပြုလုပ်လျှင် မည်မျှကာန်ဘိုးရှိ၍ မည်မျှအကျိုး ပေးနိုင်သည်ကို ကျွန်ုပ်တို့စိတ်တွင်းကသေချာစွာသိ၏။ဤလုပ်ငန်းမျိုးသည်စိတ်ဆန္ဒ၏ကြီးမားသောအဟုန်ကို ချုပ်တီးရသဖြင့်ထင်ရှားသောတံခိုးသစ္စာကို ပြလေသည်။ မိမိကိုယ်ကို ချုပ်တီးခြင်းသည် စိတ်ကိုလွှတ်၍ဆောင်ရွက်သည့်ထက်အင်အားကြီးမားခြင်းကိုပြ၏။ မြင်းလေးစီးကသောရထားဘီးသည် တောင်အဆင်းတွင်လွတ်လွတ်ကျွတ်ကျွတ် လျှောဆင်းသွားနိုင်၏။ သို့မဟုတ် ရထားထိန်းသည်မြင်းများ၏ ဇက်ကြိုးကို ဆွဲ၍ ထိန်းနိုင်၏ ဤအလုပ်နှစ်ခုဖြစ်သောမြင်းများကို ဇက်ပုံလွှတ်ရေးနှင့် ဇက်ထိန်းရေးတွင်မည်သည့်အလုပ်ကသြဇာအာဏာကိုထင်ရှား

စေပါသနည်း။ အမြောက်ဆန်တခုသည်ပစ်လိုက်သဖြင့် လေတွင် လွင့်ပါး၍အဝေးသို့သွားလျက် မြေတွင် ကျနိုင်၏။ အလားတူကျည်ဆန်တခုသည်ပစ်လိုက်ရာတွင် နံရံတခုနှင့် ထိလျက် အဝေးသို့ ခရောက်ဘဲအောက်သို့ကျ၏။ နံရံနှင့်ပြင်းစွာထိမိသဖြင့် မီးကိုပွင့်စေလေသည်။

မိမိကိုယ်ကျိုး အတွက် ရည်ရွယ်၍ အပြင်သို့ ထုတ်လွှတ် သုံးစွဲသော အင်အားများသည် အချည်းအနှီးဖြုန်းတီးရာသို့ ရောက်၏။ မိမိထံသို့လည်း ပြန်ရောက်လာနိုင်စွမ်း မရှိပေ။ သို့ငြားလည်း အသုံးချမည့်အင်အားကို ထိန်းထား နိုင်လျှင် ဩဇာတန်ခိုးကိုတိုးတက်စေ၏။ ဤသို့သောမိမိကိုယ်ကိုချုပ်တီးခြင်းသည်ယောဂျီရစ်တော်နှင့် ဗုဒ္ဓမြတ် စွာတို့ကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုး၏ စိတ်တန်ခိုးကိုဖြစ်စေ နိုင်လေသည်။ လူမိုက်တို့သည် ဤလျှို့ဝှက်သောနည်းကို မသိကြကုန်၊ လူ့လောကကို အုပ်စိုးနိုင်ရန်လည်းဆန္ဒမရှိကြကုန်။ လူမိုက်တတယောက် သော်မှ နေ့ရှိသမျှ အလုပ်သုပ်လျှော် ကမ္ဘာကိုလွှမ်းမိုးနိုင်ခွင့်ကြုံလာနိုင်၏။ ထိုသူမျိုးကို နှစ် အ တော် ကြာစောင့်စားနေပါက စိုးမိုးချင်စိတ်ကိုလည်း ထိန်း သိမ်း ထားပါက ထိုစိတ်ကူးလုံးဝပျောက်သွားသောအခါသူသည် လောကတွင် ဩဇာ ညောင်း သူ တ ယောက် ဖြစ် လာ ပေ မည်။ လူများရ ဖြစ်သော ကျွန်ုပ်တို့တွင် ရှေ့သို့ နှစ်အနည်းငယ်ထက်ကြို၍မမြင်နိုင်ကြပေ၊ တိရစ္ဆာန်တို့သည် ခြေလှမ်းအနည်းငယ်ထက် ပို၍ မမြင်နိုင်သကဲ့သို့ပင် ဖြစ်၏။ ကျွန်ုပ်တို့၏ ကမ္ဘာသည် ကျဉ်းမြောင်းသော နယ်ပယ်ကလေးမျှသာလျှင်

ဖြစ်၏။ ကျွန်ုပ် တို့သည် ရှေ့သို့ မြှော်၍ ကြည့်လိုရန် အားမ ထုတ်ချင်ကြပေ။ ထို့ကြောင့် စာရိတ္တ ပျက် ပြား လျှက် ဆိုး သွမ်း ဟုန်ကြလေသည်။ဤအချက်သည် ကျွန်ုပ်တို့၏ တန်ခိုး သတ္တိမပြည့်စုံချက်ဖြစ်၏။

အသေးငယ် ဆုံးသော အလုပ်မျိုး ကိုပင်လျှင် နှိမ့်ကျ သည်ဟု မသိမ့်မြင်မပြုသင့်ကြပေ။ လူတယောက်သည် မိမိ သိသမျှထက်ပို၍ မလုပ်နိုင်သေးလျှင် ကိုယ်ကျိုးအတွက်သာ လုပ်လိုက လုပ်ပါစေ။ သို့မဟုတ် နာမည်ကောင်းရန် သော် ၎င်း၊ ကျော်စောရန်သော်၎င်း လုပ်ပါစေ။သို့သော် လူတိုင်း လူတိုင်းမှာပင် မိမိ၏ အကြံအစည်ကို တဆင့်ထက် တဆင့် မြင့်မားစေ၍ သိနားလည်မှုရှိရန် အစဉ်အမြဲကြိုးစားရမည် သာဖြစ်၏ ''အလုပ်လုပ်ရန်မှာကျွန်ုပ်တို့၏အခွင့်အရေးဖြစ်၏။ သို့ပြားလည်း ထိုအလုပ်မှ အသီးအပွင့်ကိုကား မဟုတ်ပေ'' ထိုအသီး အပွင့် တို့ကို သူ့ အတိုင်းသာ ရှိပါစေ။ အဘယ် ကြောင့် ရ လဒ် ကို မြှော် ကိုး ရ မည် နည်း။ သင် တို့ သ ည် လူ တယောက်ကိုကူညီလိုလျှင် ထိုသူ၏စိတ်ထားသည် သင်တို့ အပေါ်တွင် ဘယ်သို့ ရှိမည်ကို မရှုးစမ်းပါနှင့်။ သင်သည် ကြီးမားမြင့်မြတ်သောအလုပ်ကိုလုပ်လိုလျှင်အကျိုးဘယ်သို့ ရှိမည်နည်းဟု ဒုက္ခရှာ၍စဉ်းစားနေရန်မလိုပါ။

ဤသို့သော စံပြုအပ်သည့်သဘောတွင်၊ ခက်ခဲသော ပြဿနာတရပ်သည် ပေါ်လာလေသည်။ပြင်းထန်စွာဆောင် ရွက်မှုသည် လိုလာ လေသည်။ ထိုကြောင့် ကျွန်ုပ် တို့ သည်

အစဉ်အမြဲ အလုပ်လုပ်နေရပေမည်။ ကျွန်ုပ်တို့သည် တမိနစ်မျှအလုပ်မလုပ်ဘဲ မနေနိုင်ပေ၊ ဤသို့ဖြစ်လျှင် နားနေရန်ကိစ္စ ဘယ်မှာနည်း။

အလုပ်ဟူသည်မှာကျွန်ုပ်တို့၌ တသီတတန်းကြီးကဲ့သို့ ရရှိလှည့်ပတ်နေသည့် ဘ ဝ ပြ ဿ နာ များ ၏တ ဘက် သော မျက်နှာ ဖြစ်ပေသည်။ ကျန်တဘက်ရှိ မျက်နှာမှာ ဆိပ် ငြိမ်ခြင်း စွန့်ပယ်ခြင်းတို့ ဖြစ်၍၊ ပတ်ဝန်းကျင်တွင် အေးချမ်း တိတ်ဆိပ်လျက်ရှိသည်။ အသံဗလံနှင့် လှုပ်ရှားမှု များလည်း ကင်း၏။ သဘာဝ တရားကြီးသည်သာလျှင်၊ တော၊ တောင် ရေမြေ၊ တိရိစ္ဆာန်၊ ပန်းမာလ်များနှင့်ပြည့်နှက်လျက်ရှိသည်။ ၎င်းတို့တခုစီမှာမူကား၊ ပြည့်စုံသော ရှုခြင်း မဟုတ်ပေ။ တကိုယ်ထည်းတည်းနေရန်အကျင့်ရှိသောလူတယောက်သည် လောက၏ အနိမ့်အမြင့် လှိုင်းဂယက်ထဲသို့ ဝင်ရောက်လာသောအခါ၊ ကျိုးပဲ့ပျက်စီးသွားဘွယ်ရာသာ ဖြစ်၏ ပမာအားဖြင့်၊ ပင်လယ်နက်တွင်နေသော ငါးတကောင်ကို ကုန်းပေါ်သို့ယူလျှင် ရေ၏ဖိနှိပ်အားနှင့် ကင်းသဖြင့်၊ အစိပ်စိပ် အမွှာမွှာဖြစ်သွားရသည်ကဲ့သို့ပင်တည်း။ လောက၏ကျဉ်းမြောင်းကြပ်တည်းခြင်း၊ ကသုတ်ကရက်နိုင်ခြင်းတို့နှင့် ကျင့်သားရပြီးဖြစ်သော လူတယောက်မှာလည်း ဆိပ်ငြိမ် သော နေရာသို့ ရောက်သောအခါ သက်သက် သာ သာ နေ နိုင် ပါ မည်လော၊ ခံစားရခြင်းများနှင့်စိတ်မချရခြင်းများကြောင့်၊ ထိုသူသည် ဆောက်တည်ရာမရဖြစ်ပေလိမ့်မည်။

စံပြပုဂ္ဂိုလ်ထူးမျိုးမှာကား၊ အလွန်တရာ တိုတ်ဆိတ်၍ အပေါကင်းသော နေရာတွင်ပင် အလုပ်တခုကိုပြင်းထန်စွာ လုပ်ကိုင်နေနိုင်၏။ ပြင်းထန်စွာလုပ်ကိုင်ဆောင်ရွက်ရသော နေရာမျိုးတွင်မူ၊ သဲကန္တာရအတွင်း၌နေရဘိသကဲ့သို့တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့်အပေါမဲ့ခြင်းကိုရင်ဆိုင်နိုင်လေသည်။ ထိုပုဂ္ဂိုလ်ကား မိမိ၏ကိုယ်ကိုထိန်းသိမ်းနိုင်သည်ဖြစ်၍ ချုပ်တည်းနိုင်ခြင်း၏ သဘောရင်းကို သိရှိသူဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည်အသံဗလံ လူသွားလူလာတို့နှင့် ပြည့်ညှပ်လျက်ရှိသော မြို့ကြီးလယ်ခေါင်၌ပင်လျှင် မိမိ၏စိတ်ကိုဂူတွင်း၌နေရသည့်ကဲ့သို့ငြိမ်းစွာ ထားနိုင်၏။ အသံဗလံတို့သည်သူ့ထံသို့မရောက်လာနိုင်ကြကုန်။ ထိုသူသည်အမြဲသဖြင့် အားကြိုးမာန်တက်အလုပ်လုပ်နေနိုင်လေသည်။ ဤကားကမ္မယောဂ၏စံပြသဘောပေတည်း။ အကယ်၍ သင်သည်ဤသဘောကို ဆောင်မိအံ့။ လုပ်ငန်း၏ လျှို့ဝှက် ချက်ကို သိသူ စင် စစ် ဖြစ်သတည်း။

သို့သော် ကျွန်ုပ် တို့သည် အစ ကနဦးမှ ပြန် စ ရ ပေလိမ့်မည်။ ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသမျှသော လုပ်ငန်းဟူသမျှကို ယူငင်ဆောင်ရွက်၍ တဖြည်းဖြည်းနှင့်ကိုယ်ကျိုးမဖက် တတ်အောင် ကြိုးဆောင် လေ့ကျင့်ရပေမည်။ ကျွန်ုပ်တို့သည်အလုပ်ကိုလုပ်ခြင်းဖြင့်ထိုအလုပ်အတွက်စေ့ဆော်ပေးအပ်သော အကြံအစည်တန်ခိုးကို တွေ့ရှိရပေလိမ့်မည်။ ပဌမနှစ်များတွင် ခွင်းချက်ရှိ၏။ ၎င်းမှာ ကျွန်ုပ်တို့၏ အကြံအစည်များသည်အစဉ်သဖြင့်၊ ကိုယ်ကျိုး ဘက်နေမည် ဖြစ်

ခြင်း ပင် တည်း။ သို့ငြားလည်း မရ မနေ ဆောင် ရွက် သော လုံ့လကြောင့် ကိုယ်ကျိုး ဘက်မှသည် ပျောက် ပျက် ရမည် ဖြစ်ပေသည်။ နောက် ဆုံး တွင် ကျွန်ုပ် တို့ သည် ကိုယ်ကျိုး မဘက်ဘဲနှင့်ဆောင်ရွက်နိုင်သောအချိန်သို့ ရောက် ပေလိမ့် မည်။ ကျွန်ုပ်တို့သည် တနေ့နေ့တွင် ဘဝခရီး စဉ်ကို ရှောက် သွားရင်း လုံးဝဥသုံကိုယ်ကျိုး မဖက်သော အဆင့်သို့ရောက် ရလိမ့်မည်ဟုမြှော်လင့်နိုင်လေသည်။ ထိုသို့ ရောက်သည်နှင့် တပြိုင်နက်၊ ကျွန်ုပ်တို့၏ တန်ခိုးသတ္တိများသည် ပေါင်းစည်း ပြီးသားဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့၏ ပညာဉာဏ်များသည် လည်း ထင်ရှားလာရပေလိမ့်မည်။

## အခန်း (၂)

# "လူတိုင်းသည် မိမိ၏နေရာတွင် ကြီးမြင့်ကြ၏"

---

သံခိယ အင်္ဂုတ္တိုရ် အလို အားဖြင့် သဘာဝ တရားတွင် အကြောင်း သုံးရပ် ပါဝင် ဖွဲ့စည်း ထား၏။ ၎င်း တို့ ကို သင်္သကရိုက် ဘာသာဖြင့် သတ္တ၊ ရာဇနှင့်တမဟူ၍ခေါ်သည်။ တနည်းအားဖြင့်ဆိုလျှင်ညီညွတ်ခြင်း၊ဆောင်ရွက်ခြင်း၊မလှုပ်မရှားခြင်းတို့ ဖြစ်လေသည်။ တမဟူသည်မှာ မှောင်မိုက်ခြင်း မလှုပ်ရှားခြင်းကို တင်စားသည်။ ရာဇဟူသည်မှာ ဆောင်ရွက်ခြင်း။ ဆွဲငင်ခြင်း။ တွန်းကန်ခြင်းဖြစ်၏။ သတ္တဟူသည်မှာ ထိုနှစ်ခု၏မျှတညီညွတ်ခြင်းခြင်းဖြစ်၏။

လူတိုင်းတွင် ဤအကြောင်း သုံး ရပ် သည်ရှိ၏။ ရံဖန်ရံခါ တမ ကာဆီးနေသည်အခိုက်၊ ကျွန်ုပ်တို့သည်ပျင်းရိကြ၏။မလှုပ်ရှားကြ။မလှုပ်ရှားလိုကြ။တစုံတခုသောအကြောင်းကြောင့် ပျင်းရိလျက် နေတတ်ကြ၏။ အချို့အချိန်တွင်မလှုပ်ရှားခြင်း ကာဆီးနေ၍ အချို့အချိန်တွင် နှစ်ခု ညီမျှလျက်ရှိ၏။ တဖန်တုံလည်း အချို့ သူများတွင် ထိုသုံးခုမှ တခုခုသည် လွန်ကဲလျက်ရှိ၏။ လူတယောက်၏ အမူအကျင့်သည် မလှုပ်ရှားခြင်း။ ထိုင်းမှိုင်းခြင်း။ ပျင်းရိခြင်းတို့ဖြစ်တတ်၍ အခြားသူ

တဦးမှာမူကား လှုပ်ရှားခြင်း၊ တက်ကြွခြင်း၊ တန်ခိုးသတ္တိ ထင်ရှားခြင်းတို့ ရှိတတ်ပေသည်။ အခြား တဦး၌မူ ပြုံးချို ခြင်း၊ တည်ငြိမ်ခြင်း၊ သာ ယာ ညှင်း ပျောင်း ခြင်း စ သော လှုပ်ရှားခြင်းနှင့်မလှုပ်ရှားခြင်းတို့ ဖက်စပ်သည့် သဘောများ ပါလေသည်။ ထို့ ကြောင့် တိရစ္ဆာန်၊ သစ်ပင်၊ လူ အစရှိ သော သက်ရှိသက်မဲ့ဟူသမျှတွင်ကွဲပြားသော ဤအကြောင်း သုံးရပ်သည် လွှမ်းမိုးလျက်ရှိ၏။

ကမ္မယောဂသည် အထူးသဖြင့် ဤအကြောင်းသုံး ရပ်နှင့် ပတ်သက်နေသော အရာဖြစ်၏။ ထိုအကြောင်းများ ကိုသိရှိ၍ အသုံးချတတ်သောအခါ ကျွန်ုပ်တို့သည် လုပ်ငန်း ၌ပိုမို၍ ခရီးပေါက်ပေမည်။ လူ့ ဘောင် အဖွဲ့အစည်း၌ စခန်း အဆင့်ဆင့်ရှိ၏။ ကျွန်ုပ်တို့သည်ကိုယ်ကျင့်တရားအကြောင်း ကိုသိ၏။ တာဝန် ဝတ္တရား အကြောင်း ကိုလည်း သိကြ၏။ သို့ငြားလည်းနိုင်ငံတကာ၌ထိုကိစ္စတို့၏လေးနက်မှုမှာအချင်း ချင်းမတူပေ။ နိုင်ငံတနိုင်ငံတွင် လူကျင့်တရားနှင့် ညီညွတ် သည်ဟု ယူဆသောဆောင်ရွက်ချက်တခုမှာ အခြားတနိုင်ငံ တွင် လူကျင့်တရားပျက်ပြားသည် ဟု ယူဆ ကြ သော လုပ် ငန်းကြီး ဖြစ်နေတတ်ပေသည်။ ဥပမာအားဖြင့် တနိုင်ငံတွင် မောင်နှမဝမ်းကွဲများ ထိမ်းမြားရိုးထုံးစံရှိ၏။ အခြားတနိုင်ငံ တွင်မူ၊ ဤအလေ့ အထကိုစက်ဆုပ်ကြသည်။

အခြားတနိုင်ငံတွင်ယောကျ်ားတို့သည် မိမိတို့ခယ်မ ကို လက်ထပ်ယူနိုင်၏။ ၎င်းကိုအခြား တနိုင်ငံက လူ့ ကျင့်

ဝတ်ပျက်သည်ဟု ယူဆကြသည်။ တနိုင်ငံတွင် လူတို့သည် တကြိမ်သာ အိမ်ထောင်ပြုကြ၏။ အခြားတနိုင်ငံတွင်မူ အကြိမ်ကြိမ် ပြုကြပြန်သည်။ ဤနည်းနှင်နှင်ပင်၊ လူ့ကိုယ်ကျင့်တရားနှင့် ပတ်သက်သော အယူအဆများ၌ ဆုံးဖြတ်ပုံ ခြင်းလွန်စွာ ခြားနားကြ၏။ သို့သော်လည်း တကမ္ဘာလုံးအတွက် လူ့ကိုယ်ကျင့် တရားဆိုင်ရာ အဆင့်အတန်းတခုရှိသင့်သည်ဟုကျွန်ုပ်တို့ယူဆ၏။

တာဝန်ဝတ္တရားနှင့်ပတ်သက်၍လည်း ဤသဘောပင် ဖြစ်၏။ တာဝန်ဝတ္တရားကို ခွဲခြားသတ်မှတ်ရာ၌၊ တနိုင်ငံနှင့် တနိုင်ငံမတူကြချေ။ ဤကိစ္စတွင်သည်း တာဝန်ဝတ္တရားဆိုင်ရာ၊ နိုင်ငံတကာ သတ်မှတ်ချက် ရှိသင့်လေသည်။ လူ့အဖွဲ့အစည်းတခုကလုပ်ငန်းအချို့ကိုမလုပ်မနေရတာဝန်ဝတ္တရားများဟု သတ်မှတ်ထားသည်ကို အခြားအဖွဲ့အစည်းတခုက ဤသို့ပြုလျှင် အလွဲလွဲအမှားမှား ဖြစ်သည် ယူဆကြပြန်သည်။

လမ်းနှစ်ခုသည် ကျွန်ုပ်တို့ရှေ့၌ရှိ၏။ တလမ်းမှာမသိမလိမ္မာသူတို့၏လမ်းဖြစ်၍ အမှန်တရားကို ရောက်ရှိနိုင်ရန်မှာ တနည်းတလမ်းထည်းသာရှိသည်၊ ထိုမှလွဲလျှင်အမှားကြီးသာ ဖြစ်သည်ဟုယူဆကြသည်။ အခြားတလမ်းမှာ ပညာရှိတို့၏ လမ်းဖြစ်သည်။ ထိုသူတို့၏ အလိုအားဖြင့် လူတို့သည် စိတ်ဓါတ် အခြေအနေကို လိုက်၍၎င်း၊ ဘာဝ ဖြစ်တည်မှု အခြေအနေကိုလိုက်၍၎င်း၊ဘာဝန်ဝတ္တရားနှင့် ကိုယ်ကျင့်တရားကို

သတ်မှတ်ရာတွင် ကွဲပြားခြားနားချက်များရှိလိမ့်မည်ဟု ဝန်ခံကြသည်။ အရေးကြီးသည်မှာ တာဝန် ဝတ္တရားနှင့် ကိုယ်ကျင့်တရားအရာတွင် အခြေအနေ အဆင့်ဆင့် ရှိသည်သာဖြစ်သည်။ ဘဝအခြေအနေ တခုရှိ တာဝန် ဝတ္တရားသတ်မှတ်ချက်နှင့် အခြားဘဝ ပတ်ဝန်းကျင် တခုတွင် သတ်မှတ်ချက်တို့မှာ တခုနှင့်တခုမည်သည့်အခါမှမျှတူညီနိုင်လိမ့်မည်မဟုတ်ချေ။

ဤအချက်ကို ပုံဆောင်ရသော်၊ ပညာရှင်ပေါင်းများစွာက "အဆိုးကိုမခုခံနှင့်"ဟု ဟောကြား ဆုံးမခဲ့ကြသဖြင့် မခုခံမတွန်းလှန်ရေး တရားမှာ အမြင့်ဆုံး တရားသဘောဖြစ်လာ၏။ ဤလက်သုံးစကားကို ကျွန်ုပ်တို့လက်တွေ့ လေ့ကျင့်လျှင်၊ ကျွန်ုပ်တို့၏ လူ့ယဉ်ကျေးမှု တခုလုံးသည် အစိပ်စိပ်အမွှာမွှာ ဖြစ်သွားပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် လူဆိုးသူဆိုးတို့သည် ကျွန်ုပ်တို့၏ပစ္စည်းများကိုသဘောကျယူငင်ကြခါ၊ ကျွန်ုပ်တို့အား ထင်သလို ကျင့်နေကြပေလိမ့်မည်။ဤဝါဒကို တနေ့တရက်မျှကျင့်ရုံနှင့်ပင်အဓိကရုဏ်းများဖြစ်နိုင်၏။ သို့ငြားလည်း "အဆိုးကိုမခုခံနှင့်"ဟူသောဆုံးမချက်၏ဆိုလိုရင်းအနှစ်သာရကိုကျွန်ုပ်တို့စိတ်တွင်းကသိကြပါသည်။ ဤဝါဒသည်အမြင့်မြတ်ဆုံးဟု ထင်ရန်ရှိပါသည်။ သို့သော်ငင်းကို သင်ကြား ခြင်း အားဖြင့် လူ့လောကသားအတော်များများကိုပြစ်ပယ်ရာ၌ချရာကျပေလိမ့်မည်။

ထိုမျှသာမဟုတ်သေး၊ လူအပေါင်းတို့အားမိမိတို့သည် အများကိုသာ အစဉ်လိုက်လုပ်မိလျှက် ရှိသည်ဟု ထင်မြင်စေရာကျပေလိမ့်မည်။ ထို့ပြင်တဝမိမိတို့၏ လုပ်ငန်းတိုင်း၌ စိတ်မသန့်စတွယ်ဖြစ်စေပေလိမ့်မည်။ ဤနည်းဖြင့်သူတို့အား အားနည်းပျော့ညံ့သူများ ဖြစ်စေပေလိမ့်မည်။ ဤသို့မိမိစိတ်ကို မသိုးမသန့် ဖြစ်စေသောအရာသည် အခြားမကောင်းမှု အဖြစ်အနာကိုလည်း ပေးစွမ်းလိမ့်မည်။ မိမိကိုယ်ကို မိမိမုန်းတီးလာသော လူတယောက်အတွက် ပျက်စီးခြင်း၏တံခါးသည် အလိုလိုပွင့်လျှက်ရှိသည်။ လူတယောက်အတွက်သာ မဟုတ် လူ့အမျိုးလုံးအတွက်သည်း ဤနည်းနှင်နှင်ပင်တည်း။

ကျွန်ုပ်တို့၏ ပဌမတာဝန်မှာ မိမိတို့ကိုယ်ကိုမမုန်းတီးရေးပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွင် မိမိကိုယ်မိမိတို့ ဦးစွာယုံကြည်စွဲမြဲချက်ရှိရမည်ဖြစ်၏။ ထို့နောက်ဘုရားကိုလည်းယုံကြည်ရမည်ဖြစ်၏။ မိမိကိုယ်ကိုမိမိ မယုံကြည်သော သူသည် ဘုရားကိုလည်း ယုံကြည်နိုင်တော့မည်မဟုတ်ပေ။

ဤသည်ကို ထောက်ရှုလျှက် ကျွန်ုပ်တို့တွင် ဆောင်ရွက်ရန် ကျန်သည့်တနည်းကား အကြောင်း အမျိုးမျိုးပေါ်တွင်အမှီပြု၍ကွဲပြားခြားနားသောတာဝန်ဝတ္တရားနှင့်လူကျင့်တရားများကို ဗဟုသိအမှတ်ပြုရန်ပင်ဖြစ်၏၊ အဆိုးကိုတွန်းလှန်သော သူသည် အစဉ်အမြဲ မှားယွင်းသော အလုပ်ကို လုပ်ဆောင်သေသည် မဟုတ်ပေ။ ထိုသူသည်အကြောင်းဆိုက်ရော

အခြေအနေ အမျိုးမျိုးကိုအမှီပြု၍ ထိုအဆိုးကို တွန်းလှန်ရန် မိမိတာဝန်သဖွယ်ပင် ပြုကျင့်ရသော ပြုရသည့်အခါ ရှိပေလိမ့်မည်။

ဘဂဝတ်ဂီတာကျမ်းကြီးကိုဖတ်ရှုရာတွင် အနောက်နိုင်ငံသားတို့သည် ဒုတိယအခန်း၌ အံ့သြဘွယ်ကိုတွေ့ရှိရပေလိမ့်မည်။ ထိုအခန်းတွင် ရှင်ကရဿနာသည် အဇ္ဇုန မင်းသားအား စစ်မက်တိုက်ခိုက်ရန် ငြင်းပယ်သဖြင့် သူတော်ကောင်းယောင် သို့မဟုတ် သူရဲဘောနည်းသူဟု ခေါ်ဆိုထားလေသည်။ သို့မဟုတ်ပါက တဘက်ရှိရန်သူများသည်၊ မိမိ၏မိတ်ဆွေနှင့် ဆွေမျိုး သားချင်းများ ဖြစ်သဖြင့်၊ မတွန်းလှန်ရန်ကိစ္စအဖြစ် မေတ္တာ၏ အမြင့်ဆုံးသော အဆင့်ကိုပြဆိုထားလေသည်။ ဤအချက်သည်ကျွန်ုပ်တို့ လေ့လာရန် သင်ခန်းစာကြီး ပေတည်း။ အရာကိစ္စအားလုံး၌၊ အဆုံးစွန်သော အစွန်း နှစ်ဘက် သည် တူညီကြပေသည်။ အပြုသဘောအစွန်းဘက်နှင့် အဖျက်သဘော အစွန်းဘက်တို့မှာ အစဉ်သဖြင့်လက္ခဏာတူကြ၏။ အလင်းရောင်၏တုန်ခါချက်များသည် နှေးလွန်းသောအခါ ကျွန်ုပ်တို့ မမြင်နိုင်ပေ၊ မြန်လွန်းသောအခါ၌လည်း မမြင်နိုင်ပေ၊ အသံတွင်လည်း ထို့အတူပင်ဖြစ်၏။ အသံနေအသံထားသည်မြင့်လွန်းသောအခါ ကျွန်ုပ်တို့မကြားရပေ။ နိမ့်လွန်းတိုးလွန်းသော အခါလည်း ကျွန်ုပ်တို့မကြားရပေ။ သဘာဝတရားသည်လည်း တွန်းလှန်ခြင်းနှင့် မတွန်းလှန်ခြင်းတို့၏ ခြားနားချက်တို့နှင့် ပမာတူ၏

လူတယောက်သည် အားနည်းသဖြင့်ဖြစ်စေ၊ ပျင်းရိသဖြင့်ဖြစ်စေ၊ တွန်းလှန်ခြင်းမပြုပေ။ သူသည်မတွန်းလှန်ချင်၍မဟုတ်။ အခြားသူတဦးကား သူပြုလိုလျှင် စွမ်းစွမ်းတမန် ရိုက်ခတ်ထိုးခုတ်နိုင်၏။ သို့ပြားလည်းသူသည် ရိုက်ခတ်ထိုးခုတ်ခြင်းမပြုပေ။ မိမိ၏ရန်သူများကိုအားပေးလျက်ရှိသည်။

အားအင်နည်းပါးသဖြင့် တွန်းလှန်ခြင်းမပြုနိုင်သောသူသည် အပြစ်မရောက်နိုင်၊ ထို့ပြင် မတွန်းလှန်ခြင်းမှလည်း အကျိုးကျေးဇူးမရရှိနိုင်ပေ။ အခြားတယောက်မှုကားတွန်းလှန်ခြင်းဖြင့် အပြစ်ကျူးလွန်မိလေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မိမိ၏ ဘ်ုးနန်းကိုစွန့်၍ ရာဇပူဇော်နန့ရကို ပယ်ခဲ့လေသည်။ ဤသည်မှာ စွန့်လှူခြင်းဖြစ်၏။ သို့ပြားလည်း ပေးစွန့်စရာတပြားတချပ်မှမရှိသောသူတောင်းစားအတွက်မူကား၊ စွန့်လှူခြင်းဟူသောပြဿနာသည် မပေါ်နိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မတွန်းလှန်ခြင်းနှင့် စံပြမေတ္တာတရား၏ အကြောင်းကိုပြောသည့်အခါ ကျွန်ုပ်တို့ ဘာကိုဆိုလိုသည် ဟူသောအချက်ကို သတိပြုသင့်သည်။ ပဌမဦးစွာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်၌ တွန်းလှန်နိုင်သောဘန်ခိုးသတ္တိရှိမရှိကို သတိမူနားလည်ထားသင့်၏။ ထို့နောက် တန်ခိုးသတ္တိရှိလျက်မတွန်းလှန်ဘဲ စွန့်ပယ်နိုင်ပါက၊ ကြီးမားသောမေတ္တာလုပ်ငန်းတခုကို လုပ်ခြင်းပင်တည်း။ သို့သော်ကျွန်ုပ်တို့သည် မတွန်းလှန်နိုင်ဘဲနှင့် မိမိကိုယ်ကိုမိမိလှည့်စားကာ မေတ္တာ၏စေ့ဆော်မှုကြောင့် လုပ်ရလေဟန်ဆောင်၍ နေလေလျှင် ဖြောင့်ဖြောင့် ဆန့်ကျင်သော အလုပ်ကို လုပ်နေခြင်းပင်

တည်း။ အဇ္ဇုနမင်းသားသည် မိမိရှေ့တွင် ကြောက်မက်ဘွယ်စီတန်းလျက်ရှိသော သူများကိုမြင်သောအခါ သူရဲဘောကြောင်သူဖြစ်လာ၏။ သူ၏"မေတ္တာ" တရားသည် မိမိတိုင်းပြည်နှင့် ဘုရင်အားအမှုတော်ထမ်းရန်အရေးကိုမေ့ပျောက်စေလို၏။ ထို့ကြောင့် သူအား ရှိကရိဿနာက သူတော်ကောင်းယောင်ဟု ပြောဆိုခဲ့ခြင်းဖြစ်၏။

"သင်သည် ပညာရှိကဲ့သို့ စကားပြော၏။ သို့သော်လည်း သင့် အပြု အမူ များမှာ မူကား သူရဲဘောကြောင်ကြောင်းကို ပြဆိုလျက်နေပေသည်။ ထို့ကြောင့် ယခုပင်ထ၍ တိုက်ပါလေလော့" ဟု ဆိုခဲ့၏။

ဤအချက်မှာ ကမ္မယောဂ၏ပင်မသဘောဖြစ်၏။ ကမ္မယောဂီကား မတွန်းလှန်ခြင်းသည် အမြင့်မြတ်ဆုံး သဘောဖြစ်သည်ကို သိသောသူပင်တည်း။ ထိုမှတပါးလည်း မတွန်းလှန်ခြင်းသည် မိမိတွင်အကယ်ရှိသော တန်ခိုးသတ္တိကိုအမြင့်မြတ်ဆုံးပေါ်ပြရာဟုနားလည်သူဖြစ်သေသည်။ ထိုထက်ပို၍လည်းအဆိုးကိုတွန်းလှန်ခြင်းဟူသည်မှာ၊ မတွန်းလှန်ခြင်းဟူသည့်အမြင့်ဆုံးသော တန်ခိုးသတ္တိကို ပေါ်ပြနိုင်ရေးအတွက်ခြေလှမ်းတဆင့်ဖြစ်ပေသည်။ ဤသို့အမြင့်ဆုံးသော သဘောကို မရောက်မီ လူတို့၏ တာဝန် ဝတ္တရားမှာ အဆိုးကိုတွန်းလှန်ရန်ပင်ဖြစ်သည်။ သူသည် လုပ်ငန်းဆောင်ရွက်ပါစေ၊ တိုက်ခိုက်ပါစေ၊ လက်ပန်းပေါက်ခတ်ပါစေ၊ ထိုအခါကျမှသာလျှင်တွန်းလှန်နိုင်ရန်တန်ခိုးသတ္တိကိုရပေလိမ့်မည်။ ထိုအ

ခါ မတွန်းလှန်ခြင်းသည် ဂုဏ်အချင်းအရာတရပ်ဖြစ်လာပေသည်။

ကျွန်ုပ်သည်တခါက အိန္ဒိယပြည်တွင် ဉာဏ်အလွန်ထိုင်းသောသူတယောက်ကိုသိခဲ့ဘူး၏။ ထိုသူသည်တိရစ္ဆာန်နှင့် မခြားမည်သည့်အရာကိုမျှမသိ။ သိရန်လည်းဆန္ဒမရှိပေ။ ထိုသူက ကျွန်ုပ်အား ဘုရားကိုသိမြင်ရန် မည်သို့ရှာရမည်နည်းဟုမေး၏။ ကျွန်ုပ်က 'ခင်ဗျားလိမ်ပြောတတ်ရဲ့လား' ဟုမေး၏။ ထိုသူက "မပြောတတ်ဘူး" ဟုပြန်ပြော၏။ "ဒီလိုဆိုရင်ခင်ဗျားလိမ်ပြောတတ်အောင်ကြိုးစားရအုံးမှာဘဲ၊ တိရစ္ဆာန်နဲ့ မခြားနေတာထက်၊ ထင်းတုံးကြီးလိုနေတာထက် လိမ်ပြောတတ်တာကကောင်းသေးတယ်။ ခင်ဗျားဟာ လှုပ်လှုပ်ရှားရှားမရှိဘူး။ ခင်ဗျားဟာအမြင့်ဆုံးအဆင့်ကို မရောက်သေးဘူး။ အဲဒီအဆင့်ဟာ အပြုအမူအားလုံး ထက်လွန်ကဲတယ်။ အေးချမ်းတယ်၊ တည်ငြိမ်တယ်၊ ခင်ဗျားကတော့ဆိုးသွမ်းတဲ့အလုပ်တခုခုလုပ်ဖို့တောင်မှဘဲ ထုံထုံထိုင်းထိုင်း ဖြစ်နေသေးတယ်"

ဤအဖြစ်အပျက်မှာ လွန်လွန်းသောဥပမာတရပ်ဖြစ်ပါသည်။ ကျွန်ုပ်မှာ ထိုသူနှင့် ရယ်သွမ်း သွေးခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ် ဆိုလိုသည် ကား လူတယောက်သည်အမှုဆောင်ရွက်ခြင်းဖြင့်ပြည့်စုံတည်ငြိမ်ခြင်းသို့ရောက်ရှိရန် အတွက် တက်ကြွလှုပ်ရှားရမည် ဟု ဖြစ်ပါသည်။

မလှုပ်ရှားမတက်ကြွခြင်းကို မည်သည့်နည်းနှင့်မဆို ရှောင်ရှားသင့်ကြသည်။ လှုပ်ရှားပြုမူခြင်းသည် တွန်းလှန်ခြင်း သဘောသင့်အစဉ်ရောက်၏။ ၎င်းအဆိုးတို့မှာ စိတ် ကြောင့် ဖြစ်စေ၊ ကိုယ်ကြောင့်ဖြစ်စေ၊ အဆိုးဟူသမျှကိုတွန်းလှန်ပါ လော့။ ထိုသို့တွန်းလှန်၍အောင်မြင်ပြီဆိုလျှင်တည်ငြိမ်မှုကိုရ ရှိလာပေလိမ့်မည်။

''မည်သူ့ကိုမျှမရုန်းပါနှင့်၊ အဆိုးဟူသမျှကိုမတွန်း လှန်ပါနှင့်'' ဤသို့သောစကားမျိုးကိုပြောရသည်မှာလွယ်ပါ ၏။ သို့ပြောလည်းလက်တွေ့တွင်ဤစကားသည် မည်သို့ဖြစ် လာသည်ကိုကျွန်ုပ်တို့ကိုယ်တွေ့သိပါသည်။ လူ့အဖွဲ့အစည်း တရပ်လုံးက ကျွန်ုပ်တို့ကို အာရုံစူးစိုက်ကြည့်နေသည့်အခါ ကျွန်ုပ်တို့သည် မတွန်းလှန်ခြင်းကိုဟန်ပြလုပ်ဆောင်ကြပေ သည်။ သို့လုပ်ရသော်လည်း စိတ်ထဲ၌ အနာစက်တမျိုးကဲ့သို့ နာကျင်လျက်ရှိတတ်ပေသည်။ တွန်းလှန်လိုက်ရမှ ကောင်း မည် ဟု ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ထင်တတ်မြဲလည်း ဖြစ်ပေ သည်။

သင်သည်စီးပွါးဥစ္စာကို အလိုရှိမိသည်ဖြစ်အံ့၊ တချိန် တည်း မှာ ပင် လော က ကြီး သည် စီး ပွါး ဥစ္စာ နောက် သို့ ကောက်ကောက်ပါလိုက်လျက်ရှိသူများအား လူမိုက်များဟု ထင်မြင်ကြသည်ကို သင်တွေးမိပေမည်။ ထို့ကြောင့် သင် သည် ခြေစုံပစ်လျက်ငွေမရှာရဲသော်လည်းစိတ်ထဲကမူကား ငွေအတွက်နေ့ရောညပါ တသက်သက်ဖြစ်နေမည်ကားမလွဲ

ပေ။ ဤအချက်သည် သူတော်ဟန်ဆောင်ခြင်းမျှသာ ဖြစ်၍ လက်တွေ့ကောင်းကျိုးမပေးနိုင်ပေ။ ထို့ကြောင့် လောကထဲသို့ ရုန်းရုန်းမြုပ်အောင်ငုပ်လျှိုးဝင်ရောက်လိုက်ပါ၊ အချိန်အတော်ကြာကြာင်းသောအခါသင်သည်လောကရှိခံစားရခြင်း၊ စံစားခြင်းတို့ကိုတွေ့ရှိလာပေလိမ့်မည်။ ထိုအခါကျမှသာလျှင် စွန့်ပယ်ခြင်း၏အခန်းသည်ပါလာ၏။ ထိုနောက် တည်ငြိမ်မှုသည်ပါလာ၏။ ထို့ကြောင့်တန်ခိုးအတွက်ငင်း၊ တစုံတရာအတွက်ငင်း၊ လိုချင်သောဆန္ဒကိုဖြည့်တင်းပါလော့။ ထိုနောက်တွင် ၎င်း အရာများပြည့်စုံသောအခါ၎င်းတို့သည် ဘာမျှမပြောပလောက်သော အချက်ကလေးများဖြစ်သည်ကိုတွေ့ရှိလာရပေလိမ့်မည်။ ဤသို့သောမိမိ၏ဆန္ဒပြည့်စုံခြင်း၊ အမှုပြုဆောင်ရွက်ခြင်း တို့ ကို မရမချင်း တည်ငြိမ်မှု အဆင့်သို့မရောက်နိုင်၊ မိမိကိုယ်ကျိုးကိုပယ်သောအဆင့်သို့မရောက်နိုင်သေးပေ။

ကိုယ်ကျိုးစွန့်လွှတ်ခြင်း နှင့် တည်ငြိမ်ခြင်းဟူသောတရားများကို နှစ်ပေါင်းထောင်ပေါင်းများစွာ ကပင်ဟောကြားလာခဲ့ကြ၏။ လူတိုင်းသည်ကလေးဘဝကပင်၎င်းတို့ကိုကြားဘူးခဲ့ကြ၏။ သို့သော်လည်းဤကမ္ဘာပေါ်တွင်ဤအဆင့်သို့ရောက်ပေါက်သူများကိုအနည်းငယ်သာကျွန်ုပ်တို့တွေ့ရပေသည်။ ကျွန်ုပ်သည်ဘဝတဝက်ကျော်မျှကို ခရီးထွက်ခဲ့ဘူးပါပြီ။ သို့သော်လည်းကျွန်ုပ်သည်အမှန်တကယ်တည်ငြိမ်၍ မတွန်းလှန်တတ်သော ပုဂ္ဂိုလ်မျိုးကို ဦးရေနှစ်ဆယ်ပြည့်အောင်ပင်မတွေ့ဘူးသေးချေ။

လူတိုင်းသည်မိမိ၏စိတ်ကူးနှင့် ကြိုးစားအားထုတ်မှုကိုပေါက်မြောက်အောင်ကြိုးစားရာ၏။ ဤနည်းသည်အခြားသူများ၏နည်းကိုယူ၍ဆောင်ရွက်နေသည်ထက်အောင်မြင်လွယ်သောနည်းဖြစ်၏။ ဥပမာပြရလျှင် ကျွန်ုပ်တို့သည် ကလေးငယ်တဦးကိုခေါ်၍မိုင် ၂ ဝခရီးကိုတွဲခေါ်အံ့။ ထိုကလေးသည် အသက်ထွက်လျှင်လည်းထွက်ရမည်။ သို့မဟုတ် အသက်ထွက်လှုခမန်းနှင့်လေးဖက်ထောက်လျက် ပန်းဝင်ရပေမည်။ ဤသဘောမှာလောကကြီးတွင်ကျွန်ုပ်တို့လုပ်ကိုင်နေကြသည့်ယေဘုယျသဘောနှင့်ဆင်ဆင်တူလေသည်။

လူ့ အဖွဲ့ အစည်း တခု အတွင်းရှိ ယောကျ်ား မိန်းမများသည် စိတ်ချင်း၌ရင်း၊ ပြည့်ဝမှု၌ရင်း၊ တန်ခိုးသတ္တိ၌ရင်း၊ တဦးနှင့်တဦးမတူကြပေ။ သူတို့တွင်စိတ်ကူးအသီးသီးရှိကြ၏။ ထိုသို့ကွဲပြားနေသောစိတ်ကူးများကိုကျွန်ုပ်တို့သည်ကဲ့ရဲ့ရှုံ့ချ၍မဖြစ်နိုင်ပေ။ လူတိုင်းသည် မိမိတို့စိတ်ကူးအကောင်အထည်ပေါ်ရေးအတွက် အကောင်းဆုံးကြိုးပမ်းနိုင်ကြပေသည်။ ထို့မှတပါးလည်းတစုံတယောက်အားကျွန်ုပ်၏စံချိန်နှင့် ဆုံးဖြတ်အကဲခတ်မည်။ ကျွန်ုပ်အားတစုံတယောက်၏စံချိန် နှင့်ဆုံးဖြတ်အကဲခတ်မည်ဆိုလျှင်ဖြစ်နိုင်လိမ့်မည်မဟုတ်ချေ၊သစ်သော့သီးကိုဝက်သစ်ချသီးနှင့်နှိုင်း၍မရပေ။ဝက်သစ်ချပင်ကိုသစ်သော့သီးပင်နှင့်နှိုင်း၍မရပေ။ဝက် သစ်ချပင်ကို ဝက်သစ်ချပင် အတန်း အစား နှင့် ရင်း၊ သစ် သော့ ပင် ကို သစ် သော့ ပင် အတန်း အစား နှင့်ရင်း၊ နှိုင်းယှဉ်ဆုံးဖြတ်မှုဖြစ်ပေလိမ့်မည်။

ဆူကြိုနိမ့်မြင့်သဘော အသီးသီးတို့ကိုစည်းလုံးထားခြင်းသည် ဖန်တီးခြင်း၏ သဘောဖြစ်ပေသည်။ ယောက်ျားမိန်းမတို့သည်တဦးချင်းအားဖြင့်ကွဲပြားခြားနားမှုရှိပေမည်။ သို့သော် အခြေခံအားဖြင့်ကား ညီညွတ်ခြင်း သဘောရှိကြလေသည်။ လူတို့တွင်ကွဲပြားခြားနားသောတဦးချင်းစာရိတ္တနှင့် အတန်း အစား တို့ မှာ ဖြစ် ပေါ် စ က ပင် သ ဘာ ဝ အလျောက် ကွဲပြားချက်များ ဖြစ်ကြ၏။ သို့ ဖြစ် သောကြောင့်လည်း ကျွန်ုပ်တို့သည် ၎င်းတို့ကိုစံတခုထည်းထား၍ဆုံးဖြတ်၍မရပေ။ စိတ် ကူး တခု စံမှံချက် တခု တည်း နှင့် ဆီ လျော်အောင်လုပ်၍လည်း မ ရ နိုင် ပါ ချေ။ ဤ သို့ ပြု လုပ် ပါ လျှင်သဘာဝမကျသောရုန်းကန်လှုပ်ရှားမှုသာဖြစ်ပေါ်ပြီးလျှင်လူသည်မိမိကိုယ်ကိုမိမိမုန်းတီးခြင်းတရားဝင်လာရုံသာအဖတ်တင်ပေမည်။ကောင်းမွန်ပြည့်စုံခြင်းနှင့်ဘာသာရေးစိတ်ဝင်စားခြင်းတို့လည်းခေါင်းပါးသွားကြပေလိမ့်မည်။ကျွန်ုပ်တို့၏တာဝန်မှာလူတိုင်းလူတိုင်းကိုမိမိတို့ကိုယ်စီကိုယ်ငှရည်မှန်းချက်များကို ပေါက်မြောက်ပြည့်စုံရန် ကြိုးပမ်းမှုတွင် အားပေးဘို့ဖြစ်၏။ထိုရည်မှန်းချက်မှာလည်းအမှန်တရားနှင့်နီးစပ်နိုင်သမျှနီးစပ်ရန် တိုက်တွန်းပေးဘို့ဖြစ်၏။

ဟိန္ဒူဘာသာဆိုင်ရာ လူ့ကျင့်ဝတ်တရားတွင် ဤအချက်ကိုနှစ်ပေါင်းများစွာကပင် အသိအမှတ်ပြုခဲ့ကြသည်ကို တွေ့ရ၏။ ၎င်းတို့၏ကျမ်းစာနှင့် သဂြိုဟ်စာအုပ်များတွင်လူ

တို့ကို အတန်းအစားခွဲ၍ စည်းကမ်းအမျိုးမျိုး ချမှတ်ထားခဲ့သည့်ကိုတွေ့ရပေမည်။ ၎င်းတို့တွင်ဒိန်မိယာတည်ထောင်သူ၊ ဒိန်မိထောင်ရှင်၊ ရသေ့ရဟန်းနှင့် ကျောင်းသားများပါဝင်လေသည်။

ဟိန္ဒူကျမ်းစာများ၏ အလိုအားဖြင့် လူတိုင်း၏ဘဝတွင် အခြားသူများနှင့်ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ထူးခြားသည့်တာဝန်များသည် ပါရှိပေသည်။ ဟိန္ဒူဘာသာဝင် တဦးအဘို့ဘဝကို ကျောင်းသားတဦးအနေဖြင့် စတင်ရ၏။ ထိုနောက် ဇနီးမယားထောင်ပြုပြီးလျှင် ဒိန်မိယာထောင်သူဖြစ်လာ၏။ အသက်ကြီးသောအခါ သူသည် အနားယူလျက်လူ့ဘောင်ကို စွန့်လွှတ်ပြီးလျှင်ရသေ့ရဟန်းဘဝနှင့်အားထုတ်နေထိုင်၏။ ဤသို့သောဘဝ၏အခြေအဆင့်ဆင့်တွင်တာဝန်အချို့မှာ ပူးတွဲလျက်ရှိ၏။ ထိုအဆင့် အမျိုးမျိုးတို့တွင် တဆင့်က၊ တဆင့် ထက်သာသောအားဖြင့် သာလွန်မြင့်မြတ်သည် မရှိပေ။ ဒိန်မိယာ တည်ထောင်နေသူတဦး၏ ဘဝသည်လည်း လူ့ဘောင်စွန့်လွှတ်၍ တရားရှာကြံအားထုတ်နေသူ၏ ဘဝကဲ့သို့ပင် အရေးကြီးလေသည်။ လမ်းပေါ်ရှိ အမှိုက်ကျုံးသမားလည်းပလ္လင်ပေါ်ရှိဘုရင်မင်းမြတ်ကဲ့သို့ပင်၊ သူ့နေရာနှင့်သူကြီးမြတ်ခြင်းရှိ၏။ ၎င်းဘုရင်ကိုပလ္လင်ပေါ်မှဆင်းစေလျက်အမှိုက်ကျုံးသမား အလုပ်မျိုးကို ခိုင်းစေကြည့်ပါ။ သူမည်မျှ ကျင်လည်သည်ကိုတွေ့ရပေမည်။ အမှိုက်ကျုံးသမားကိုလည်း ပလ္လင်ပေါ်တွင် ထားလျက် မည်သို့ အုပ်ချုပ်မည်ကို ကြည့်နိုင်ပါသည်။

ဤလောကကြီးတွင် အိမ်ယာထောင်ခြင်းပြု၍နေကြသူတို့ထက်လောကကို စွန့်ခွါသော ရသေ့ သူတော်စင်တို့၏ ဘဝကသာမြတ်သည်ဟုဆိုလျှင် အချိုးနှိုးသာတည်း။ တောတွင်ထွက်၍ လွတ်လပ်စွာ တရားအားထုတ် နေထိုင်နိုင်ခြင်းထက် လူ့ဘောင်ထဲတွင် ကျင်လည်ကာဘုရားတရားနှင့် မကင်းအောင်နေနိုင်ခြင်းသည်ပို၍ ခက်ခဲပေသည်။

အိန္ဒိယပြည်တွင် လူတယောက်၏ ဘဝအဆင့်လေးဆင့်ကိုနောင်အခါတွင် အိမ်ယာထောင်သူနှင့်ရသေ့ရဟန်းဟူ၍ နှစ်မျိုးနှစ်စားသာ ခွဲ ခြား လိုက် လေ သည်။ အိမ်ယာထောင်သူမှာ မိမိသားမယားကို လုပ် ကိုင် ကျွေး မွေး လျက်ပြည်သူ ပြည်သား တယောက် အနေနှင့် တာဝန်ထမ်းရ၏။ ရသေ့ရဟန်းမှာမူမိမိကိုသာသနာ့ဝန်ထမ်းအဖြစ်ထားကာဘုရားကို ဝတ်ပြုပူဇော်ခြင်းပြုရ၏။ ကျွန်ုပ်သည်မဟာနိဗ္ဗာနတံတြခေါ်စာအုပ်ကြီးမှ စာပိုဒ်အချို့ကိုဖတ်ပြပါမည်။ ထိုစာပိုဒ်များသည်ဤအကြောင်းရပ်နှင့်စပ်ဆိုင်ပါသည်။ ၎င်းတွင်သာမန်အိမ်ရှင်တဦး၏တာဝန်များကိုပြထားပုံမှာထိုတာဝန်များကို ပြည့်စုံစွာ ဆောင် ရွက် နိုင်ရန် မည်မျှ ခက်ခဲသည်ကိုတွေ့ရပါလိမ့်မည်။

“အိမ်ထောင် ရှင် တ ဦး သည် ဘုရားကို အား ထားကြည်ညိုရမည်။ ဘုရား၏ တရားတော်သည် မိမိ၏ပန်းတိုင်ဖြစ်စေရမည်။ သို့ငြားလည်း ထိုသူသည် ကောင်းစွာ အလုပ်လုပ်ရမည်။ တာဝန်ဟူသမျှကို ထမ်းရမည်။ မိမိ လုပ်ငန်း၏အကျိုးကျေးဇူးများကို ဘုရားထံတွင် အပ်နှံပူဇော်ရမည်။

အလုပ်လုပ်၍အကျိုးကို မမျှော်ကိုးရဟူသည် လောကတွင်အတော်ခက်သောအလုပ်ဖြစ်ပေသည်။လူတယောက်အား ကူညီပြီး ထိုသူ၏ ကျေးဇူး တုံ့ ပြန်မှုကို ဘယ်အခါမျှ မမြှော်လင့်ရပေ။ကောင်းမှုတခုကိုလုပ်၍ မိမိအတွက်အမည်ထင်ရှားမှုကိုဖြစ်စေ။ မည်သည့် အရာမှ မရသည် ဖြစ်စေ။ ကြည့်ရှုဆင်ခြင်ရမည် မဟုတ်ပေ။ အများ သူငါက ခြိုးမွမ်းပြောဆိုသည့် အခါမျိုး တွင်၊ အယုတ်လှစွာ သော သူရဲဘောနည်းသူမျိုးပင်လျှင်၊သတ္တိကောင်းကြီးဖြစ်လာတတ်၏။ ပတ်ဝန်းကျင်လူတစုက ခြိုးမွမ်းသံသာ ပြုသည့်အခါ သူခိုးသူမိုက်တို့ပင်လျှင် အာဇာနည်ကြီး တယောက် သဖွယ်ဖြစ်လာတတ်၏။ သို့သော်ငြားလည်း မည်သူ့ခြိုးမွမ်းကိုမျှမခံခဲ့ရဘဲ၊ မျှော်လည်း မမျှော်လင့်ဘဲ ကောင်းကျိုး ဆောင်နေသူသည်သာလျှင် လူတကာတို့ပြုနိုင်ခဲသောအမှုကိုပြုသူတည်း။

အိမ်ထောင်ရှင်တဦး၏အကြီးဆုံးတာဝန်မှာ နေထိုင်စားသောက်ရေးအတွက် ရှာဖွေရခြင်းဖြစ်၏။ သို့ရှာဖွေရာတွင် လိမ်ခြင်း၊ညာခြင်း၊ ခိုးဝှက်ခြင်းနည်းတို့ကိုမသုံးရ။သူ့ဘဝသည် ဘုရားရှင်နှင့် သူဆင်းရဲတို့အလို့ကာ ဖြစ်သည်ကိုလည်းသတိရသင့်ပေသည်။

မိခင်နှင့်ဘခင် တို့သည် ဘုရားရှင်၏ ထင်ရှားသောကိုယ်စားလှယ်များ ဖြစ်သည်ကို သိရမည်။ ၎င်းတို့၏အငြိုအငြင်ကိုမဖြစ်စေရပေ။ မိခင်ဖခင်တို့ကြည်နူးရလျှင် ထိုသူ

အားဘုရားရှင်သည့်ကြည့်ရှုခြင်းဖြစ်စေလေသည်။ မိဘတို့အားကြမ်းတမ်းသောစကားကိုမပြောတတ်သော သားသမီးသည် သားလိမ္မာ၊သမီးလိမ္မာပင်တည်း။

မိဘတို့၏ ရှေ့တွင် ရယ်ရွှမ်း၊ ပတ်ရွှမ်း မပြောရ။ ကတိုက်ကရိုက်မပြုရ။ဒေါသ၊ မောဟတို့ကိုမပြရ။မိဘရှေ့တွင်သားသမီးသည်ငုံ့လျှိုး၍သွားရမည့်၊မိဘကပေးမှနေရာကိုယူရမည်။

အိမ်ထောင်ရှင်တဦးသည် မိခင်ဖခင်များ၊ သားသမီးများ၊ဆင်းရဲသူများချို့ငဲ့နေပါလျက်မိမိအတွက်သာ အစားအသောက်များကို မစားရ။ ဤသို့ပြုလျှင် ငရဲကြီးပေသည်။ မိခင်နှင့်ဖခင်တို့သည် ဤခန္ဓာကိုယ်၏လက်သည်များ ဖြစ်ကြသည်။ထို့ကြောင့်လူတယောက်သည် ထိုကျေးဇူးရှင်တို့ အတွက် အရာအထောင်မကသော ဆင်းရဲ ဒုက္ခမျိုးကိုလည်းခံအပ်ပေသည်။

ထိုသူအတွက် ဇနီးသည့်၏ တာဝန်မှာလည်း ထို့အတူပင်ဖြစ်၏။ လူ တိုင်း သည် မိ မိ ၏ ဇနီး သည်အား မြည်တွန်တောက်တီးခြင်းမပြုရ။ ဇနီးသည်ကို မိခင်နှင့်မခြားသဘောထားရပေမည်။ မိမိသည် အခက်အခဲ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်တိုင် ဇနီးသည်အားဒေါသဖြင့် ဆက်ဆန်ခြင်းမပြုရပေ။

အကြင်သူသည် မိမိ၏ ဇနီးမယားမှတပါး အခြား မိန်းမတဦးဦးအား စိတ်ဖြင့်ပင် ပြစ်မှားခဲ့ပါက ငရဲသို့လား နိုင်ပေသည်။

အမျိုးသမီးများ၏ ရှေ့တွင် ယောကျ်ားတဦးသည် မချောင်သော စကားကို မဆိုရ။ မိမိကိုယ်ကို ဂုဏ်တင်၍ ဝါကြွားပြောဆိုခြင်းခပ်ပြုရ။ အိမ်ထောင်ရှင်တဦးသည် မိမိ၏ ဇနီးသည်အား ငွေ၊အဝတ်၊ အစား၊ မေတ္တာ၊ သစ္စာနှင့် ပျား သကာသို့ချိုသာသောစကားများဖြင့် ကောင်းကျိုးပြုရမည်။ ဇနီးသည်စိတ်စနောင့်စနင်းဖြစ်စေမည့်စကားများကိုမပြော ဆိုရပေ။ အကြင်ယောကျ်ားသည် စင်ကြယ်သော မိန်းမ၏ အချစ်ကိုရယူမိလျှင်ဘာသာရေး၌အောင်မြင်ကြောင်းဖြစ်၍ ဂုဏ်ကျက်သရေလည်း တိုးတက်ပေတော့သည်။

အောက်ပါတာဝန်များသည် ကလေးများအား ပြုရ ရမည့်ဝတ္တရားများပေတည်း။

ကလေးကိုလေးနှစ်သားအရွယ်အထိ ချစ်ခင်ကြင်နာ စွာမွေးမြူရမည်၊အသက်၁၆နှစ်အရွယ်အထိပညာသင်ကြား ၍ပေးရမည်။ အသက် ၂၀ သို့ ရောက်သောအခါ သူ့အား အလုပ်အကိုင်ဒ. တည်တကျရှာဖွေပေးရမည်။ထိုအခါဖခင် ကလည်းမိမိနှင့် တန်းတူချစ်ကြည်ပြုစွာ သဘောထားရမည်။ သမီးကိုလည်း သားကဲ့သို့ပင် ပညာသင်၍ ယုယ သိမ်မွေ့ ရမည်။သမီးလက်ထပ်သောအခါတွင် ဖခင်ဖြစ်သူက ရွှေငွေ ပစ္စည်းတို့ကို လက်ဖွဲ့ရမြဲဖြစ်သည်။

ထို့နောက် လူတယောက်၏ ဩွာရေးသည် မိမိ၏ မောင်နှမသားချင်းများအပေါ်တွင် တည်၏။ ထို့မှထိုသူတို့၏ သားသမီးများ အပေါ်တွင်တည်၏။ သူတို့သည် ဆင်းရဲလျှင် ထောက်ပန့်ရမည်၊ အခြား ဆွေမျိုးများနှင့် မိတ်ဆွေများ၊ အစေခံများကိုလည်းထို့အတူပင်၊ ထို့နောက်မိမိရွာတွင်းရှိ ဆင်းရဲသူတို့အားရင်း၊ အကူအညီ လိုသူတို့အားရင်း၊ ကူညီရ၏။ ဤသို့ကူညီစောင်မနိုင်ပါလျက်နှင့် မစောင်မ၊ မကြည့်ရှုသော အိမ်ထောင်ရှင် တဦးသည် လူစင်စစ်ဖြစ်ပါသျက် တိရစ္ဆာန်နှင့်မခြားတော့ပေ။

မိမိကိုယ်ကလည်း အစားအဝတ်ကိုဘပ်မက်ခြင်းနှင့် ဆံပင်၊ ခန္ဓာကိုယ်ဘို့အား အလွန်အကြူး ချယ်သခြင်းဘို့ကို ရှောင်ရာ၏။ ထိုသူသည် ခန္ဓာကိုယ်လည်းစင်ကြယ်ရ၏၊ စိတ်နှလုံးလည်းစင်ကြယ်ရ၏။ အစဉ်အမြဲတက်ကြွလှုပ်ရှားလျက် အစဉ်အမြဲအမှုဆောင်ရန် အသင့်ရှိရပေမည်။

အိမ်ထောင်ရှင်တဦးသည် မိမိရန်သူများ အပေါ်တွင် သူရဲကောင်းကဲ့သို့ကျင့်ရာ၏။ ထိုသူတို့အား တွန်းလှန်ရာ၏။ ဤကားသူ့တာဝန်ပေတည်း။ ထိုသူသည် ထောင့်တထောင့်တွင်လက်မှိုင်ချထိုင်လျက် အားပျက်ငိုယိုကာ မတွန်းလှန်ခြင်း၏အကြောင်းကို သောင်းပြောင်းထွေလာ မပြောကြားအပ်။ မိမိရန်သူတို့အား သူရဲကောင်းသဖွယ် မပြုကျင့်ခြင်းသည်မိမိတာဝန်မကျေပေ။ မိတ်ဆွေနှင့်ဆွေမျိုးများ အပေါ်တွင်ကားထိုသူသည် သိုးငယ်ကဲ့သို့ဖြူစင်စွာကျင့်ရပေမည်။

ဧည့်ခံထောင်ရှင် တဦးသည် လူသွမ်းတို့အား အရှိအသေမပြုရ။ အရှိအသေပြုသူသည်ဆိုးသွမ်းမှုကို အားပေးရာရောက်သောကြောင့်ဖြစ်၏။ လူသူတော်ကောင်း တို့အားရှိသေရာ၏။ မထိမဲ့မြင်ပြုချေက မဟာအမှားကြီး ပေတည်း။

ထိုပြင်ဧည့်ခံထောင်ရှင်တဦးသည်၊ သူငယ်ချင်း မိတ်ဆွေပေါင်းသင်းရာတွင်၊ အလျှင်စလိုမရှိစေရ။ ထိုသူသည် နေရာအနှံ့အပြားတွင် မိတ်ဆွေများ ပေါက်သွတ် ၍စား မထားရ။မိမိပေါင်းသင်းလိုသော သူကိုအနေအထိုင်အကျင့်အကြံမှအစ သတိထား၍ စောင့်ကြည့်ရမည်။ ထိုသူများနှင့် အခြားသူများ၏ ဆက်ဆန်ပုံကိုလည်း လေ့လာရမည်။ ထိုသို့ လေ့လာပြီးမှသာ မိတ်ဆွေပြုသင့်သည်။

အောက်ပါအချက် သုံးချက် ကိုလည်းဖွင့်ဟပြောဆိုခြင်းမပြုရ။ အကြင်သူသည်လူပုံအလယ်၌ မိမိ၏ဂုဏ်ပုဒ်ကို ဖေါ်တုတ်မဝင့်ဝါရ။ မိမိတန်ခိုးသြဇာ တက်ရေးအတွက်မိမိအမည်ကိုမဖြင့်တင်ရ၊ မိမိ၏စီးပွားဥစ္စာအခြေ အနေကိုရင်း၊ မိမိအားနှစ်ကိုယ်ချင်း ပြောကြားထားသော စကားများကိုရင်း၊ ဖွင့်ဟပြောဆိုခြင်းမပြုရ။

လူတယောက်သည် မိမိ၏ဆင်းရဲမှုကိုရင်း ချမ်းသာမှုကိုရင်း၊ မပြောဆိုရ၊ မိမိ၏စီးပွားဖြင့်မဝါကြွားရ၊ မိမိကိုယ်ကိုမိမိသွန်သင်ရန်မှာ ဘာသာရေးတာဝန် တရပ်ဖြစ်သည်။ ဤအချက်ကို မလိုက်နာလျှင်ထိုသူသည် လူကျင့်တရားပျက်ပြားသည်ဟုယူဆရပေသည်။

ဒိမ်ထောင်ရှင်တဦးသည်လူ့အဖွဲ့အစည်းကြီး၏အခြေခံတခု၊ ထောက်တမျချောင်းဖြစ်၏။ ပင်မ စီးပွားရှာသူ တဦးလည်းဖြစ်၏။ ထိုသူအားဆင်းရဲသူသည်ဂုဏ်၊အားနဲ့သူသည်ဂုဏ်။ခလေးသူငယ်များနှင့် အမျိုးသမီးများသည်ဂုဏ်။ အလုပ်မလုပ်နိုင်ကြသဖြင့် မှီခိုနေထိုင်ကြလေသည်။ ထို့ကြောင့်ထိုသူတွင် ထမ်းဆောင်ရန်တာဝန်များရှိ၏။ ထိုတာဝန်များသည်ပင်လျှင် သူ့အား အားသစ် ခွန်သစ် ပြည့်ဝစေ ရန်ဖန်တီးပေးသကဲ့သို့ပင်ဖြစ်၏။ ထို့ပြင်လည်း မိမိသည် ရည်ရွယ်မှန်းထားချက် များထက် နိမ့်ကျ၍ လုပ်ဆောင်နေသည်ဟုထင်မြင်ဘွယ်မရှိချေ။

ထို့ကြောင့်ထိုသူသည်အမှားအယွင်းတခုခုပြုလုပ်မိပါက၊ လူပုံအလယ်တွင် ဖွင့်မပြောရပေ။ လုပ်ငန်းတခုကိုလုပ်၍ဆုံးရှုံးမည်ကိုသိမြင်လာသောအခါ တွင်လည်း ထိုအကြောင်းကိုမပြောရပေ။ ဤသို့မိမိကိုယ်ကိုပြစ်တင်ခြင်းသည်မလိုလားအပ်သည်သာမက၊ ကိုယ့်ကိုယ်ကိုလည်း မတည်ကြည်စေရာရောက်လေသည်။ ထိုမျှမကလူ့ဘဝတွင်ကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်ရန် မသင့်လျော်စေရာကျလေသည်။ တချိန်တည်းမှာပင် မိမိသည်၊ ပညာ နှင့် စီးပွားဥစ္စာကိုရရှိရန်လုံးပမ်းရပေမည်။ ဤသည်ကား သူ၏ဝတ္တရားပေတည်း။ ထိုအမှုကိုပျက်ကွက်ပါက သူသည်အညတြ ဖြစ်တော့သည်။ ဒိမ်ထောင်ရှင်တဦးသည် စီးပွားဥစ္စာ မရှာလိုပါက လူ့ကျင့်ဝတ်တရား မညီရာကျပေမည်။ ထိုသူသည်ပျင်းရိလျက် ရသမျှနှင့် ရောင့်ရဲ တင်းတိမ်မည် ဆိုပါလျှင် လူ

ပျင်းဘ၀သို့ ရောက်၍ လူ့ကျင့်ဝတ်နှင့် မညီပေ။ အဘယ့်ကြောင့် ဆိုသော် သူ့ကို မှီခိုနေသူ အများအပြား ရှိသောကြောင့်တည်း။ သူချမ်းသာလျှင် မှီခိုသူများချမ်းသာပေလိမ့်မည်။

ဤမှတ်တော်ကြီးတွင် လူပေါင်းများစွာသည် ''ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်'' သဘောဖြင့်၊ ချမ်းသာခြင်းကို မရှာကြံခဲ့ကြပါက ယခု ထွန်းကားသော ယဉ်ကျေးမှုကြီးသည်ရှင်း။ အသုံးဒါနပြုရာ ဌာန များသည်ရှင်း။ အဘယ်မှာလျှင် ကျွန်ုပ်တို့တွေ့မြင်နိုင်ပါတော့အံ့နည်း။

စီးပွားနောက်သို့ ကောက်ကောက်ပါလိုက်ခြင်းကား ပေးဝေစွန့်ကြဲရန်ဖြစ်သဖြင့်၊ ဤနေရာတွင် အဆိုးဟုမဆိုနိုင်ပေ။ အိမ်ထောင်ရှင်တဦးသည်၊လူ့ဘ၀နှင့်လူ့အဖွဲ့အစည်း၏ ဗဟို အချက်အခြာဖြစ်၏။ ဤသို့စီးပွားရှာခြင်းနှင့် စီးပွားဥစ္စာကို မြင့်မြတ်စွာ သုံးစွဲခြင်းကား၊ ကိုးကွယ် ပတ်ပြုခြင်းမည်၏။ အဘယ့်ကြောင့် ဆိုသော် အိမ် ထောင် ရှင် တ ဦးသည်၊ကြိုးပမ်းရှာဖွေ၍ရသောစီးပွားဥစ္စာကိုမြင့်မြတ်စွာသုံးစွဲခြင်းကား၊ကိုးကွယ်ဝတ်ပြုခြင်းမည်၏။ အဘယ်ကြောင့်ဆိုသော်၊အိမ်ထောင်ရှင်တဦးသည် ကြိုးပမ်း ရှာဖွေ၍ရသော စီးပွားဥစ္စာကိုမြင့်မြတ်စွာ သုံးစွဲခြင်းသည်၊ ရသေ့သူတော်စင်တဦးဂူတွင်း၌၊ တရားအားထုတ် လျက် ငြိမ်းရာ အမတကိုရှာကြံခြင်းနှင့်လက်တွေ့အားဖြင့် သဘောခြင်းထပ်တူပင်ဖြစ်၏။ ထိုသူနှစ်ဦးတွင် ကိုယ်ကျိုးစွန့်လွှတ်ခြင်း၊ ကိုယ်ကျိုး

မရှာခြင်းဟူသော စိတ်များဖြင့် ဘုရားရှင်အား ကိုးကွယ်ဝတ်ပြုသောဂုဏ်အခြင်းအရာတခု၏အကျိုးနှစ်ဘက်ကိုတွေ့သောကြောင့်ဖြစ်၏။

ထိုသူသည် နာမည်ကောင်း ရရှိရေးအတွက် နည်းလမ်းရှာသမျှကြိုးစားရမည်။လောင်းကစားမှုကင်းစေရမည်။ လူဆိုးလူမိုက်များနှင့် ပေါင်းသင်းခြင်းမပြုရ၊ မှုသားစကားကို မဆိုရ၊ အခြားသူများအား ဒုက္ခပေးသူမျိုးမဖြစ်စေရ။

လူအများသည် မိမိတို့ဆုံးခမ်းတိုင် မလုပ်နိုင်သောအလုပ်မျိုးကိုမကြာခဏ၊ လုပ်လေ့လုပ်ထရှိ၏။နောက်ဆုံးတွင် တပါးသူအားညာဝါးရသည့်အဖြစ်သို့ရောက်သွားတတ်လေသည်။ ထို့ကြောင့်အချိန်သည်အရာအားလုံး၌ထည့်သွင်းစဉ်းစားအပ်သော ကိစ္စတခုဖြစ်လေသည်။ တချိန်တွင်ဆုံးရှုံးမှုသည် နောက်တချိန်တွင် ကြီးစွာသော အောင်မြင်မှု ဖြစ်၍လည်းနေတတ်ပေသည်။

အိမ်ထောင်ရှင်တဦးသည် မှန်သောစကားကို ဆိုရမည်။ညင်သာစွာပြောရမည်။တပါးသူနှစ်လိုသောစကားလုံးကိုသုံးရမည်။တပါးသူ၏အကျိုးအတွက်ပြောရမည်။တပါးသူ၏အတင်းအဖျင်းကို မပြောရ။

အိမ်ထောင်ရှင်တဦးသည် ရေတွင်းရေကန်တူးခြင်းဖြင့်၎င်း၊ ခရီးလမ်းတို၌နားနေရန် သစ်ပင်စိုက်ခြင်းဖြင့်၎င်း၊ ဇရပ်များ ဆောက်ခြင်းဖြင့်၎င်း၊ လမ်းဖေါက် တန်တားခင်း

ခြင်းဖြင့်၎င်း၊ ဤအမှုများကိုပြုခြင်းဖြင့်၊ ယောဂီပုဂ္ဂိုလ်ကြီး တဦးကဲ့သို့ပင်၊ လားရာဂတိရှိလေသည်။

ဤကားအိမ်ထောင်ရှင်တဦးဆောင်ရွက်ရန်ဖြစ်သော ကမ္မယောဂ၏အဆုံးအမတစိတ်တဒေသတည်း။နောက်ပိုင်း တွင် ''အကြင်ဃ်၍ အိမ်ထောင်ရှင်တဦးသည် စစ်ပွဲတွင် မိမိ တိုင်းပြည်အတွက်သော်၎င်း၊ မိမိဘာသာအတွက်သော်၎င်း တိုက်ခိုက်၍ ကျဆုံးလျှင် ထိုသူသည်ဘုရားကျင့်သောယောဂီ ကဲ့သို့ပင် လားရာဂတိရှိနိုင်၏။''ဟူ၍ဆိုသောအပိုဒ်တပိုဒ်ရှိ သည်။ ဆိုလိုသည်မှာ တဦးတယောက်၌ လုပ်ငန်းတခုသည် တာဝန်ဖြစ်သော်လည်း အခြားတဦး၌မူကားတာဝန်မဟုတ် နိုင်ချေ။ တချိန်တည်းမှာပင် ဤသူ၏တာဝန်သည် ထိုသူအား ဖြင့်မားစေ၍ အခြားသူ၏တာဝန်သည် ထိုသူအား နိမ့်ကျစေ သည်ဟူ၍မရှိနိုင်။တာဝန်တိုင်းသည် သူ့နေရာနှင့်သူအရေး ပါကြသည်ချည်းတည်း။ကျွန်ုပ်တို့သည်ပတ်ဝန်းကျင်အခြေ အနေများအရဆိုင်ရာတာဝန်များကိုထမ်းဆောင်ကြရခြင်း ဖြစ်သည်။

ဤအချက်များထဲမှ အချက်တချက် ပေါ်လွင်လာ၏။ ၎င်းမှာပျော့ညံ့မှုဟူသမျှကိုရှုံ့ချခြင်းပင်ဖြစ်သည်။ဤအချက် သည် အဘိဓမ္မာတရားတွင်၎င်း။ ဘာသာရေးတွင်၎င်း။ အလုပ်အကိုင်တွင်၎င်း။ ကျွန်ုပ်အနှစ်သက်ဆုံးသောသဘော တရားပေတည်း။ သင်တို့သည်ဝေဒတရားတော်များကိုလေ့ လာလျှင် ကြောက်ရွံ့မှုကင်းခြင်း (မကြောက်တရား)ဟူ သောအချက်ကို ထပ်တလဲလဲ တွေ့ရပေမည်။ ကြောက်ရွံ့

ခြင်းသည်အားနည်းပျော့ညံ့ခြင်း လက္ခဏာတရပ်ဖြစ်သည်။ လူတယောက်သည် ပက်ဝန်းကျင်၏ မေးငေါ့ချက်ပြက်ရယ်ချက်တို့ကိုဂရုမထားဘဲမိမိ၏ထာဝန်ကိုသာဦးတည့်လုပ်ကိုင်သွားရန်ဖြစ်လေသည်။

လူတယောက်သည် ဘုရား၊ တရားအားထုတ်ရန်ကြိုးရွယ်လျှက် လောကမှအငြိမ်းစား ယူသွားသော အချိန် တွင် အခြားသူများသည်၊ လောကီတာဝန်များကိုထမ်းဆောင်နေသဖြင့်၊ ဘုရား၊ တရားကိုမရိုးသေမကိုင်းရှိုင်းကြဟု မယူဆအပ်။ လောကီတာဝန်ကိုထမ်းဆောင်နေ သူ တို့ က လည်း လူ့ဘောင်ငြိုး၍ တရားမွေ့ကြသော သူများအား ခြေသလုံးအိမ်တိုင်များဟုမယူဆအပ်။ လူတိုင်းသည်မိမိတို့ဆိုင်ရာ နေရာတွင် ကြီးမြင့်ကြသည်။ ဤအကြောင်းကို ကျွန်ုပ် သည် ပုံဝတ္ထုကလေးတချဖြင့်သက်သေထူပါအံ့။

ရှင်ဘုရင် တပါးသည် မိမိတိုင်းပြည်သို့ ရောက်လာလေသမျှသော၊ ရသေ့သူတော်စင်တို့အား မေးမြန်းစုံစမ်းလေ့ရှိသည် ထိုအမေးကား "လောကီလုပ်ငန်းကိုစွန့်လွှတ်၍ ရသေ့သူတော်စင်ဖြစ်လာသော ပုဂ္ဂိုလ်နှင့်လောကီဘောင်ထဲတွင်အိမ်ထောင်တာ ဝန်များကိုထမ်းဆောင်လျှက်ရှိသော ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားတို့အနက်မည်သူက သာလွန် မြင့် မြတ်ပါသနည်း" ဟူ၏။

ပညာရှိ အပေါင်းတို့သည် ထိုပြဿနာကို အဖြေရှာကြကုန်၏၊ အချို့ပညာရှိများက သူတော်စင်တို့သာ မြင့်မြတ်ကြသည်ဟုဆို၏။ ထိုအခါ ရှင်ဘုရင်က ထိုအချက်မှန်သည် ဆိုလျှင်ခိုင်မာအောင်သက်သေထူပါဟုပြောကြားလေသည် သက်သေ မထူနိုင်ကြသောအခါ ထိုရသေ့ သူတော်စင်တို့ အား ရှင်ဘုရင်သည် လူဝတ်လဲစေလျက် ထိမ်းမြားပေး၏။ အချို့သူတို့ကမူ၊ လောကီဘောင်အတွင်း၌လူ့တာဝန်များကို ထမ်းဆောင်နေလျက်ရှိသူတို့သာ မြတ်သည်ဟုဆိုကြ၏။ ထို အခါတွင်လည်း ရှင်ဘုရင်သည် ခိုင်မာအောင်သက်သေထူ နိုင်းပြန်၏။ ထိုရသေ့ သူတို့သည် သက်သေ မပြနိုင် သော အခါ၊ သူတို့အားအိမ်ထောင်သည်များအဖြစ်နေထိုင်စေပြန် လေသည်။ နောက်ဆုံးတွင် ရသေ့ သူတော်စင် ငယ်တပါး သည်ရောက်ရှိ၏။ ရှင်ဘုရင်ကလည်းအလားတူ မေးခွန်းကို ပင်မေးပြန်၏၊ ထိုအခါရသေ့ငယ်က "အိုအရှင်မင်းကြီး၊လူ တိုင်းသည် မိမိတို့ဆိုင်ရာနေရာတွင် ကြီးမြင့်ကြသည်ချည်း ဖြစ်ပါသည်"ဟုဆို၏၊ ထိုအခါရှင်ဘုရင်က "ဤအချက်ကို သက်သေပြပါလော့"ဟုမေး၏။

ရသေ့ကလည်း"သက်သေပြပါမည်" ဟုခံ၍ လျက် "အရှင်မင်းကြီး၊သင်သည်ကျွန်ုပ်နှင့်ရက်အနည်းငယ်မျှလိုက် ရမည်။ သို့မှသာကျွန်ုပ် ပြောစကားကို သက်သေ ထူနိုင်ပါ မည်" ဟုပြန်ပြောလေသည်၊

ရှင်ဘုရင်သည် ဤ အချက် ကို သဘောတူညီ လျက် ထိုရသေ့နောက်မှ လိုက်ပါလျက် မိမိတိုင်းပြည်မှ ထွက်ခွာ

လေသည်။ လမ်းခရီးတွင် တိုင်းပြည်များစွာကို ကျော်ဖြတ်ပြီးနောက်၊ နိုင်ငံကြီးတနိုင်ငံသို့ ရောက်လေသည်။ ထိုနိုင်ငံ၏မြို့တော်တွင် ပွဲတော်ကြီး တရပ်သည် ကျင်း ပ လျက် ရှိ၏။ ရှင်ဘုရင်နှင့် သူတော်စင်တို့သည် အိုးစည်ဗုံ မောင်းသံနှင့် လူအပေါင်း၏ ဟစ်ကြွေးသံတို့ကို ကြားရလေသည်။ လူ အပေါင်းတို့သည် ဝတ်ကောင်း၊ စားလှများဖြင့် လမ်းသလားလျက်ရှိ၏။ လမ်းမဘွင်ဘုရင့်အမိန့်ဘရပ်ကို ထုတ်ပြန်လျက်ရှိသည်ကိုလည်း ဘုရင်နှင့်ရသေ့ငယ်တို့သည်အကြောင်းကို သိလိုသဖြင့် ရပ်၍နားထောင်ကြ၏။ အမိန့်တော်ပြန်လျက်ရှိသော အကြောင်းကား ထိုနိုင်ငံသနင်း ပြည့်ရှင်မင်း၏ သမီးတော်သည် စဝေးရောက်လာသမျှကုန်သော ပရိသတ်ဗိုလ်ပုံအလယ်မှ မိမိကြင်ယာလောင် ကို ပန်းကုံးစွပ်ရွေးချယ်မည်ဟူသတည်း။

ဖိုမိန္ဒြသပြည်တွင်၊ မင်းသမီးများ ကြင်ဘက် ရွေးရာ၌ ဤနည်းဖြင့်ရွေးချယ်ခြင်းမှာရှေးထုံးအစဉ်အလာတရပ်ဖြစ်၏။ ဘုရင့်သမီးတော် တိုင်းတွင်သည်း၊ မိမိတို့ကြင်ယာလောင်းအတွက် စိတ်ကူး အမျိုးမျိုးရှိကြ၏၊ အချို့ကလည်း ရုပ်ရည်ချောမောသူတို့နှစ်သက်၏။ အချို့ကပညာရှိကိုလိုချင်၏။အချို့ကလည်းကြွယ်ဝချမ်းသာသူကိုမှ ကြင်နာလိုကြသည်။ ထိုအခါမျိုးတွင် အိမ်နီးချင်း ပြည်ထောင်အသီးသီးမှ မင်းညီမင်းသားများသည် လှပသေးချပ်ဝတ်တန်ဆာများကို ဝတ်ဆင်လျက်၊ အရွေးခံရန်လာရောက်ကြကုန်၏၊ရံဖန်ရံခါတွင်ထိုမင်းမင်းညီမင်းသားတို့၌ မင်းသမီး၏ကြင်ယာဖြစ်ထိုက်ကြောင်း

အရည်အသွေးကိုဟစ်အော်ကြွေးကြော်မည့်သူ များပါလာ တတ်ကြ၏၊ မင်းသမီးကိုမူကားပန်းကုံးစွပ်ပွဲတွင် ဝေါတော် ဖြင့်တင်လျက်။ နောက်တော်မှ အခြွေအရံ များက လည်း တခမ်းတနားလိုက်ပါကြ၏။ ထိုနောက် မင်းညီမင်းသားတို့၏ အရည်အသွေးကို နားထောင်ကြ၏။ မင်းသမီးသည် ကိုယ် ရည်သွေးစကားကို ကြားနာပြီးနောက်မကြေနပ်လျှင်၊ ဝေါ တော်ထမ်းတို့အား "ရှေ့ဆက်သွားတော့"ဟု အမိန့် ပေး လျက်၊ လှည့်၍ပင် မကြည့်တော့ပေ။ အကယ်၍ မင်းသမီး သည်၊မင်းညီမင်းသားအပေါင်းမှ တဦးဦးကို နှစ်သက်ညွတ် နူးပါက၊ အသင့်ရှိသောပန်းကုံးကိုထိုပင်းသားဇည်၌စွပ်၏။ ထိုအခါထိုသူသည်မင်းသမီး၏ ကြင်ယာတော် ဖြစ်သွားလေ သည်။

ရှင်ဘုရင်နှင့်ရသေ့သူတော်စင်တို့ နောက်ရှိ နေထိုင် သောနိုင်ငံ၏မင်းသမီးမှာလည်း ဤနည်းဖြင့် ကြင်ယာတော် ရွေးပွဲကျင်းပခဲ့ဘူး၏။ ထိုမင်းသမီးမှာကား ကမ္ဘာပေါ် တွင် အလှဆုံးသောမင်းသမီးတပါးဖြစ်၏၊ သူရွေးချယ်သော ကြင် ဘက်တော်သည်သူ့ခမည်းတော်နတ်ရွာစံလျှင်ထိုတိုင်းပြည် ကြီးကို အုပ်စိုးရမည်ဖြစ်၏။ မင်းသမီး၏ ရည်ရွယ် ချက်မှာ အလှဆုံးသောမင်းသားတပါးကိုရွေးချယ်ရန်ဖြစ်၏၊ သို့သော် လည်း၊စိတ်ကြိုက်မတွေ့သေးချေ။ ပန်းကုံးစွပ်ပွဲကို အကြိမ် ပေါင်းများစွာကျင်းပခဲ့ပြီးဖြစ်သည့်တိုင် ကြင်ယာလောင်းကို မရသေးချေ။ ဤတကြိမ်ပန်းကုံးစွပ်ပွဲကား အကြီး ကျယ် ဆုံးဖြစ်၏။ ပရိသတ်လည်းယခင်ကထက်များ၍ မင်းသမီးကို

ဝေါတော် နှင့် တင်လျက် တနေရာမှ တနေရာသို့ လှည့် လည် လေသည်။ မင်းသမီးသည် မည်သူ့အားမျှနှစ်သက်ပုံမပေါက် ချေ။ ထို့ကြောင့် လူအများမှာ ဤတကြိမ်လည်း အချီးအနှီး ဖြစ်လိမ့်ဦးမည်ဟုစိတ်ပျက်လက်ပျော့နေကြ၏။ ထိုအချိန်တွင် လူငယ်တဦးသည်ရောက်ရှိလာ၏။ ထိုလူငယ်သည် ရသေ့သူ တော်စင်ဖြစ်၏။ ရုပ်ရည်လည်းချောမော၏။ နေမင်းသည် မြေ ပြင်သို့ဆင်း၍ ထွန်းလင်းသည် ကဲ့သို့ပင်တည်း။ ထိုသူသည် ပွဲ တော်၏တဒေါင့်မှ သိလိုဇောဖြင့်ရပ်လျက်ကြည့်နေ၏။ ထိုအ ခိုက်ဘွင် မင်းသမီး၏ ဝေါတော်သည် ရသေ့ငယ်၏ အနီးသို့ ဆိုက်ရောက်လာ၏။ ချောမော လှပသော ရသေ့ငယ်ကိုမြင် လျှင်မင်းသမီးသည် ဝေါတော်ကိုရပ်ပြီးနောက်၊ ရသေ့ငယ် အား ပန်းကုံးစွပ်လိုက်လေသတည်း။

ရသေ့ငယ်သည် မိမိလည်တွင်စွပ်နေသော ပန်းကုံး ကို ရုတ်တရက် ဆွဲချွတ်လျက် ဤသို့ဟစ်ကြွေး၏။ "ငါသည် ရသေ့သူတော်စင်ဖြစ်၏၊လက်ထပ်ထိမ်းမြားခြင်းသည် ငါ၏ အလုပ်မဟုတ်၊သင်တို့အဓိပ္ပါယ်မရှိကုန်ကြသည်"ဟု ဆိုလေ သည်။

ထိုအခါရှင်ဘုရင်သည် ဤသို့စဉ်းစားမိ၏။ ဤသူကား ဆင်းရဲနွမ်းပါးသဖြင့်၊ ငါ၏ သမီး တော်အား မထိမ်းမြားလို ခြင်းဖြစ်တန်ရာ၏။ ထို့ကြောင့် ရသေ့ငယ်အား ပန်းကုံးကို ထပ်မံစွပ်စေလျက်"ငါ၏သမီးတော်နှင့်အတူနိုင်ငံတဝက်ကို သင်အပိုင်စားရပါလိမ့်မည်။ ငါကွယ်လွန်ခဲ့သော် တနိုင်ငံလုံး ကို သင်ဆက်ခံအုပ်စိုးရပါလိမ့်မည်"ဟုဆို၏။

ရသေ့ငယ်လည်း၊ ပန်းကုံးကို တဖန် ဆွဲဘွတ်ပြန်ပြီး "သင်တို့အမိဗွါယ်မဲ့ကြလေကုန်ပြီ။ ငါကား အိမ်ယာထောင်ခြင်းကို အလိုမရှိသူဖြစ်လေသည်။" ဟု ပြောပြီးနောက်ဗိုလ်ပုံအလယ်မှ လျှင်မြန်စွာ ထွက်ခွါသွားလေသည်။

ထိုအချိန်တွင်မင်းသမီးသည်၊ ရသေ့လုလင်အပေါ်တွင် မေတ္တာတိမ်းညွတ်မိပြီဖြစ်ရကား၊ "ကျွန်ုပ်ကားဤလုလင်ကိုမှမရလျှင် သေရပါလိမ့်မည်" ဟု ဆိုလျှက်လုလင်နောက်သို့ကောက်ကောက်ပါ လိုက်လေသည်။ ထိုအခါတွင်ဘုရင်ကိုခရီးလှည့်လည်ရန် ဤ တိုင်းပြည်သို့ ခေါ် ဆောင် လာ သော ရသေ့က၊ ဤသို့ဆို၏။ "အရှင်မင်းကြီး၊ ကျွန်ုပ်တို့ဤလုလင်နှင့်မင်းသမီးနောက်သို့ ခြေရာခံလျှက်လိုက်ကြကုန်အံ့" ဟု ဆိုလေသည်။ ထိုနောက်သူတို့သည် မလှမ်းမကမ်းမှ လိုက်ပါသွားကြ၏။ မင်း သမီး အား ထိမ်း မြား ရန် ငြင်း ပယ် သော ရသေ့လုလင်သည်တောနက်တွင်းသို့ မိုင်ပေါင်းများစွာဝင်၍သွား၏။ မင်းသမီးကလည်းဝင်၍လိုက်၏။ ရသေ့နှင့်ဘုရင်တို့ကလည်းလိုက်၏။ရသေ့လုင်မှာမူကား ဤတောကိုကျွမ်းသဖြင့်၊ လမ်းအသွယ်သွယ်ကို သိရှိထား၏။ ထိုရသေ့လုင်သည်၊ လမ်းမြောင် လမ်းငယ်တခုအတွင်းသို့၊ ထိုးထွင်းဝင်ရောက်လျှက် ပျောက်ကွယ်သွား၏။ မင်းသမီးမှာမူကားမျက်ချေပြတ်၍ ကျန်ခဲ့၏။ မင်းသမီးသည်ရသေ့လုလင်အား ရှာဖွေပြီးနောက် လမ်းမှားလေသဖြင့်၊ သစ်တပင်အောက်တွင် ထိုင်လျှက်ငိုယိုလေတော့၏။

မကြာမီပင် ရှင်ဘုရင်နှင့် ရသေ့သူတော်စင်တို့ မင်းသမီးအား မှီလာကြကုန်၏။

“အရှင်မင်းသမီး၊မငိုပါလင့်။ ဤတောမှထွက်ပေါက်လမ်းကို ကျွန်ုပ်တို့ပြပါမည်။ယခုကားမိုးချုပ်သဖြင့်၊လမ်းကိုမမြင်နိုင်ပါပြီ။ဤသစ်ပင်ကြီးအောက်တွင်၊ယနေ့ညအိပ်စက်ကြလျက်၊ မနက်မိုးသောက်မှ ကျွန်ုပ်တို့သင့်အားလမ်းပြပါမည်”ဟု ဆိုကြ၏။ ထိုညတွင်ရင်းတို့ အိပ်စက်နားနေသော သစ်ပင်ကြီး၏အထက်၌၊ ငှက်မောင်နှံသည်၊ သားသမီးဖြစ်ကြသော ငှက်ကလေး သုံးကောင် နှင့်အတူ၊ အသိုက်အအုံဖွဲ့၍နေ၏။ ထိုအခါငှက်ဖိုသည် အပင်အောက်သို့ ငုံ့ကြည့်လျက်၊ ဧည့်သည်သုံးဦးကိုတွေ့သော် ငှက်မအားဤသို့ပြော၏။“ရှင်မ ကျွန်ုပ်တို့ဘာလုပ်ကြမည်နည်း၊ ကျွန်ုပ်တို့အသိုက်အမြုံ ဖြစ်သော ဤသစ်ပင်ကြီးအောက်တွင် ဧည့်သည်သုံးဦးရောက်လျက်ရှိကြ၏။ အချိန်မှာဆောင်းတွင်းဖြစ်၍ချမ်းလည်းချမ်း၏။ ကျွန်ုပ်တို့တွင် မီးဖိုမရှိချေတကား။”

ထိုနောက်ငှက်ဖိုသည်၊ အဝေးသို့ ပျံသန်းသွားလျက် ထင်းချောင်းအချို့ကို၊ ကိုက်ချီပျံလာကာ၊ ဧည့်သည်များအထံသို့ ချပေး၏။ အပင်အောက်ရှိလူများကလည်း ထင်းများကို မီးဖိုကြ၏။ ငှက်ဖိုသည် ဤမျှစောင်မကူညီရသည်ကို မကျေနပ်သေးပေ။ ထို့ကြောင့် ငှက်မအားပြော၏။ “ရှင်မကျွန်ုပ်တို့ဘာလုပ်ကြမည်နည်း။ ဧည့်သည်တို့သည် မောပန်း၍ဆာလောင်မွတ်သိပ်လာကြ၏။ ငါတို့တွင် ကျွေးစရာလည်းမရှိ၊ ငါတို့မှာ အိမ်ရှင်ဖြစ်၏။ အိမ်ရှင်တို့မည်သည် ဧည့်သည်တို့

အား ကျွေးမွေးဝတ်ပြုရစမြဲတည်း။ ငါသည်ငါနိုင်သောအမှုကိုပြုတော့အံ့။ ငါ၏ကိုယ်ကိုပင် သူတို့အား ကျွေးရပေလိမ့်မည်" ထိုနောက်ငှက်မိုသည် သစ်ပင်အောက်ရှိ မီးမိုထဲသို့၊ စိုက်ဆင်းသွားလျှက် ပျောက်ကွယ်သွား၏။ အပင်အောက်မှ လူများမှာ၊ ငှက်ငယ်အား မီးပုံဘွင်းသို့မကျရန်၊ ဟမ်း၍ဆွဲလိုက်သော်လည်း မြန်လွန်းသဖြင့်မမိလိုက်ပေ။

ငှက်မ သည်လည်း ငှက်မိုချန်ဆင်းသွားသည်ကို မြင်သောအခါ မိမိကိုယ်ကို ဤသို့ပြော၏။ "ဧည့်သည်များမှာ သုံးဦးပင် ရှိကြသည်။ စားရမည့်အစာမှာ ငှက်တကောင်တည်းသာဖြစ်၍ လောက်ငှကြမည်မဟုတ်ပေ။ ငါသည်ဇနီးသည်တဦးအနေဖြင့် ချစ်လင်၏ လုပ်ငန်းကို အချီးနှီးအဖြစ်မခံအပ်။ ထို့ကြောင့် ငါ့ကိုယ်ကိုလည်းပေးလှူတော့အံ့" ဟုဆုံးဖြတ်၏။ ထိုနောက် သစ်ပင်အောက်ရှိ မီးပုံထဲသို့ချန်ဆင်းသွားပြန်လေသည်။

သစ်ပင်ပေါ်တွင်ကျန်ခဲ့သောငှက်ကလေးသုံးကောင်သည် မိခင်ဖခင်တို့ ဤသို့လုပ်ဆောင်သွားသည်ကို မြင်တွေ့ပြီးဧည့်သည်များအတွက် စားသောက်ရန် မလောက်ငှပြန်သည်ကို သိသောအခါ ဤသို့ကြံကြပြန်၏။ "ငါတို့၏မိဘများကား မိမိတို့စွန့်နိုင်သမျှစွန့်လှူသွားကြလေပြီ။ သို့တိုင်အောင် ဧည့်သည်များအတွက် အစာ မလောက်သေး။ ထို့ကြောင့် ငါတို့သည် သားကောင်းသမီးကောင်းများပီပီ မိဘတာဝန်

ကို ဆက်လက်ယူရန်ရှိ၏။ ငါတို့လည်း အသက်စွန့်ကြတော့အံ့” ဟု ဆိုလျက်မီးပုံတွင်းသို့ ဆက်၍ ခုန်ဆင်းသွားကြရှာပြန်လေသည်။

သစ်ပင်အောက်ရှိ ငြော့သည်သုံးဦးကား ငှက်တို့၏ အပြုအမူကို တွေ့မြင်ကြသဖြင့် ငှက်သားကို မစားရက်တော့ပေ။ ထိုညကို အစာမစားဘဲနှင့်သာ ကုန်လွန်စေ၏။ နံနက်တိုင်သောအခါ ဘုရင်နှင့် ရသေ့တို့သည် မင်းသမီးအား ခမည်းတော်ဆီသို့ပြန်ရန် ခရီးလမ်းကိုပြလိုက်ကြလေသည်။

ထိုအခါရသေ့က ဘုရင်အား ပြောကြား၏။ “အို၊ အရှင်မင်းမြတ်၊ လူတိုင်းသည် မိမိနေရာတွင် ကိုယ်စီကိုယ်ငှ ကြီးမြတ်ကြသည်ချည်း ဖြစ်သည်ကို ယခု မျက်ဝါးထင်ထင် တွေ့ရပြီမဟုတ်ပါလော။ အရှင်သည်လောကီတွင် ကျင်လည်နေလိုအံ့၊ ဤငှက်တို့ကဲ့သို့သာ ကျင့်ကြံပါလော့။ တပါးသူအတွက် အဘူအညီ အစောင်အမကိုစွန့်လွှတ်ပေးလှူနိုင်ရန် အချိန်မရွေး အသင့်ရှိပါလေလော့။ လောကီကိုစွန့်ခွါ၍အေး ငြိမ်းရာကို ရှာတော့မည်ဆိုလျှင်လည်း ကျွန်ုပ်တို့တွေ့ခဲ့သော ရသေ့လုလင်ကဲ့သို့ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပြိုင်စံသူရှားသော မင်းသမီးချောနှင့်ထီးနန်းစည်းစိမ်ကိုပင်တန်ဘိုးမထားသည့် ရသေ့၏အကျင့်မျိုး၌ကျင့်ပါလော့။

“အရှင်သည် အိမ်ယာထောင်သူတဦးသာ ဖြစ်လိုပါက မိမိ၏ဘဝကို အခြားသူများ၏ကောင်းကျိုးအတွက် စွန့်လှူနိုင်ပါစေလော့။ တရားအားထုတ်မည့်ကိုယ်ဖြစ်လိုပါလျှင်

လည်းအလှအပ၊ ဂုဏ်သိမ်စည်းစိမ်၊ ငွေကြေးတို့ကို မမက်မောပါသင့်။ လူတိုင်းသည် မိမိနေရာတွင် ကိုယ်စီကိုယ်ငှ ကြီးမြတ်ကြပါသည်။ သို့ငြားလည်း တဦး၏ပြုဘွယ်ဝတ္တရားသည် အခြားတဦး၏ ပြုဘွယ်ဝတ္တရား မဟုတ်ပါပေ” ဟု ဆုံးမပြောဆိုလေသည်။

## အခန်း (၃)

# အလုပ်၏ဩချို့ဒ္ဒက်တရား

တပါးသူအား ကိုယ်နှုတ်တို့ဖြင့် ကူညီခြင်းသည်၎င်း၊ တပါးသူ၏ ပစ္စည်းပစ္စယဆိုင်ရာ လိုအပ်မှုများကို၎င်း၊ ဖြည့်တင်း ကူညီခြင်းသည် ကြီးမြတ်သည် စင်စစ်ဖြစ်၏။ သို့ငြားလည်း မိမိပေးသောအကူအညီ သည်အရေးကြီးသောအကူအညီမျိုးဖြစ်လေလေ၊ ကူညီချက်သည် ခရီးရောက် လေလေ ကြီးမြတ်ခြင်းသို့ ရောက်လေ လေဖြစ် တော့သည်။ လူတယောက်၏တောင့်တ ကြောင့်ကျ မှုကို တနာရီမျှသာ ပယ်ဖျောက်နိုင်သေးသည်ဖြစ်အံ့။ ဘိုသူအား ကူညီခြင်းပင်ဖြစ်ပေသည်။ ထိုတောင့်တ ကြောင့်ကျမှုကိုပင် တနှစ်ခန့် ပယ်ရှားပေးနိုင်သည်ဖြစ်အံ့။ ကူညီမှုသည်ပို၍ကြီးမား၏။ ကြောင့်ကျမှု ဟူသမျှကို တသက်တာလုံးပယ်ရှားပေးနိုင်မည်ဆိုပါမူကား၊ ထိုကူညီမှုသည် အကြီးမားဆုံးဖြစ်ပေတော့သည်။

ဘာသာရေးဆိုင်ရာ အသိတရား တခုတည်းသာလျှင် ကျွန်ုပ်တို့၏ ဆင်းရဲပင်ပန်း ခြင်းများကို ထာဝစဉ် ပပျောက်စေနိုင်သည်။ အခြားတပါးသော အသိတရားများမှာ မူကား လိုအင်ဆန္ဒကို တခဏသာ ဖြည့်စွမ်းနိုင်လေသည်၊ ဘာသာရေးဆိုင်ရာ အသိတရားနှင့်သာလျှင်၊လိုအင်ဆန္ဒဖြစ်ပေါ်စေမှုတို့ကို ထာဝစဉ်ဖျောက်နိုင်လေသည်။ သို့ကြောင့် လူတဦးတယောက်အား ဘာသာရေးဆိုင်ရာအသိဉာဏ်ပေး၍ ကူညီ

ခြင်းသည် အမြင့်မြတ်ဆုံးသော ကျေးဇူးပြုခြင်းပင် ဖြစ်ပေတော့သည်။ လူအပေါင်းတို့အားသာသာရေးဆိုင်ရာ အသိဉာဏ်ကိုပေးသောပုဂ္ဂိုလ်သည်လည်းလူ့လောက၏ ကောင်းကျိုးဆောင်ပုဂ္ဂိုလ်ကြီးစင်စစ်ဖြစ်ပေတော့သည်၊ဤနည်းအားဖြင့် လူအပေါင်းတို့အား လိုအပ်သောဘာသာရေး အသိဉာဏ်ပေး၍ ကျေးဇူးသူမှန်သမျှသည် တန်ခိုး အကြီးဆုံး သူများဖြစ်သည်ကို တွေ့ကြရတော့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာ ရေး ဆိုင်ရာ အသိဉာဏ်သည် သာလျှင် လူ့ဘဝဆောင်ရွက်မှု အစုစုအတွက်၊စစ်မှန်သောအခြေခံဖြစ်သောကြောင့်တည်း၊ ဘာသာရေးရာ၊ ပညာအားဖြင့် ကျွမ်းကျင်သိမြင်သူကား၊ အခြားတပါးသောပညာ ရပ်များ တွင်လည်း မိမိလိုအပ်လျှင် ကျွမ်းကျင် သာလွန် နိုင်လေသည်။ ဘာသာပညာကိစ္စမှ တပါး၊ လူတို့၏ ပစ္စည်းပစ္စယ ဆိုင်ရာ လိုအပ်မှုအသီးသီးသည်၊ ထာဝစဉ်ကြေနပ် ပြည့်စုံသည်ဟူ၍ မရှိပေ။ ဘာသာရေး ရာမှ လွဲလျှင်၊ ပညာ အကူ အညီသည် မြတ်၏။ ပညာအလှူပေးခြင်းသည် အဝတ်အစားစသည်တို့ကို အလှူပေးခြင်းထက် မြင့်မြတ်သာလွန်၏။ ထိုအလှူမျိုးသည် လူတယောက်အား၊ အသက်ကိုပေးခြင်းထက်ပင်၊ မြင့်မြတ်သေး၏။ အဘယ်ကြောင့် ဆိုသော်၊ စစ်မှန်သော လူ့ဘဝတွင် ပညာပါဝင်ရပေမည်။ပညာမဲ့ခြင်းသည်အသက်မဲ့ခြင်းဖြစ်၏ ပညာရှိခြင်းသည် အသက်ရှိခြင်း ဖြစ်ပေ၏။ လူ့ဘဝ တွင် ပညာမဲ့ခြင်းနှင့် ဆင်းရဲပင်ပန်းခြင်းတည်းဟူသော အမှောင်တိုက်ကြားဝယ်၊စမ်းတဝါးဝါးသွားလာလှုပ်ရှားနေရသည်ဆိုပါလျှင်၊တန်ဘိုးမရှိသလောက်ပင် ဖြစ်ပေတော့မည်။

လျှုဒါန်းကူညီမှုတွင်၊ ဘာသာရေးရာနှင့်ပညာတို့ပြီးသော်၊ ကိုယ်နှုတ်တို့ဖြင့်ကူညီခြင်းသည် မြတ်၏။ ထို့ကြောင့် ကူညီလှူဒါန်းရန်ကိစ္စတွင် ပစ္စည်းပစ္စယတမျိုးတည်းဖြင့်သာ ကူညီနိုင်သည်ဟူသော ယူမှားချက်ကို ကောက်ချက် မချမိရန် အထူးအရေးကြီး၏။ ဤလှူဒါန်းကူညီမှုမျိုးသည်၊ နောက်ပိတ်ဆုံးဖြစ်သည်သာမဟုတ်။ ကြေနပ်မှုအနည်းပါးဆုံးလည်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်၊ ထာဝစဉ်ကြေနပ်မှုကို မပေးစွမ်းနိုင်သောကြောင့်တည်း။ကျွန်ုပ်တို့သည့်ဆာလောင်မွတ်သိပ်သောအခါ၊ တစုံတခုစားသောက်လိုက်ခြင်းဖြင့်၊ ထိုဆာလောင်မှုသည်ပျောက်၏။ သို့သော်လည်း အမြဲမဆာလောင်တော့သည်မဟုတ်ပေ၊ ထို့ကြောင့် ဆန္ဒဟူသမျှသည်၊ အရာအားလုံးကို ကျော်လွန်မှပင်ငြိမ်းပေတော့မည်။ထိုအခါမျိုးတွင်၊ ဆာလောင်မွတ်သိပ်ခြင်း ကလည်း ဖိစီးနိုင်တော့မည်မဟုတ်၊ စိတ်ပူပန်ခြင်းနှင့်ဝမ်းနည်းကြေကွဲခြင်းကလည်း တုန်လှုပ်ခြောက်ခြား စေနိုင်တော့မည်မဟုတ်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ စိတ်ဝိဉာဉ်ကို သန်မာခိုင်မြဲစေနိုင်သော အကူအညီမျိုးသာလျှင် အမြတ်ဆုံးဖြစ်တော့၏။ ထိုအကူအညီမျိုးမှလွဲလျှင် ပညာအကူအညီသည်မြတ်၏။ ပညာမှလွဲလျှင်ဥစ္စာအကူအညီသည် မြတ်၏။

ဤကမ္ဘာပေါ်၌ ဆင်းရဲပင်ပန်းမှု ဟူသမျှကို၊ ဥစ္စာအကူအညီတခုတည်းဖြင့် သာဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပါ။ လူတို့၏သဘာဝကြီးသည်မပြောင်းလဲခြင်း၊ မရှိတော့တရှိကြောင့်ကျမှုများမှာ ရှိနေမည်သာဖြစ်၏။ မည်မျှကြီးမား

သောအကူအညီမျိုးဖြစ်စေကာမူ၊ ဥက္ကာပစ္စည်းသူဌေးဒါန်း ကျည်မှု သည် ထိုအခရာ တို့ ကို လုံး ၀ ဥသုံ ပျောက်ပြယ်စေရန်စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ ဤပြဿနာ၏တခုတည်းသောအဖြေမှာ လူ့ဘောင်ကြီးကို စင်ကြယ်ရန် ပြုလုပ်ပေးဘို့ပင်ဖြစ်ပါသည်။

အသိဉာဏ်ခေါင်းပါးမှုသည် ဆိုးသွမ်းမှု ဟူသမျှနှင့်ကြေကွဲဘွယ်အဖြစ်တို့၏လက်သည်ဖြစ်သည်ကိုမျက်မြင်တွေ့ရပေသည်။လူအပေါင်းသည်ပညာအလင်းရစေသင့်၏။ ၎င်းတို့ကို စင်ကြယ်၍စိတ်ဓါတ်အားဖြင့်သန့်မာလျက်ပညာရှိပြီးဖြစ်စေသင့်၏။ သို့မှသာကမ္ဘာကြီးတွင် ဆင်းရဲငြိုငြင်မှုများ ကင်းပမည်ဖြစ်၏။ သို့မဟုတ်ကမဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် နိုင်ငံတွင်းရှိ အိမ်များကို ကုသိုလ်ပြုရာဂေဟာများ အဖြစ်ပြောင်းလျှောင်ပြောင်းပေးနိုင်ပေလိမ့်မည်။ တနိုင်ငံလုံးတွင် ဆေးရုံတွေဖွေးဖွေးလှုပ်အောင်ဆောက်ပေးနိုင်ပေလိမ့်မည်။ သို့ပြားလည်းလူ၏ပင်ကိုယ်အမူအကျင့်သည် မပြောင်း သေးသမျှ လူ့ဆင်းရဲဒုက္ခအပေါင်းသည် ရွှေ့ရှောင်းပျောက်ပြယ်လိမ့်ဦးမည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် အစဉ်မပြတ် အလုပ် လုပ်နေ ရလိမ့်မည်ဟု ဘဂဝတ်ဂီတာကျမ်းတွင် အထပ်ထပ်ဖတ်ဘူးခဲ့ကြပြီ။ အလုပ်ဟူသမျှသည် သဘာဝအားဖြင့် အကောင်းနှင့် အဆိုးရောပြွမ်းနေသည်ချည်းဖြစ်၍။ ကျွန်ုပ်တို့သည်ဘနေရာရာတွင် တစုံတခုကောင်းမှုကို မဖြစ်ပေါ်စေမည့်အလုပ်မျိုးကို လုပ်၍ ရလိမ့်မည်မဟုတ်၊ ထို့နည်းတူပင်တနေရာရာတွင် တစုံတရာ

မကောင်းမဖြစ်စေမည့် အလုပ်မျိုးသည်လည်း ရှိလိမ့်မည်မဟုတ်။ အလုပ်တိုင်းသည် အကောင်းနှင့် အဆိုးနှစ်ခုတွဲနေရစမြဲဖြစ်၏။ သို့ငြားလည်းကျွန်ုပ်တို့ကား အခါမလပ်အလုပ်လုပ်နေရမည်ပင်ဖြစ်ပါ၏။ ကောင်းမှုသည်ငင်း၊ ဆိုးမှုသည်ငင်း။ ငါမိတ္တိ ကိုယ်စီ ကိုယ်ငှအကျိုးကိုရလျက် (ကံ) ကမ္ဘတရားကို ဖြစ်ပေါ်စေပေလိမ့်မည်တည်း။

ကောင်းသောအမှုပြုခြင်းဖြင့် ကောင်း သော အရိုက်အရာကို ဆက်ခံရပေလိမ့်မည်။ ဆိုးသောအမှုပြုခြင်းဖြင့်ဆိုးသော အရိုက်အရာကို ခံရစေလိမ့်မည်။ သို့သော်လည်း အကောင်းနှင့်အဆိုးသည်ဝိဉာဉ်၏အနှောင်အဖွဲ့များ ဖြစ်ကြလေသည်။ ဤသို့အနှောင်အဖွဲ့ကိုဖြစ်စေတတ်သောအမှု အလုပ်နှင့်ပတ်သက်၍ ဘဂဝတ်ဂီတာကျမ်းကြီးတွင်အဖြေပေးထားသည်မှာ အလုပ်လုပ်ရာတွင် မိမိ၏ အလုပ်တွင် တွယ်တာကပ်ငြိစိတ်ကင်းရမည်ဖြစ်၏။ သို့မှသာ ဝိဉာဉ်သည် အနှောင်အဖွဲ့မှလွတ်ကင်းနိုင်လိမ့်မည်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အလုပ်တွင် "တွယ်တာ ကပ်ငြိခြင်းကင်းနည်း"ကိုအခ်ပွါယ်နှင့်တကွ နားလည်အောင် ကြိုးပမ်းအားထုတ်ရပေလိမ့်မည်။

အလုပ်ကိုအခါမလပ်လုပ်ရမည်။ သို့သော် ထိုအလုပ်တွင်စွဲလန်းတွယ်တာမှုကင်းရမည်ဟူသည်မှာဘဂဝတ်ဂီတာကျမ်းကြီး၏ ပင်ကိုယ်သဘောတခုဖြစ်ပေသည်။သံသကာရ (Samskara) ဟူသော စကားကို "အမွေဆက်ပါခြင်း"ဟူ၍

အနီးဆုံးဘာသာပြန်ဆိုနိုင်ပါလိမ့်မည်။ စိတ်ကို ကန်ရေပြင်နှင့်ပမာထား၍စိတ်တွင်း၌ လှိုင်းထလာသောဂယက်ကလေးများ လှိုင်းကလေးများသည် အလိုအလျောက်ငြိမ်သက် ပျက်ပြားသွားသည်မဟုတ်ပေ။ ယင်းတို့သည် နောက်ထပ်လှိုင်းဂယက်ကလေးများဖြစ်ရန်ဖန်တီးခဲ့ပေသေးသည်။ ထိုသို့လှိုင်းကလေးများထပ်မံဖြစ်ပေါ်ရန်အလားအလာကိုသံသကာရဟုခေါ်ပါသည်။ ကျွန်ုပ်တို့ ပြုသမျှအမှု၊ လှုပ်ရှားသမျှ ကိုယ် အမူအရာ၊ စဉ်းစားသမျှ အတွေး အခေါ် တို့မှာ စိတ်ဝတ္ထုတွင် အလားတူအရာ ထင်ကျန် ခဲ့စေခဲ့ကြ ပေသည်။ ထိုထင်ကျန်ခြင်းကလေးများသည် ပြင်ပသဏ္ဌာန်တွင် ပေါ်လွင် ထင်ရှားခြင်းမရှိစေကာမူလည်းအတွင်းလွှာ၌ကား မသိမသာ ကျန်ခဲ့သည့်ချည်းဖြစ်ပေသည်။

အချိန်ပိုင်းကလေးတိုင်း၌ ကျွန်ုပ်တို့၏ ဖြစ်တည့်ချက်ကလေးများသည် ရပေါင်းလိုက်သည့်ရှိသော် ကျွန်ုပ်တို့စိတ်တွင် မည်သို့ထင်ဟပ်မည့်ကို ဆုံးဖြတ်ပေသည်။ ကျွန်ုပ် ယခုဖြစ်တည့်နေ သောအခြေ သည့်ပင်လျှင် ယခင်အချိန်များက ကျွန်ုပ်၏စိတ်တွင် ထင်ဟပ်ခဲ့ခြင်းများ၏ ရပေါင်းချက်များမှ သရုပ်ဖြစ်ပေသည်။

ဤအချက် သည် ကိုယ်ကျင့်တရား ဟူသော စကားစင်စစ်၏ အဓိပ္ပါယ်ကို ဖော်ပြလေသည်။ လူတယောက်၏ ကိုယ်ကျင့်တရားသည် ထိုထင်ဟပ်ချက် ကလေးများ၏ ရပေါင်းချက်ဖြစ်လေသည်။ ကောင်းမွန်သော အချက် ကလေးများကအားကြီးလျှင် ကိုယ်ကျင့်တရားသည် ကောင်းလာ ပေသည်။

အဆိုးကသာခဲ့လျှင် ဆိုးလာပေလိမ့်မည်။ လူတဦးတယောက်သည် မကောင်းသော စကားမှန်သမျှကို ကြားနာခဲ့ရသည်ဖြစ်၍၊ မကောင်းဟူသမျှသောအချက်များကို တွေးကြံခဲ့ရသည်ဖြစ်ကာ၊ မကောင်းသောအလုပ်များကိုလုပ်ကိုင် ခဲ့ရပါလျှင်၊ ထိုသူ၏စိတ်တွင် မကောင်းသော ထင်ဟပ် ချက်များ အပြည့်အဝရှိပေလိမ့်မည်။ ထိုအချက်များသည်ပင် ထိုသူ၏ အတွေးအခေါ်နှင့်အလုပ်အကိုင်ကို လွှမ်းမိုးပေလိမ့်မည်။

အမှန်စင်စစ် ဤမကောင်းသောထင်ဟပ်ချက်ကလေးများသည် အစဉ်အမြဲအလုပ်လုပ်လျက်ရှိ၏။ ၎င်းတို့၏ရလာဒ်သည်လည်း။ မကောင်းဆိုးဝါးမှုပင် ဖြစ်ပေလိမ့်မည်။ ထိုသူသည်လည်းမည်သို့မျှမတတ်နိုင်ဘဲလူဆိုးဘဝ ဖြစ်ရပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် ၎င်းတွင်ရှိနေသောမကောင်းမှု ထင်ဟပ်ချက်ကလေးများကအလုပ်အကိုင်တွင်မကောင်းဟူသမျှဘက်သို့ ဆွဲဆောင်ကာ ထိုသူသည် စက်ရုပ်သဖွယ်ကြိုးဆွဲတိုင်းကရပေမည့်သာဖြစ်ပါတော့သည်။

ဤသို့အလားတူစွာပင် လူတဦးသည်ကောင်းစွာ တွေးကြံလျက်၊ ကောင်းစွာပြုမူလျှင် ထင်ဟပ်ချက်မှန်သမျှ၏ အစုအပေါင်းသည် ကောင်းရာချည်းသာဖြစ်ပေလိမ့်မည်။ ထိုနောက် အထက်နည်းအတိုင်းပင်ထိုသူအားကောင်းရာသို့သာ ရောက်အောင်ဆွဲဆောင်သွားကြပေလိမ့်မည်။

လူတဦးတယောက်သည်ကောင်းသောအတွေးအကြံ အလုပ်အကိုင် ဟူသမျှကို မြောက်မြားစွာ လုပ်ကိုင်ခဲ့သည်

ဖြစ်ရကား၊ မကောင်းမှုကို လုပ်ချင်သည့်တိုင် အတွင်းစိတ်က အကောင်းဆိုသို့သာ မရှုန်းသာ မကန်သာအောင် ဆွဲဆောင်နေသဖြင့်၊ အကောင်းဟူသော အလုပ်များကိုသာ လုပ်ရပေလိမ့်မည်။ ဤကဲ့သို့ဖြစ်လာလျှင်ကား လူတယောက်သည် ကောင်းသောကိုယ်ကျင့်တရားကိုတည်ဆောက်မိပြီဟု ဆိုရပေမည်။

ခြေလက် ဦးခေါင်းတို့ ဝင်နေသော အခါတွင်၊ လိပ်သတ္တဝါအား သတ်ပစ်သော် သတ်နိုင်မည်၊ အပိတ်စိတ်အမွှာမွှာ ပြုလုပ်သော် ပြုနိုင်မည်။ သို့သော်ခြေလက်ဦးခေါင်းတို့ကို အပြင်သို့ထွက်ရန်ကား ပြုလုပ်နိုင်မည်မဟုတ် သည့်ကဲ့သို့ပင်လူတယောက်၏ ကိုယ်ကျင့်တရားသည်လည်းအကြံအစည်နှင့် ကိုယ်နှုတ်တို့ကို ထိန်းသိမ်းမိပြီဆိုလျှင် မပြောင်းမလဲ ယူထဲ ခိုင်ခန့်စွာ တည်နေ ပေတော့သည်။ ထိုသူသည် မိမိအတွင်းသန္တာန်များကို ထိန်းချုပ်နိုင်ပြီဖြစ်ရကားအဘယ်သူမှ ၎င်းတို့အား ပြင်ပသို့ ထွက်သာစေရန် ပြု၍ရတော့မည် မဟုတ်ပေ။

ဤသို့ကောင်းသောတွေးကြံချက်များ၏ရောင်ပြန်ဟပ်မှုကြောင့် ကောင်းသောအသွင်များသည် စိတ်၏အပေါ်လွှာ အထိ တိုးတက် ဖွံ့ဖြိုး၍လာပြီးလျှင်၊ ကောင်းမှုကို ပြုလုပ်ချင်သော စိတ်အဟုန်သည် ခိုင်မာထက်သန်၍ လာပေသည်။ ထိုအကျိုးကြောင့်၊ အာရုံအစိတ်အပိုင်းများ နှင့် အာရုံကြောစုများဖြစ်သော ဣန္ဒြိယ (Indriyas) တို့ကို ထိန်းချုပ်နိုင်၍ လာပေတော့သည်။

ဤနည်းဖြင့်ပင်ကိုယ်ကျင့်တရားကိုတည်ဆောက်ရ၏။ ထိုအခါမျိုးကျမှပင် လူတယောက်သည် သစ္စာတရားကိုတွေ့ရှိ၏၊ ထိုသူမျိုးသည်ထာဝစဉ်သက်လုံကောင်းပေတော့သည်။ မကောင်းမှုကိုလည်း ပြုနိုင်တော့မည်မဟုတ်၊မည်သည့်လူသူ အစုအဝေးနှင့်မဆို ဝင်ဆန့် ရောနှောနိုင်လျက် ၎င်းအတွက် ဒုက္ခရဘက် ကင်းပေတော့မည်။

ဤသို့ကောင်းမှု ဆောင် လို ခြင်း ထက် မြင့်မားသော အဆင့်တဆင့်သည် ရှိလေသေး၏။ ထိုအဆင့် ကား လွတ် မြောက်လိုသော ဆန္ဒပေါ်ပေါက်ခြင်း ဖြစ်ပေသည်။ ဝိညာဉ်၏ လွတ်မြောက်ရေးသည် ယောဂီနည်းများ၏ ပန်းတိုင်ဖြစ်သည်ကို သတိရှိရပေလိမ့်မည်။ ထိုနည်းများအသီးသီးသည် တူသောအကျိုးပေးတခုတည်း ကိုသာ ဦးဆောင်ကြ စမြဲပင် ဖြစ်ပေသည်၊အလုပ်ကိုလုပ်ခြင်းဖြင့်ပင် လူတို့သည် ဗုဒ္ဓရှင်ပင် ကျင့်ကြံခြင်းဖြင့် ရောက်ရှိခဲ့သော ပန်းတိုင်နှင့် ယေရှုခရစ် ဆု တောင်းခြင်းဖြင့် ရောက်ရှိခဲ့သော ဒေသတို့သို့ရောက်ရှိနိုင်ပေ သည်။ ဗုဒ္ဓရှင်ပင်သည် အလုပ်လုပ်သော ဉာဏီ (Jnani) ပုဂ္ဂိုလ်တဦးဖြစ်၏။ ယေရှုခရစ်မှာ ဘတ္တ (Bhakta) ပုဂ္ဂိုလ် တဦးဖြစ်၏။သို့ငြားလည်း ထိုပုဂ္ဂိုလ်ကြီး နှစ်ပါးလုံးပင် တခု တည်းသောပန်းတိုင်သို့ရောက်ရှိကြလေသည်။

အခက်အခဲပြဿနာကား ဤတွင်ရှိ၏။ လွတ်မြောက် ရေးဟူသည်မှာ လုံးဝ လွတ်မြောက် ရေးဖြစ်၏။ အဆိုး၏ အနှောင်အဖွဲ့မှ၎င်း၊ အကောင်း၏ အနှောင်အဖွဲ့မှ၎င်း လွတ် မြောက်ရန်ဖြစ်ပေသည်။ ရွှေဖြင့် ပြုလုပ်ထားသောနှောင်ကြိုး

မှာသံဖြင့်ပြုလုပ်ထားသောနှောင်ကြိုးနှင့်မခြားနားလှသကဲ့သို့ ပင်တည်း။ ကျွန်ုပ်၏ လက်ချောင်း တခုတွင် ဆူးစူးနေသည် ဆိုပါစို့၊ ထိုဆူးကိုထွက်သွားစေရန် အခြားဆူးတချောင်းဖြင့် ထွင်ရပေမည်။ လက်ထဲမှ ဆူးထွက်လာသောအခါ ဆူးနှစ်ချောင်းလုံးကိုပင် ဖယ်ရှားလိုက်ရပေမည်။ ထွင်ရန်သုံးသောဆူးကိုလည်းသိမ်းဆည်းထားရန်အကြောင်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် နှစ်ချောင်းလုံးသည် စူးတတ်သောဆူးများဖြစ်နေသောကြောင့်တည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် မကောင်းသော ထင်ဟပ်မှုများကို ကောင်းသောထင်ဟပ်မှုများဖြင့်တန်ပြန်ရပေမည်။ စိတ်တွင်းရှိ မကောင်းသော သင်္ခါရ ဟူသမျှ ကိုလည်း၊ ကောင်းသော သင်္ခါရ အလားအလာ တို့ဖြင့် ပယ်ရှားရပေမည်။ ဤအမှုကို အဆိုးဟူသမျှ ပျောက်သွားသည်အထိသော် ၎င်း၊အသဲနှလုံး တဒေါင့်ဒေါင့်တနေရာ၌ငုပ်ထိန်းချုပ်ထားနိုင်သည်အထိသော်၎င်း ပြုလုပ်ရပေမည်။ ထိုနောက်တွင်ကား အကောင်းဟူသမျှက စိုးမိုးနိုင်သည်အထိကြိုးဆောင်ရပေမည်။ ထိုနည်းဖြင့် "စွဲလန်းတွယ်တာမှု" ဟူသမျှသည် "မစွဲလန်းမတွယ်တာမှု"ဖြစ်လာရပေမည်။ အလုပ်ကိုလုပ်ပါ သို့ရှိသော် ဆောင်ရွက်ချက်နှင့် တွေးကြံမှုဟူသမျှသည် စိတ်သင်္ခါရနှင့် လေးနက်စွာ ထင်မကျန် စေသင့်ပေ၊ လှိုင်း ငယက်ကလေးများသည် စိတ်ရေပြင်တွင် ပေါ်ချီပျက်ချီ ဖြစ်နေပါစေ၊ ဦးနှောက်နှင့်ကြွက်သားများမှကြီးမားသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ပါစေ။

သို့သော် မိမိ၏ စိတ်ဝိဉာဉ်တွင် နက်နဲစွာအရာထင်၍ မကျန်ရစ်စေရန်အရေးကြီးပေသည်။

ဤအချက်ကို မည်ကဲ့သို့ပြုလုပ်ရမည်နည်း။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စွဲလန်း တွယ်တာသော ဆောင်ရွက်ချက်ဟူသမျှသည် စွဲမြဲထင်ကျန် ရစ်သည်ကို သိပေသည်။ ကျွန်ုပ်သည် နေ့အခါတွင်လူပေါင်း ရာပေါင်း များစွာကို တွေ့ဆုံခဲ့မည်ဖြစ်၍၊ ထိုအထဲတွင်ကျွန်ုပ်ချစ်ခင်ကြင်နာသူတယောက်ပါသည်ဆိုပါစို့။ ညအိပ်ရာဝင်သော် တနေ့လုံး တွေ့သမျှ မျက်နှာများကို ပြန်စဉ်းစားရာ၌ ထိုချစ်ခင်သူ၏ မျက်နှာပေါ်လာပေလိမ့်မည်။ ထိုသူ၏မျက်နှာအား တမိနစ်ပင် ကြာစွာ မြင်ခဲ့ရသည်ဖြစ်စေ၊ အခြားမျက်နှာများ ပျောက်၍ ထိုသူ၏ တမျက်နှာတည်းသာလျှင်ရှေ့မှောက်၌မြင်လာရပေလိမ့်မည်။ ထိုသူအား ချစ်ခင်စွဲလန်းသောစိတ်က ကျွန်ုပ်၏စိတ်အား အခြားတပါးအရာတို့ထက် အရာထင် ကျန်စေခဲ့ခြင်းဖြစ်ပေသည်။ ခန္ဓာစုဗေဒ ကိစ္စပညာ (Physiology) အရပြောရလျှင် ထင်ဟပ်မှု ဟူသမျှသည် အတူတူပင် ဖြစ်၏။ မြင်ရသမျှ လူတိုင်း၏ မျက်နှာသည် စက္ခု အာရုံ ကြောသို့ ရောက်လျက် ဦးနှောက်မှရုပ်ပုံများကို အမှတ်တို့သညာပြု၏။ သို့ငြား လည်း ထင်ဟပ်ချက်ခြင်းမှာ မတူပါပေ။

မြောက်မြားလှစွာသော သူတို့၏မျက်နှာတို့မှာ၊ ကျွန်ုပ် တခါမျှမမြင်ဘူးသော မျက်နှာ စိမ်း များသာ ဖြစ်ဘွယ်ရှိပေ

လိမ့်မည်။ သို့ပြားလည်း ကျွန်ုပ်ရေးရေးမျှသာမြင်ဘူးသော တမျက်နှာကား၊ အတွင်းသဏ္ဍာန်တွင် ထင်ဟပ်မိပေတော့သည်။ ထိုသူအားကျွန်ုပ်သည် စိတ်ထဲတွင် နှစ်ပေါင်းများစွာက၊ မှတ်မိချင်မှတ်မိနေလိမ့်မည်။ သူ့အကြောင်းများစွာကို၊ သိချင်လည်းသိနေပေလိမ့်မည်။ ယခုတဖန်အသစ်ပြန်၍၊ မြင်လိုက်ရသော အခါမှ၊ ထိုအမြင်သည်မနိုးကြားဘဲနေခဲ့သော အာရုံပေါင်း များစွာကို၊ နှိုးလိုက်သကဲ့သို့ ဖြစ်ပေသည်။ အကြိမ်ပေါင်း များစွာ ထင်ဟပ်ခဲ့သော သဏ္ဍာန်သည် အခြားတပါးသော၊ အရာတို့ထက် စိတ်တွင်နက်နဲစွာထင်ဟပ်မိမည်မှာ သေချာပေလိမ့်မည်။

ထို့ကြောင့်၊ တွယ်တာစွဲလန်းမှု ကင်းရှင်းစေရမည်။ အရာအားလုံးတို့သည်၊ လှုပ်ကိုင် လှုပ်ရှားနေကြပါစေ။ ဦးနှောက် အာရုံကြောများသည်လည်း၊ အခါမလပ်လုပ်ကိုင်ဆောင်ရွက်နေကြပါစေ၊သို့သော် လိုင်းဂယက်ကလေးတခုသည် မိမိ၏စိတ်ကို မလွှမ်းမိုးပါစေနှင့်။ ဤအရပ်ဒေသတွင်၊ သူစိမ်းတဦးကဲ့သို့၊ အလုပ်လုပ်ပါလေ၊ ခေတ္တ ခဏနေထိုင်သကဲ့သို့ သဘောထားပါလေ၊ အခါမလပ် အလုပ်လုပ်ပါလေ။ သို့သော် မိမိကိုယ်ကို၊ မနှောင်ဖွဲ့မိပါစေနှင့်၊ နှောင်ဖွဲ့မှုသည် ကြောက်ဘွယ်ကောင်းလှပါသည်။ ဤကမ္ဘာကြီးသည် ကျွန်ုပ်တို့နေထိုင်ရာ အိမ်ဂေဟာမဟုတ်။ ဖြတ်သန်းသွားရမည့်ခရီးတွင် စခန်းတထောက်သာဖြစ်ပေသည်။

သံခိယ၏အဆုံးအမကို၊ သတိရပါလော့ "သဘာဝကြီးတခုလုံးသည် ဝိဉာဉ်အတွက် ဖြစ်သည်၊ ဝိဉာဉ်သည်

သဘာဝတရားကြီးအတွက်မဟုတ်ပေ”။ သဘာဝတရားကြီး တည်နေမှု၏ အကြောင်းရင်းစင်စစ်သည်၊ ဝိဥာဉ်အား အသိပညာပေးရန်ပင်ဖြစ်သည်။ အခြားတပါးအဓိပ္ပါယ်မည်သည် မရှိ၊ ဝိဥာဉ်သည်အသိ ပညာ ရရှိရပေမည်။ ထို့ကြောင့် သဘာဝကြီးတည်ရှိရမည်။ ဝိဥာဉ်သည်အသိပညာဖြင့်၊ မိမိကိုယ်ကို လွတ်မြောက်အောင် လုပ်ရပေလိမ့်မည်။ ဤအချက်ကိုကျွန်ုပ်တို့အစဉ်သတိရမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည်၊ သဘာဝတရားကြီးအား၊ ဘယ်အခါမျှတွယ်တာနေတော့မည်မဟုတ်။ ကျွန်ုပ်တို့သိရမည်မှာ၊ သဘာဝကြီးသည်၊ ကျွန်ုပ်တို့ဘတ်ရှုရန်စာအုပ်တအုပ်ပင်ဖြစ်သည်။ ထိုစာအုပ်ကိုဘတ်ပြီး၍ ၎င်းမှ ပညာကိုရရှိပြီးလျှင်၊ စာအုပ်သည် ကျွန်ုပ်တို့အတွက်တန်ဘိုး မရှိတော့ချေ။ ထိုသို့ပြုလုပ်ရမည့်အစား၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို၊ မည်သည့်နည်းနှင့်မဆို၊ သဘာဝတရားကြီးနှင့် ခိုင်းနှိုင်းလျှက်ရှိကြသည်။ ဝိဥာဉ်သည်၊ သဘာဝကြီးအတွက် ဖြစ်သည်ဟု ကျွန်ုပ်တို့ တွေးကြံလျှက်ရှိကြသည်။ စိတ်သည် ခန္ဓာကိုယ်အတွက် ဖြစ်သည်ဟု သဘော ရောက်ကြသည့်။ ထို့ပြင် တဝလည်း အများသုံး စကားပုံတခုရှိသလို၊ “စားသောက်ရန် အသက် ရှင်နေကြသည်၊ အသက်ရှင်ရန် စားသောက်နေကြသည် မဟုတ်”ဟု ယူဆကြလျှက်၊ အမှား တခုကိုဆက်တိုက် ကြူးလွန်နေကြသည့်။ ကျွန်ုပ်တို့သည် သဘာဝကြီးကို မိမိနှင့်ထပ်တူထားလျှက် တွယ်တာလာကြသည်၊ တွယ်တာမိသည်ဆိုသည်နှင့် တပြိုင်နက် ဝိဥာဉ်တွင်

လေးနက်စွာ အရောထင်ပေတော့သည်။ ထိုထင်ဟပ်မှုသည် ကျွန်ုပ်တို့အား၊ ချုပ်ပြီး နှောင်ပြီးဖြစ်စေ၍၊ လွတ်မြောက်ရေး အတွက်၊ အလုပ်မလုပ်စေဘဲ၊ ကျေးကျွန်သဘွယ် ရုန်းကန် လှုပ်ရှားစေလေသည်။

ဤအဆုံးအမတရလုံး၏ အချုပ်မှာ၊ သင်သည့်သခင် ကဲ့သို့ပြုကျင့်ရန်ဖြစ်၏။ ကျွန်ကဲ့သို့ ရှက်ဆောင်ရန် မဟုတ်၊ အခါမလပ်အလုပ် လုပ်ရမည်။ သို့သော်ကျေးကျွန်အလုပ်မျိုး ကို မလုပ်ရပါပေ။

ကျွန်ုပ်တို့သည်အခြားသူများမည်သို့လုပ်ကိုင်ဆောင် ရွက်နေကြသည်ကို မမြင်လေသလော။ လူတိုင်းသည်၊ အား လပ်နေကြသည်မဟုတ်ပေ။ တရာလျှင် ၉၉–ယောက်မျှသော လူသားတို့သည် ကျေးကျွန်များသဘွယ်လုပ်ကိုင်နေကြရ၏။ ထို့ပြင်၎င်းအလုပ်များ၏ရလာဒ်မှာစိတ်ပျက်ကြေကွဲခြင်းဖြစ် ၏။ ၎င်းတို့လုပ်နေသမျှသော အလုပ်များသည်လည်း၊ ကိုယ် ဘို့သက်သက်မျှသာဖြစ်သည်။ လွတ်မြောက်ရန်အတွက် အ လုပ်လုပ်ပါ။ မေတ္တာဖြင့်အလုပ်လုပ်ပါ။ မေတ္တာဟူသောစကား သည်နားလည်ရန် ခက်ခဲလှပါသည်။ ကင်းငြိမ်းလွတ်မြောက် မှု မရသေးသမျှ၊ ကာလပတ်လုံးမေတ္တာသည် မရောက်ရှိ လာသေးပေ။ ကျေးကျွန် ဘ၀ တွင် စစ်မှန်သော မေတ္တာ ဟူသည်မရှိနိုင်။ ကျွန်တယောက်ကိုဝယ်လျက်၊ ကြိုးဖြင့်တုပ် နှောင်ကာ၊ အလုပ်လုပ်ခိုင်းပါမူ၊ ထိုသူသည်မေတ္တာစေတနာ နှင့် လုပ်ပေးသည်မဟုတ်ဘဲ၊ ကြောက်၍သာ တပင်တပန်း

လုပ်ရခြင်းဖြစ်ပေလိမ့်မည်။ထိုနည်းတူစွာပင် ကျွန်ုပ်တို့အား သုံးသည့် ကမ္ဘာလောကကြီး၏ အရာဝတ္ထုများ အလို့ငှါ၊ ကျေးကျွန်သဘွယ်အလုပ်လုပ်ရသည်ရှိသော်၊ ကျွန်ုပ်တို့တွင် မေတ္တာစစ်သည်မရှိနိုင်ပေ။ ကျွန်ုပ်တို့၏ အလုပ်သည်လည်း မှန်ကန်သောအလုပ်မဟုတ်ချေ။ ထိုအလုပ်သည် ကျွန်ုပ်တို့၏ မိတ်ဆွေသားချင်းများအတွက်နှင့်၊ ကိုယ်တို့အတွက် သက်သက်သာ ပြုလုပ်သော အလုပ်မှန်ဖြစ်ပေသည်။ ကိုယ့်လိုဘ အတွက် လုပ် သော အ လုပ် သည် ကျွန် အ လုပ် ဖြစ် သည်။ ဤသည်နည်းမှာ စမ်းသပ်နည်းတခုဖြစ်သည်။

မေ တ္တာ ဖြင့် ဆောင် ရွက် သော အ မှု ဟူ သမျှ သည် ပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည်။ မေတ္တာဖြင့် ဆောင်ရွက် ပါလျက်၊ ချမ်းမြေ့ခြင်းနှင့်ကောင်းခြီးမင်္ဂလာကိုမသက်ရောက်စေသောအမှုသည်မရှိ။ မှန်ကန်သောဖြစ်တည်ခြင်း၊ မှန်ကန်သောပညာဗဟုသုတရှိခြင်း၊ မှန် ကန် သော မေ တ္တာ ရှိခြင်း ဟူသောအချက်သုံးချက်မှာ သုံးခု တခု သဘောဖြင့် ထာဝရ ဆက်စပ်လျက်ရှိကြသည်။ ထိုသုံးချက်မှ တချက်ချက်ရှိလျှင် ကျန်နှစ်ချက်လည်းရှိရပေလိမ့်မည်။ ထိုသုံးခုသည် ကောင်းခြီးမင်္ဂလာ၊ပညာဗဟုသုတနှင့်ဖြစ်တည်ခြင်းဟူသောအချက် တချက်ထည်းဖြစ်ပေတော့သည်။

အထက်ပါ ဖြစ်တည်မှုသည် ပတ်သက် ဆက်သွယ်လျက်ရှိသောအခါ၊ ၎င်းကိုကမ္ဘာလောကတခုကဲ့သို့ မြင်ရပေမည်။ပညာဗဟုသုတသည်၊ကမ္ဘာပေါ်ရှိအရာအားလုံး၏

ပညာဗဟုသုတ ဖြစ်လာပေသည်။ ကောင်းချီး မင်္ဂလာ သည်လည်း လူတို့၏ နှလုံးသားမှ သိရှိသမျှသော မေတ္တာ၏ အခြေခံ အနှစ်ဖြစ်ဖြစ် လာပေသည်။ ထို့ကြောင့် မေတ္တာ စစ်ဟူသည်၊ မေတ္တာထားသူအားရင်း၊ မေတ္တာကို ခံယူသူ အားရင်း၊ နစ်နာစေသော အရာမဟုတ်ပါ။ လူတယောက် သည်၊ မိန်းကလေးတယောက်ကိုချစ်သည်ဆိုပါစို့။သူသည် ထိုမိန်းကလေးအား သူ့အလိုကျသာ ဖြစ်စေပြီးလျှင်၊ ထိုမိန်း ကလေး၏ သွားမှုလာမှု ဟူသမျှတွင် မနာလို ဝန်တိုစိတ် ဝင်၍နေပေလိမ့်မည်။ သူသည် ထိုမိန်းကလေးအား အနား တွင် ထိုင်စေချင်သည်။ အပါးတွင်ရပ်စေချင်သည်။ စားမှု သွားမှုဟူသမျှတွင်လည်း မိမိ၏အလိုကျသာဖြစ်စေလိုသည်။ ထိုသူကား မိန်းကလေး၏ ကျေးကျွန် ပင် ဖြစ်တော့၏။ မိန်း ကလေးအား မိမိ၏စေစားရာနာခံသူသဘွယ် ဖြစ်စေလိုချင် ပေမည်။ ဤအချက်သည်မေတ္တာမဟုတ် ကျေးကျွန် တဦး၏ အချစ်ရောဂါတမျိုးပင်ဖြစ်သည်။ရင်းကိုချစ်ချင်းမေတ္တာဟုမိမိ ကိုယ်ကို လှည့်စား အယုံသွင်းခြင်းသာဖြစ်သည်။ ရင်းသည် တကယ့်မေတ္တာမဖြစ်နိုင်ချေ၊ အဘယ့်ကြောင့်ဆိုသော်၊ နာ ကျင် ခံစားရမှုပါဝင်သောကြောင့်တည်း။ အကယ်၍ သူမ သည်၊ ထိုသူ၏အလိုသို့မလိုက်လျှင် ထိုသူ့၌စိတ်ထိခိုက် ရပေ လိမ့်မည်။ ချစ်ချင်းမေတ္တာစင်စစ်တွင်ဤသို့နာကျင်ခံစားရမှု မျိုးမရှိပေ။ မေတ္တာတွင် ကောင်းခြင်းမင်္ဂလာသည်သာလျှင် တန်ပြန်ချက်ရှိ၏။ ဤသို့မဟုတ်လျှင်မေတ္တာမဖြစ်နိုင်။ တစုံတ

ချက်ကို မေတ္တာဟုယုံမှားခြင်းသာဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် မိမိ၏ခင်ပွန်းအား၎င်း၊ ဇနီးသည်အား၊ ရင်သွေးများအား၎င်း၊ တကမ္ဘာလုံး၊ စကြဝဠာတခုလုံးအား၎င်း၊ ဤနည်းနှင်နှင်၊ နာကျင်မှု၊ ဝန်တိုမှု၊ ကိုယ်ကျိုးဘက်မှုတို့ကင်းလျက် မေတ္တာသက်ဝင်နိုင်မည် ဆိုလျှင်၊ ကျွန်ုပ် တို့ သည် အ တွယ်အတာ၊ အနှောင်အဖွဲ့ကင်းသော ဘဝအတွက် အသင့်ရှိပေတော့သည်။

ခရစ္စနာအရှင်ကဆိုသည်မှာ "အဖွားနှ မင်းသား........ ငါ့အားကြည့်ပါလေလော့၊ ငါသည် လုပ်ကိုင် ဆောင်ရွက်ခြင်းမှ ဘခဏမျှ နားလိုက်လျှင်၊ စကြဝဠာ တခုလုံးသည် ပျက်ပြုန်းရပေလိမ့်မည်။ ငါ၌အလုပ်မှရမည့် အကျိုးအမြတ်သည်မရှိ၊ ငါသည်တဆူတည်းသော အရှင်ဖြစ်သည်။ သို့ဖြစ်လျက်၊ အဘယ့်ကြောင့်၊ ငါအလုပ်လုပ်ပါသနည်း။ ငါသည် ကမ္ဘာလောကြီးအား' မေတ္တာထားသောကြောင့်ပင်တည်း။ ဘုရားရှင်သည် မေတ္တာထားသဖြင့်၊ အတွယ်အတာကင်း၏။ ထိုစစ်မှန်သော မေတ္တာသည်၊ ကျွန်ုပ်တို့အား တွယ်တာမှုကင်းစေပေသည်။ တွယ်တာမှုရှိသည့်အခါတိုင်း၌ လောကရှိ ပစ္စည်းများတွင် တပ်ငြိမိ၏။ ၎င်းတို့သည်၊ ရုပ်ဝတ္ထုများသာ ဖြစ်သည်ကိုသိရမည်။ မှန်မွှားသောအခိုင် အခဲ ကလေးများ ပေါင်းစပ်ထားသည့် အရာများသာ ဖြစ်ပေသည်။ ခန္ဓာဖြိုပ် နှစ်ခုကို နီးကပ်သည် ထက်နီးကပ်အောင် ဆွဲဆောင်သော

အရောများလည်းဖြစ်သည်။ ထိုနှစ်ခုမနိုးစပ်လျှင် ဝေဒနာဖြစ်ပေါ်လေသည်။ သို့ရာတွင်မှန်ကန်သောမေတ္တာတရားဖြစ်ပါမူကား၊ ရုပ်ခြိုပ်တို့အပေါ်တွင်၊ အမှိုသဟဲမပြုပေ၊ အချစ်သူများသည်တဦးနှင့်တဦး မိုင်သောင်းထောင်မျှဝေးချင်လည်း ဝေးနေပေလိမ့်မည်၊ သို့သော်ငြားတို့၏ အချစ် မေတ္တာကားနိုင်မြဲလျက်သာရှိ၏။ ထိုမေတ္တာသည် ပျောက်ပျက်၍ မသွားချေ။ ကွေကွင်းရသဖြင့်လည်း နာကျင်သော ဝေဒနာကိုမခံစားရပါပေ။

ဤသို့တပ်ငြိခြင်းကင်းသော အဖြစ်သို့ ရောက်ရန်မှာဘာဝနာလုပ်ငန်းတခုဖြစ်ပေသည်။ ဤအခြေသို့ရောက်သည်နှင့်တပြိုင်နက်၊ ကျွန်ုပ်တို့သည် မေတ္တာပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်၍၊ ကင်းငြိမ်း လွတ်မြောက်ခြင်းလည်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်မှသဘာဝအနှောင်အဖွဲ့တို့သည်လည်း ကွာကျသွားပေလိမ့်မည်။ သဘာဝတရားကြီးကိုလည်း ပင်ကိုယ်အတိုင်းမြင်ရပေလိမ့်မည်။ယင်းသည်ကျွန်ုပ်တို့အား နှောင်ကြိုးတဲနိုင်တော့မည်မဟုတ်။ ကျွန်ုပ်တို့သည် လုံးဝလွတ်လပ်ကြလျက်၊ အလုပ်၏အကျိုးကိုလည်း မျှော်ကိုးရန်မလိုတော့။ မျှော်ကိုးရန်အခါလည်း မဟုတ်တော့ပေ။

သင်တို့သည် မိမိတို့၏ သားသမီးများအား ပြုစုလုပ်ကျွေးခဲ့ရသည့်အတွက်၊ တစုံတရာ ပြန်လည် တောင်းခံခြင်းပြုပါသလော။ သားသမီးများကိုပြုစုရန်မှာသင်တို့၏ တာဝန်

ဖြစ်၍၊ ထိုပြုစုရခြင်းတွင်ပင် စခန်းဆုံးပေသည်။ သင်သည် လူတဦးတယောက်အတွက်သော်၎င်း၊ တမြို့တနိုင်ငံအတွက်သော်၎င်း၊ တစုံတခုပြုလုပ်ဆောင်ရွက်ပေးသည် ရှိသော်၊ သားသမီးများအပေါ်သို့ ထားရှိသင့်သောသဘောအတိုင်းပင် ထားရပေမည်။ မိမိကကျေးဇူးအတုန့်အပြန်ကို မျှော်လင့်ရန်မဟုတ်၊ သင်တို့သည်ပေးလှူသူဘဝဖြင့်၍သို့သတမတ်ထည်းနေလျက်၊ မိမိ၏ပေးကမ်းခြင်းသည်၊ တစုံတရာအတုန့်အပြန်ကို မျှော်လင့်ခြင်းမဟုတ်ဘဲ၊ လွတ်လွတ်ကျွတ်ကျွတ်ပေးကမ်းစွန့်ကြဲနိုင်ပါမှသင်၏အမှုသည်အတွယ်အတာကင်းပေလိမ့်မည်။ တွယ်တာစွဲလန်းခြင်းကား ကျွန်ုပ်တို့က တစုံတရာမျှော်လင့်မှသာဖြစ်ပေါ်လာနိုင်လေသည်၊

ကျေးကျွန်သဖွယ် အလုပ်လုပ်ရခြင်းသည် ကိုယ့်အိုလိုဘပေါ်ခြင်းနှင့်တွယ်တာစွဲလန်းခြင်းတို့ကိုဖြစ်စေပါက၊ မိမိကိုယ်ကိုထိန်းသိမ်းလျက် သခင်ကဲ့သို့အလုပ်လုပ်ရခြင်းသည် ကောင်းမြီး မင်္ဂလာနှင့် တွယ်တာစွဲလန်းမှုကင်းခြင်းကို ဖြစ်စေပေလိမ့်မည်။ ကျွန်ုပ်တို့သည် မှန်ကန်မှုနှင့် တရားမျှတမှုဟူသော အကြောင်းကိုမကြာခဏပြောဆိုကြ၏။ သို့သော် ကမ္ဘာလောကကြီး၌ မှန်ကန်မှုနှင့် တရားမျှတမှုများသည် ကလေးစကားများသဖွယ်ဖြစ်နေကြ၏။

လူတို့၏ အမှုအကျင့်ကို ဆုံးဖြတ်ရန်မှာ အကြောင်းနှစ်ရပ်ပါဝင်ပေသည်။ ၎င်းတို့မှာခွန်အားသတ္တိနှင့်ကြင်နာမှု

တို့ဖြစ်လေသည်။ ခွန်အားသတ္တိကို သုံးစွဲခြင်းမှာ ကိုယ်ကျိုး ရှာမှုကို ပြုလုပ်ခြင်းသာတည်းဖြစ်၏။ ယောကျ်ားတိုင်း မိန်းမ တိုင်းတို့သည် မိမိတို့တွင်ရှိသမျှ စွမ်းအင်နှင့်အချက်အလက် များဖြင့် တတ်နိုင်သမျှအမြတ်ထုတ်တတ်ကြ၏။ ကြင်နာခြင်း တရားကား ကောင်းကင်ဘုံ၏ မြင့်မြတ်ခြင်း သာတည်းဖြစ်၏။ ကောင်းမှုကို ပြုလုပ်ရန်မှာ လူတိုင်းသည် ချစ်ခင်ကြင်နာမှုရှိ ကြရန်လိုပေသည်။ တရားမျှတမှုနှင့် မှန်ကန်မှုတို့မှာပင်လျှင် ချစ်ခင်ကြင်နာမှုပေါ်တွင် အခြေတည်ရပေလိမ့်မည်။

မိမိပြုလိုက်ရသော အလုပ်မှအတုံ့အပြန်ကိုမျှော်ကိုး တောင့်တခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ တိုးတက်မှု လမ်းကြောင်းကိုနှောင့်နှေးစေခြင်းကိုသာဖြစ်စေ၏။ထိုမျှသာ မဟုတ်ပေ။ ဤသို့မျှော်လင့်ခြင်းသည် ခုနှုးဆုံးတွင် ကြေကွဲ ဝမ်းနည်းမှုကိုသာ ပေးတတ်ပေသည်။

ချစ်ခင်ကြင်နာခြင်းနှင့်ကိုယ်ကျိုးအတွက်မရည်ရွယ် ခြင်းလုပ်ငန်းများကိုလက်တွေ့လုပ်ကိုင်နိုင်ရန်အခြားတနည်း ရှိသေး၏။ ၎င်းမှာကျွန်ုပ်တို့သည် ကိုယ်ဘိုင်ကိုးကွယ်သော ဘုရားကိုယုံကြည်လျှင် အလုပ်လုပ်ခြင်းကိုပင် ဘုရားအား ဝတ်ပြုပူဇော်ခြင်းဟုယူဆရန်ဖြစ်ပေသည်။အလုပ်မှရရှိမည့် အကျိုးတို့ကို ဘုရားအားလှူဒါန်းပါ၏ဟူ၍ဝတ်ပြုဆုတောင်း လျက်လောကကြီးတွင်ကျွန်ုပ်တို့ပြုသမျှအမှုအတွက်တစုံတခု ကိုမျှမမျှော်လင့်ရန် ဖြစ်ပေသည်။ ဘုရားရှင် ကိုယ်တော်တိုင် လည်း အတွယ်အတာ ကင်းရှင်းလျက် အခါမလပ် အလုပ်

လုပ်လျက်ရှိ၏။ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ အလုပ်လုပ်ရာတွင်လည်း ကိုယ်ကျိုးမမြော်သောသူအတွက် အလုပ်မှအနှောင်အဖွဲ့သည်ဖြစ်ပေါ်မလာနိုင်ပေ။

ကိုယ်ကျိုးမဖက်ခြင်းနှင့်တွယ်တာစွဲလန်းမှုကင်းခြင်းတို့ဖြင့် ပြည့်စုံသောပုဂ္ဂိုလ်အားမကောင်းမှုကိုကျင့်ကြံလျက်ရှိသော လူ့စုလူဝေးထဲတွင်ဖြစ်စေ၊ မြို့ရွာထဲတွင်ဖြစ်စေ နေထိုင်စေနိုင်၏။ ထိုသူ့အား အပြစ်မြူမျှကပ်ငြိလိမ့်မည်မဟုတ်ပေ။

အောက်ပါပုံဝတ္ထုကလေးဖြင့်ထိုသို့သောလုံးဝကိုယ်ကျိုးစွန့်လွှတ်မှုသဘောကို ထင်ရှားစေပါသည်။

ကုရုခေတ္တရစစ်ပွဲကြီးပြီးသည့်နောက် ပဏ္ဍဝမင်းသားညီနောင်ငါးဦးတို့သည် ဆင်းရဲသားတို့ အားကြီးစွာသောအလှူကိုပေးလေသည်။ လူအပေါင်း တို့သည် ထိုအလှူပွဲကြီး၏ အံ့မခန်းအောင် ရက်ရောမှုပုံကိုကြည့်လျက် ကမ္ဘာမြေပြင်တွင်တခါမျှ မကြုံစဘူးထူးကဲသောအလှူကြီးပါတကားဟု အုတ်အော်သောင်းသဲဖြစ်ကြလေသည်။

သို့သော်လည်းအလှူပွဲကြီးပြီးသည့်အခါ မြွေပါငယ်တကောင်သည် အလှူခန်းမကြီးထဲသို့ ဝင်လာလျက်လူးလှိမ့်လေသည်။ထိုမြွေပါငယ်၏ ကိုယ်မှာတခြမ်းက ရွှေရောင်ဝင်းလျက်၊ ကျန်တခြမ်းမှာမူလ အညိုရောင်ဖြစ်ပေသည်။

ကြမ်းပေါ်တွင် လူးလှိမ့်နေသော ခွေ့ပါလယ်သည် အနီးအနားမှလူများကိုကြည့်လျက် "သင်တို့ကားလူညာများ ပေတည်း။ ဤအလှူသည် တကယ့်အလှူမဟုတ်သေး......" ဟု ဆိုလေသည်။ ထိုအခါလူအပေါင်းတို့က "သင်ဘယ်သို့ ပြောလိုက်လေသနည်း။ ရွှေငွေကျောက်သံပတ္တမြားတို့သည် ဆင်းရဲသားများလက်တွင်းသို့ ရောက်ကြလျက်လူတိုင်းသည်၊ ဝမ်းသာ အယ်လဲနှင့် ပျော်ပွဲ ဆင်နေကြသည်ကို သင်မမြင် သလော၊ ဤအလှူမျိုးကား ကမ္ဘာပေါ်တွင် ရှာမှရှားသော အလှူ စင်စစ်ဖြစ်တော့သည်" ဟု ပြန်လှန် ပြောဆိုကြလေ သည်။

ထိုအခါခွေ့ပါလယ်ကဤသို့ပြန်၍ဖြေ၏။ "တခါတုံးက ရွာငယ်ကလေးတရွာတွင်ဆင်းရဲသောဗြဟ္မဏတဦးနှင့်သူ၏ ဇနီး၊ သားတဦးနှင့်ချွေးမတို့နေထိုင်ကြပါသည်။ သူတို့သည် သူတို့သည် ဆင်းရဲလွန်းသဖြင့် သူတပါးအား သင်ကြားပေး ခြင်း၊ တရားဟောပြောခြင်းတို့မှရသောပစ္စည်းကလေးများ ဖြင့်ပင် အသက်မွေးနေကြရပါသည်။ ထိုအချိန်တွင် ထိုရွာက လေး၌ သုံးနှစ်ကြာမျှ အစာငတ်မွတ်သော ဘေးကြီးဆိုက်ပါ တော့သည်။ ထိုကပ်ကြီးတွင် ဗြဟ္မဏတို့၏ အိမ်ထောင်မှာ ဆိုးဝါးစွာအခံရဆုံးဖြစ်၏။ ရက်ပေါင်းများစွာအငတ် ပြဿ နာခံစားရပြီးနောက် တနံက်တွင် ဖခင်ဗြဟ္မဏသည်ခက်ခက် ခဲခဲရှာဖွေရရှိလာသော မုယောစပါးမှုန့်အနည်းငယ်ကိုအိမ် သို့ယူဆောင်လာခဲ့၏။ ၎င်းကိုဗြဟ္မဏသည် အမှုံလေးမှုံခွဲ၍ တမှုံစီကို အိမ်သားတဦးစီအားပေး၏။ ဤသို့ခွဲခြားပြီးနောက်

စားကြတော့မည်ဟု စားပွဲတွင်ထိုင်စဉ် အိမ်တံခါးခေါက်သံ တချက်ကြားရလေသည်။ အဖေဖြစ်သူသည် တံခါးကိုထဖွင့်ပေးလိုက်ရာ အပေါက်ဝတွင် ဧည့်သည်တဦး ရပ်လျက်နေသည်ကိုတွေ့ရသည်။ (အိန္ဒိယပြည်တွင် ဧည့်သည် ဆိုသည်မှာ လေးမြတ်အပ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဧည့်သည်မှာ ဘုရားနှင့်တရိတ်တည်း ထားရလျက် အလားတူပင်အလေးအမြတ်ပြုကြရပါသည်) ထို့ကြောင့် ဗြဟ္မဏ ပုဏ္ဏားကြီးက "အိမ်တွင်းသို့ လာရန် ဖိတ်ခေါ်ပါသည်ခင်ဗျား" ဟု ခရီးဦးကြိုဆိုပါသည်။ ထိုင်မိသော အခါတွင် ပုဏ္ဏားကြီးသည် ဧည့်သည်၏ရှေ့တွင် မိမိ၏အဖို့အဝေဖြစ်သော မုယောစပါးမှုန့်ကို ချပေးလေသည်။ ဧည့်သည်သည် တခဏချင်း ကုန်အောင် စားလိုက်ပြီးနောက်- "အို၊ ပုဏ္ဏားကြီး ကျွန်ုပ်မှာ ဆယ်ရက်ကြာမျှ ထမင်းမစားခဲ့ရပါ၊ ဤအစာကလေးကိုစားလိုက်ရသဖြင့် ဗိုက်၌သာ ဆာလောင်မွတ်သိပ်ခြင်းဖြစ်လာပါတော့သည်" ဟု ဆိုလေသည်။

ထိုအချင်းအရာကိုမြင်သဖြင့် ဇနီးဖြစ်သူက "ကျွန်မ၏ဝေစုကို ပေးလိုက်ပါ" ဟု ဆိုလာသည်။ ပုဏ္ဏားကြီးက "မလုပ်ပါနှင့် ရှင်မ" ဟု ဆိုလေသည်။ သို့သော်လည်း ပုဏ္ဏားမကြီးသည် ဆက်လက်တိုက်တွန်းလျက် "ဤသူကား ဆင်းရဲသူဖြစ်ပေသည်၊ ကျွန်မတို့မှာ အိမ်ရှင်၏ ဝတ္တရားအတိုင်းပြုစုကျွေးမွေးရန် တာဝန်ရှိပါသည်။ ကျွန်မမှာ ဇနီးသည်ဖြစ်သည့်အလျောက်အရှင့်တွင်ထပ်မံပေးပါရန်မကျန်

တော့သည်ကိုကျွန်မအဖို့ကိုပေးကမ်းရန်တာဝန်ရှိပါသည်"
ဟု ဆိုလေသည်။ ထို့ကြောင့် ပုဏ္ဏားမကြီးပေးလိုက်သော
အစာကိုဇွဲ့သည့်သည်တမဟုတ်ခြင်းစားလိုက်ပြီးနောက်၊
ဆာမြဲတိုင်းပင် ဆာ၍နေပြန်လေသည်။ ထို့ကြောင့် သား
ဖြစ်သူက "ကျွန်တော့ဝေစုကိုပေးပါ၊ ကျွန်တော်မှာသားတ
ယောက်အဖြစ်၊ ဖခင်၏ဒါနကိုကူညီရန် တာဝန်ရှိပါသည်"
ဟု ပြောလျက်ပေးလိုက်၏ ဇွဲ့သည့်သည် ပေးလိုက်သော
မုယောမှုန့်ကိုစားလိုက်ပြန်၍ မဝမလင် ဖြစ်နေပြန်ပေသည်။
ထို့အခါ ချွေးမဖြစ်သူက မိမိ၏အဖို့အဌကိုလည်းစွန့်ကြဲပေး
ကမ်းလိုက်ပြန်လေသည်။ထိုအခါမှဇွဲ့သည့်သည်ဝလင်ပေ
တော့သည်၊ ထိုနောက် ဇွဲ့သည့်သည် တောင်းဆုဆိုလျက်
ထွက်ခွါသွားလေသည်။

ထိုနေ့ညနေတွင် ဒ်မိသားလေးဦးမှာအစာတော်မွတ်
ခြင်းကြောင့်သေဆုံးကြလေသည်။ ထိုအိမ်၏ ကြမ်းပြင်ပေါ်
တွင် မုယောမှုန့် အနည်းငယ်မျှကျန်ခဲ့ပါသည်။ထိုမုယောမှုန့်
များပေါ်တွင်ကျွန်ုပ်သည်လူးလှိမ့်လာခဲ့ရာမုယောမှုန့်နှင့်ထိမိ
သမျှသော ကျွန်ုပ်၏ ကိုယ်တခြမ်းသည် ရွှေရောင်ဝင်းလာပါ
သည်။သင်တို့မြင်သည့်အတိုင်းပင်ဖြစ်ပါသည်ဟု မြွေပါက
ပြော၏။ထိုအချိန်မှစ၍ ကျွန်ုပ်သည် ကမ္ဘာကိုလှည့်၍ နောက်
ထပ်ဤအသူမျိုးနှင့်တွေ့မည်လောဟုခရီးထွက်ခဲ့ရာတပုံတရာ
မျှခတွေ့ခဲ့ပါ။ ကျွန်ုပ်၏ ကိုယ်တခြမ်းသည် လူးလှိမ့် သဖြင့်၊
ရွှေရောင်မပြောင်းတော့ပါ။ ထို့ကြောင့် ဤအသူကို စစ်ဆေးန်

သောအလှူဟုကျွန်ုပ်မဆိုခြင်းဖြစ်ပါသည်ဟုပြောကြားလေသည်။

ဤသို့အလှူဒါနပေးကမ်းခြင်း သဘောသည် အိန္ဒိယပြည်မှထွက်ခွာ စပြုပါပြီ။ထင်ရှားသော ပုဂ္ဂိုလ်ထူးကြီးများလည်းနည်းသည်ထက် နည်း ပါး လာ ပါသည်။ ကျွန်ုပ် သည် အင်္ဂလိပ်စာကို စတင်သင်ယူစဉ် အခါက အင်္ဂလိပ်ပုံပြင်စာအုပ်ငယ်တခုကိုဖတ်ရပါသည်။ ထိုစာအုပ်ထည်းတွင် အိမ်မှထွက်သွားသောလူကလေး တယောက်သည် အလုပ်လုပ်ပြီးနောက်တာဝန်ကျေပွန်စွာဖြင့် ငွေစအနည်းငယ်ကို မိခင်ကြီးထံသို့ပေးသောအကြောင်းဖြစ်ပါသည်။ထိုအကြောင်းကို စာအုပ်တွင်သုံးလေးမျက်နှာခန့်မျှ ခြီးမွမ်း ရေးသား ထားသည်ဖတ်ရပါသည်၊

ထိုအကြောင်းသည် မည်သို့ဆိုလိုပါသနည်း။ ထိုစာအုပ်ငယ်မှပေးလိုသော သင်ခန်းစာကို ဟိန္ဒူ ကျောင်းသားကလေးတယောက်သည် သဘောပေါက်လိမ့်မည် မဟုတ်ပါ။ "လူတိုင်းသည်မိမိကိုယ်တို့အတွက်သာဖြစ်သည်" ဟူသောအနောက်နိုင်ငံ အယူအဆကို ကြားမိသောအခါမှပင် ထိုစာအုပ်ငယ်၏ ဆိုလိုချက်ကို ကျွန်ုပ်တို့သဘောပေါက်ပါတော့သည်။အချို့ပုဂ္ဂိုလ်တို့သည် မိမိအမှီအခစ ပြည့်စုံရေးကိုသာကြည့်လျက် မိဘများ၊ ဇနီးသားသမီး များကို ဖြစ်သလိုထားကြသည်။ဤအခလေ့အထမျိုးမှာအိမ်ထောင်ရှင်တဦးအနေဖြင့်မထားရှိအပ်သောသဘောထားဖြစ်ပေသည်။

ကမ္မယောဂဟူသည်မှာမည်သည်ကို ဆိုလိုသည်ကို ယခုသင်တို့ သိကြပေလိမ့်မည်။ သေဒ္ဓံမူးမူး၌ပင် တစုံတယောက်အား ကူညီခြင်းဖြင့် မည်သည့် အတုံ့အပြန် ကိုမျှ မတောင်းဆိုခြင်းမျိုးပင်ဖြစ်သည်။အကြံမိထောင်သောင်းမကပင်လိမ်ညာခံခဲ့ရသည်ဖြစ်စေ တစုံတရာတောင်းဆိုမေးမြန်းရန်မဟုတ်။မိမိပြုသောအမှုကိုလည်းစဉ်းစား၍နေရန်မဟုတ်ပါ။

မိမိက ကူညီပေးကမ်းရခြင်းကိုမည်သည့်အခါမျှခဝါကြွားပါလေနှင့်။ ကျေးဇူး အတုံ့အပြန်ကိုလည်း မမျှော်လင့်ပါနှင့်၊ထိုမှတပါးလည်း မိမိကူညီလိုက်ရသူတို့အား၊ မိမိအား ကူညီခွင့် ရစေခြင်းအတွက် ကျေးဇူးပင် တင် ရ ပေ မည်။ ဤနည်းဖြင့်စံပြ ဒိမ်ထောင်ရှင် တယောက် ဖြစ်မြောက်ရန် အရေးမှာသူတော်စင်ပုဂ္ဂိုလ်တယောက်ဖြစ်ရန်အရေးထက်ပင်ပိုမို ခက်ခဲလှသည်ကို ထင်ရှားစွာတွေ့ရပေလိမ့်မည်၊အမှုဆောင်ရသော လူ့ဘဝသည် စွန့်လွှတ်ရ သော ဘဝထက် သာလွန်မခက်ခဲသည့်တိုင်အောင်ဟူညီသော ခက်ခဲခြင်းမျိုးကားရှိသည်ဖြစ်ပေသည်။



ဆွာမိ ဝိဝေကနန္ဒာ

# အခန်း ( ၄ )

## "တာဝန်ဆိုသည်မှာအဘယ်နည်း"

ကမ္ဘာ့ယောဂကို သေချာလာရာတွင်တာဝန် ဆိုသည်မှာ အဘယ်နည်း ဟူသော အချက်ကို သိရှိရန်လို အပ်ပေသည်။ ကျွန်ုပ်သည်တစုံတရာကိုပြုလုပ်ရမည်ဆိုလျှင်မည်သည့်အရာ သည် ကျွန်ုပ်၏တာဝန်ဝတ္တရားဖြစ်ကြောင်း သိရှိရဦးမည်ဖြစ်၏၊သို့မှသာ လုပ်ကိုင်နိုင်ပေလိမ့်မည်။ တာဝန်ဟူသောအယူအဆမှာ နိုင်ငံအလိုက်လူမျိုးအလိုက် အသီးသီး ကွဲပြားခြားနားလျက်ရှိ၏။

မဟာမေဒင် ဘာသာဝင်တို့က ကျမ်း ကျမ်း ထဲတွင်ရေးသားဖော်ပြထားရှိသမျှသည့်မိမိတို့တာဝန်ဖြစ်သည် ဟုဆိုကြ၏။ဟိန္ဒူ ဘာသာဝင်တို့ အဝှက်ကား ဝေဒကျမ်းများတွင်ရှိသမျှ မိမိတို့၏ တာဝန်ဖြစ်သည်ဟုဆိုကြ၏။ ခရစ်ယန်ဘာသာဝင်တို့အဘို့မူကား၊သမ္မာကျမ်းထဲတွင်ရေးသားချက်များသည်မိမိတို့၏တာဝန်များဖြစ်သည်ဟုဆိုပေသည်။

တာဝန်ကိုခွဲခြားရာ၌ အယူအဆ အမျိုးမျိုးရှိသည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ လူ့ဘဝ၏ အခြေအနေအမျိုးမျိုး ကြောင့်၎င်း၊သမိုင်းခေတ် အခြေအနေများအရ ၎င်း၊ လူမျိုး အသီးသီးကြောင့်၎င်း ကွဲပြား ခြားနားမှုများ ရှိကြပါသည်။

တာဝန် ဟူသောစကားတလုံးသည်အခြားဖြစ်မဲ့ ဝေါဟာရ တခုကဲ့သို့ပင်အဓိပ္ပါယ် ယတ္တ ကိုဖေါ်ပြရန်ခဲယဉ်းလှပါသည်။ ကျွန်ုပ်တို့သည်တာဝန်၏သဘောကိုလက်တွေ့ ဆောင်ရွက်မှု နှင့် အကျိုးကျေးဇူးများကိုသိရှိခြင်းဖြင့်သာ သဘောကိုနိုင်ကြပါသည်။

တစုံတခုသည်ကျွန်ုပ်တို့ရှေ့၌ ဖြစ်ပေါ်လျှင် ကျွန်ုပ်တို့ သဘာဝတရား အရေးရှင်း၊ အလေ့ အကျင့်ရှိပြီးသော စိတ် ကြောင့်ရှင်း၊ တစုံတခုပြုလုပ်ရန် စေ့ဆော်မှု ပေါ်ပေါက်လာ ပေသည်။ ဤသို့စေ့ဆော်မှု ပေါ်ပေါက်လာသည့်အခါ စိတ် သည်အခြေအနေကိုစဉ်းစားဆင်ခြင်၍ လာပေသည်။ တခါ တရံတွင်မှုအခြေအနေအရဤသို့ဖြစ်လျှင် ဤသို့ပြုမူရမည်ဟု ဆင်ခြင်မိကြသည်။တခါတရံတွင်မူလည်းဤအခြေအနေမျိုး မှာပင် ဤအတိုင်းလုပ်လျှင်မှားပေလိမ့်မည် ထင်မြင်ယူဆမိ တတ်ပေသည်။

နေရာဒေသအားလုံးတွင် သာမန်အားဖြင့်လက်ခံကြ သောတာဝန်ဟူသည်မှာ လူကောင်းသူကောင်း များက မိမိ စိတ်အလို အတိုင်း ပြုကျင့်ခြင်း သဘောပင် ဖြစ်လေသည်။ သို့သော်လည်းပြုလုပ်ခြင်းကို တာဝန်တရပ်ဖြစ်အောင် မည် သည်က ဖြစ်စေပါသနည်း။ ခရစ်ယာန်တဦးသည် အဝဲသား တဦးကို မိမိရှေ့၌တွေ့လျှင် မိမိအသက်ရှင်ရေးအတွက်မစား သောက်လိုက်ရလျှင် သော်ရင်း။ တပါးသူအသက်ရှင်ရေး အတွက် မကျွေးမွေးလိုက်ရလျှင် သော်ရင်း၊ သူသည်မိမိတာ ဝန်မကြေဖြစ်ပေသည်ဟု ထင်မြင် ယူဆမိမည် မလွဲဖြစ်ပေ

သည်။ သို့သော်လည်းဟိန္ဒူတဦးသည် ထိုအမဲသား တတုံး ကိုပင် အကယ်၍စားမိလျှင်သော်၎င်း၊ အခြားဟိန္ဒူတဦးအား စားရန်ပေးမိလျှင်သော်၎င်း၊ ထိုသူသည် မိမိတာဝန်မကြေဖြစ် ပေသည်ဟုအလွန်းတွေ စိတ်တွင် ဖြစ်ပေါ်ပေလိမ့်မည်၊ ဟိန္ဒူ လူမျိုးတဦး၏ အလေ့အကျင့်နှင့် အသိတရားက သူ့အား ဤသို့တွေးခေါ်မိစေရန်ပြုလုပ်ထားပေသည်။

လွန်ခဲ့သော နှစ်ဘရာအတွင်းက အိန္ဒိယပြည်တွင် သဂ် (Thugs) ဟုခေါ်သော လူဆိုး ဂိုဏ်းများ ထကြွခဲ့လေ သည်။ထိုသူတို့သည် တွေ့သမျှလူကိုသတ်လျှက် ရသမျှပစ္စည်း ကိုတိုက်ခိုက်လုယူရန်မှာ သူတို့တာဝန်ဖြစ်သည်ဟုသဘော ပိုက်ထားသည်။ လူကိုများများသတ်နိုင်လေလေ၊မိမိတို့ကိုယ် ကို တော်လေလေဟုယူဆကြသည်။ သာမန် အားဖြင့်၊ လူ တယောက်သည် လမ်းမသို့ထွက်သွားလျက် အခြားလူတဦး ကိုပစ်သတ်မိလျှင် မိမိသည်အမှားကို ပြုမိသည်ဟု နောင်တ ရပေလိမ့်မည်။ သို့သော်လည်း ထိုသူပင်လျှင် စစ်တပ်ထဲသို့ ရောက်ရှိလျက်စစ်သားဘဝဖြင့် လူတယောက်ကိုမျှမဟုတ်၊ လူနှစ်ဆယ်ကိုပစ်သတ်မိသည်ဖြစ်စေ၊ ထိုအခါတွင် ထိုသူ၌ ဝမ်းနည်း နောင်တရခြင်းကင်းမည် သာမက မိမိ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းလိုက်နိုင်ပေသည်ဟုပင် ဝမ်းမြောက် ရွှင်လန်းခြင်းဖြစ်မိပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် တာဝန်သိသည်မှာ ပြု လုပ်တိုင်းလည်း တာဝန် မမည်သည်ကိုတွေ့ရသည်။ တာဝန် ဟူသော အဓိပ္ပါယ်ကို ဓမ္မဒိဋ္ဌာန်ကျကျ အဓိပ္ပါယ်ပေးရန်ခက်

ခဲသဖြင့်လုံးဝမဖြစ်နိုင်ပေ။သို့သော်လည်း ပုဂ္ဂလဒိဋ္ဌာန်ကျကျ မှုကားပေးနိုင်ပါသည်။

ဘုရားအထံ၊ ဘုရားအဖြစ်အနေနှင့် နီးစပ်ရန် ပြုလုပ်သော အမှုဟူသမျှသည်ကောင်းမှုဖြစ်၍၊ ကျွန်ုပ်တို့၏တာဝန် ဖြစ်ပေသည်။ တိုသို့မဟုတ် ကျွန်ုပ်တို့အား တစုံတရာနိမ့်ကျစေရန်ပြုလုပ်သော အမှုဟူသမျှသည် မကောင်းမှုဖြစ်၍ ကျွန်ုပ်တို့၏ တာဝန်မဟုတ်ပေ။ ဤသို့ပုဂ္ဂလဒိဋ္ဌာန်ကျကျကြည့်လျှင် အချို့အပြုအမူများသည် ကျွန်ုပ်တို့အားမြင့်မြတ်ခြင်းအထွတ် အထိပ်သို့ရောက်စေခြင်းဟူသောသဘောများရှိသည်။အချို့ အလုပ်များမှာကားကျွန်ုပ်တို့အားနိမ့်ကျယုတ်ညံ့စေသော သဘောများရှိလေသည်။ သို့ပြားလည်း မည်သည့်အမှုသည် လူများကို အခါခပ်သိမ်း မည်သို့သော အကျိုးပေးနိုင်သည် ဟူ၍ကား ကံသေ-ကံမ ပြောပြနိုင်ရန်မှာ မဖြစ်နိုင်ပါပေ။ မည်သို့ပင်ဖြစ်စေကာမူ၊ အရွယ်အသီးသီး လူမျိုးအထွေထွေမှ လူတိုင်းလက်ခံ တူညီကြသော တာဝန် တရပ်သည် ရှိ၏။ ၎င်းကို အောက်ပါအတိုင်း သက္ကတ ဘာသာဖြင့် စကားပုံပြုထား၏၊ "မည်သူ တဦး တယောက် ကိုမျှ မနစ်နာ စေရ။ မည်သူ့အားမျှ မနစ်နာစေခြင်းသည် ဂုဏ်အချင်းအရာ တရပ်ဖြစ်၏၊တစုံတဦးအား နစ်နာစေခြင်းသည် ဒုစရိုက် ဖြစ်သည်" ဟူ၏။

ဘဂဝတ်ဂီတာ ကျမ်းကြီးတွင် လူ့ဘဝ၌ မွေးဖွားရခြင်းနှင့် နေထိုင်ရ ခြင်းနှင့် ပတ်သက် သော တာဝန် များကို

မကြာမထာ ရည်ဆောင် ညွှန်ပြထားပေသည်။ လူ့ဘဝတွင်ငင်း၊ လူ့အဖွဲ့အစည်းတွင်၊ မွေးဖွားခြင်းနှင့် နေထိုင်ခြင်းကိစ္စများမှာ လူတဦး တယောက် စီ ၏ နှေစဉ် ဆောင် ရွက် ချက် အသီးသီး အပေါ်တွင်ထားရှိအပ်သော စိတ်ထားနှင့်သဘောထားပေါ်တွင်တည်ပေသည်။

ထို့ကြောင့် ကျွန်ုပ်ဘို့ အားလုံးသည်၊ ကျွန်ုပ်တို့အားမွေးထုတ်လိုက်သော ပတ်ဝန်းကျင်၏ စံပြသဘော များနှင့်ကျင့်စဉ်ဓလေ့များအတိုင်း ကြီးကျယ် မြင့်မြတ်ခြင်းကိုဖြစ်စေမည့် အလုပ်မျိုးကို လုပ်ဆောင်ရန် တာဝန်ရှိ ပေသည်။ သို့သော်အထူးသတိပြုရန်ကား စံပြသဘောများနှင့် ကျင့်စဉ်ဓလေ့များသည် လူတိုင်း နိုင်ငံတိုင်းတွင်ဟူ ညီသည့် မဟုတ်ချေ။ ဤအချက်ကို မသိကြခြင်းသည် ယနေ့ ကမ္ဘာ ပေါ်တွင်ဖြစ်ပေါ်လျက်ရှိသော နိုင်ငံချင်းမုန်းတီးရေး၏ တရားခံဖြစ်ပေသည်၊ အမေရိကန် တယောက်အဘို့ မိမိနိုင်ငံ၏ ဓလေ့များအတိုင်း အမေရိကန်တဦး၏ ပြုသမျှသည် အကောင်းချည်းဟုထင်လျက်၊ ယင်းဓလေ့များအတိုင်း မပြုကျင့်သူ မည်သူမဆိုသည် သိမ်ဖျင်း သောသူ ဖြစ်ပေ ဘော့ သည်။ တိဗ္ဗတ်တယောက်အဘို့ကား မိမိ၏ ဓလေ့ထုံးစံ များသည်သာ တခုတည်း သော မှန်ကန်မှု ဖြစ်လျက် ကမ္ဘာ ပေါ် တွင်လည်းအကောင်းဆုံးဖြစ်၏။ မည်သူမဆို ယင်းဓလေ့များ အတိုင်းမကျင့်သုံးလျှင် အသက်ရှင်လျက် သိမ်ဖျင်းနေသောသူ ဖြစ်ရမည်ဟု ယူဆပြန်သည်။ ဤအမှားမျိုးကားကျွန်ုပ်တို့ကျူးလွန်တတ်မြဲ ဖြစ်သော ဖြစ်ရိုးဖြစ်စဉ် အမှားမျိုးဖြစ်၏။ သို့သော်

ဤအမှားသည် အလွန်အန္တရာယ် ရှိပေသည်။ ယင်းသည်ပင် ကမ္ဘာပေါ်တွင် တွေ့ရသော မကြည့်ဖြူမှုများ၏ လက်သည် ဖြစ်ပေသည်၊ ကျွန်ုပ်ဤတိုင်းပြည်ကို ရောက်စက ချီကာဂိုပြပွဲကြီးသို့သွားရာ လူတဦးသည်ကျွန်ုပ်၏ဦးရစ်ခေါင်းပေါင်းကို နောက်မှလှမ်း၍ ဆွဲပါသည်။ ကျွန်ုပ် ပြန်လှန်၍ ကြည့်လိုက်သောအခါဆွဲသူသည် လူကြီးလူကောင်း တယောက် ပုံပန်းဖြင့် သားသားနားနား ဝတ်ဆင်ထားသည်ကိုတွေ့ရပါသည်။ ကျွန်ုပ်က သူ့ကိုစကားပြောလိုက်သဖြင့်၊ ကျွန်ုပ်အားအင်္ဂလိပ်စကားတတ်သူ ဖြစ်ကြောင်း သိသောအခါ၊ သူသည်အလွန်ရှက်သွားပေသည်။ ထိုပြပွဲကြီး၏အခြားတနေရာတွင်လူတဦးသည် ကျွန်ုပ်အား နောက်မှ ဆောင့် တွန်း လိုက် ပြန်သည်။ ကျွန်ုပ်ကသူ့အားတွန်းရသည့် အကြောင်းရင်းကို မေးလိုက်သောအခါသူသည်အလွန်အရှက်ရလျက် ထစ်ထစ်ငေါ့ငေါ့နှင့်ပင် "ခင်ဗျားဘာပြုလို့ ဒီလိုဝတ်စားထား သလဲဗျာ" ဟု ပြောလေသည်။ ထိုပုဂ္ဂိုလ်များ၏ ကြင်နာစာနာမှုတရားကား မိမိလူမျိုးဘာသာစကား၊ မိမိတို့အဝတ်အစား၏ နယ်နိမိတ်အတွင်း၌သာရှိပေသည်။ ဩဇာရှိသောနိုင်ငံကြီးများ၏နိုင်ငံငယ်များ အပေါ်တွင် ဖိနှိပ် ချုပ်ချယ်သော အဖြစ်မှာလည်း ဤသို့သောမာန်မာနပေါ်တွင်အမြဲပြုပေသည်။ ဤသဘောသည် လူလူ ချင်း အပေါ် တွင် ထား ရှိ အပ် သော ယိုင်းပင်း စိတ်ကို ချောက်ခြန်းစေပါသည်။

ကျွန်ုပ်အား ဤအဝတ်မျိုး ဘာကြောင့် ဝတ်သလဲဟု ပြောလျက် သူလိုမဝတ်စားသည့် အတွက် စော်ကား မော်

ကားပြုသောသူသည် လူကောင်းသူကောင်းတယောက် ဖြစ်ပေမည်။ တိုင်းကြီး ပြည်ကြီးသား တ ယောက် သော် ငင်း၊ သားကောင်းဖခင်တယောက်သော်ငင်းဖြစ်ပေမည်။သို့သော် လည်း ထိုသူ၏ကြင်နာ စာနာ မှု သည် လူ တ ယောက် အား ကဲ့ပြားသော အဝတ်အစားနှင့် တွေ့လိုက်ရသည်နှင့် တမြိုင် နက် ပပျောက်၍ သွားပေတော့သည်။

တစိမ်းတရံစာများသည်နိုင်ငံတိုင်းတွင်လှည့်ပတ်ညှာ ဝါးခြင်းခံရပါသည်။ အဘယ့်ကြောင့်ဆိုသော်မိမိတို့ကိုယ် ကိုမည်သို့ကာကွယ်ရမည်ကိုမသိသောကြောင့်ဖြစ်ပါသည်။ ထိုသူတို့သည်နိုင်ငံရင်းသို့ ပြန်သောအခါ မိမိရောက်ခဲ့သော တိုင်းပြည်မှ လွဲမှားသောအတွေ့အကြုံများ ထင်မြင်ချက်များ ကို ယူဆောင်သွားကြလေသည်။စစ်သားများ၊ သင်္ဘောသား များ၊ ကုန်သည်များသည် သူ များ နိုင်ငံ တွင် အုံ သြ ဘွယ် ကောင်းအောင် အဆန်းတပြား ကျင့်ကြံကြပါသည်။ ထိုအ ကျင့်အကြံမျိုးမှာ မိမိ တိုင်းပြည်တွင် လုပ်ရန် အိမ်မက်ပင် မမက်ဘူးမည့်အလုပ်မျိုးဖြစ်ပါသည်။ ဤအချက်များကြောင့် ပင်လျှင် တရုပ်လူမျိုးတို့က ဥရောပတိုက်သားများနှင့် အမေ ရိကန်နိုင်ငံသားတို့အား "နိုင်ငံခြားသား မိစ္ဆာများ"ဟု ခေါ် ကြဟန်တူပါသည်။ သူတို့သည် အနောက် နိုင်ငံ သားတို့၏ ကောင်းမွန်သော ကြင်နာသောအပိုင်းကို တွေ့ရလျှင် ဤသို့ ခေါ်ဝေါ် သုံးစွဲကြမည်မထင်ပါ။

ထိုအကြောင်းများကြောင့်၊ ကျွန်ုပ်တို့ သတိပြုသင့်သောအချက်မှာအခြားသူများ၏တာဝန်များကိုအခြားသူတို့၏ အမြင်မှနေ၍ကြည့်ရန်ဖြစ်လျက် ကျွန်ုပ်တို့ အနေဖြင့် နှိုင်းယှဉ်ကာ အဆုံးအဖြတ်မပေးရန် ဖြစ်ပါသည်။ ကျွန်ုပ်သည် စကြဝဠာကြီး၏ စံထားအပ်သူမဟုတ်ပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ကိုယ်ကို လောကကြီးနှင့် လိုက်လျောညီအောင် ပြုပြင်ကျင့်ကြံရမည့်သူဖြစ်ပါသည်။ လောကကြီးက ကျွန်ုပ်အားလိုက်လျောရန်မဟုတ်ပါ။ ထို့ကြောင့်ပတ်ဝန်းကျင်သည် ကျွန်ုပ်တို့၏ တာဝန်များ၏အခြေကို ပြုပြင်ပေးသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍တချိန်တခါတွင် ထိုအချိန်အခါနှင့် အပ်စပ်သော တာဝန်ကိုထမ်းဆောင်ခြင်းသည်သာလျှင် ကမ္ဘာပေါ်တွင် အကောင်းဆုံးလုပ်ငန်းဖြစ်ပါတော့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မွေးတွင်းပါ တာဝန် များကို လုပ်ဆောင်ကြပါစို့။ ထို့ပြီးမှ ကျွန်ုပ်တို့၏ဘဝအခြေအနေ အရာအဝေးနှင့် ဆိုင်သောတာဝန်များကို လုပ်ဆောင်ကြပါစို့။

လူ့သဘာဝ၊ လူ့သဘောတွင် အန္တရာယ်ကြီး တခုလည်းရှိပါသေးသည်။ ထိုအန္တရာယ်ကား လူသည် မိမိကိုယ်ကို မစုံစမ်း မစစ်ဆေးခြင်းပင် ဖြစ်ပေသည်။ သူသည် မိမိကိုယ်ကိုရာဇပလ္လင်နှင့်ပင်သင့်တော်သူဟု ထင်ထားပါသည်။ ရှင်ဘုရင်ဖြစ်သည့် တိုင်အောင်လည်း၊ လူတဦးသည် မိမိ၏ ရာထူးအရ ထမ်းဆောင်ရမည့် တာဝန်ကို ကျေပွန်ကြောင်း ပြရပါလိမ့်မည်။ ထို့မှတဖန်ထိုထက်မြင့်မြတ်သော တာဝန်များကို ထမ်းရပါလိမ့်ဦးမည်။ ကျွန်ုပ်တို့သည် လောကတွင်

တက်ကြွစွာ အလုပ်လုပ်မည့် ကြိုကြံသောအခါ သဘာဝ တရားကကျွန်ုပ်တို့အားဘယ်ညာမလပ်ထိုးနှက်လျက် မကြာမီ ကျွန်ုပ်တို့၏ နေရာကိုတွေ့ရှိရန်သင်ပြပါတော့သည်။လူတယောက်သည် မိမိနှင့်မထိုက်တန်သောအလုပ်တွင် ကြာရှည်နှစ်သိမ့်၍မနေနိုင်ပါ။ သဘာဝကြီး၏ ညှိနှိုင်းပေးပုံကိုလည်း ညည်းတွား၍အကျိုးမရှိနိုင်ပါ။လူတယောက်သည်နိမ့်သောအလုပ်ကို လုပ်ရသည့်အတွက် နိမ့်ကျသောသူ မဖြစ်နိုင်ပါ။ မည်သူ့ကိုမျှ သူ၏တာဝန်များ၏အခြေကိုကြည့်လျက်တန်ဖိုးမဖြတ်နိုင်ပါ၊စင်စစ်မှာထိုသူတဦးတယောက်သည်မည်သည့်စိတ်ဘား မည်သို့သောဟန်ပန်ဖြင့် တာဝန်ကိုထမ်းဆောင်သည်ဟူသောအချက်ကို ကြည့်၍ သာလျှင် ဆုံးဖြတ် နိုင်ပါသည်။

ထိုနောက်တွင် ဤသဘောပင်လျှင် အပြောင်း အလဲရှိသေးသည့်ကိုတွေ့ရပါမည်။ မိမိ လုပ် သော အ လုပ် တွင် ကိုယ်ကျိုးကြည့်မှု မပါဝင်သော အ ခါ တွင် မှ လုပ်ငန်းမှာအမြင့်ဆုံးသို့ရောက်ပါသည်။ တာဝန်အနေဖြင့် လုပ်ရသောအဆင့်မှတာဝန်သဘောမပါဘဲ အလုပ်လုပ်သောအဆင့်သို့ရောက်ရှိနိုင်ပါသည်။ ထိုအခါအလုပ်သည် ပူဇော်ဝတ်ပြုမှုသဘောဖြစ်လာပါသည်။ ထိုမှတကသေး၊ ထို့ထက်မြင့်မြတ်လျက် အလုပ်၏အကျိုးငှာ အလုပ်လုပ်ရခြင်းသို့ ရောက်ရှိပါသည်။ကျွန်ုပ်တို့တွေ့ရှိရမည်မှာအလုပ်၏ဆိုင်ရာနာနာနယသဘောသည် လူ့ကျင့်ဝတ် ပုံသဏ္ဌာန်မျိုးဖြင့်ပင် ဖြစ်စေ၊ ချစ်ခြင်းမေတ္တာ၏ ပုံသဏ္ဌာန်မျိုးဖြင့် ပင်ဖြစ်စေယောဂီနည်

ချားနှင့်ဟူညီပါသည်။ ရည်ရွယ်ချက်မှာ နိမ့်ကျသော အတွေးသဘောကို လျော့ပါးစေလျက်၊ စစ်မှန်သော မြင့်မြတ်သည့်အတွေးသဘောသည် ပေါ်လွင်စေရန် ဖြစ်ပါသည်။ တနည်းအားဖြင့် နိမ့်ကျသောအဆင့်တွင် ခွန်အားများ ဆုံးပါးခြင်းကို လျော့နည်းစေ၍ မြင့်မြတ်သော အဆင့်တွင် ဝိညာဉ်သည်မြှိုးပြက်ထင်ရှားရန် ဖြစ်ပါသည်။ ဤအဆင့်သို့ရောက်ရန်မှာတာဝန်၏ အပြင်းအထန်လိုအပ်သော နိမ့်ကျသည့်ဆန္ဒများကိုဆက်တိုက်ပယ်ရှားရန်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းကြီးတခုလုံးသည်၊ သိသိသာသာ သာသော်၎င်း၊ မသိမသာသော်၎င်း၊ ဆောင်ရွက်ခြင်းနှင့်၊ အတွေ့အကြုံတို့၏နယ်နိမိတ်အတွင်းသို့တိုးတက်လျက်ရှိသည်။ ထိုနေရာတွင်၊ ကိုယ်ကျိုးအတွက်ကြည့်မှုကို တားဆီး သတ်မှတ်လျက်၊ လူ၏ ပင်ကိုယ်မူလသဘောကို၊ အကန့်အသတ်မရှိ၊ ဖွင့်လှစ်ခဲ့ကြသောကြောင့်ဖြစ်လေသည်။

တာဝန်သည်၊ ရံဖန်ရံခါ ချိုမြိန်တတ်ပါသည်။ တာဝန်ဟူသော လှည်းဘီးထဲသို့၊ မေတ္တာ တည်းဟူသော ဆီကိုထည့်ပေးပါမှ၊ ကောင်းစွာ လည်ပတ်နိုင်သည်။ သို့မဟုတ်လျှင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေပေလိမ့်မည်။ ဤသို့မှတပါးမိဘသည် သားသမီး၊ ကျင့်ဝတ်ကိုဖြည့်တင်းရန်၎င်း၊ **လင်** သည် ဇနီးသည့်၏ ကျင့်ဝတ်ကိုဖြည့်တင်းရန်၎င်း၊ အပြန်အလှန်အားဖြင့်၊ မည်သို့ပြုလုပ်ကြပါမည်နည်း။ ကျွန်ုပ်တို့သည်နေ့စဉ်လုပ်ငန်းများ၌၊ အထစ်အငေါ့၊ ကိစ္စများမတွေ့ရတော့ပြီလော။ တာဝန်ဆိုသည်မှာ၊ ချစ်ခြင်းမေတ္တာပါဝင်မှ

ချိုမြိန်တတ်ပါသည်။ ချစ်ခြင်းမေတ္တာသည်လည်း၊ လွတ်လပ်သောအခါတွင်မှ၊ တင့်တယ်နိုင်ပါ... တောက်ပတတ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ နေ့စဉ်တွေ့ကြုံနေရသော၊ စိတ်ဆိုးမှုမနာလိုမှုနှင့်များလှစွာသော အသေးအဖွဲ့၊ ကိစ္စကလေးများ၊ အခါရံခံစားမှုများကို၊ မလွန်ဆန်နိုင်ပါဘဲလျက်၊ လွတ်လပ်နေပါသလော။ ဘဝတွင်တွေ့ရသော ဤသို့ ကြမ်းတမ်းခက်ခဲမှုကလေးများ၌၊ လွတ်လပ်ရေးသရုပ်ကိုဖော်ပြရန်မှာ ကျွန်ုပ်တို့သည်၊ သိုးခံခြင်းပြုရန်ပင်ဖြစ်ပေသည်။

မိန်းမများမှာ၊ တုန်လှုပ်၊ ချောက်ချားခြင်း၊ မနာလိုဝန်တိုခြင်းတို့မှ မကင်းနိုင်ကြလျက်၊ လင်သည်များကို ပူပူဆူဆူ လုပ်ကြကာ စိတ်ကူးတွင်ရှိသော မိမိတို့ လွတ်လပ်ခွင့်ကို အခိုင်အမာပြောဆိုကြသည်။ ဤသို့ပြုခြင်းဖြင့်၊ မိမိတို့သည် ကျေးကျွန်များဖြစ်ကြောင်းသက်သေထူရာရောက်ပေသည်။ ထို့အတူဇနီးသည်အား၊ ထာဝစဉ် အပြစ်ရှာလျက် ရှိသော လင်ယောက်ျားများအတွက်လည်း ဤသဘောပင်တည်း။

ဖြူစင်ခြင်းသည်၊ ယောက်ျားအတွက်သော်၎င်း၊ မိန်းမအတွက်သော်၎င်း၊ ပဌမတန်းစား၊ ရတနာ အခြင်းအရာဖြစ်သည်။ လေလွင့်နေသော ယောက်ျားတဦးအား၊ စင်ကြယ်ဖြူစင်၍ကြင်နာချစ်ခင်သော ဇနီးသည်က လမ်းမှန်သို့ ရောက်အောင်ပြုပြင် ခေါ်ဆောင်နိုင်ခြင်းကား ရှားပါးလှလေသည်။ လောကကြီးကား၊ ဤမျှအထိမဆိုးသေးပါပေ။ ကျွန်ုပ်တို့

သည့် ကမ္ဘာနှင့်အဝှမ်းရက်စက်ကြမ်းကြုတ်သောခင်ပွန်းသည်များ၊ မဖြူစင်သော ခင်ပွန်းသည်များ အကြောင်းကို ကြောက်များစွာကြားသိရပါသည်။ သို့သော်ယင်းယောကျ်ားများကဲ့သို့ အလားတူကြမ်းကြုတ်၍မဖြူစင်သောဇနီးသည်များကောရှိသေးသည်မှာ မမှန်ပါသလော။ အကယ်၍အမျိုးသမီးများဆိုသလိုသာရင်းတို့သည်အမြဲတန်းစင်ကြယ်လိမ္မာနေကြပါက ကျွန်ုပ်ထင်ပါသည်၊ လောကတွင်မလိမ်မာမစင်ကြယ်သော လင်ယောကျ်ားဟူ၍ တယောက်မျှ ရှိတော့မည်မဟုတ်ပါ။ စင်ကြယ်ခြင်းနှင့်အပြစ်ကင်းခြင်းတို့ကိုအောင်နိုင်သော ရက်စက်ကြမ်းကြုတ်မှုမှာ မည်သည့် အမှုမျိုးပါပေနည်း။ အကယ်၍လိမ္မာပါးနပ်၍ အပြစ်ကင်းစင်သော အမျိုးသမီးတဦးသည် မိမိ ယောကျ်ားတို့ကို ကလေးငယ် များပမာသဘောထားလျက် မိခင်၏စိတ်မျိုးထားရှိပါက မည်သို့သော ရက်စက်ကြမ်းကြုတ်တတ်သည့် ယောကျ်ား မျိုး ပင်ဖြစ်စေကာမူ မိမိအား ဂရုထား လေးစား လာပေမည်။ အမျိုးသမီး အဘို့မှာလည်း အပြစ်မြူမျှမတင်သည့် အဖြစ်ကို ရောက်ရှိပေလိမ့်မည်၊ အလားတူစွာ ပင်အိမ်ထောင် ရှင်ယောကျ်ားဘဦးသည်မိမိ၏ဇနီးသည်မှတပါးမိန်းမဟူသမျှ မိခင်သဘွယ်၊ သမီးသဘွယ်၊ နှစ်မသဘွယ်သဘောထားသင့်ပေသည်။ ထိုသူပင်လျှင် ဘာသာရေး သင်္ချိုင်းစာဆရာ ဖြစ်လိုပါက၊ မိန်းမတိုင်းကို မိခင်သဘွယ်သဘောထား၍ မိခင်ကိုဆက်ဆံသည့်သဘောဖြင့် အခါခပ်သိမ်းဆက်ဆံရပေမည်။

လောကတွင် မိခင်၏ အဖြစ် အနေသည် အမြတ်ဆုံးဖြစ်၏။ မိခင်၏နေရာမှာအကြီးဆုံးသောကိုယ်ကျိုးမဖက်သည့်တရားကိုသိရှိရန်နှင့် လက်တွေ့ကျင့်သုံးရန် တခုတည်းသောနေရာပင်ဖြစ်ပေသည်။ မိခင်အား ချစ်ခြင်းထက် မြတ်သောအရာသည် ဘုရားသခင်အား ချစ်ခင် ကြည်ညိုခြင်း တခုသာရှိ၏။ကျန်အားလုံးသောချစ်ခြင်းဘို့မှာရင်းထက်နိမ့်ကျကြလေသည်။မိခင်၏တာဝန်မှာသားသမီးအရေးကိုပထမ၊ ငမိအရေးကို ဒုတိယထား၍ စဉ်းစားရသည်။ အကယ်၍ ထိုသို့မဟုတ်ပါဘဲလျက် မိဘများကလည်း မိမိတို့အဘို့ကိုသာကြည့်တတ်ပါမူ သားသမီးနှင့် မိဘတို့၏ ဆက်ဆံရေးသည် ငှက်များ၏ဆက်ဆံရေးနှင့်တူပေလိမ့်မည်။ငှက်ကလေးများမှာအမွေးအတောင်စုံလျှင် မိဘကိုမိဘဟူ၍ သဘောမထားတော့ဘဲလွတ်ရာသွားကြလေသည်။

အမျိုးသမီး များအား ဘုရားသခင်၏မယ်တော်ကိုယ်စားမြင်နိုင်သောပုဂ္ဂိုလ်သည်ချီးကျူးဘွယ်ဖြစ်၏။အမျိုးသားများအားဘုရားသခင်၏ဖခင်ကိုယ်စားကြည့်မြင် တတ်သောအမျိုးသမီးသည်လည်းချီးကျူးအပ်၏။မိဘများအားလောကတွင် ဘုရားသခင်၏ကိုယ်စားဟု ကြည့်မြင်တတ်သောသားသမီးတို့သည်လည်းချီးကျူးအပ်ပေသည်။

အမြင့်သို့ တက်ရန်မှာ ကျွန်ုပ်တို့ကိုယ်၌ အပဖြစ်သောတာဝန်တခုကို ပြုလုပ်ခြင်းဖြစ်လျက်၊ ဤသို့ ပြုလုပ်ခြင်းဖြင့်၊ အမြင့်ဆုံးသောအဆင့်သို့ရောက်သည့်တိုင်ကျွန်ုပ်ဘို့အားအခင်စုဆောင်းသွားနိုင်ပေသည်။

ငယ်ရွယ်သောသူတော်စင်တဦးသည် တောသို့ဝင်လျက် ကြာမြင့်စွာဘာဝနာကို အားထုတ်၏။ ယောဂီ တရားကိုလည်း ကျင့်ကြံ၏။ နှစ်ပေါင်းများစွာကြိုးပမ်း အားထုတ်ပြီးနောက်တနေ့တွင် သစ်တပင် အောက်တွင် ထိုင်လေသည်။ သစ်ပင်ပေါ်မှ ယော်ရွက်များသည် ထိုရသေ့ သူတော်စင်၏ ခေါင်းပေါ်သို့ ကျလေသည်။ သူသည် အပင်ပေါ်သို့ မော့ကြည့်လိုက်သောအခါကျီးတကောင်နှင့်ကြိုးကြာတကောင်သည် အချင်းချင်းထိုးဆိတ်နေကြသည်ကို မြင်သဖြင့်ဒေါသဖြစ်သွားလျက်ဤသို့ဆိုလိုက်၏။

"အို...... ငှက်တို့။ငါ့ဦးခေါင်းပေါ်သို့အဘယ်အတွက်ကြောင့် သစ်ယော်ရွက်များကို ချရဲဘိသနည်း"

ရသေ့သည် ပြောပြော ဆိုဆိုပင် ဒေါသဖြင့် ရှုးဝါးစွာကြည့်လိုက်ရာ ဦးခေါင်းထက်မှ ယောဂီ တန်ခိုးကြောင့် မီးလျှံတခုထွက်သွားလျက် ငှက်များကို ပြာကျသွားစေသည်။ သူသည် အလွန် ဝမ်းမြောက် သွား၏။ မိမိသည် ကျီးနှင့်ကြိုးကြာအား ကြည့်ရုံနှင့်ပင် ပြာကျ စေနိုင်ခဲ့သဖြင့် တန်ခိုးတက်လာသည်ကို သိလျက် အတိုင်းမသိဝမ်းမြောက်ခြင်းဖြစ်၏။ မကြာသေးမီပင် ထိုရသေ့သည်မြို့တွင်းသို့ဝင်၍ ဆွမ်းခံထွက်ရန်ရှိ၏။ ရသေ့သည်မြို့တွင်းရှိအိမ်တအိမ်ရှေ့တွင်ရပ်လျက်"ဆွမ်းလှူပါ ဒကာမကြီး........"ဟု မိန့်ဆို လေသည်။ ထိုအခါအိမ်တွင်းမှအသံတသံက"ခေတ္တစောင့်ပါဦး ရသေ့ငယ်" အော်ပြောသံကြားရလေသည်။

ထိုအခါ ရသေ့သည် ဤသို့ စိတ် ကူး၏။ "အင်း ….. ဆိုးဝါးသောဒကာမကြီး၊သင်သည် ငါသို့သော ရသေ့ကို စောင့်ခိုင်းရဲလှပေသည်။ သင်ကား ငါ့ဘန်ခိုးကိုခုသိသေး၍ ဖြစ်သည်"ဟု စိတ်ကူးနေခိုက်မှာပင်၊ "အို……..ရသေ့ငယ်၊ သင့်ကိုယ်သင် သိပ်အထင်မကြီးပါနှင့်၊ ဒီနေရာဟာ ကျီးတို့ ကြိုးကြားတို့နေတာမဟုတ်"ဟု အိမ်တွင်းမှ လှမ်း၍ပြောသံ ကြားလိုက်ရပေသည်။

ဤသို့ကြားရသဖြင့် ရ သေ့ ငယ် သည် အံ့ ဩ သွား လျက် စောင့်၍သာနေရ၏။ မကြာမီခင် အိမ် ရှင် မိန်း မ ကြီး သည် ထွက်၍လာ၏၊ ထိုအခါ ရသေ့ငယ်သည် မိန်းမကြီး အား ခြေအစုံကို ဦးတိုက်လျက် "အို……..မိခင်၊ သင်ဘယ်သို့ သိပါသနည်း"ဟုမေး၏။မိန်းမကြီးကပြန်၍"ချစ်သား၊ကျွန်ုပ် သည် သင်တို့၏ယောဂ နည်းများကို မသိပါ။ ကျွန်ုပ်သည် သာမန် မိန်းမဘယောက်မျှသာ ဖြစ်ပါသည်။ သင့် ကို ယ ခု စောင့် ဆိုင်း နေ စေ ရ သည် မှာ ကျွန်ုပ် ၏ ယောကျ်ား နေမ ကောင်းသဖြင့်ပြုစုနေရသောကြောင့်သာဖြစ်ပါသည်။ကျွန်ုပ် ၏ တဘဝလုံးသည် ထမ်းရွက်ဖွယ်ရှိသော တာဝန်တို့ကိုကြိုး စားထမ်းဆောင်ခဲ့ရပါသည်။ ကျွန်ုပ်လက်မထပ်ခင်က မိဘ များကိုပြုစုလုပ်ကိုင်ပေးရပါသည်။ လက်ထပ်ပြီးသော် လင် သည်အားတာဝန်ယူ၍ပြုစုပေးရပါသည်။ ၎င်းတို့မှာ ကျွန်ုပ် ကျင့်သောယောဂီဘရေးဖြစ်ပါတော့သည်။ သို့သော်လည်း ကိုယ့်တာဝန်ကို ကိုယ်ထမ်းရင်း ဖြင့် အသိ ဉာဏ် ပေါက် ရောက်ခဲ့ပါသည်။ ထို့ကြောင့် သင့်စိတ်ကိုရင်း၊ သင်တော

တွင်း၌ ဘာလုပ်ခဲ့သည်ကိုငင်းသိပါသည်။ ကျွန်ုပ်ပြောသည့် ထက် ပြင့်မားသောအကြောင်းကိုနားထောင်လိုပါလျှင်ထိုမြို့ တမြို့ရှိဗိယာဒ(Vyadha) (သားသတ်သမားအမဲလိုက်မုဆိုး မျိုးဖြင့်အသက်မွေးသောအိန္ဒိယပြည်တွင် အနိမ့်ဆုံးလူတန်း စား)ထံသို့ သွားပါလေ၊ သူပြောသည်ကိုနှစ်ခြိုက်စွာ နားသူ ရပါလိမ့်မည်'' ဟု ဆို၏။

ရသေ့သည် ဤသို့စဉ်းစား၏။

''ငါကား .... အဘယ်ကြောင့် ထိုမြို့ရှိ ဗိယာဒ ထံသို့ သွားရမည်နည်း''

ရသေ့သည် မသွားလိုသော်လည်း အိမ်ရှင်မိန်းမ ကြီးထံတွင် တွေ့ရချက်ကြောင့် ရူးစမ်း လို စိတ် ဖြစ် လျက် ထွက်ခွါသွားလေသည်။ ထိုမြို့အနီးသို့ရောက်သော် တခုသော ဈေးကိုတွေ့၏။ ထိုဈေး၌ အမဲသားတို့ကိုခုတ်လျက် လူအများ နှင့် ရောင်းဝယ်ပေါက်ကားနေသော ဗိယာဒကို အဝေးက ပင် တွေ့မြင်ရ၏။ ရသေ့ငယ်သည်ထိုသူကို မြင်ရစဉ်ခဏ၌ ''အို........ဘုရား-ဘုရား၊ ငါ့တရားတောင်းရမည့် သူကား ဤ သူပါပေလား။ သူကား မကောင်းဆိုးဝါးဝင်စားသည် မှ တ ပါးအခြားမဖြစ်နိုင်ပြီ '' ဟု စိတ်တွင်းကရွေ့ရွတ်မိလေသည်။

ထိုအချိန်မှာပင်အမဲသည် သည်အလုပ်လုပ်ရာမှမော် ၍ကြည့်လျက် ''အို........ရသေ့၊ အသင့်ကို အမျိုးသမီးကလွှတ် လိုက်ပါသလော။ကျွန်ုပ်အလုပ်ပြီးသည့်တိုင်ထိုင်၍စောင့်စေ

ချင်ပါသည်ဟု နေရာကို ညွှန်ပြရင်း ဆိုလေသည်၊ ရသေ့သည်လည်း "ငါဘယ့်နှယ်များဒီကိုရောက်လာရပါလိမ့်" ဟု မိမိကိုယ်ကို ဆင်ခြင်လျက်နေရာယူရင်းထိုင်၍စောင့်၏။

အလုပ်ပြီးသွားသောအခါ အမဲသည်ကြီးသည် မိမိ၏ ပိုက်ဆံများကိုသိမ်းလျက် "ကြွပါအရှင်၊ ကျွန်ုပ်၏ အိမ်သို့ ကြွပါ" ဟု ဘိတ်ခေါ်လေသည်။ အိမ်သို့ ရောက် သော အခါ ဝိယာဒသည် "စောင့်ပါအုံး" ဟု နေရာပေးလျက်အတွင်းသို့ ဝင်သွား၏။ ထို့နောက် သူသည် မိခင် နှင့် ဖခင် အိုတို့အား ကိုယ်လက်သုတ်သင်ပေး၏။ အစာရေစာကိုကျွေးမွေး၍ လိုလေသေးမရှိပြုရလေသည်။ ပြီးမှသူသည် ရသေ့ငယ် ဆီသို့ ထွက်လာလျက် "အရှင်၊ သင်သည် ကျွန်ုပ်ကို တွေ့ရန်လာသည်မှာ ကျွန်ုပ်အဘယ်သို့ ကူညီရမည်နည်း" ဟုမေး၏။

ရသေ့ငယ်သည် ဝိယာဒအမဲသည်ကြီးအား ဝိဉာဉ် အကြောင်းတရားအကြောင်းမေးခွန်းအချို့ကိုမေး၏။ ဝိယာဒသည်လည်း ပြန်ကြားပြောဟော၏။ ၎င်းဟောပြောချက်များမှာ မဟာ ဘာရတ ဝတ္ထုကြီးတွင် ဝိယာဒ ဂီတာ ဟူ သော အခန်းအဖြစ်ပါဝင်၏။ ၎င်းသည်ဝေဒန္တကျမ်းတွင်အမြင့်ဆုံး ဟောပြောချက်တခုဖြစ်လေသည်။ ဟောပြော၍ဆုံးသောအခါရသေ့ငယ်သည်အံ့သြကျန်ရစ်၏။ ထိုနောက်ဤသို့ပြော၏။

"သင်သည်ဤသို့သောတရားများကိုသိလျက်အဘယ့်ကြောင့် ဤ ကိုယ် ဖြင့် တည် ပါသ နည်း၊ အဘယ်ကြောင့် ဤသို့ ညစ်ပေသောအလုပ်မျိုးဖြင့် အသက် မွေးပါသနည်း"

ဝိယာဒက ဤသို့ပြော၏။

''အို........ရသေ့ငယ်၊ တာဝန်ဝတ္တရား ဟူရာ၌ မည်သည့်တာဝန်မျှ ညစ်ပေသည်။ မ သန့် ရှင်း သည် ဟူ၍ မရှိ။ ကျွန်ုပ်ကိုမွေးကတဲကပင်၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မွေးဖွါးလာခဲ့သည်။ ကျွန်ုပ်ကလေးဘဝကပင် ၏အလုပ်ကို သင်ခဲ့ရသည်။ ကျွန်ုပ်တွင်တွယ်တာစွဲလန်းမှုမရှိ။ ကျွန်ုပ်၏ ဘာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ရုံမျှသာရှိ၏။ ပုထုဇဉ် တဦးအနေဖြင့်မိမိတာဝန်ကိုကြိုးစားဆောင်ရွက်၏။ကျွန်ုပ်၏ ဖခင်ကြီးနှင့်မိခင်ကြီးအားလည်း ပျော်ရွှင်ချမ်းမြေ့ရန် အမြဲ ဂရုစိုက်၏။ ကျွန်ုပ်သည်သင်တို့၏ယောဂီနည်းကိုမသိ။ ကျွန်ုပ်သည် ရသေ့သူတော်စင်လည်းမဟုတ်။ တောထွက်၍ ဝတ်ကြောင်စွန့်သူလည်းမဟုတ်။ မည်သို့ပင်ဖြစ်စေ သင်ယခု ကြားနာရသမျှတရားများကားကျွန်ုပ်သည်၏ဘဝအဖြစ်အနေဖြင့်ကျရောက်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း ရ ရှိ အ ပ် သော တရားများပေတည်း''ဟု ပြောကြားလိုက်လေသည်။

အိန္ဒိယပြည်တွင် ပ ညာ ရှိ ကြီး တ ဦး ရှိပါသည်။ ထိုပုဂ္ဂိုလ်သည် ယောဂီကြီးတဦးဖြစ်လျက်၊ ကျွန်ုပ်တသက်တွင် မြင်ဘူးသမျှ၌ ထူးဆန်းအံ့သြဘွယ် အကောင်းဆုံးသော သူဖြစ်သည်။မည်သူ့ကိုမျှသင်ကြားပေးခြင်းလည်းမရှိပါ။လူတယောက်ကအမေးပုစ္ဆာတခု မေးလျှင်လည်း ဖြေလေ့မရှိပါ။ သူသည် ဆရာလုပ်၍၊ သင်ကြားပြသရန် အလွန်ဝန်လေးသူဖြစ်ပါသည်၊ သူ့အားပုစ္ဆာတခုမေးမြန်းပြီးနောက် ရက်အ

နည်းငယ်မျှစောင့်စားနေလျှင် ထိုအခါမှသူ့ပြောစကားထဲ၌ အမေးပုစ္ဆာနှင့်ပတ်သက်သောအကြောင်း ရပ်များ ပါလာပါသည်။ ထိုအခါယင်းအကြောင်းရပ်နှင့်ပတ်သက်၍၊အစုံအစေ့ပြည့်စုံအောင်သိခွင့်ရလေသည်။

ထိုပုဂ္ဂိုလ်ကြီးသည်ကျွန်ုပ်အားတခါကအလုပ်၏လျှို့ဝှက်ချက်ကိုပြောဘူး၏။ ၎င်းက "အကျိုးနှင့် အကြောင်းတို့ဟာ တရ ထည်း အ လို လို ဖြစ်လာပါစေ" ဟူ၏။ သင်တို့သည် တစုံတခုကို လုပ်ကိုင်သောအခါ ထိုအလုပ်ထက်ပို၍ ကျော်ပြီး ရှေ့ကိုမကြည့်ပါနှင့်။ အလုပ်လုပ်ရာတွင် ဝတ်ပြုသည်းကပ်ခြင်းအနေဖြင့်ပြုလုပ်ပါ။ အခိုက်အတန့်အတွင်း၌ မိမိဘဝကို ထိုကိစ္စ၌ သာ စွန့်လွှတ်ထားပါ။ ပေါ်ပြဲပြီးသော ပုံဝတ္ထုတွင် ဝိယာဒအမဲသည်နှင့်အိမ်ရှင်မိန်းမကြီးတို့မိမိတို့တာဝန်ကို စိတ်ပါလက်ပါ မငြိုမငြင်ဆောင်ရွက်ကြသဖြင့် အသိဉာဏ်ပွင့်လင်းလာကြရသကဲ့သို့မိမိတို့ဘဝပေးတာဝန်များကို အကျိုးမမျှော်ကိုးဘဲ ကျေပွန်ခွန်ကန်စွာဆောင်ရွက်ခြင်းသည် ဝိဉာဉ်အားပြည့်စုံပြီးမြောက်မှုကိုဖြစ်စေသည်မှာ အထင်အရှားပင်တည်း။

မိမိလုပ်ငန်း၏အကျိုးအမြတ်ကို မြော်လင့်နေသောသူသည် မိမိအတွက် ကျရောက် လာသော တာဝန် များကို ညည်းညည်းညူညူလက်ခံတတ်ပေသည်။ လုပ်ငန်း၏အကျိုးကို မြော်ကိုးခြင်းမရှိသူကား တာဝန်ဟူသမျှကို ကောင်းစွာသိမြင်လက်ခံ၏။ ထိုသို့ လက်ခံခြင်းဖြင့်ပင်လျှင် မိမိ၌ ကိုယ်ကျိုးရှာမှုနှင့် အာရုံခံစားမှုတို့ကို ပျောက်ပျက်စေဘွယ်လက်

နက်ကရိယာများကိုရလျက် ဝိဉာဉ်၏ လွတ်မြောက်ရေးမှာလည်း သေချာသွားပေတော့သည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို များစွာအထင်ရောက်တတ်ကြ၏။ ကျွန်ုပ်တို့ ထမ်းရွက်ရမည့် တာဝန်များကား ကျွန်ုပ်တို့ ဆောင်ရွက်ချင်စိတ်ရှိသလောက်ထက် ကျွန်ုပ်တို့နှင့် ထိုက်သင့်သလောက် ထမ်းရွက်ရန် ကိစ္စဖြစ်လာ၏။ အပြိုင်အဆိုင်ကိစ္စများသည် မနာလိုဝန်တိုမှုများကို ဖြစ်ပေါ်စေလျက်၊ လူတိုင်းလုံးသား၏ နှည့်မွတ်သိပ်မှုကို ပျက်ပြားစေသည်။

ညည်းညည်းညူညူပြုသောသူအတွက် တာဝန်ဝတ္တရားတိုင်းသည် အလိုမကျဘွယ်ဖြစ်၏။ မည်သည့်အမှုကိုမျှလည်း ထိုသူ၌ ကျေနပ်ဖွယ် ရှိလိမ့်မည်မဟုတ်။ ထိုသူ၏ ဘဝသည် ဆိုးရွားမှုနှင့်သာရင်ဆိုင်ရမည်မှာ မလွဲမရှောင်သာတော့ပေ။ ကျွန်ုပ်တို့သည်အလုပ်ကိုလုပ်ကြပါစို့။ အလုပ်လုပ်သွားရင်းဖြင့် တာဝန်ထမ်းဆောင်ရာ၌ မည်သည့် အခက်အခဲ မျိုးပင်ရှိစေကာမူ၊ နှစ်သောလှည့်ဘီးကို ဆင်း၍တွန်းရန် အသင့်ဖြစ်သကဲ့သို့ အဆင်သင့် ဖြစ်နေရပေမည်။ ထိုသို့ လုပ်ကိုင်သွားလျှင်ကျွန်ုပ်တို့သည်အလင်းရောင်ကို တွေ့ရ ပေလိမ့်မည်။

# အခန်း(၅)

## " ကမ္ဘာကို စောင်မခြင်းမဟုတ်၊ မိမိတို့ကိုယ်ကို စောင်မခြင်းပင် "

တာဝန်ကိုထမ်းရွက်ခြင်းဖြင့် ကျွန်ုပ်တို့အား ပိဥာဉ်အားဖြင့် မည်သို့တိုးတက်စေသည်ဟူသော အချက်ကိုမစဉ်းစားမီ၊ အိန္ဒိယပြည်တွင် ကမ္မဟူသော စကား၏အခြားအသွင်အပြင်တရပ်ကို အကျဉ်းချုံးကာ တင်ပြပါမည်။

ဘာသာတိုင်း၌ပင် အပိုင်းသုံးပိုင်းရှိပါသည်။ ၎င်းတို့မှာ အဘိဓမ္မာပိုင်း၊ ဒဏ္ဍာရီပိုင်း (သုတ်)၊ ဆည်းကပ်ဝတ်ပြုထုံး (ဝိနည်း) အပိုင်းတို့ဖြစ်ပါသည်။ အဘိဓမ္မာပိုင်းမှာမူ၊ ဘာသာတိုင်း၏ အဆီအနှစ် ဖြစ်လျက်၊ ဒဏ္ဍာရီပိုင်းမှာမူ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏ ဖြစ်ရပ် အတ္ထုပ္ပတ္တိ တို့ကို ပုံပြင်များအနည်းနှင့် အများဖွဲ့ဆို၊ တန်ဆာဆင်ထားခြင်းဖြစ်လျက်၊ ဆည်းကပ်ဝတ်ပြုထုံး(ဝိနည်း)ပိုင်း မှာ အဘိဓမ္မာပိုင်းကို လူတိုင်းနားလည်အောင်၊ မြင်လွယ် သိလွယ် သော ပုံသဏ္ဌာန်ဖြင့် ပြဆိုထားခြင်းဖြစ်သည်။ တနည်းအားဖြင့် ခိုင်မာသော အဘိဓမ္မာ နည်းတရပ်ဖြစ်ပေသည်။ ထိုဆည်းကပ်ကိုးကွယ်မှုသည်ကမ္မဖြစ်၏။ဘာသာတိုင်းတွင်လိုအပ်၏။အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည် စိတ်ဓါတ်အားဖြင့်၊ မရင့်ကျက်သေးသမျှ သိမ်မွေ့ သော အဘိဓမ္မာပိုင်းကို နားမလည်နိုင်သောကြောင့်၊ လူတို့သည်မိမိတို့အရာရာကိုင်းကိုနားလည်

နိုင်သည်ဟု လွယ်လွယ်ကူကူအထင်ရောက်ကြ၏။ သို့သော် လည်းလက်တွေ့တွင်မူကားသိမ်မွေ့သောသဘောတို့သည် သိနားလည်ရန် ခက်ခဲကြောင်းတွေ့ရှိရပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့အတွက်၊ အမှတ်လက္ခဏာများ-သည် လွန်စွာအသုံးဝင်သဖြင့်၊ ထိုနည်းကို လက်မလွှတ် နိုင်ကြပေ။ ရှေးပဝေဏီကာလများကပင်၊ ကိုးကွယ်ရာဘာသာတိုင်းသည်ဆိုင်ရာအမှတ်လက္ခဏာများကို သုံးစွဲခဲ့ကြသည်။ တဘက်ကကြည့်မည်ဆိုပြန်လျှင်လည်း၊အမှတ်လက္ခဏာများသည်၊ အမှတ်လက္ခဏာမည်ကာမတ္တမဟုတ်၊ စာလုံးများသည်ပင်အတွေးအခေါ်၏အမှတ်လက္ခဏာများဖြစ်ပေသည်။ အခြားတဘက်က ကြည့်ပြန်လျှင်လည်း စကြဝဠာ တွင်းရှိ အရာအားလုံးသည်၊ အမှတ်လက္ခဏာ များပင် ဖြစ်ပေတော့သည်။ စကြဝဠာ တခုလုံးသည်၊ အမှတ်လက္ခဏာ ဖြစ်၍၊ ဘုရားရှင်သည် ထိုနောက်ကွယ်မှအဆီအနှစ်သဘောတရားဖြစ်သည်။ ဤသို့အမှတ်လက္ခဏာသုံးစွဲခြင်းမှာ လူတို့၏ သာမန်တည်ထွင်ချက်မဟုတ်၊ ဘာသာဝင်တစုသည်၊ မျက်နှာစုံညီ စည်းဝေးကြလျက်၊ အမှတ်လက္ခဏာများကိုစဉ်းစားဆုံးဖြတ်ကာ စိတ်တွင်းမှအပြင်သို့ ထုတ်ခဲ့ကြသည်လည်းမဟုတ်ပါ။ဘာသာရေးအမှတ်လက္ခဏာများသည်၊ အလိုအလျောက်ပေါ်ပေါက်ထွန်းကားလာကြခြင်းဖြစ်ပေသည်။

ထိုသို့မဟုတ်ပါလျှင်၊လူတိုင်းလိုလိုအဘို့၌ အချို့သော အမှတ်လက္ခဏာများသည်၊ အချို့သောသဘော တရားများကို ဆောင်လျက်ရှိသည်မှာ အဘယ်ကြောင့်ပေနည်း။ အချို့

အမှတ်လက္ခဏာများကို ကမ္ဘာနှင့်အဝှမ်း သုံးစွဲလျက် ရှိကြသည်၊ လူပေါင်း များ စွာ သည်၊ လက် ဝါး ကပ် တိုင် အ မှတ်လက္ခဏာမှာ ခရစ်ယာန်ဘာသာမှ စတင်သည်ဟုထင်ကြ၏။ အမှန်စင်စစ် ထိုလက္ခဏာသည်၊ ခရစ်ယာန်ဘာသာမပေါ်မီကပင်၊ တမန်တော်(မောရှေ) မမွေးဖွါးခင်ကပင်း၊ ဝေဒကျမ်းများမထွက်ပေါ်ခင်ကပင်း၊ လူတို့ဆိုင်ရာ လူ့မှတ်တမ်းများမရှိသေးမီကပင်း၊ပေါ်ပေါက်ခဲ့ပေသည်။လက်ဝါးကပ်တိုင်အမှတ်အသားသည်၊ အက်ဇတက် လူမျိုးများနှင့် ဖိုနီးရှန်းလူမျိုးများတို့သုံးနှုန်းခဲ့ကြောင်းတွေ့ရှိရလျက်၊လူမျိုးတိုင်းသည်ထိုအမှတ်အသားကို သုံးခဲ့ဟန်ရှိသည်။ ထို့မှတပါး လက်ဝါးကပ်တိုင်တွင်ကပ်လျက်ရှိသောကိုယ်တင်ရှင်အမှတ်အသားမှာ လူမျိုးတိုင်းလိုလိုပင်၊ သိရှိသော အ မှတ် အ သား ဖြစ်၏။ စက်ဝိုင်းသဏ္ဌာန်အမှတ်အသားမှာကမ္ဘာလုံးသိ၊ အမှတ် အသားကြီးဖြစ်၏။အများဆုံးသိရှိကြသောအမှတ်အသားကားစကြာတံဆိပ် 卍 အမှတ်အသားဖြစ်၏တ။ချိန်ကမူဤအမှတ်အသားကို ဗုဒ္ဓဘာသာဝင်တို့က တကမ္ဘာလုံးသို့ ယူဆောင်ဖြန့်ဖြူးခဲ့ကြသည်ဟု ယူ ဆ ကြ သည်။ သို့ သော် လည်း ဗုဒ္ဓဘာသာမပေါ်ပေါက်မီအချိန်ကပင် နိုင်ငံများစွာ၌သုံးစွဲလျက်ရှိကြောင်းတွေ့ရပြန်သည်။ ရှေးဟောင်းဘောဂလို့နှင့်အိဂျစ်ပြည်တို့၌ ၎င်းကိုတွေ့ရသည်။ ဤအချက် များသည် ဘာကိုဘော်ပြပါသနည်း။

ဤအမှတ်လက္ခဏာများအားလုံးသည် တရတပေါင်းတည်း သဘောတူ ဆုံးဖြတ် ပြီးနောက် သုံးစွဲကြသော အရာ

များမဟုတ်နိုင်ပါပေ။ အကြောင်းအချက်အချို့ရှိရမည်ဖြစ်၏။
လူ့စိတ်နှင့် ၎င်းလက္ခဏာတို့၏ သဘာဝ ကျသော ပေါင်း
စည်းချက်အချို့ရှိရပေလိမ့်ဦးမည်။ ဘာသာစကား ဆိုသည့်
မှာလည်း ရပေါင်း ဆုံးဖြတ်၍ ပေါ်ပေါက် လာသော အရာ-
မဟုတ်ပေ။ လူတို့သည်မည်သည့်သဘောကိုမည်သည့်စာလုံး
ဖြင့်ဖော်ပြမည်ဟု စဝေးကာ သဘောတူခဲ့ဘူးခြင်း မရှိပေ၊
တချိန်ကမှလည်းစကားလုံးတခုခုနှင့် ညီညွတ်မည့် သဘော
မရှိဟူ၍၎င်း၊ သဘောတခုခုနှင့်ညီညွတ်မည့် စကားလုံးဟူ၍
၎င်း၊ ရှိခဲ့သည်မဟုတ်ပေ။ သဘောနှင့် စာလုံးတို့သည် ပင်
ကိုယ်အားဖြင့်ကွဲပြားကြသည်မဟုတ်ပေ။ အဓိပ္ပါယ်သဘော
တို့ကို ဖော်ပြသော အမှတ်လက္ခဏာများသည် အသံလက္ခ
ဏာသော်၎င်း၊ အရောင်လက္ခဏာသော်၎င်း ဖြစ်ရမည်။
နားမကြား၍ ဆွံ့အသောသူတို့မှာ အသံလက္ခဏာမှတပါး
အခြားတပါးတို့နှင့်တွေ့တောကြုံဆရမည်။ စိတ်ထဲတွင်ဖြစ်
ပေါ်လာသမျှ စိတ်ကူး တခုခုကိုဖော်ထုတ်ရန်၎င်းနှင့်တူညီ
သောသဏ္ဌာန်တခုခုရှိမြဲဖြစ်၏။ ဤအချက်ကိုသတ္တဒူ အဘိဓမ္မာ
အရနာမရူပဟုခေါ်၏။ အဓိပ္ပါယ်မှာနာမ်ရုပ်ဖြစ်၏။ အမှတ်
လက္ခဏာ များ ကို တည် ထွင် ဆုံးဖြတ်ကြ၍ မဖြစ်နိုင်သလို၊
ဘာသာစကားကိုလည်း တည်ထွင်ဆုံးဖြတ်၍မဖြစ်နိုင်ပေ။

ကမ္ဘာပေါ်တွင်ကိုးကွယ်ဆည်းကပ်မှုနှင့် ပတ်သက်
သမျှ အမှတ်လက္ခဏာများတွင် ကျွန်ုပ်တို့သည်လူတို့၏ ဘာ
သာရေးအတွေးအခေါ်ကို ထုတ်ဆောင်ထား၏။ ဆည်းကပ်
ဝတ်ပြုမှုနှင့် ဘုရားကျောင်း စသော အဆောင် အရွက်များ

သည့် ဘာမျှအသုံးမကျဟု လွယ်လွယ်နှင့် ပြောဘတ်ကြပါ သည်။ ဤခေတ်သစ်တွင် သူငယ်တိုင်းပင် ဤစကားကိုပြော ကြ၏၊ သို့သော်လည်း ဘုရားကျောင်းတွင်း၌ကိုးကွယ် ဝတ် ပြုမြဲဖြစ်သောလူမျိုးနှင့် ကိုးကွယ်ဆည်းကပ်ခြင်း မရှိသော လူမျိုးတို့၏ ကွာခြားမှုမှာလည်း အဖက်ဖက်တွင် မြင်သာလှ ပေသည်။ထို့ကြောင့် ဘာသာတရား၏ ဘုရားကျောင်းများ ဝတ်ပြုနည်းများနှင့် အခြားပုံပန်းသဏ္ဍာန်တို့မှာ သာသာဝင် တဦးဦးအားအမှတ်လက္ခဏာပေး သောသဘောဖြစ်၍၊ ဤ ဘာသာရေးအဆောင်အရွက်များနှင့် အမှတ်လက္ခဏာထား ရှိခြင်းသဘောတို့ကိုအမြော်အမြင်ရှိသူဘိုင်းလှစ်လျူမရှုအပ် ပေ။၎င်းတို့ကိုလေ့လာခြင်း၊ ကျင့်သုံးခြင်း ဟူသောလုပ်ငန်း တို့မှာလည်းကမ္ဘာလောက၏အစိတ်အပိုင်းတရပ်ဖြစ်ပေသည်။

ဤအချက်၊ ဤပညာရပ်နှင့် ပတ်သက်၍ အခြား၊ အကြောင်းရပ်များလည်း ရှိပေသေး၏။ ထိုအထဲမှ တခုမှာ စိတ်ဘူးနှင့် စာလုံး၏ ဆက်သွယ်မှုကို သိရှိရန်နှင့် စာလုံး၏ အစွမ်းဖြင့်မည်မျှ ဆောင်ရွက် နိုင်သည်ကို သိရှိရန် ဖြစ်ပေ သည်။ ဘာသာတိုင်းလိုလိုမှာပင် စကားလုံး၏စွမ်းအင်ကို အသိအမှတ်ပြုထားကြ၏၊အချို့ဘာသာများတွင်လောကကြီး ကို ဖန်ဆင်းခြင်းပင်လျှင် စကားလုံးနှင့်ပြုလုပ်သည်ဟုဆိုကြ ၏။ ဘုရားသခင်၏ စိတ်ဘူးဆိုင်ရာ ပြင်ပအချက်သည် စာ လုံးဖြစ်၏။ ဘုရားသခင်သည် တည့်တွင်ဖန်တီးခြင်း မပြုမီ ကြံဆရခြင်း၊ဆန္ဒပြုရခြင်းတို့ပြုလုပ်ရသည်ဖြစ်ရာ၊စကားလုံး

မှလျှင် တည်တွင်ဖန်ဆင်းခြင်း ဖြစ်ပေါ်လာလေသည်။ တပင် တပန်းနှင့် အလောတကြီး သွားလာ ဆောင်ရွက်ရသည့် ရုပ်ဝါဒထွန်းကားသော ကျွန်ုပ်တို့၏ ခေတ်ကြီးတွင် ကျွန်ုပ်တို့၏အာရုံကြောများသည် ထုံထိုင်းခက်မာကုန်ကြလေသည်။ ကျွန်ုပ်တို့သည် အိုမင်းလာသည်နှင့်အမျှကြာမြင့်စွာ ဤဒဏ်များကို ခံခဲ့ရပြီးဖြစ်၏။ ကြင်နာခြင်း တရားတို့လည်း ကင်းကုန်ကြ၏။ ပတ်ဝန်းကျင်တွင် အမြဲမပြတ်ဖြစ်ပျက်နေသော အကြောင်းရပ်တို့ကိုလည်း ဂရုမမူခြင်စိတ် ဖြစ်ပေါ် လာလေသည်၊

မည်သို့ပင်ဖြစ်စေကာမူ၊ တခါတရံတွင် လူ့သဘာဝက စေ့ဆော်သဖြင့်၊ ဖြစ်ရိုးဖြစ်စဉ်အဖြစ်အပျက်ကလေးများကိုစူးစမ်း ဆင်ခြင် လိုစိတ် ဖြစ်ပေါ် လာတတ်၏။ ဤသို့ပေါ်လာ ခြင်း သည် ပညာ အလင်း ပေါက် ရန် အတွက် ပဌမ အဆင့်ပင် ဖြစ်ပေသည်။ အဘိဓမ္မာနှင့် ဘာသာရေး ဆိုင်ရာ မြင့်မားသော အကျိုး ကျေးဇူးမှ တပါး၊ စ ကား လုံး သည် အသံထွက် အမှတ်လက္ခဏာဖြစ်ခြင်းကြောင့် လူ့ဘဝဇာတ်ကြောင်းတွင် အ ရေး ပါ စွာ ပါဝင် အ သုံး တော် ခံနိုင် လေသည်။

ကျွန်ုပ်ယခုသင်တို့ကို ပြောဆိုနေခြင်း ဖြစ်ပါသည်၊ ကိုင်တွယ် တို့ထိ နေခြင်းမဟုတ်ပါ။ကျွန်ုပ်စကား ပြောလိုက်သဖြင့် လှုပ်ရှားသွားသော လေလှိုင်းကလေးများသည် သင်

တို့နားတွင်းသို့ဝင်၍။အာရုံကြောတို့ကိုထိတွေ့၍။ထိုနောက် စိတ်တွင် အာရုံကို ဖြစ်ပေါ်စေသည်။ ဤအချက်ကို သင်တို့ ပယ်ဖျက်၍မရ၊ ဤအချက်ထက်သာ၍ဘာများအံ့ဩဘွယ်ရှိ ပါသေးသနည်း။ လူ တ ယောက် သည် အခြား တယောက် အား လူရှုးသူမိုက်ဟုပြောလိုက်၍။ ထိုအခါတဘက်လူသည် လက် သီး ဆုပ် လျက် ပြော သူ ၏ နှာ ခေါင်း ကို ထိုး ၏။ ထို အချက်ကား စကားလုံး၏ အစွမ်းပင်တည်း။ အမျိုးသမီး တယောက်သည် စိတ်ပျက် ဝမ်းနဲ့စွာဖြင့် ငိုကြွေးလျက်ရှိ၏။ အခြား အမျိုးသမီး တယောက်သည် အနားသို့ လာလျက်၊ ညင်သာစွာဖြင့် သူမအား စကားအနည်းငယ်ပြော၏။ ငိုကြွေး ချက်မဖြစ်နေသော အမျိုးသမီးသည် မကြာခင်အငိုရပ်လျက် ပြုံးပင်ပြုံးနိုင်လာ၏။ ဤတွင်လည်းစကားလုံး၏ အစွမ်းကို ခန့်မှန်းနိုင်သည်။ စကားလုံးတို့သည် သာမန် ကိစ္စတွင် ၎င်း၊ ခက်ခဲ နက်နဲ သော အဘိ ဓမ္မာ ပညာ ရပ် တွင် ၎င်း၊ အ လွန် အစွမ်းထက်၏။ကျွန်ုပ်တို့သည် ထိုအစွမ်းကိုမစဉ်းစားမဆင် ချင်မိဘဲ၊ နေ့ နေ့၊ ည ည သုံးစွဲလျက်ရှိကြ၏။ ထိုအစွမ်း၏ ပင် ကိုယ်သဘာဝကိုသိခြင်းနှင့်၊ ထိုအစွမ်းကိုကောင်းစွာ အသုံး ချခြင်းသည် ကမ္မယောဂ၏ အစိတ်အပိုင်းတရပ် ဖြစ်သည်။

ကျွန်ုပ်တို့၏အခြားသူများအပေါ်တွင်ရှိသောတာဝန် ဟူသည်မှာ၊ အခြားသူများကို ကူညီချင်းပင်ဖြစ်၏။ ကမ္ဘာ လောကကြီး၏ ကောင်းမှုကို ပြုလုပ်ခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့ ဘာကြောင့် ကမ္ဘာလောကကြီး၏ကောင်းကျိုးကိုဆောင်ရ

သနည်း။ ထင်ရှားသည်မှာကမ္ဘာကြီးကိုကူညီရန်ပင်ဖြစ်၏။ သို့သော် အမှန်စင်စစ်၊ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ကူညီခြင်းပင် ဖြစ်၏။ ကျွန်ုပ်တို့သည် ကမ္ဘာကြီးအား အစဉ်သဖြင့် ကူညီ ရန် ကြိုးစားရပေမည်။ ၎င်းသည်ကျွန်ုပ်တို့တွင် အမြင့်ဆုံး သောအကြံအစည်ဖြစ်ရမည်။ သို့သော်ကျွန်ုပ်တို့ကောင်းစွာ ဆင်ခြင်သောအခါ၊ ကမ္ဘာကြီးသည် ကျွန်ုပ်တို့၏အကူအညီ ကို လုံးဝမလိုကြောင်း တွေ့ရှိရသည်။ ကမ္ဘာကြီးသည် သင် တို့ ကျွန်ုပ်တို့ ကူညီရန် ပြုလုပ် ထားခဲ့သည် မဟုတ်၊ ကျွန်ုပ် သည်တခါက တရားစာတပုဒ်ကိုဘတ်ဘူးပါသည်။ ထိုစာ၌ "ဤလှပခမ်းနားသောကမ္ဘာကြီးတရလုံးသည်ကောင်းမြတ် ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အားသူတပါး ကို ကူညီရန်အချိန်နှင့်အခါအခွင့်ကိုပေးသောကြောင့်တည်း" ဤစာတန်းသည် ကောင်းမြတ်သော စာတန်းဖြစ်၏၊ သို့သော် လောကကြီးသည် ကျွန်ုပ်တို့၏ အကူအညီကိုလိုသည်ဟု ဖေါ် ပြသောအယူဝါဒ၊ အမှားတခုမဖြစ်လေသလော။ ကမ္ဘာကြီး တွင်စိတ်ပျက်ဝမ်းနည်းဘွယ်များစွာရှိသည်ကို မငြင်းနိုင်ပါ။ ပြင်ပသို့တွက်၍ တပါး သူ များ အား ကူညီ ခြင်း မှာ လည်း အကောင်းဆုံး ဖြစ်ပါသည်။ သို့ငြားလည်း အရှည်သဖြင့် အလုပ်လုပ်လျှင်ကား တပါးသူကိုကူညီနေခြင်းသည် ကျွန်ုပ် တို့ကိုကျွန်ုပ်တို့ကူညီနေခြင်း ဖြစ်ကြောင်း တွေ့ရှိရပေမည်။

ကျွန်ုပ်သူငယ်ဘဝကကြွက်ဖြူကလေးအချို့ကိုမွေးဘူး ပါသည်။ ၎င်းကြွက်ဖြူကလေးများကို အတွင်းတွင် ဘီးတပ် ထားသော သေတ္တာငယ်ကလေးတခု၌ ထည့်ထားပါသည်။

ကြွက်ကလေး များသည် သေတ္တာထဲ၌ ထိုဘီးများကို ကျော် သွားလေသောအခါ၊ ဘီးသည် အစဉ်မပြတ်လည်၍။ ကြွက် ပြုများကား အဘယ်ကိုမျှမရောက်ပေ။ ကမ္ဘာကြီးကို ကျွန်ုပ် တို့ကျညီနေကြခြင်းမှာလည်း အလားတူပင်ဖြစ်၍၊ ထိုကျညီ ခြင်းအကျိုးကား ကျွန်ုပ်တို့သည်လူ့ကျင့်ဝတ်အလေ့အကျင့် ကို ရရှိခြင်းပင်ဖြစ်၍။ ကမ္ဘာကြီးသည် အကောင်း လည်း မဟုတ် အဆိုးလည်းမဟုတ်။ လူတိုင်းလူတိုင်းကသာ မိမိတို့ အတွက် ကမ္ဘာတခုစီကိုဖန်တည်းထားခြင်းဖြစ်သည်။ မျက် မမြင် တယောက်သည် ကမ္ဘာကြီး အကြောင်းကို ဆင်ခြင် သည့်ရှိသော် သူ့အတွက် ခက်မာခြင်းလည်း ဟုတ်၍။ နူးညံ့ ခြင်းလည်းဟုတ်၍။ ပူလောင်ခြင်းလည်း ဟုတ်၍။ အေးခြင်း လည်းဟုတ်၍။ ကျွန်ုပ်တို့သည် ပျော်ရွှင် ဝမ်းမြောက်ခြင်းနှင့် စိတ်ပျက်ကြေကွဲခြင်းတို့၏အစုအဝေး အစိုင်အခဲကြီးဖြစ်၍။ ထိုအဖြစ်မျိုးပေါင်း များစွာကိုလည်း ကျွန်ုပ်တို့တသက်တွင် မြင်ခဲ့ရလှပေပြီ။ သဘောအားဖြင့်လူငယ်တို့သည် အကောင်း ဘက်သို့သာ ကြည့်၍တွေးကြလျက်၊ လူကြီးတို့သည် အဆိုး ဘက်သို့သာ ကြည့်၍ တွေးကြသည်။ လူငယ်တို့၌ ဘဝတာ တလျှောက် လုံး ရှေ့တွင် ရှိ၍။ လူကြီးတို့မှာ ကုန်လွန်ခဲ့ကြ သော နေ့ရက်များနှင့် အရေအထောင်မျှဖြစ်သော မပြည့်စုံခဲ့ သည့် လိုအင်ဆန္ဒများကြောင့် ညည်းတွားလျက်ရှိကြသည်။ ဤတွင် နှစ်ဦး စလုံးသည် မိုက်မဲ ကြခြင်းပင် ဖြစ်၍။ ဘဝဆို သည်မှာ ကျွန်ုပ်တို့၏ ရှုမြင်သောစိတ်ကိုလိုက်၍ အကောင်း အဆိုးတို့ဖြစ်ပေါ်၍။ သူ့ချည်းသက်သက်ကား အကောင်း လည်းမဟုတ် အဆိုးလည်းမဟုတ်။ မီးသည် မီးချည်းသက်

သက်၌ ကောင်းသည်လည်းမဟုတ် ဆိုးသည်လည်းမဟုတ်။ ကျွန်ုပ်တို့အား အမွှေးမါတ် ပေးသော အခါ "မွှေးလိုက်တဲ့ မီးကလေးနှယ်" ဟု ကျွန်ုပ်တို့ ပြောကြ၏။ ထိုမီးသည်ပင် ကျွန်ုပ်တို့၏ လက်ကို လောင်ကျွမ်းသောအခါ၊ မီးကိုရေရွတ် တိုင်းထွာကြ၏၊ သို့သော်မီးသည် သူ့ပင်ကိုယ်အားဖြင့်ကား အကောင်းအဆိုး ဟူ၍မရှိပေ။ ကျွန်ုပ်တို့၏ အသုံးကိုလိုက်၍ ကောင်းသောစိတ် မကောင်းသောစိတ်တို့ကို ဖြစ်ပေါ်စေ၏။ ကမ္ဘာကြီးသည် အလားတူပင်ဖြစ်သည်။ ၎င်းသည်ပြည့်စုံနေ၏။ ပြည့်စုံသည်ဟုဆိုရာ၌ မိမိ၏စခန်းဆုံးအောင် ပြုလုပ်နိုင်ရန် သင့်တော်ခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့ စိတ်ချနေ့ရန်ကား ကမ္ဘာကြီးသည် ကျွန်ုပ်တို့ မရှိဘဲနှင့်လည်း သူ့လမ်း သူသွားနေမည် ဖြစ်၏။ ကျွန်ုပ်တို့က ၎င်း၏ကောင်းမွန် သာယာစေရေးအတွက် ပူပင်နေဖွယ်မလိုပေ။

ကျွန်ုပ်တို့သည်ကောင်းရာကို ပြုလုပ်ရမည်။ ကောင်းရာကိုပြုလုပ်ရန်ဆန္ဒမှာတပါးသူကိုကူညီရခြင်းသည် အခွင့်အရေးတခုဟုယူဆနေသမျှ အမြင့်မြတ်ဆုံးဖြစ်သည်။ ပိုက်ဆံငါးပြားကိုကိုင်ပြီး စင်မြင့်ပေါ်ကတက်လျက် "အို သူဆင်းရဲတို့" ဟု မဆိုပါလေလင့်။ သူ ဆင်း ရဲ တို့ ရှိ ခြင်း ကို ကျေး ဇူး တင်ပါ။ သူဆင်းရဲတို့အား ကူညီပေးကမ်းရခြင်းဖြင့်၊ သင့်ကိုယ်သင် ကူညီနိုင် ပေ သည်။ ပေး ကမ်း စွန့် ကြဲ ခံရသူကို ကောင်းချီးပြုရန်မဟုတ်၊ ပေးသူကိုသာပြုရန်ဖြစ်သည်။ သင်သည် သင်၏ကျင်နာမှုနှင့်ဒါနစိတ်ကိုလက်တွေ့ဘော်ပြလိုက်သဖြင့် စင်ကြယ်ပြည့်စုံလာရသည့်အတွက် သူ့ကိုကျေးဇူး

တင်ပါ၊ ကောင်းသောအမှု အလုပ်ဟူသမျှသည် ကျွန်ုပ်တို့ အားစင်ကြယ်ခြင်းနှင့်ပြည့်စုံခြင်းကိုဖြစ်စေသည်။

ကျွန်ုပ်တို့သည် အကောင်းဆုံး ဘာလုပ် နိုင် သနည်း။ ဆေးရုံဆောက်မည်လော။လမ်းဖေါက်မည်လော၊ အသျှင်ဂေဟာများဆောက်မည်လော။ ကျွန်ုပ်တို့သည် အလှူခံကြလျှက် ငွေပေါင်း နှစ်သန်း သုံးသန်းရရှိကာ ငွေတသန်းကို ဆေးရုံဆောက်လျှက်၊ ဒုတိယတသန်းကို ရှန်ပိန် အရက် များ။ မိတ်ဆက်ကပွဲများဖြင့် တည်ခင်း ဆောက်စားကြမည်။ တတိယတသန်းကိုအမှုဆောင်များအား တဝက်မျှအလွဲသုံးစားပြုစေလျှက်၊ ကျန်တဝက်ကို သူဆင်းရဲတို့ လက်သို့ ရောက်စေပါမည်လော။ သို့သော်ဤအမှုများကားမည်သို့အမှုများပါနည်း။ ထိုဆောက်သော အဆောက်အအုံကို လေခုန်တိုင်း ကြမ်းကြမ်းတခုက ငါးမိနစ်အတွင်း အစိပ်စိပ်အမွှာမွှာ ဖြစ်သွားစေနိုင်သေး၏။ သို့ဖြစ်လျှင် ဘာလုပ်ကြ မည်နည်း၊ မီးတောင်တခုပေါက်ကွဲလျှင် သင်ဆောက်သောလမ်းများ။ဆေးရုံများ မြို့ပြအဆောက်အဦများတို့သည် ချော်ရည်ထဲတွင် မျောပါသွားနိုင်၏။ ဤသို့ကမ္ဘာကြီးအား ကောင်းမှုပြုမည် ဆိုသည့် ရူးမိုက်သည့် စကားများကို ကျွန်ုပ်တို့ မပြောဘဲ နေပါစို့။ ကမ္ဘာကြီးသည် သင်တို့၏ အပူ အပင်ကိုရင်း၊ ကျွန်ုပ်၏အပူအပင်ကိုရင်း၊ မျှော်လင့် စောင့်စားသည် မဟုတ်။ သို့ဖြစ်စေကာမူ ကျွန်ုပ်တို့သည် အလုပ်လုပ်လျှက် ကောင်းမှုကို မပြတ်ပြုမည်။အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့အား ကောင်းခြီး

မင်္ဂလာဖြစ်စေသောကြောင့်တည်း။ ဤနည်းသည် ပြည့်စုံမှန်ကန်ခြင်းသို့ ရောက်ရန် တခုတည်းသော နည်းဖြစ်ပါသည်။

ကျွန်ုပ်တို့ကူညီလိုက်သောသူတောင်းစားတယောက်ပေါ်တွင် သူကကျွန်ုပ်တို့အား၊ တပြားတချပ်မှ ပြန်ပေးရန်မသို့၊ပြန်ပေးရန်မရှိ။ကျွန်ုပ်တို့ကသာသူ့အားပေးရန်ရှိသည်။ အဘယ်ကြောင့်ဆိုသော်သူသည် ဒါနမှုကိုပြုနိုင်ရန် အတွက်တစုံတခုပြုခဲ့သည်ဟူ၍၎င်း၊ ပြုနိုင်သည်ဟူ၍၎င်း၊ ဤသို့ ဤသို့သောသူတို့အား ကူညီခဲ့သည်ဟူ၍၎င်း၊ ယူဆလျှင် လုံးဝမှားယွင်းပေတော့မည်။ ဤစိတ်ကူးသည်ရူးမိုက်သောစိတ်ကူးဖြစ်၏။ ရူးမိုက်သောစိတ်ကူးဟူသမျှသည် ကြေကွဲဝမ်းနည်းခြင်းကိုသာဖြစ်စေ၏။ကျွန်ုပ်တို့သည်တစုံတယောက်ကိုကူညီလိုက်သဖြင့်၊ ထိုသူကကျေးဇူးတင်လိမ့်မည်ဟုမျှော်လင့်၏။ ထိုသူက ကျေးဇူးမတင်ပြန်သောအခါ၊ စိတ်မချမ်းမသာ ဖြစ်ရလေသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ပြုလုပ်ခဲ့သောအမှုအတွက် အဘယ်ကြောင့် အတုန့်အပြန်ကို မျှော်လင့်ခြင်ရ သနည်း။ သင်တို့ကူညီလိုက်ရသောသူကိုကျေးဇူးတင်ပါ၊သူ့ကိုဘုရားသဘွယ်သဘောထားပါ၊ကျွန်ုပ်တို့သည်ဘဝရေလူသားများကိုကူညီရခြင်းဖြင့်ဘုရားကိုပ ပူဇော်ခွင့်ရခြင်းမှာကြီးစွာသောအခွင့်အရေးတခု မဟုတ်ပါလော။ အကယ်၍ကျွန်ုပ်တို့သည်တွယ်တာမှုစင်စစ်ကင်းခဲ့လျှင် အချိုးအနှိုးဖြစ်သောဤသို့မျှော်လင့်ရခြင်းမှ ကင်းပလျှက် က မ္ဘာ ပေါ်တွင် ကောင်း သောအလုပ်ကို ပျော်ပျော်ရွှင် ရွှင် လုပ်နိုင် ရပေမည်။ တွယ်တာစွဲလန်းမှုကင်းစွာဖြင့်ပြုသောအလုပ်အတွက်၊ ပျော်ရွှင်မှုနှင့်

ကြေကွဲမှုများသည် တွေ့ရှိရလိမ့်မည်မဟုတ်။ ကမ္ဘာကြီးသည်သာ ပျော်ရွှင်ခြင်းနှင့် ကြေကွဲခြင်းတို့ဖြင့် ထာဝရသွားပေလိမ့်မည်။

အခါတပါးက ငွေအချို့ကို အလိုရှိသော သူဆင်းရဲတယောက်သည်ရှိ၏။ သူကြားထားသည်မှာ သူရဲတကောင်ကို ဘမ်းနိုင်လျှင် ငွေကိုသော်၎င်း၊ အခြားပစ္စည်းများကိုသော်၎င်း၊ လိုလေသေးမရှိ ရရှိရန် ခိုင်းစေနိုင်မည်ဆို၏။ ထို့ကြောင့်သူသည်သူရဲတကောင်ကိုဘမ်းချင်နေလေသည်။ သူသည် အရပ်တကာသို့ လှည့်လည်လျက်၊ သူရဲတကောင်ပေးနိုင်မည့် သူအားရှာဖွေ၏။ နောက်ဆုံးတွင် ပညာရှိကြီးတယောက်နှင့်တွေ့၏။ ထိုပညာရှိသည် တန်ခိုးလည်းရှိ၏။ သူ၏အကူအညီကိုလည်းပေးနိုင်၏။ ပညာရှိကြီးက သူ့အား သူရဲတကောင်နှင့် ဘာလုပ်မည်နည်းဟု မေး၏။ ထိုအခါ ထိုသူက "ကျွန်တော်သူရဲကိုခိုင်းလိုပါသည်။သူရဲတကောင်ရရန်နည်းပြပါခင်ဗျား၊ ကျွန်တော်လိုချင်ပါသည်။"

ထိုအခါပညာရှိကပြော၏။သင့်ကိုယ်သင်အပူမရှာပါနှင့် အိမ်သို့သာပြန်ပါ" ဟု ဆိုလိုက်၏။ နောက်တနေ့တွင်လည်း ထိုသူဆင်းရဲသည် ပညာရှိကြီး ထံသို့သွားလျက် ငိုကြွေး၍ တောင်းပန်ပြန်၏။ "သူရဲတကောင် ရှာပေးပါခင်ဗျား၊ ကျွန်တော့်ကိုကူညီရန်အတွက်လိုချင်ပါသည်" ဟု တောင်းဆို၏၊ ထိုအခါ ပညာရှိကြီးသည် စိတ်မရှည်တော့သဖြင့် " ရော့-ဤလက်ဖွဲ့ကို ယူသွား၊ ဤစကားလုံးကိုရွတ်၊

သူရဲ လာလိမ့်မည်၊ ထိုသူရဲသည် သင်ခိုင်းသမျှကို လုပ်ပေးလိမ့်မည်။ သို့သော်သတိထား၊ ဤအကောင်မျိုးသည်ကြောက်စရာကောင်းလှသည်၊ မအားတမ်းအလုပ်လုပ်ခိုင်းမှဖြစ်မည်။ ဤသို့မခိုင်းနိုင်သည့်တနေ့၌၊သင့်အသက်ကိုရန်ရှာလိမ့်မည်" ဟုဆိုလိုက်၏။ ထိုအခါသူဆင်းရဲက "ဤအလုပ်မှာလွယ်ပါသည်ခင်ဗျား၊ သူ့တသက်လုံး အလုပ်မပြတ်အောင် ခိုင်းနိုင်ပါသည်" ဟု ပြန်ပြော၏။

ထို့နောက်သူဆင်းရဲသည်တောထဲသို့သွား၏၊ပညာရှိကြီးပြောလိုက်သော စကားတလုံးကို ထပ်တလဲလဲရွတ်၏။ ထိုအခါ ကြီးမားလှသော သူရဲကြီးတကောင် ပေါ်လာလေသည်။ သူရဲကြီးက "ကျွန်တော်သည် သူရဲဖြစ်ပါသည်။ သင်ရွတ်ဆိုလိုက်သောမန္တာန်ကြောင့်၊ ယခုပေါ်လာရပါသည်။ သို့သော် သင်သည် ကျွန်ုပ်အား အစဉ်မပြတ်အလုပ်လုပ်ခိုင်းရပါလိမ့်မည်။ ကျွန်ုပ်အား အလုပ် မပေးနိုင်သည့် တနေ့၌ ကျွန်ုပ်သင့်ကိုသတ်ရပါလိမ့်မည်၊"

ထိုအခါ သူဆင်းရဲက "နန်းတော်တခု ဆောက်ပေးပါ" ဟုဆိုလိုက်ရာ၊သူရဲက "နန်းတော်ကြီးဆောက်ပြီးပါပြီ" ဟု ပြန်ပြောလိုက်၏။ "ပိုက်ဆံတွေယူခဲ့ပါ" ဟုသူဆင်းရဲကပြောရာ " ဟောဒီမှာငွေတွေ " ဟု သူရဲကယူပြ၏။ " ဒီတောကြီးတွေ့ချက်ပြစ်လိုက်၊ တောနေရာ မှာ နန်း တော် တ ဆောင်ဆောက်ပေးပါ " ဟု ပြော ပြန် သော အခါ သူရဲက လုပ်ပြီးကြောင်းပြန်ပြော၏၊နောက်ဘာများလုပ်ရဦးမည်လဲဟုလည်းပြန်မေးလေသည်။

ထိုအခါ ထိုသူသည်ကြောက်လန့်စွာဖြင့် ဤသို့တွေး၏။ "ငါသည်သူ့အား ဘာအလုပ်မျှ ထပ်ပေးနိုင်တော့မည် မဟုတ်၊ ငါခိုင်းသမျှကိုသူသည်မျက်စိတမှိတ်အတွင်းမှာပင် ပြီးအောင်လုပ်နိုင်ပေသည်၊

သူရဲက ထပ်မံ၍ "ကျွန်တော့်ကို တခုခု လုပ်ခိုင်းပါ သို့မဟုတ်လျှင် သင့်ကို စားပစ်ရပါလိမ့်မည်"ဟု ဆိုပြန်၏။ သူဆင်းရဲသည် ဘာကိုမှခိုင်းရန်မတတ်နိုင်တော့ပေ။ အလွန် ကြောက်လန့်၍ ပင်နေ၏၊ ထို့ကြောင့် တဟုန်တည်း ထွက်၍ ပြေးလိုက်သည်မှာ ပညာရှိကြီးထံသို့ ရောက်သွား လေတော့ သည်။ ပညာရှိကြီးအား ဆရာကြီးခင်ဗျား၊ ကျွန်တော့်အသက် ကို ကယ်တော်မူပါဟုတောင်းပန်၏၊ ထိုအခါပညာရှိကြီးက အကျိုးအကြောင်းကိုမေးမြန်းရာတွင် "ကျွန်ုပ်သည်သူရဲကြီး အား၊ ခိုင်းရန်အလုပ်မရှိတော့ပါ၊ ကျွန်ုပ်ခိုင်းသမျှကိုသူသည် ခဏခြင်းပင်ပြီးအောင်လုပ်နိုင်၏။ ကျွန်ုပ် နောက်ထပ် အလုပ် မပေးနိုင်သောအခါ၊ စားတော့မည်ဟု ချိမ်းခြောက် ပါတော့ သည်ခင်ဗျား"ဟု ပြောကြားလေသည်။ ထိုအခိုက်တွင် သူရဲ ကြီးသည်ပေါ်၍လာ၏။ သင့်ကို ငါစားပစ်မည်ဟုကြုံးဝါး လျက် စားတော့မည် တကဲကဲပြု၏။ သူဆင်းရဲသည်အထူးတုန် လှုပ် လျက်၊ ပညာရှိကြီးအား အသက်ကိုကယ်ပါရန် တောင်းပန် ၏။ ပညာရှိကြီးက "ငါသည် သင့်အား နည်းလမ်းတခုပေး မည်၊ ဟိုမှာ အမြီးကောက်နေသော ခွေးတကောင်ကို တွေ့ သည် မဟုတ် လော။ သင့်ဓါးကို ဆွဲထုတ်၍ ခွေးမြီးကို ဖြတ် လိုက်ပါ။ ထို့နောက် သူရဲကြီးကို စန့်အောင် ဆန့်ခိုင်းပါ"ဟု

ဆိုလိုက်သည်။ ထိုသူသည် ခွေးမြီးကိုဖြတ်လျှက်၊ ဒီအမြီးကို စန့်အောင်လုပ်ပေးပါဟု သူရဲကြီးအားပေးလိုက်၏။ သူရဲကြီးသည် ခွေးမြီးကိုယူလျှက် သေသေချာချာ ဖြောင့်အောင်ဆန့်၏။ သို့သော်လက်လွှတ်လိုက်သည်နှင့်တပြိုင်နက်၊ အမြီးသည် ပြန်ကောက်၍သွားသည်။ နောက်တကြိမ် ကြိုးကြိုးစားစား ဆန့်ပြန်သော အခါတွင်လည်း၊ လက်လွှတ်လိုက်နှင့် တပြိုင်နက် ကွေးကောက်၍သွား၏။ ဤသို့အကြိမ်ကြိမ် ဆန့်သော်လည်းကွေး၍ကွေး၍သာသွား၏၊ထို့ကြောင့်ရက်ပေါင်းများစွာကြာသောအခါ သူရဲသည် အင်အားကုန်ခမ်းလျှက် ဤသို့ပြော၏ " ကျွန်ုပ်သည် တသက် လုံး ဤသို့ ဒုက္ခ မတွေ့ဘူးပါ။ အသက်အရွယ်ကြီးမား၊ ဒိုမင်းခဲ့သော်လည်း၊ ဤအခက်အခဲမျိုးနှင့် တကြိမ်မှမကြုံဘူးပါ။ ထို့ကြောင့် သင်နှင့် စေ့စပ်ပြေငြိမ်းလိုပါသည် " ဟု သူဆင်းရဲအား ပြော၏ " သင် ကျွန်ုပ်ကို လွှတ်ပါ ကျွန်ုပ်သင့်အားဖန်ဆင်း ပေးသမျှကိုလည်း ပြန်မယူတော့ပါ သင့်အသက်ကိုလည်း ရန်မရှာတော့ပါ "

သူဆင်းရဲသည်များစွာနှစ်သက်လျှက်ထိုအကြံအစည်ကို ဝမ်းမြောက်ဝမ်းသာလက်ခံလိုက်ရလေသည်။

ဤကမ္ဘာကြီးသည် ခွေးမြီးနှင့်ပမာတူ၏၊ လူတို့သည် နှစ်ပေါင်း ရာပေါင်း များစွာကပင် ထိုအမြီးကို ဖြောင့်တန်းရန် ကြိုးစားခဲ့ကြ၏။ သို့သော် လက်လွှတ် သည်နှင့် တပြိုင်နက် ကွေ့ကောက်မြဲတိုင်း ကောက်သွားပြန်သည်။ ဤသို့မှ တပါးအခြားမည်သို့ဖြစ်နိုင်ပါမည်နည်း။ လူတယောက်သည်

ပဌမဦးစွာ စွဲ လမ်း တွယ်တာမှု ကင်းလျက် မည်သို့ အလုပ် လုပ်ရမည်ကို သိရပေမည်။ သို့မှသာ တယူသန်မဖြစ်ပေလိမ့် မည်။ ကမ္ဘာကြီးသည် ခွေးမြီးကဲ့သို့ အစဉ်ကောက်နေလျက် မည်သည့်အခါမှ ဆန့်၍မရသည်ကို ကျွန်ုပ်တို့သိသော အခါ တယူသန်ဖြစ်ခြင်းမှ ကင်းပေလိမ့်မည်။ ကမ္ဘာလောကကြီး တွင် တယူသန်မှုများမရှိလျှင်ယခုထက်ပို၍ တိုးတက်ပေလိမ့် မည်။တယူသန်ခြင်းဖြင့် လောကကြီး၏ကောင်းကျိုးကိုဖြစ်စေ နိုင်သည်ဟုယူဆခြင်းသည်မှား၏။တနည်းအားဖြင့်ရင်းသည့် ဖဲကြည့်ခြင်းသဘော ရှိ၍။ မုန်းတီးခြင်းနှင့်ဒေါသတို့ကိုဖြစ် စေ၏။ လူအချင်းချင်း တို့အား ခိုက်ရန်ပြုစေ၏။ ထို့နောက် မစာမနာသူများလည်း ဖြစ်စေ၏။ ကျွန်ုပ်တို့ လုပ်သမျှ၊ ပိုင် သမျှသည် အကောင်းဖြစ်လျက်၊ ကျွန်ုပ်တို့ မလုပ်သမျှ၊ မပိုင် သမျှသည် လောကကြီးတွင် တန်ဘိုးမရှိဟု ထင်ကြ၏။ ဤသို့ တယူသန်လိုစိတ် ဖြစ်လာသော အခါတွင် ခွေးမြီးကောက် ၏ ဥပမာကိုပြန်၍သတိရကြပါ။ ကမ္ဘာလောကကြီးအတွက် ပူပင်ကြောင့်ကြလျက်အအိပ်ပျက်အစားပျက်ဖြစ်ရန်မလိုပါ။ ကျွန်ုပ်တို့မပါဘဲ နှင့်လည်း သူ့ခရီးသူ သွားနိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် တယူသန်ခြင်းကို ပယ်ရှားနိုင်သော အခါ တွင်မှ ကောင်းကျိုးကို ဆောင်နိုင်ပေလိမ့်မည်။ အကြင်သူ သည် ၎ ချမ်း တည်ငြိမ် လျက်ရင်း၊ အာရုံ မထွေပြားဘဲ ကောင်းစွာ ဆုံးဖြတ်နိုင်လျက်ရင်း၊ ကြင်နာခြင်း နှင့် မေတ္တာ တရားကြီးမားလျက်ရင်း၊ ဤသို့ဖြစ်သောအခါတွင်မှကောင်း သောအမှုကိုပြုလျက်၊မိမိကောင်းကျိုးကိုဆောင်နိုင်ပေလိမ့် မည်။ တယူသန်သူ ပုဂ္ဂိုလ်ကား၊ ကြင်နာ ခြင်း ကင်းလျက်

ရိုက်မဲခြင်းဖြစ်၏။ သူသည် လောက ကြီးအား၊ ဘယ်အခါမှ ဖြောင့်မှန်အောင် လုပ်နိုင်သူမဟုတ်။ သူကိုယ်တိုင်လည်း၊ စင်ကြယ်ခြင်းနှင့် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်မဟုတ်။

ယနေ့ကျွန်ုပ်ပြောကြားသောဟောပြောချက်မှအရေးကြီးသောအချက်များကိုအချုပ်အားဖြင့်ဆိုလိုပါသည်၊ ပဌမအချက်မှာ ကျွန်ုပ်တို့သည် လောက ကြီး အား ကြွေးဆပ်ရန်ရှိ၏။ လောကကြီးသည် ကျွန်ုပ်တို့အား တစုံတရာ ပေးဆပ်ရန်မရှိဟု စိတ်ထဲတွင် စွဲမှတ်ရမည်။ လောကကြီး အတွက် တစုံတရာ ပြုမူနိုင်ခြင်းမှာ ကျွန်ုပ်တို့၏ ကြီးစွာသော အခွင့်အရေးကြီးဖြစ်၏။ လောကကြီးကို ကူညီခြင်းဖြင့် အမှန်စင်စစ် ကျွန်ုပ် တို့ ကိုယ် ကို ကူညီနေကြ၏။ ဒုတိယအချက်မှာ ဤစကြာဝဠာကြီးတွင် ဘုရားသခင်ဆိုသည်မှာရှိ၏။ စကြာဝဠာကြီးသည် မျောခြင်ရာမျောပါနေသည်ဟူ၍၎င်း။ ကျွန်ုပ်တို့၏ အကျအညီကို၊ လိုအပ်စွာဖြင့်၊ ရပ်တည့်နေသည် ဟူ၍၎င်း၊ ပြောဆိုသော အချက်များမှာ မှားယွင်း၏၊ ဘုရားသခင်သည့် စ ကြာ ဝ ဠာ ကြီး အတွင်း၌ အစဉ် တည် ရှိ၏။ ဘုရားသခင်သည် အိုနာ သေခြင်းကင်းလျက် ထာဝစဉ်တက်ကြွ၏။ အစဉ်သဖြင့် စောင့်ရှောက်၏။ စကြာဝဠာတခုလုံး အိပ်မောကျနေသောအခါ၊ ဘုရားသခင်သည်အိပ်စက်ခြင်းမရှိ၊အစဉ်မပြတ်အလုပ်လုပ်လျက်ရှိ၏။ ကမ္ဘာကြီးတွင် အပြောင်းအလဲများနှင့် သိမြင်ထင်ရှားချက်တို့မှာဘုရားသခင်ကိုမှီ၍ဖြစ်ရ၏။ တတိယအချက်မှာ ကျွန်ုပ်တို့သည်မည်သူ့အားမျှ အမုန်းထားခြင်းမပြုအပ်။ ဤကမ္ဘာကြီးသည် အကောင်းနှင့်အဆိုး ရော

နေ့ရာချက် အစဉ်သဖြင့် ဆက်လက် သွားပေလိမ့်မည်။ ကျွန်ုပ်တို့၏တာဝန်သည် အားနည်းသူများအား ကြင်နာရန်နှင့် အမှားပြုလုပ်မိသူများကိုပင် ချစ်ခင်ရန်ဖြစ်၏။ ကမ္ဘာကြီးသည် ကိုယ်ကျင့်တရားဆိုင်ရာ ကြီးမားသော အားကစားရုံကြီးဖြစ်လျက်၊ ကျွန်ုပ်တို့သည်စိတ်ဓါတ်အားဖြင့် သန်မာသည်ထက် သန်မာအောင် ထိုအားကစားရုံကြီးအတွင်း၌ လေ့ကျင့်ခန်း ယူရပေမည်။ စကေ့ဖွဲ့အချက်မှာ ကျွန်ုပ်တို့သည် မည်သည့်တယူသန် ခြင်းမျိုးမဆို မဖြစ်စေသင့်။ အဘယ်ကြောင့် ဆိုသော် တယူသန်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ဆန့်ကျင်ဘက်ဖြစ်၏။ တယူသန်တို့၏ "ကျွန်ုပ်သည်အကုသိုလ်ပြုသူကို မုန်းတီးသည်မဟုတ်ပါ၊ အကုသိုလ်ကိုသာ မုန်းတီး ပါသည်" ဟု လွယ်လွယ်ပြောလိုက်သော စကားကို ကြားဘူးပေလိမ့်မည်။ သို့သော် မည်သည့်အရပ်တွင် ဖြစ်စေ၊ ထိုပြောသော သူသည်၊ အကုသိုလ်ပြုသူ နှင့် အကုသိုလ်ကို ခွဲခြားလျက် ရှိကြောင်းကို ကျွန်ုပ်တို့အလွယ်အကူ တွေ့နိုင်ပါသည်။ တယူသန်တဦးကဲ့သို့ ဤနှယ် အလွယ် တ ကူ ပြော နိုင် ပါ သည်၊ အကယ်၍ ကျွန်ုပ်တို့သည် အရည်အချင်းနှင့်၊ ပင်ကိုယ်ဝတ္ထုကို ကောင်းစွာခွဲခြားနိုင်လျှင်၊ ကျွန်ုပ်တို့သည်ပြည့်စုံသူများ ဖြစ်ကြပေလိမ့်မည်။ဤအမှုကိုပြုလုပ်ရန်မလွယ်ပါ။ ထို့ထက် ပို၍ ပြောရလျှင် ကျွန်ုပ် တို့ သည် တည်ငြိမ် သည် နှင့် အမျှ ကျွန်ုပ်တို့၏ အာရုံများသည်လည်း၊ မထွေမပြားဖြစ် ပေလိမ့်မည်။ထိုအခါကျွန်ုပ်တို့သည် ပိုမို၍မေတ္တာ ထားတတ်လျက် ပိုမို၍ကောင်းမှုပြုနိုင်ပေလိမ့်မည်။

# အခန်း (၉)

## တွယ်တာမှုသည် လုံ့ဝကိုယ်ကျိုးစွန့်လွှတ်မှုဖြစ်၏။

ကျွန်ုပ်တို့ထံမှ ထွက်ပေါ်သမျှ အပြုအမူများ အားလုံးတို့သည်၊ ကျွန်ုပ်တို့ထံသို့ တန်ပြန်လာသည့်ကဲ့သို့ကျွန်ုပ်တို့၏ အမူများသည်လည်း တပါးသူများအား တွေ့ထိလျက်၊တပါးသူများ၏ အမူများသည်လည်း၊ ကျွန်ုပ်တို့ထံသို့ တွေ့ထိလေသည်။ သင်တို့ အားလုံးတွေ့ဘူးကြလိမ့်မည် ထင်ပါသည်။ အကြင်သူတဦးတယောက်သည် မကောင်းမှုကိုပြုလုပ်သောအခါ၊တစထက်တစ၊ မကောင်းဖြစ်လာတတ်လျက်၊ ကောင်းမှုကို ပြုလုပ်သူမှာ၊ တစထက်တစ ကောင်းမှုကိုသာ လုပ်ဆောင်လာတတ်ကြောင်း၊ အခါခပ်သိမ်း တွေ့ရှိရပေသည်။ ဤသို့ ငါငါဆောင်ရွက်ချက်၏ တိုးတက်လွှမ်းမိုးမှု အကြောင်းကို ကျွန်ုပ်တို့အချင်းချင်း အမှုပြုရာ၌၊ အတုန့်အပြန်သဘောဖြစ်တတ်ခြင်းမှတပါး၊ အခြားနည်းဖြင့် ရှင်းလင်းခြင်းမပြုနိုင်ပေ။ ရူပဗေဒဆိုင်ရာ သိပ္ပံပညာအရ၊ ပုံဆောင်ရသည်ရှိသော်၊ကျွန်ုပ်သည် အမှုတစုံတခုပြုလုပ်နေစဉ်၊ ကျွန်ုပ်၏စိတ်သည်၊ တနည်းတဖုံ လှုပ်ရှားလျက်ရှိ၏။ ဤသို့သော အခြေအနေမျိုးနှင့် ကြုံကြိုက်ရသောစိတ်တိုင်းသည်လည်း၊ ကျွန်ုပ်ကဲ့သို့ပင်၊ လှုပ်ရှားရမည်ဖြစ်၏။

အကယ်၍၊ တူရိယာ မျိုးစုံတို့ကို အခန်းတခုတွင်း၌၊ တသံတည်းတီးမှတ်သော်၊တခုစတင်၍မြည်သည်နှင့်တပြိုင်နက်၊ အခြားတူရိယာများသည်၊ အလားတူအသံမျိုးကိုရရှိစေ

ရန်၊ ခိုက်တုန့်လှုပ်ရှားရမည်ဖြစ်လေသည်။ ထို့ကြောင့်၊ ဖိစီးမှုတခုခုနှင့်ကြုံတွေ့ရသော စိတ်တိုင်းသည်၊ အလားတူစိတ်ရှူးမျိုးတခုခု၏ လွှမ်းမိုးခြင်းကိုခံရပေလိမ့်မည်။ သို့ပင်ဖြစ်သော်လည်း၊ စိတ်တွင်အကြီးအစည်တခု၏ လွှမ်းမိုးချက်မှာ၊ အဝေးအနီးနှင့်၊ အကြောင်းရင်းများကိုလိုက်လျက်၊ ကွဲပြားမည်ဖြစ်၏။ သို့သော်စိတ်မှာမူခံစားရမှုအတွက်၊ အစည်ပွင့်လင်းလျက်ရှိပေသည်။

ဥပမာဆိုပါစို့၊ ကျွန်ုပ်သည်မကောင်းသောအမှုတခုကိုလုပ်၏။ ထိုအခါကျွန်ုပ်၏စိတ်သည် တစုံတရာသောခိုက်တုန်လှုပ်ရှားမှုမျိုး ဖြစ်ပေါ်၏။ စကြာဝဠာ တခုလုံးရှိ၊ စိတ်အပေါင်းတို့လည်း၊ ကျွန်ုပ်ကဲ့သို့ အဖြစ်မျိုးနှင့် ကြုံဆုံရလျှင်၊ ကျွန်ုပ်၏စိတ်ကဲ့သို့ ခိုက်တုန်လှုပ်ရှားရန်၊ အလားအလာရှိပေသည်။

အလားတူပင်၊ ကျွန်ုပ်သည် ကောင်းမှုတခုကို ပြုလုပ်သောအခါ၊ ကျွန်ုပ်၏စိတ်သည် အခြားတနည်းနှင့်၊ ခိုက်တုန်လှုပ်ရှား၏။ ကျွန်ုပ်ကဲ့သို့ကြုံဆုံရသောစိတ်အပေါင်းတို့သည်လည်း၊ ဤနည်းနှင်နှင် ခံစားရပေလိမ့်မည်။ ဤသို့စိတ်တခုကတခုပေါ်သို့ လွှမ်းမိုးခြင်းသည် ခံစားရချက်၏ အနည်းအများပေါ်တွင်တည်ရှိပါသည်။

ဤဥပမာကိုပင် ထားလျက်၊ ရှေ့သို့ ဆက်ရသည့်ရှိသော်၊ အလင်းလှိုင်းများသည် နှစ်ပေါင်း သန်းပေါင်းများစွာ အရာဝတ္ထုတခုခုဆီသို့ မရောက်မချင်း၊ သွားလာနိုင်ကြသကဲ့

သို့၊ စိတ်ကူးလှိုင်းများသည်လည်း၊ နှစ်ပေါင်း ရာပေါင်းများစွာပင်၊ မိမိကြိုဆိုတုံ့ခိုက်စေမည့်၊ အရာဝတ္ထုကိုမတိမခြင်း၊ ခရီးသွားနေပေလိမ့်မည်မှာ လုံးဝဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့၏ အာကာသလောကကြီးသည်လည်း၊ ဤသို့ စိတ်ကူးစေ့ ဆော်ချက်ကလေးများဖြင့်၊ အကောင်းများနှင့်ဖြစ်စေ၊ အဆိုးများနှင့်ဖြစ်စေ၊ ပြည့်နှက်လျှက်ရှိပေလိမ့်မည်မှာ ယုံမှားဘွယ်မရှိပေ။

ဦးချောက်တိုင်းမှ ထွက်လာသော စိတ်ကူးကလေးများသည်၊ မိမိအလိုလိုတဖျပ်ဖျပ်တိုးခတ်လျှက်၊ မိမိအားသင့်မြတ်စွာလက်ခံမည့် အရာဝတ္ထုနှင့်တွေ့သည့်တိုင်၊ လှုပ်ရှားနေပေလိမ့်မည်။ မည်သည့်စိတ်ပင်မဆို၊ ဤသို့တိုးခတ်လှုးလွန့်လျှက်ရှိသော၊ စိတ်အဟုန်ကလေးများကို လက်ခံရန် ဟင်းလင်းဖွင့်ထားသည်။ ၎င်းတို့ကို ရုတ်တရက် ယူမိမည်သာဖြစ်၏။ ထို့ကြောင့်၊ လူတယောက်သည်၊ မကောင်းမှုများကိုပြုလုပ်နေသောအခါ၊ မိမိ၏စိတ်၌တစုံတခုသော ဖိစီးမှုသည်ရောက်ရှိ၍လာ၏။ ထိုဖိစီးမှုနှင့် လျောက်ပတ်သော စိတ်ကူးလှိုင်းကလေးများသည်၊ အာကာသထဲတွင်ရှိပြီး ဖြစ်ရကား၊ ထိုသူ၏စိတ်တွင်းသို့ဝင်ရောက်ရန် ကြိုးစားလေတော့သည်။ ဤသည်မှာ မကောင်းမှုပြုသူတဦး၌၊ မကောင်းမှုကို ဆင့်ကဲဆင့်ကဲဖြစ်လာစေသော အကြောင်းပင်တည်း။ ထိုသူ၏အပြုအမူများသည်လည်း ပိုမိုပြင်းထန်လာ၏။ ကောင်းမှုကိုပြုသောသူအတွက်လည်း အလားတူသော ဖြစ်ရပ်မျိုးနှင့်ကြုံရ၏။ ထိုသူသည် အာကာသထဲရှိ ကောင်းမွန်သောစိတ်ကူးလှိုင်းက

လေးများ ဝင်ရောက်ရန်အတွက် မိမိကိုယ်ကို ဟင်းလင်းဖွင့်ထားပေလိမ့်မည်။ သူ၏ကောင်းမှု လုပ်ငန်းများသည်လည်း များပြားပြင်းထန်လာပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မကောင်းမှုကို ပြုလုပ်မိသည်၌ နှစ်မျိုးသော အန္တရာယ်သည်ဖြစ်ပေါ်၏။ ပထမတမျိုးမှာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှ မကောင်းမှုများ ဝင်ရောက်လာစေရန် မိမိကိုယ်ကို လမ်းဖွင့်ပေးခြင်းဖြစ်၏။ ဒုတိယတမျိုးမှာ နှစ်ပေါင်းများစွာ ကြာခဲ့သည်ကပင်ဖြစ်စေ၊ ကျွန်ုပ်တို့သည် တပါးသူအား မကောင်းမှု အကျိုးများ သက်ရောက်စေရန် ဖန်တီးပေးခြင်းဖြစ်၏။ မကောင်းမှုကို ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိအားရင်း၊ တပါးသူအားရင်း အကျိုးမဲ့ဖြစ်စေလေသည်။ ကောင်းမှုကိုပြုလုပ်လျှင်ကား ကျွန်ုပ်တို့သည် မိမိကိုယ်အားရင်း၊ တပါးသူအားရင်း ကောင်းသောအကျိုးများကိုသာ ဖြစ်ထွန်းစေပေသည်။ ဤသို့သော ကောင်းမှုဆိုးမှုကလေးများသည် လူတွင်ရှိအခြားသော အင်အား များကဲ့ သို့ပြင်ပမှ ဝင်ရောက်လာကြခြင်း ဖြစ်လေသည်။

ကမ္မယောဂတရား၏အလိုအားဖြင့် တဦးတယောက် ပြုလုပ်ခဲ့သော အမှုသည် အကျိုးအပြစ် တည်းဟူသော အရာတခုခုမဖြစ်ပေါ်သမျှ ကာလပတ်လုံး ကြေပြုန်း ပျက်စီးသွားခြင်းမရှိပေ။ ထို့အကျိုးအပြစ်တခုခု မဖြစ်ထွန်းစေရန်လည်း မည်သည့် သဘာဝတရားကမျှ တားဆီးနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်သည် မကောင်းမှုတခုကို ကျူးလွန်သည်ဆိုပါစို့။ ထို

အမှုအတွက်ကျွန်ုပ်သည်မှချခံရပေမည်။ထိုသို့မခံစားရစေရန် ၎င်း၊ ခံစားရခြင်းကိုရပ်တန့်စေရန်၎င်း၊ မည်သည့်အစွမ်းဖြင့်မှ ဤစကြာဝဠာကြီးတွင်ပြုလုပ်နိုင်မည်မဟုတ်ပေ။ အလားတူ စွာပင် ကျွန်ုပ် သည့် ကောင်း သော အ မှု ကို ပြု ကျင့်ပါ ကလည်း ကောင်းသောအကျိုးပေးကို ရရှိစေရန်မှာ မည်သူကမှ တားဆီးပိတ်ပင်ခြင်းငှါ စွမ်း နိုင် မည့်မ ဟုတ် ပါပေ။ ပြုလိုက်သော အကြောင်းကြောင့် ဖြစ်လာသော အ ကျိုး ရှိရပေမည်။ ဤအချက်ကိုလည်းမည်သူကမှ ထိန်းသိမ်းချုပ်နှောင်ထား၍မရနိုင်။

ဤနေရာတွင်ကမ္မယောဂတရားတော်ဆိုင်ရာ အလွန်သိမ်မွေ့၍ လေးနက်သော အပိုင်းသို့ ရောက်ရှိလာပါသည်။ ၎င်းမှာကျွန်ုပ်တို့ပြုလိုက်သောကောင်းမှု၊ ဆိုးမှုဟူသမျှသည် တခုနှင့် တခု နီးကပ်စွာ ပတ် သက် ဆက်သွယ်နေခြင်း အကြောင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ကောင်းမှုနှင့် ဆိုးမှုနှစ်ခုတို့ အကြား၌ ဤအမှုကား ကောင်းမှုသက်သက်ဖြစ်ပေသည်။ ဤအမှုကားဆိုးမှု သက်သက်ဖြစ်ပေသည်ဟူ၍မျဉ်းသားကာ နယ်နိမိတ်ပိုင်း ခြား ခြင်း ငှါ မဖြစ်နိုင်ပါပေ။ ထို့ပြင်လည်း အမှုပြုရာ၌ ကောင်းကျိုးနှင့် ဆိုးကျိုးတို့ တပြိုင်တည်း မ ဖြစ် ပေါ်သော အလုပ်ဟူ၍လည်း မရှိပါပေ။ အနီးဆုံးသော ဥပမာကို ပြရချေသော်-

ကျွန်ုပ်သည်သင်တို့အား စကားပြောဟောလျက်နေ၏။ သင်တို့ထဲမှ အချို့ပုဂ္ဂိုလ်များသည် ကျွန်ုပ်ကိုကောင်းမှုပြုလုပ်နေကြသည်ဟု ထင်မြင်ကြဘွယ်ရှိမည်။ သို့သော် ကျွန်ုပ်သည် တချိန်တည်းမှာပင် လေထဲရှိထောင်ပေါင်းများစွာသော လူ့မျက်စိဖြင့် မမြင်ရသော ပိုးမွှားကလေးများကိုသတ်မိချင်လည်း သတ်မိနေပေလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်သည် အချို့အား မကောင်းမှုကိုဖြစ်စေနေမိပေမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် နီးစပ်လျက်၊ ကျွန်ုပ်တို့သိရှိသော အရာများကို ကောင်းကျိုးဖြစ်စေမှု ဤအမှုသည်ကောင်းသောအမှုဟု ဆိုတတ်ကြ၏။ ဥပမာအားဖြင့် ကျွန်ုပ်၏ ပြောဟောချက်သည် ကောင်းသည်ဟုသင်တို့ကပြောကြမည်။ သို့သော် ပိုးမွှားကမူကားပြောမည်မဟုတ်၊ ပိုးမွှားများကိုလည်း သင်တို့မြင်ရသည်မဟုတ်။ သင်တို့ကိုယ်ကိုသာ သင်တို့ မြင်ကြရသည်။ ကျွန်ုပ်၏ဟောပြောချက်က သင်တို့ကိုမည်သို့အကျိုးသက်ရောက်စေသည်မှာ ထင်ရှား၏၊ ပိုးမွှားများအားမည်သို့အကျိုး သက်ရောက်စေသည်မှာ မျက်မြင်မထင်ရှားပေ။ ဤနည်းနှင်နှင်ပင်လျှင် ကျွန်ုပ်တို့သည် မကောင်းမှုများကိုသရုပ်ခွဲရာ၌ အချို့မှာ တခုခုတနေရာရာတွင်ကောင်းကျိုးများဖြစ်စေသည်ကိုပင် တွေ့ရတတ်ပါသည်။ ကောင်းသောအမှုကိုပြုလုပ်သူသည် ထိုအမှု၌ပင် မကောင်းသော အကျိုးတရားကလေးများကိုတွေ့ရလျက်၊ မကောင်းမှုတို့၏ အလယ်၌လည်း ကောင်းမှုကလေး တချို့တလေကို တွေ့ရခြင်းမှာ အလုပ်၏ လျှို့ဝှက်ချက်ဖြစ်ပေသည်။

ထိုအချက်မှမည်သို့သော အဆက်အစပ်များရှိပါသနည်း။မည်သို့ပင် ကျွန်ုပ်တို့ကြိုးစားစေကာမူလုံးဝစင်ကြယ်သည်ဟူသောအမှုမျိုးသည့်မရှိ။ လုံးဝ မစင်ကြယ်ဟူသော အပြစ်မျိုးသည်လည်း မရှိပေ။ စင်ကြယ်သည်၊ မစင်ကြယ်သည် ဆိုရာ၌ အကျိုးပေး ကောင်းခြင်း နှင့် . အကျိုးပေး မကောင်းခြင်းတို့ကို ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် တပါးသူအား မထိခိုက်စေဘဲ အသက်ရှင်နေထိုင်၍ ရသည်မဟုတ်၊ ကျွန်ုပ်တို့ စားနေသော အစာများသည်ပင် လူများခံတွင်းမှ ရယူခဲ့ကြခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ အသက်ဆက်ရေးအတွက် ရာပေါင်းများစွာသော အသက်များသည်လည်း ပျက် ပြုန်းရ၏။ ၎င်းတို့သည် လူသော်၎င်း၊ တိရစ္ဆာန် သော်၎င်း၊ ပိုးမွှားများသော်၎င်း၊ တမျိုးမျိုးသည် ကျွန်ုပ်တို့အတွက်အထိုးအသိပ်ခံနေရပေသည်။ ဤသို့သော ဖြစ်လျှင်ထို့စိတ်အတိုင်းမှာ အလုပ်လုပ်ခြင်းဖြင့်ပြည့်ဝကုံလုံမှုကိုမည်သည့်အခါမျှ ရနိုင်မည်မဟုတ်။ ကျွန်ုပ်တို့သည် ထာဝရ အလုပ်လုပ်ကြရမည် ဖြစ်သော်လည်း ဤနက်နဲ ရှုပ်ထွေးလှသော ဝက်ဘာခရီးမှ အပြီးထွက်ရန် လမ်းစကို ရလိမ့်မည်မဟုတ်။ အလုပ် ကို ဆက်၍သာ လုပ် ကိုင် သွား ရမည် အကောင်း နှင့် အဆိုး ပေါင်းစပ်နေသော လုပ်ငန်း၏အကျိုးများကား ခရီး ဆုံးဦးမည်မဟုတ်တော့။

နောက်တချက် စဉ်းစား ဆင် ခြင် ရန် မှာ အလုပ်၏ စခန်းဆုံးသည် အဘယ်နည်းဟူ၍ပင်ဖြစ်၏။

ကျွန်ုပ်တို့ တွေ့ရှိရသည်မှာ နိုင်ငံ ပေါင်း များစွာရှိ လူအတော်များများကပင် တနေ့တွင် ကမ္ဘာကြီးသည်ရောဂါဘယ၊ သေခြင်းတရား၊စိတ်ဒုက္ခရောက်ခြင်း၊ လှည့်ပတ်ကွေ့ကောက်ခြင်းစသော သဘောတို့ကင်းလျက်ပြည့်စုံချမ်းသာသောအဖြစ် သို့ ရောက်ရှိလိမ့်မည်ဟု ထင်ထားကြ၏။ ထိုအထင်မှာ အလွန်ကောင်းမွန်သော စိတ်ကူးဖြစ်ပါ၏။ မသိနားမလည်သူတယောက်အား ပင့်မြှောက်အားပေးရန်လည်း အကောင်းဆုံးသောအကြံဉာဏ်ဖြစ်ပါ၏။ သို့သော်ထိုစိတ် ကူးကိုတခဏမျှဆင်ခြင်ကြည့်လျှင်ပင် ဤသို့ဖြစ်နိုင်ကြောင်းကိုအထင်အရှား တွေ့ရှိရ ပါလိမ့်မည်။ ဒင်္ဂါး၏ မြောက်နှင့်ပန်းကဲ့သို့ဖြစ်လျက်ရှိသော အဆိုးနှင့်အကောင်း တို့သည် ဤသို့မည်ပုံ ဖြစ်လာပါမည်နည်း။ အဆိုး မပါဘဲနှင့် အကောင်းသက်သက်ကို တချိန် တည်းတွင် အဘယ်သို့ ရရှိနိုင်ပါ မည်နည်း။ ပြည့်စုံသောဘဝဆိုသည်မှာ ဝေါဟာရအားဖြင့်ပင်ဆန့်ကျင်နေပါသည်။ ဘဝ ဆိုသည် မှာလည်း ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တို့၏အဆက်ဆက်ရုန်းကန်လှုပ်ရှားနေရချက် အခြေတရပ်ဖြစ်ပါသည်။အချိန်တိုင်းအချိန်တိုင်းမှာပင် ကျွန်ုပ်တို့သည်ပြင်ပအင်အားစုများအားချခံတိုက်ခိုက်နေကြရ၏။ ကျွန်ုပ်တို့ ထိုတိုက်ပွဲတွင် ရှုံးသည်နှင့်တပြိုင်နက်အသက်ကိုပေးရပေလိမ့်မည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည်အစာရေစာနှင့် အသက်ရှူရန်လေအတွက် ရုန်းကန်နေရ၏။ အစာ သို့မဟုတ် ရှူရန်လေကိုမရလျှင် ကျွန်ုပ်တို့ သေကြရပေလိမ့်မည်။ ဘဝဆိုသည်မှာ ရိုးရိုးတန်းတန်းနှင့် ချောချောမောမော ဖြစ်နေသော အရာတခုမဟုတ်ပါ၊ရင်းသွင်းရှုပ်ထွေး

သော အကျိုးတရားများပါပါသည်။ကိုယ်တွင်းရှိတရုတ်စာရာ နှင့်ပြင်ပရှိ လောကတို့ ထွေးလုံးရစ်ပတ် ရုန်းကန် လှုပ်ရှား နေရခြင်းကိုပင်လျှင် ဘဝဟုခေါ် ဆိုရပါသည်၊ ထို့ကြောင့် ဤသို့သော ရုန်းကန် လှုပ်ရှားမှု ရပ်စဲသည်နှင့် တပြိုင် နက်၊ ဘဝသည်လည်း အဆုံးသို့ရောက်ရပေလိမ့်မည်။

ဤသို့သော ရုန်းကန်းလှုပ်ရှားမှု၏ အဆုံးသည် ပျော် ရွှင်ခြင်း၏ စံပြသဘောမည်ပေသည်။ သို့သော်ရုန်းကန် လှုပ် ရှားမှုကင်းလျှင် အသက်လည်း ရပ်စဲသောကြောင့် ဘဝဆုံးရ ပေမည်။ ကျွန်ုပ်တို့သိရှိခဲ့သည်မှာ ကမ္ဘာကြီးကိုကူညီလျက် ရှိခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကိုကူညီလျက်ရှိကြ ခြင်းဖြစ်၏။ အခြားသူတို့အား ထာဝစဉ် ကောင်းကျိုးဆောင် နေခြင်းဖြင့် ကျွန်ုပ်တို့သည် မိမိကိုယ် ကို မေ့ ပျောက် ရန် ကြိုးစားနေကြ၏။ ဤသို့ မိမိ တို့ ကိုယ် ကို မေ့ ပျောက် ခြင်း အကြောင်းသည် ဘဝတွင် လေ့လာအပ်သော သင်ခန်းစာ ကြီးတခုဖြစ်၏၊ လူတို့သည်မိမိတို့ပျော်ရွှင်စွာနေနိုင်လိမ့်မည် ဟု မှုးမှုးရှူးရှူး အထင်ရောက်ခဲ့ကြ၏။နှစ်ပေါင်းများစွာကြိုး စား အားထုတ်ခဲ့ပြီးခါမှ ပျော်ရွှင်ခြင်း အစစ်သည် အတ္တဟူ သော ပင်ကိုယ်စိတ်ကို သတ်ခြင်းဖြင့်သာလျှင် ရနိုင်မည်ကို တွေ့ကြ၏။ မိမိမှတပါးအခြားသူသည် မိမိကိုယ်ကိုပျော်ရွှင် အောင်မပြုလုပ်နိုင်သည်ကိုလည်းတွေ့ရှိကြ၏။

ကုသိုလ်ကောင်းမှုကလေး တိုင်းသည်ရင်း၊ ကြင်နာ တရားကလေး တိုင်းသည်ရင်း၊ ကူညီ စောင် မမှု ကလေး တိုင်းသည်ရင်း၊ မိမိတို့ကို ရေးကြီး ခွင်ကျယ်ပြုသော စိတ်

ကလေးများကို ကျွန်ုပ်တို့ကိုယ်မှ ဖခွာဆောင်ကြဉ်သွားကြသေးသည်။ ကျွန်ုပ်တို့အားလည်း အနှိမ့်ချဆုံးအရေးမကြီးဆုံးပုဂ္ဂိုလ်များအဖြစ် အထင်ရောက်စေ လေသည်။ ထို့ကြောင့်သိုအမှတိုင်းသည် ကောင်း၏။ ဤနေရာဘွင်ပင် ဥာဏ၊ဘတ္တိနှင့်ကမ္မဟူသော တရားသုံးပါးတို့သည် အကြောင်းတခုတွင်ဆုံစည်းကြလေသည်။ အမြင့်ဆုံးသောတရားမှာ ကိုယ်ကျိုးစွန့်လွှတ်ခြင်းဖြစ်၏။ "ငါ" ဟူသော အရောကင်းလျက် "သင်" ဟူသောအရောသာအားလုံး ဖြစ်စေရမည်ဖြစ်၏။ သို့ဖြစ်လျှင် အကြွင်သူသည် သိမြင်သည် ဖြစ်စေ၊ မသိမြင်သည်ဖြစ်စေ၊ ကမ္မယောဂသည် ထိုသူအား ယင်းသို့သော အဆုံးသို့ ဦးဆောင်လမ်းပြ ပေလိမ့်မည်။

ဘာသာရေးတရား ဟောဆရာ တဦးပင်လျှင် သူ ငါ မဟုတ်သောဘုရားအကြောင်းကိုကြားလျှင် အံ့ဩသွားပေလိမ့်မည်။ ထိုဆရာသည်ပုဂ္ဂိုလ်ဖြစ်သော ဘုရားအကြောင်းကိုသာပြောဆိုလျက်မိမိကိုယ်ကိုရင်း ဘုရားနှင့်ထပ်တူကိုယ်စားပြု၍ မိမိဆိုလိုသော အဓိပ္ပါယ်ကို ပြောပေလိမ့်မည်။ သို့ငြားလည်းသူ၏တရားသည်ကောင်းပင်ကောင်းငြားသည်ဆိုဦးတော့ အမြင့်ဆုံး ဖြစ်သည့် ကိုယ်ကျိုးစွန့်လွှတ်သောတရားကိုအခြေထားနိုင်မည်မဟုတ်ပေ။

ကိုယ်ကျိုးစွန့်လွှတ်ခြင်းသည် လူ့ကျင့်ဝတ်တကာတွင် အခြေခံဖြစ်၏။ ၎င်းကိုလူအား၎င်း၊ တိရစ္ဆာန်အား၎င်း၊ နတ်တို့အား၎င်း ဖြန့်ချိနိုင်၏။ ဤတရားသည် အခြေခံကြီး ဖြစ်၏။

လူကျင့် တရားတကာတို့၏ ပင်မကျောရိုးကြီး တရပ်လည်း ဖြစ်ပေသည်။

ဤကမ္ဘာကြီးတွင် လူအသီးသီးကို တွေ့ရှိ ရပေလိမ့်မည်။ ပဌမလူစားမှာ ဘုရားတပည့်ဖြစ်၏။ကိုယ်ကျိုးစွန့်မှုနှင့်လည်းပြည့်စုံ၏။မိမိတို့၏အသက်ကိုစွန့်လှူ၍ပင်တပါးသူ၏ကောင်းကျိုးကိုလည်းပြု၏။ထိုသူတို့သည်အမြတ်ဆုံးသောလူစားများဖြစ်ကြပေသည်။ ဤလိုလူမျိုးရှေးပေါင်း အခေါ်များများရှိသောတိုင်းပြည်တွင်စိတ်ပျက်ဝမ်းနည်းဘွယ်ဒုက္ခများကင်းပလေတော့မည်။သို့သော်လည်းထိုပုဂ္ဂိုလ်မျိုးကားရှားပါးလှပါဘိသည်။

နောက်တမျိုးသော လူစားမျိုးကား လူကောင်းများပင်ဖြစ်၏။ သို့သော်မိမိအကျိုးကို မထိခိုက်သမျှကာလ ပတ်လုံးသာ တပါးသူများ၏ကောင်းကျိုးကိုပြု၏။ တတိယအမျိုးအစားဖြစ်သော လူများကား မိမိတို့၏ကောင်းကျိုးအတွက် တပါးသူအားထိခိုက်နစ်နာစေတတ်သောသူများဖြစ်၏။

သက္ကတ ဘာသာ က ဗျာ ကဝိ ကြီး တဦး ကမူ အမျိုးအမည် မဖေါ်ပြနိုင်သော စတုတ္ထ အမျိုးဖြစ်သည့် လူတမျိုးလည်းရှိသေးသည်ဟုဆို၏။ ထိုသူမျိုးတို့ကားတပါးသူအားအကျိုးထိပါးစေလိုသည့်အတွက် သက်သက်မကောင်းမှုကိုပြုလုပ်တတ်သောသူများပေတည်း။

ကောင်းကျိုးကို ဖြစ်စေလိုသည့်အတွက် တပါးသူအား ကောင်းမှုဖြင့်ပြုရကြသောအမြင့်အမြတ်ဆုံး လူမျိုးတို့

နှင့် ယှဉ်လိုက်လျှင်မကောင်းမှု သက်သက် ကို ပြုလုပ်တတ် သောသူတို့မှာ ကမ္ဘာကြီးတွင် တောင်ဝင်ရိုးစွန်းနှင့်မြောက် ဝင်ရိုးစွန်း ခြားနားနေ သကဲ့သို့ တ ဘာ သာ စီ ဖြစ် ကြ ၏။ မကောင်းမှုပြုလိုသူများသည် မကောင်းမှု ပြုရသည့်အတွက် မည်သည့်အကျိုးကျေးဇူးမျှ ရရှိသည် မဟုတ်ကြ၊ သဘာဝ ကိုယ်၌က မကောင်းမှုပြုလိုကြ၍ လုပ်ဆောင်ကြခြင်းဖြစ်ပေ သည်။

သင်္ကြင်ဘာသာတွင်စကားနှစ်လုံးရှိပါသည်။ တလုံး မှာ ပရဝိရထိ (**Pravritti**) ဟူ၍ဖြစ်လျက် အလယ်ချက် (ဝါ) ဗဟိုချက် သို့ ချဉ်း ၍ လည် ပတ် သော၊ ချဉ်း ကပ် သောဟူ၍ အဓိပ္ပါယ်ရပါသည်။ အခြား တလုံးမှာ နိဝိရထိ (**Nivritti**) ဟူ၍ဖြစ်လျက် ဗဟိုချက်မှ ဆုတ်ခွါ၍ ထွက်သော ဟူသည့် အဓိပ္ပါယ်ရပါသည်။ ပရဝိရထိမှာ "သင်" နှင့် "ငါ" တို့ကို ပေါင်းထုပ်ထားသောကမ္ဘာကြီးဖြစ်ပါ၏။ ထိုကမ္ဘာကြီးထဲ တွင် "ငါ"ဟူသောအပုဒ်ကို စီးပွါး၊ ငွေကြေး၊ အာဏာ၊ အမည်ထင်ရှားမှုတို့ဖြင့် နှောင်ဖွဲ့စေလျက် အလယ်ချက်တခု ထည်း အားလုံးကိုပေါင်းရုန်း၍ "ငါ"ဟူသော ပတ်လည်၌ စိုင်းရုံစေသည့်သဘောဖြစ်၏။ ၎င်းသည် ပရင်ရထိ ဟူသော လူတိုင်း၏ထားရှိတတ်သော ပင်ကိုယ်သဘောဖြစ်၏။ အရာ အားလုံးကို နေရာအနှံ့အပြားမှ ယူငင်လျက် အချက် အချာ နေရာတွင် စုပုံစေ၏။ ထိုအချက်အချာနေရာကား လူ၏ချိုမြိန် သော အတ္တကလေးပင်ဖြစ်ပေသည်။

ထိုသို့သောလုပ်ငန်းအစဉ်သည်အဆက်ပြတ်သွားပြီးနောက် နိဂိရတိသည် ဖြစ်ပေါ်သောအခါ ကိုယ်ကျင့်တရားနှင့်ဘာသာရေးသည် စတင်လာ၏။ ပရိဗိရတိ နှင့် နိဗိရတိတို့သည် အလုပ်၏သဘာဝတွင် တည်နေ၏။ ပဌမသည် အခဆိုးဖြစ်၏။ ဒုတိယသည်အကောင်းဖြစ်၏။ နိဗိရတိသည်ကိုယ်ကျင့်တရားများနှင့် ဘာသာတရားတို့၏ အခြေခံအုတ်မြစ် ဖြစ်၏။ ၎င်းကို ပြည့်ဝ စေခြင်း စင်စစ်မှာ ကိုယ်ကျိုး စွန့်လွှတ်ခြင်း၊ ကိုယ်စိတ်တို့ကို စွန့်လှူရန် အသင့်ဖြစ်ခြင်း၊ အရာအားလုံးကို တပါးသူအတွက် စွန့်လှူရန်အသင့် ဖြစ်ခြင်းတို့ပင် ဖြစ်လေသည်။ အကြင်သူတဦးတယောက်သည် ဤအဆင့်သို့ရောက်ရှိပါက ကမ္မယောဂ၏ပြည့်စုံခြင်းသို့ ရောက်ရှိပေသည်။ ဤသည်ပင် ကောင်းမှုပြုခြင်းများ၏ အမြင့်မြတ်ဆုံးအကျိုးများဖြစ်လေသည်။ အကြင်သူတယောက်သည် အဘိဓမ္မာပညာကို မသင်ကြားခဲ့ရလျှင်ဖြစ်စေ၊ ဘုရားကိုမယုံကြည်ခဲ့၊ မယုံကြည်ဘူးခဲ့လျှင်ဖြစ်စေ၊ တသက်တာတွင် တခါမျှဝတ်ပြုဆုတောင်းခဲ့ဘူးခြင်းမရှိသည်ဖြစ်စေ၊ မိမိသည် ကောင်းမှုများကိုပြုလုပ်ပြီး၍တပါးသူအတွက်မိမိအသက်နှင့်ဥစ္စာပစ္စည်းတို့ကိုပေးလှူရန်အသင့်ရှိပါက၊ဘာသာရေးသမားသည် မိမိ၏ဝတ်ပြုဆုတောင်းမှုဖြင့် အောင်မြင်သည်ဖြစ်ကာ၊အဘိဓမ္မာဆရာသည်မိမိ၏နာနာနယပညာဖြင့်အောင်မြင်သည်ဖြစ်ကာ ရောက်ရှိသောအဆင့်သို့ ထိုသူသည် ရောက်ရှိနိုင်ပေသည်။ ထို့ကြောင့်အဘိဓမ္မာဆရာဖြစ်စေ၊ အလုပ်သမား ဖြစ်စေ၊

ဝတ်ပြုသူဖြစ်စေရင်းတို့သည့်တနေရာတည်းသို့ ရောက်ရှိနိုင်ကြပေသည်။ ထိုတနေရာကား ကိုယ်ကျိုး စွန့်လွှတ်နိုင်မှု ဟူသောအဆင့်ပေတည်း။

ဘာသာအယူဝါဒနှင့် လက်ခံ ယုံကြည်သော အဘိဓမ္မာတရားတို့ ကွဲ လွဲသည့်ပင် ဖြစ်စေကာမူလည်း လူတို့သည် မိမိကိုယ်ကိုအခြားသူတပါးအတွက်၊ စွန့်လှူ လိုသောသူတဦး၏ရှေ့တွင် ရိုသေခန့်ညားစွာ နေတတ်ကြလေသည်။ ဤနေရာတွင်၊ ဘာသာအယူ ဝါဒဟူသည့်မှာ အကြောင်းမဟုတ်။ ဘာသာရေးဟူသမျှကို လုံးလုံးဆန့်ကျင်သောသူများပင်၊ ကိုယ်ကျိုးစွန့်လွှတ်သောအမှုကို ပြုကျင့် သူအား တွေ့ရှိပါကရိုသေလေးစားအပ်ကြောင်းသိရှိကြလေသည်။အလွန်အယူသီးသော ခရစ်ယာန်တဦးသည်၊စာရေးဆရာကြီးအက်ဒွင်အာနိုးရေးသည့်''အာရှ၏ မီးရှူးတန်ဆောင်'' ခေါ် စာအုပ်ကိုဘတ်ပြီးလျှင် ဘုရား သခင် အကြောင်း မဟောဘဲ၊ ကိုယ်ကျိုး စွန့်လွှတ် မှုကိုသာ ဟောပြောသော ဗုဒ္ဓမြတ်စွာအား ရိုသေလေးမြတ် လာလေသည်။ ထိုအယူ သီးသူသည် မိမိ၏ပန်းတိုင်နှင့်မိမိနှင့်ဘာသာ ကွဲပြားလျက်ရှိသော သူတို့၏ ဘဝပန်းတိုင်မှာမခြားနားဘဲတညီလျက်သည်ကို မသိရှိခြင်းပင်ဖြစ်လေသည်။ ဘုရားဝတ်ပြုသူတဦးသည် ဘုရားဟူသောအမည်နှင့်ကောင်းသောပတ်ဝန်းကျင် ဟူသော အမြင်တို့ကိုထာဝစဉ်ထားရှိကာနောက်ဆုံးတွင်''သင့်ကိစ္စ ပြီးမြောက်စေရမည်''ဟုဆိုလျက်၊ မိမိအဘို့ဘာမျှသိမ်းဆည်းမထားရှိချေ။ ထိုအရာသည်ကိုယ်ကျိုးစွန့်လွှတ်မှုဖြစ်၏။

အဘိဓမ္မာ ဆရာ တဦးသည်၊ မိမိ၏ နည်းပညာဖြင့် အထွတ်ပကူသောအမြင်မှာမှားယွင်းသည်ဟုသိရှိလျက်၊လွယ်ကူစွာ စွန့်လွှတ်လိုက်လေသည်။ ယင်းသည်လည်း ကိုယ်ကျိုးစွန့်လွှတ်မှုဖြစ်၏။ ထို့ကြောင့် ဤနေရာတွင် ကမ္မ၊ ဘတ္တိနှင့် ဉာဏတို့သည်တနေရာတည်းတွင်ဆုံမိကြလေသည်။ ဤအချက်မှာ ရှေးနှစ်ပေါင်း များစွာက ဆရာ့–ဆရာ ကြီး တို့က ဘုရားရှင်သည် လောကကြီးမဟုတ်ဟု ဟောကြား ညွှန်ပြချက်များ၏ဆိုလိုရင်းသဘောပင် ဖြစ်လေသည်။ ဘုရား ဆိုသည်မှာ သပ်သပ်ဖြစ်၏။ လောကဆိုသည်မှာလည်းအခြား သပ်သပ်ဖြစ်၏။ ဤနှစ်ခုခြားနားချက်မှာ အလွန် မှန် ကန် ၏။ ထိုဆရာကြီးတို့၏ ဟောပြောချက်မှာ လောက ကြီးသည် ကိုယ်ကျိုးရှာမှုပင်ဖြစ်၏။ကိုယ်ကျိုးမရှာမှုသည်ဘုရားသဘာဝဖြစ်၏။အကြင်သူတယောက်သည် ရွှေအိမ် ရွှေနန်းနှင့်ရင်း၊ ထီးနန်းပလ္လင်ဖြင့်ရင်း၊ စိုးစံ နေထိုင် ရသည် ဖြစ်လျက်၊ ကိုယ်ကျိုးငဲ့ကွက်ခြင်းမရှိသော်၊ ထိုသူသည်ဘုရား၌ ဆည်း ကပ်မှီခိုသူဖြစ်၏။ အခြားသူတဦးသည် တဲပုတ်၌နေလျက်၊အဝတ်စုတ်ကိုဝတ်ခါပင်လည်း တပြားတချပ်မျှမရှိပါဘဲလျက်၊ ကိုယ်ကျိုးငဲ့ကွက်ခြင်းရှိလျှင်၊ ထိုသူသည်လောကနှင့် ရောနှောနေသူပင်တည်း။

ကျွန်ုပ်တို့ မူရင်းပြောခဲ့သော အချက်ကြီးများကို ပြန်ကောက်ကြပါစို့။ ကျွန်ုပ်တို့သည် တချိန်တည်းမှာပင် အကောင်းကိုလုပ်ရာ၌၊ အဆိုးအနည်းငယ်မပါဘဲ မဖြစ်နိုင်။ အဆိုးကိုလုပ်ရာ၌ အကောင်းအနည်းငယ်မပါဘဲမဖြစ်နိုင်ဟု

ပြောခဲ့ကြသည်။ ဤအချက်ကိုသိရှိကာ၊ ကျွန်ုပ်တို့မည်သို့
အလုပ်လုပ်ကြမည်နည်း။

ထို့ကြောင့်ပင်လျှင် ကမ္ဘာပေါ်ရှိ အချို့ဘာသာများ
က အံ့အားသင့်ဖွယ် ကောင်းအောင် သဘာဝ မကျသော
နည်းဖြင့်၊ မိမိတို့ကိုယ်ကိုလုံးပါးပါးစေခြင်းဖြင့်သာသံသရာ
မှ လွတ်မြောက်စေရန်အကြောင်းတရပ်ဖြစ်သည်ဟု ပြောခဲ့
ကြသည်။ အဘယ်ကြောင့် ဆိုသော် လူတယောက်သည်
အသက်ရှင်နေနိုင်ရန်အတွက် တိရိစ္ဆာန်များကို၎င်း၊သစ်ပင်
များကို၎င်း၊ သတ်ဖြတ်လျက်တစုံတရာ အနာတရ ဖြစ်စေရ
မည်မှာသေချာသောကြောင့်ပင်တည်း။ထို့ကြောင့်ထိုသူတို့
၏ အလိုအားအားဖြင့် သံသရာမှ လွတ် မြောက် ရေး သည်။
သေခြင်းတရားသာဖြစ်၏။ကျိန်းဘာသာဝင်တို့သည်ဤအချက်
ကို၎င်းတို့၏ အမြင့် ဆုံးသော တရားအဖြစ် ဟော ပြော ခဲ့
ကြသည်။ ဤဟောပြောချက်မှာတက္ကဗေဒနည်းအလွန်ဆန်
၏။ သို့ငြားလည်းတကယ် အမှန်ကိုမူ၊ ဘဂဝတ်ဂီတာကျမ်း
ကြီးထဲ၌ တွေ့ရ၏။ ၎င်းမှာတွယ်တာစွဲလန်းမှုကင်းသော သ
ဘောတရားကိုပြဆိုထား၏။ ဘဝတွင်လုပ်ငန်း ဆောင်ရွက်
နေစဉ်၌ မည်သည့်အရာကိုမျှမတွယ်တာမစွဲလန်းရေးဖြစ်၏။
ကမ္ဘာလောကထဲတွင်ရှိသော်လည်း၊ မိမိသည်လောကကြီး
နှင့်သီးခြားနေသည်ဟုယူမှတ်ရမည်။ ဘာမဆိုမိမိပြုလုပ်နေ
သော်လည်း၊ မိမိကိုယ် ကျိုး အတွက် ပြုလုပ်သည် မဟုတ်၊
မည်သည့်အမှုမျိုးမဆို၊ မိမိ၏ကိုယ်ကျိုးအတွက်ပြုလုပ်သည်
မှန်လျှင် ထိုအမှု၏အကျိုးသက်ရောက်မှုသည်မိမိနှင့်သာပတ်

သက်ပေလိမ့်မည်။ ထိုအမှုသည် ကောင်းသောအမှု ဖြစ်ပါက ကောင်းသောအကျိုးကိုသင်ယူရမည်၊ ဆိုးသောအမှုဖြစ်ပါကလည်း ဆိုးသော အမွေကို သင်ခံရမည်။ သို့သော်လည်း မည်သည့်အမှုကိုမဆိုမိမိအကျိုးအတွက် မလုပ်သည်မှန်လျှင် မည်သည့် အမှုမျိုးပင် ဖြစ်စေ၊ မိမိအပေါ်၌ အပြစ်သက်ရောက်မှုမရှိနိုင်ပေ။

သင်တို့၏ကျမ်းစာများထဲ၌ အောက်ပါ သဘောကို ထင်ရှားစွာဘော်ပြထားသော စာတကြောင်းကို တွေ့ရပါလိမ့်မည်။ ၎င်းမှာ "အကြင်သူသည် စကြဝဠာ တခုလုံးကို သတ်ဖြတ်လျက်သော်၎င်း၊မိမိကိုယ်တိုင် သေသွားလျှင်သော်၎င်း၊မိမိအတွက်ဆောင်ရွက်ချက်မဟုတ်သည်ကိုကောင်းစွာသိမြင်ပါက၊ထိုသူသည် သူသတ်သမားမမည်ရာ။အသတ်ခံရသူလည်းမမည်ရာ"

ကမ္မယောဂကလည်း ဤသို့ သွန်သင် ပြသည်မှာ "လောကကြီးကိုမစွန့်ပါနှင့်၊လောကကြီးတွင် နေပါ၊ သင်တတ်နိုင်သမျှ လောကကြီး၏ လွှမ်းမိုးမှုများကိုနှလုံးသွင်းပါ။ သို့သော်၎င်းသည် သင်၏ပျော်ရွှင်မှု သက်သက်သာ ဖြစ်ပါက၊ဤသို့ဘယ်အခါမှုမပြုပါလေနှင့်"ပျော်ရွှင်မှုသည်မိမိ၏ပန်းတိုင်မဖြစ်စေသင့်ပေ။ ပဌမဦးစွာမိမိ၏ အတ္တကို သတ်ရမည်။ ထို့နောက်ကမ္ဘာ လောကကြီးတခုလုံးအား၊ မိမိကိုယ်နှင့် မခြား သဘောထားရမည်။ ခရစ်ယာန်သက်ကြီးရွယ်ကြီးများပြောကြသကဲ့သို့ "သူအိုကြီးသည် သေရမည်မလွဲ"ဟု

ယူဆရမည်။ ထိုသူအိုကြီးကား အခြားမဟုတ်၊ လောကကြီး တခုလုံးအား မိမိ၏ပျော်ရွှင်မှုဟု သဘောထားသောအတ္တ စိတ်ပင်ဖြစ်ပေသည်။

မိုက်မှားသော မိဘတို့သည်၊ မိမိ၏ သားသမီးများ အား၊ ဤသို့ ဝတ်ပြုဆုတောင်းရန် သင်ပေးကြ၏။ "အို........ ဘုရားသခင်၊ အရှင်သည် ကျွန်ုပ်တို့အတွက် ဤနေနှင့်ဤလ တို့ကို ဖန်းဆင်းပေးခဲ့ပါပြီ"ဟု ဆိုစေကာ ဘုရားရှင်သည် ထိုကလေးငယ်များအတွက်အရာရာဖန်ဆင်းပေးရန်မှတပါး အခြားအလုပ်မရှိ ဟူသော သဘော ရောက်အောင် သင်ပြ နေကြ၏။ သင်တို့၏ ကလေးသူငယ်များကို၊ ဤသို့အဓိပ္ပါယ်မဲ့ သောအရာများသင်ကြား မပေးစေလိုပါ၊ ထိုမှတပါးလည်း အခြားနည်းဖြင့်ရူးမိုက်ကြသောသူများရှိသေး၏။ ထိုသူတို့က တိရိစ္ဆာန်များအားလုံးသည်ကျွန်ုပ်တို့သတ်ဖြတ်စားသောက် ရန်ဖန်ဆင်းထားလျက်ကမ္ဘာကြီးမှာလူတို့ပျော်ရွှင်မြူးတူးရန် အတွက်ဖြစ်သည်ဟု ပြောပြောသင်ကြ၏။ ဤအချက် အား လုံးတို့သည်ရူးမိုက်မှုဖြစ်၏။ ဤပုံဆိုလျှင် ကျားတကောင်က "လူတို့သည်ကျွန်ုပ်၏အတွက် ဖန်ဆင်းထားခြင်းဖြစ်၏" ဟု ဆိုလျက်၊ "အို-ဘုရားသခင်၊ လူများသည်အဘယ်မျှကောက် ကျစ်ကြပါသနည်း၊ သူတို့သည်ကျွန်ုပ်၏ထံသို့ အစားခံရန် မ လာကြပါ၊ အရှင်ဘုရား၏ ဥပဒေသကို ချိုးဖေါက်နေကြပါ သည်"ဟုဆုတောင်းပေ လိမ့်မည်။ကမ္ဘာလောကကြီးသည် ကျွန်ုပ်တို့အတွက်ဖန်ဆင်းထားသည်မှန်လျှင် ကျွန်ုပ်တို့သည် လည်းကမ္ဘာကြီးအတွက်ဖန်ဆင်းထားခြင်းခံရသူများ ဖြစ်၏။

ဤကမ္ဘာကြီးသည် ကျွန်ုပ်တို့ပျော် ရွှင်ရန် အတွက်ဖန်ဆင်း ထားသည်ဟူသောအယူအဆမှာ အလွန်းဆိုးသွမ်းသောအ ယူအဆဖြစ်သည်။ကမ္ဘာလောကကြီးသည် ကျွန်ုပ်တို့အကျိုး ငှါအတွက်မဟုတ်၊နှစ်စဉ်လူပေါင်းများစွာသည်ကမ္ဘာကြီးမှ ခွဲနိုးခွါသွားကြရလေသည်၊ ကမ္ဘာကြီးသည် မည်သို့မျှမမှု။ စိတ်မလှုပ်ရှား။ သန်းပေါင်းများစွာ တို့သည်လည်း ထိုကမ္ဘာ ကြီးအတွက် ရောက်ရှိလာကြ၏။ ကမ္ဘာလောကကြီးသည် ကျွန်ုပ်တို့ အတွက် ဖြစ်သည်နှင့်အမျှ ကျွန်ုပ်တို့ သည်လည်း လောကကြီးအတွက် ဖြစ်ကြပေသည်။

ထို့ကြောင့် ကောင်းစွာ အမှုဆောင်လိုသျှင် မိမိတို့ သည် ပဌမဦးစွာထွယ်တာစွဲလန်းမှုဟူသောသဘောကိုပယ် ဖျက်ရပေမည်။ ဒုတိယအားဖြင့်သတ်ပုတ်လှုပ်ရှားနေသူများ နှင့် မရောနှောဘဲ၊ မိမိ ကိုယ်ကို သက်သေ အရာ၌သာ တည် စေလျက် အလုပ်ကိုဆက်၍ လုပ်ရမည်။ ကျွန်ုပ်၏ဆရာမှာ "သင်တို့၏ ကလေးများ ကို သူနာပြုများ ပြုရကြ သကဲ့သို့ စောင့်ရှောက်ပါ"ဟု ပြောလေ့ရှိ၏။ ကလေးထိန်း သူနာပြု တဦးသည် သင်၏ကလေးကို ချစ်ကြည်ဆယ်လျက်၊ မိမိ၏ ကလေးအရင်းကဲ့သို့ သဘောထားထား၍ ကစား ချော့မြူ နေတတ်၏။ သို့သော်အလုပ်ရှင်က အလုပ်ထုတ်ပစ်မည် ဆို သောအခါ အထုပ်အပိုးကို ပိုက်လျက် ထွက်ခွါ သွားပေ မည်။ တွယ်တာခင်တွယ်မှုဟူသောအရိပ်အရောင်များသည် လည်းသူ့၌ မေ့ပျောက်သွား၏။ မိမိ၏ ကလေးကိုပြစ်လျက် အခြားသူ၏ကလေးများအား သွားရောက်ထိမ်းသိမ်းချို့ပိုးရ

သဖြင့်၊ မည်သို့သော စိတ်ထိခိုက်ခြင်းမျှ ထိုကလေးထိန်းတွင် ဖြစ်လိမ့်မည်မဟုတ်။ သင့်မှာ မူကား၊ သင်၏ပစ္စည်းများအဖြစ်တွယ်တာရပေလိမ့်မည်။ သင့်၏ ကိုယ်ပိုင် ပစ္စည်းများအဖြစ်တွယ်တာရပေလိမ့်မည်။ သင်သည် ဘုရားသခင်ကိုယုံကြည်လျှင် သင်သည် ကလေးထိန်း ဖြစ်လျက် သင့်ပစ္စည်းဟု ယူဆသမျှမှာ ဘုရားရှင်၏ပစ္စည်းဖြစ်ပေလိမ့်မည်။ အကြီးဆုံးသော ပျော့ညံ့ချက်တခုသည် အကောင်းဆုံးနှင့် ခွန်အားရှိဆုံး အရာကဲ့သို့ပင် တဖြည်းဖြည်းနှင့်သိမ်းသွင်းတတ်သည်ကိုမကြာခဏတွေ့ရပေသည်။တစုံတယောက်သည် ငါ့အားမှီခိုနေရသည်ဟု ထင်မြင်ခြင်းသည်၎င်း၊ ငါသည်အခြားသူတဦး၏ကောင်းကျိုးကိုဆောင်နေသည်ဟု ထင်မြင်ခြင်းသည်၎င်း။ ပျော့ညံ့ချက်တခုပင်ဖြစ်လေသည်။ ထိုယူဆချက်သည် ကျွန်ုပ်တို့ တွယ်တာစွဲလန်းမှုများ၏ အကြောင်းခံ ဖြစ်သည်။ ထိုတွယ်တာစွဲလန်းမှုများကြောင့်ပင် နာကျင်မှု ဝေဒနာများဖြစ်ပေါ်လာ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ် ကို ဤစကြဝဠာကြီး၌တစုံတယောက်မျှကျွန်ုပ်တို့အားမှီခိုနေသည်မဟုတ်ဟု သိထားစေရမည်။ သူတောင်းစား တယောက်ပင်လျှင်ကျွန်ုပ်တို့၏ကုသိုလ်ဒါနကိုအားကိုးနေသည်မဟုတ်၊ တဦးတယောက်မျှလည်း ကျွန်ုပ်တို့၏ဒုက္ခနာမှုပေါ်တွင် ရပ်တည်နေသည်မဟုတ်၊မည်သည့်သက်ရှိမျှလည်းကျွန်ုပ်တို့၏အကူအအညီကို အားထားနေသည် မဟုတ်၊ လူအားလုံးတို့အားသဘာဝ တရားကြီးက ကူညီပေးလျက် ရှိသည်။ သန်းပေါင်းများစွာသော ကျွန်ုပ်တို့ ဤကမ္ဘာ၌ မရှိခင် ကလည်းယခုအတိုင်းပင် ကူညီနေခဲ့ပေလိမ့်မည်။

သင်တို့ ကျွန်ုပ်တို့ကြောင့် သဘာဝ တရားကြီးသည် လမ်းခုလပ်တွင် ရပ်တန့်နေလိမ့်မည်မဟုတ်၊ အစကပေါ်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့အတွက်ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသောအခွင့် အရေးကြီးကား ထပါးသူအား ကူညီခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ပညာပေးခြင်းအလုပ်ဖြစ်လေသည်။ ဤအချက်သည် လူ့ဘဝ၌ သင်ယူရန် အကောင်း ဆုံးသော သင်ခန်းစာကြီးတခုဖြစ်ပေသည်။ ဤအချက်ကို အပြည့်အဝ နားလည်လျှင်ဘယ်သောအခါမျှမပျော်မ ရွှင် ဖြစ်ကြရတော့မည်မဟုတ်။ ကျွန်ုပ်တို့သည်အခါမရွေး၊ နေရာမရွေး၊လူမျိုးစုံနှင့်ဘေးကင်းရှင်းစွာဆက်ဆံနိုင်ပေလိမ့်မည်။သင်တို့၌ဇနီးများခင်ပွန်းသည်များရှိကြပေလိမ့်မည်။ အစေအပါးများစွာရှိပေမည်။ အုပ်ချုပ်ရန်ပြည်နယ်များရှိပေလိမ့်မည်။ အကယ်၍သာ ကမ္ဘာသောကကြီးသည် သင့်အတွက်မဟုတ်၊ သင့်ကို မလွဲမရှောင်သာ လိုအပ်နေသည်လည်း မဟုတ်ဟူသော အခြေခံ သဘောကိုသိရှိ၍ အမှု ထပ်သိမ်းကို လုပ်ကိုင် နိုင်လျှင် ကားဘော်ပြခဲ့သမျှ အရာတို့သည် သင့်အား ဘေးဥပါဒ်ဖြစ်စေနိုင်တော့မည်မဟုတ်ပေ။

ဤနှစ်အတွင်းမှာပင် မိမိတို့၌ချစ်ခင် သူများ ဆုံးပါး ကွယ် လွန်ခဲ့ ဘူး ပေ လိမ့် မည်။ ထိုသူ တို့ ပြန် လာ စေ ရန် ဤကမ္ဘာ ကြီးသည် စောင့်စား ရပ်တည် နေပါ သလော။ ကမ္ဘာကြီးသည်ရှေ့ကိုဆက်၍မဖြစ်မပျက်ဘဲ ရပ်ဆိုင်းထားပါသလော၊မရပ်ဆိုင်းပါ၊ ၎င်းသည် သွားမြဲ သွားလျက်ပင် ရှိ၏။ ထို့ ကြောင့် မိမိသည် ကမ္ဘာကြီး အတွက် တစုံတရာ

လုပ်ပေးရန်ရှိသည်ဟူသောအယူအဆကို စိတ်ထဲနှလုံးထဲမှ မောင်းထုတ်ပစ်ပါလော့။ လောကကြီးသည် သင့်ထံမှအကူအညီတစုံတရာမလိုပါ။ အကူအညီလိုသည်ဟူသော အထင်မှာ မိမိ၏ဝင့်ဝါချက်သက်သက်ဖြစ်ပါသည်။ ကိုယ်ကျိုးကြည့်မှုစိတ်က ၎င်းကိုဂုဏ်အချင်းအရာဟူသော သဘောဖြင့် မိမိအားတစတစသိမ်းသွင်းနေခြင်းသာဖြစ်ပါသည်။

သင်တို့၏စိတ်နှင့်အာရုံများကို ကမ္ဘာ လောကကြီးသည် မိမိအား၎င်း၊ တစုံတယောက်အား၎င်း၊ မှီခိုနေရခြင်းမရှိဟူသောအသိကိုပေးနိုင်ပြီးဖြစ်ပါက လုပ်ငန်းကိုမှီ၍ဖြစ်သောဆင်းရဲဒုက္ခတို့သည်ကင်းပကြပေလိမ့်မည်။ သင်သည် လူတယောက်အား တစုံတရာကိုပေးလျှင်၊ အတုန့်အပြန်ကို မမျှော်လင့်ဘဲ ထိုသူ၏ကျေးဇူးတင်ခြင်းကိုပင် မမျှော်လင့်ဘဲ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ပါလျက်၊ သင်သည် ထိုလူအား ထိုက်သင့်သည်ကိုပေးခြင်းဖြင့်၊ ထိုသူကသင့်အား ကျေးဇူးမတင်သည့်တိုင်အောင်ထိုသူ၏ ကမ္မကထိုသူအား ဖန်တည်းမည်ဖြစ်လျက်၊ သင်၏ကမ္မသည် သင့်အား အကျိုး ပေးလိမ့်မည်။ သင်တို့သည် တစုံတခုပေးကမ်းလိုက်ရသည့် အတွက်အဘယ်ကြောင့် ဝင့်ကြွားသင့်ပါနည်း။ သင်သည် ငွေကိုဖြစ်စေ၊ လက်ဆောင်ပစ္စည်းကို ဖြစ်စေသယ်ယူ ပေးရ သူသာဖြစ်လျက်၊ ကမ္ဘာလောကကြီးသည်မိမိ၏ကမ္မကြောင့်၎င်းကို ခံယူထိုက်ခြင်းမျှဖြစ်သည်။

ထိုအခါသင်တို့၌ ဝင့်ကြွားရန် အကြောင်း အဘယ်မှာ ရှိပါသေးသနည်း။ သင်တို့သည် ကမ္ဘာ လောကကြီးကို ပေးကမ်းသမျှသည်မည်သို့မျှ ကြီးကျယ်လှသည် မဟုတ်ပါ။ သင်တို့၌ တွယ်တာ စွဲလန်းစိတ် မရှိသည့်အဖြစ်သို့ ဝင်စားမိပါလျှင် သင်တို့၌အကောင်းဟူ၍ရင်း၊ မကောင်းဟူ၍ရင်း၊ ရှိနိုင်တော့မည်မဟုတ်ပါ။ အကောင်းနှင့်အဆိုးကို ဖြစ်ပေါ်စေခြင်းမှာ ကိုယ်ကျိုးငဲ့ကွက်ခြင်းတရားကသာလျှင်ဖြစ်ပါသည်။ ဤအချက်မှာ သိရှိနားလည်ရန် ခက်ခဲ လှပါသည်။ သို့သော်အချိန်တန်လျှင် စကြဝဠာတွင်းရှိမည်သည့်စွမ်းအင်ကမျှသင့်တွင်ရှိသော စွမ်းအင်ကိုအသုံးချနိုင်ရန် သင်ကိုယ်တိုင်မှတပါးဖန်တီးပေးနိုင်လိမ့်မည်မဟုတ်ပါ လူတယောက်၏ အတွင်းအတွက် လူတယောက်သည် ရှုံးသွပ်၍ မိမိကိုယ်ကိုလွတ်လပ်ခြင်း။မကင်း ပျောက်သေးသမျှကာလပတ်လုံးမည်သူမျှစိုးမိုးနိုင်သောစွမ်းအားမရှိပါ။ ထို့ကြောင့် တွယ်တာစွဲလန်းမှုကင်းသောအဖြစ်ကိုရလျှင်မည်သည့်အမှုကိုမိမိပြုလုပ်ရန်ဖြစ်စေ၊ မိမိကညင်းပယ်နှိမ်နင်းနိုင်ပေသည်။ကိုယ်ခွင့်မပြုသမျှ ကာလပတ်လုံးမည်သည့်အရာကမျှ ပြုလုပ်နိုင်ရန်အခွင့်အရေးရှိသည် မဟုတ်ကြောင်းမှာ လွယ်ကူစွာပင် ပြောဆိုနိုင်ပါသည်။ သို့သော်မိမိအားပြင်ပလောကမှမည်သည့်အမှုမျှ မပြုလုပ်စေနိုင်အောင် ခွင့်မပြုသော သူမျိုး၏ လက္ခဏာကားအဘယ်သို့ပါနည်း။ ထိုလက္ခဏာ ကံဆိုးသည်ဖြစ်စေ၊ ကံကောင်းထောက်မသည် ဖြစ်စေ၊ စိတ်မလှုပ် ရှားခြင်းနှင့်အခါခပ်သိမ်း ဤသို့စိတ်မလှုပ်မရှားတည်ငြိမ်စွာနေနိုင်ခြင်းဖြစ်ပေသည်။

အိန္ဒိယပြည်တွင် ပိယာသ ဟူသော ပညာ ရှင်ကြီး တပါးရှိခဲ့ပါသည်။ ပိယာသသည် ဝေဒ စကားပုံများကို ရေးသားသူဟု ထင်ရှားလျက် မြင့်မြတ်သော ဘာသာရေး ခေါင်း ဆောင် ကြီး တဦး ဖြစ် ပါ သည်။ သူ၏ ဖခင်ကြီးမှာ တကယ့်ပြည့်စုံသော လူတယောက်ဖြစ်ရန် ကြိုးစားခဲ့သော် လည်းအောင်မြင်ခြင်းမရှိခဲ့ပါ။ သူ၏ အဘိုးမှာလည်း ဤသို့ ကြိုးစားခဲဘူးပြီးအောင်မြင်ခြင်းမရှိခဲ့ပါ။ သူ၏အဘေးဖြစ်သူ မှာလည်း ဤသို့ကြိုးစားခဲ့ရာမအောင်မြင်ခဲ့ပါ၊ သူကိုယ်တိုင် လည်းကြိုးစားအားထုတ်ခဲ့ရာ ပြည့်စုံစွာ မအောင်မြင် ခဲ့ပါ။ သို့သော်သူ့သားတော်မောင်သုခသည်ပြည့်စုံသောသူတဦး အဖြစ်မွေးဖွားလာခဲ့ပါသည်။ပိယာသသည်သားဖြစ်သူအား ပညာသင်ပေး၏။ အမှန်တရား တို့ကိုလည်း ကိုယ်တိုင် သင် ပေးပြီးနောက် သားတော်မောင်ကို ဇနကမင်း၏နန်းတော်သို့ စေလွှတ် လိုက်လေသည်။ ထိုဘုရင်သည် တန်ခိုးကြီးသော ဘုရင်ဖြစ်သဖြင့် ၎င်းကိုဇနကဝိဒေဟဟုတွင်၏။ ဝိဒေဟ ဟူ သည်မှာ ခန္ဓာမရှိခြင်းဟု အဓိပ္ပါယ်ရ၏။ ဘု ရင် ကြီး သည် ရှင်ဘုရင်အဖြစ်အုပ်စိုးနေသော်လည်း မိမိကိုယ်ကို ကိုယ်ခန္ဓာ ရှိသည်ဟု မထင်မှတ်၊ မေ့လျော့လျက်အခါခပ်သိမ်း ဝိဉာဉ် ကလေးအဖြစ်သာတည်နေ၏ဟုသဘောထား၏။ သုခသတို့ သားမှာဘုရင်ကြီး၏အသင်အပြကို ခံယူရန်လာခြင်း ဖြစ်၏။ ဘုရင်ကြီးသည်ပိယာသ၏သားမှာ ပညာသင်ရန်လာရောက် ခြင်းကိုသိ၏။ထို့ကြောင့် ထိုသူငယ် မလာရောက်ခင် ကပင် အစီအစဉ်များပြုလုပ်ထားစေ၏။ ထိုသူငယ်သည် နန်းတော် ဝသို့ ရောက်သော အခါ တံခါးစောင့် တို့သည် မသိကျိုး

၁၂ျန်ပြု၍နေကြလေသည်။ ထိုသူတို့သည် သုံခအားနေရေးကို သာပေး၏။ စကားတခွန်းမျှလည်း မပြောကြ။ ထို့ကြောင့်သူငယ်သည်သုံးရက်နှင့်သုံးညတိုင်ထိုင်၍နေရ၏။ ဘယ် က လာသည်၊ ဘယ်သူဖြစ်သည်ကိုတစုံတယောက်ကမျှမေးဘော်မရချေ။ ဤသတို့သားငယ်မှာအမှန်တကယ်ထင်ရှားသောပညာရှိကြီး၏သားဖြစ်၏။ မိမိ၏ဖခင်ကို တတိုင်းပြည်လုံးက လေးစားကြလေသည်။ သူကိုယ်တိုင်မှာလည်း ရိုသေလေးစားခံရသောသူတဦးဖြစ်၏။ သို့တိုင်အောင်ဘာမျှမဟုတ်၊ စိတ်နုတ်နိမ့်ကျသောတံခါးစောင့်တို့ကသူ့အားစကားဖာ်၍မပြောကြ။ ထိုသို့ဖြစ်ပြီးနောက်မကြာမီပင်နန်းတော်တွင်းရှိမှူးမတ်ကြီးများနှင့်ဝန်ကြီး၊တံတိုင်းကြီးများသည် ရုတ်တရက်ထွက်လာကြလျက်အခဆောင်အယောင်တို့ဖြင့်ကြိုဆိုဂုဏ်ပြုကြ၏။ ထိုနောက် နန်းတော်တွင်းသို့ခေါ်သွားလျက်၊ ခမ်းနားသောခမ်းမကြီးများကိုပြ၏ရေချိုးခန်းများကောင်းမွန်သောအဝတ်အစားများနှင့် အဆင်းတန်ဆာမျိုးစုံတို့ဖြင့်ရစ်ရက်တိုင်တိုင်ပြုစုထားကြပေသည်။သို့ပြုစုငြားသော်လည်းအေးချမ်းတည်ငြိမ်လှသောသုခသတို့သား၏မျက်နှာမှာ စဉ်းငယ်မျှ ပြောင်းလဲခြင်းမရှိ။ နန်းမြို့တံခါး ဝတွင် စောင့်ဆိုင်း နေရစဉ်ခွဲရင်း၊ နန်းမဆောင်တို့အလယ်တွင်တင့်တင့် တယ်တယ် ထယ်ထယ် ဝါဝါနေရစဉ်ခွဲရင်း၊သူ၏မျက်နှာသည်ခြားနားခြင်းမရှိ၊ ပကတိတည်ငြိမ်လှပေသည်။ ထိုနောက်သူ့အားဘုရင့်ရှေ့တော်တော်သို့ခေါ်ဆောင်သွားကြ၏။ဘုရင်မင်းမြတ်သည် သလွန်ပေါ်တွင်စံလျက်ရှိ၏။ တူရိယာ ဂီတများကား တီး မှုတ် နေကြလျက်၊ များစွာသောပျော်ဘွယ်အမျိုးမျိုးဖြင့် ကခုန် ဖျော်

ဖြေလျှော့ရှိပေသည်။ ဘုရင်မင်းမြတ်သည်သူခလုလင်အား နို့ဖြင့် နှတ်ခမ်းထိပြည့်သော ခွက်တခုကိုပေး၏။ ထိုခွက်ကို တစက်မှမဖိတ်စင်စေရဘဲ၊ နန်းရင်ပြင်ကိုခုနစ်ပတ် ပတ်ရန် ခိုင်း၏၊ ထိုအခါ သူခလုလင်သည် ထလျှက် တီး မှုတ် က ခုန် နေကြသော လှပသည့် မိန်းမများအကြားမှပင် ခွက်ကိုကိုင် လျှက် လှည့်ပတ်၍သွား၏။ ခုနစ်ပတ်ပတ်ပြီးသော် နို့ခွက်ကို တစက်မျှမဖိတ်ဘဲ ဘုရင့် အလိုအတိုင်း ပြန်ယူလာခဲ့နိုင်၏။ ထိုလုလင်၏စိတ်ကို မည်သည့်အရာကမျှပင် ယိမ်းညွတ်ရန် မတတ်နိုင်ခဲ့ပေ။ နို့ခွက်ကို ဘုရင်မင်းမြတ်ထံသို့ ယူဆောင် သွားသောအခါ ဘုရင်မင်းမြတ်က မိန့်ကြားသည်မှာ "သင့်- ဖခင်သင်ကြားထားသမျှနှင့် သင်တတ်ထားသမျှတို့ကိုငါသည် ထပ်မံ၍ သာသင်ကြားရဘွယ် ရှိပေသည်။ သင်သည်အမှန် တရားကို တွေ့ရှိခဲ့ပေပြီ။ အိမ်သို့သာပြန်ပါတော့" ဟူ၍ ဖြစ် လေသည်။

ဤသို့ဖြင့် မိမိကိုယ်ကိုမိမိထိန်းသိမ်း နိုင်သော လူတ ယောက်သည် မိမိအား ပြင်ပမှတစုံတရာကကပ်ငြိစွဲလန်းစေ ခြင်းမဖြစ်နိုင်ပေ။ ထိုသူ့အတွက် တပါးကျွန် ဖြစ်ရန်လည်း လမ်းမရှိတော့ပေ။ ထိုသူ၏ စိတ်သည်လွတ်လပ်၍နေ၏။ ထိုသူ မျိုးသည် ကမ္ဘာလောကြီး၌နေထိုင်ရန် အသင့်တော်ဆုံး ဖြစ် ပေသည်။

ကျွန်ုပ်တို့သည် ကမ္ဘာကြီးနှင့်ပတ်သက်၍ အသုံးအဆောင်နှစ်မျိုးရှိသော သူများကိုသာ တွေ့ရတတ်၏။ အချို့တို့သည် အဆိုးကိုသာ ဆွဲယူ၍ တွေးတတ်ကြလျက် ဤသို့ဆိုလေ့ရှိ၏။ " ဤကမ္ဘာကြီးကား အဘယ်မျှ ကြောက်စရာ ကောင်း၍ အဘယ်မျှဆိုးဝါးနေသော ကမ္ဘာကြီးပါနည်း" ဟု ရေရွတ်ကြ၏။ အချို့တို့မှာကား အကောင်းကိုသာ ဆွဲယူ၍ တွေးလျက် "ဤကမ္ဘာကြီးကား အဘယ်မျှ သာယာလှပ၍ မြိုးကျူး အံ့ဩဘွယ်ကောင်းလှလေသနည်း" ဟူ၍ ရေရွတ်ကြ၏။

မိမိတို့၏စိတ်ကိုမထိန်းသိမ်းနိုင်သော သူတို့ အတွက် ကမ္ဘာကြီးသည် အဆိုးအပြည့်ဖြင့်သော်၎င်း၊ အကောင်းဆိုးဖြစ်လျှင် ၎ ကောင်းနှင့်အဆိုးရောနှောလျက်သော်၎င်း ရှိပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်ကိုထိန်းသိမ်းနိုင်သော သူများဖြစ်လျှင် လောကကြီးသည် အကောင်းဟူသမျှ ပြည့်သော အရာကြီး ဖြစ်ပေလိမ့်မည်။ ထိုအခါမျိုးတွင် အ ကောင်းသည် ၎င်း၊ အဆို သည်၎င်း ကျွန်ုပ်တို့အား တစုံတခုပြုလုပ်စေနိုင်ဘော့မည်မဟုတ်ဘဲ၊ အရာအားလုံးသည် သူ့နေရာနှင့် သူ့ သင့်တင့် လျောက်ပတ်နေသည်ကို တွေ့ရပေမည်။ အချို့သူများမှာအစပထမတွင် ကမ္ဘာကြီးသည် ငရဲအိုးကြီးဟု ပြောကြ၏။ သို့သော် နောက်ဆုံး၌ ထိုသူများပင်လျှင် အတ္တကို ထိန်းသိမ်းနိုင်ကြသဖြင့်၊ လောကကြီးကား နတ်ဘုံ နတ်နန်းကြီးမှုပါတကားဟု ပြောဆိုနိုင်ကြပေသည်။ ကျွန်ုပ်တို့သည် စစ်မှန်သော ကမ္မယောဂီများ ဖြစ်လျက် မိမိတို့၏ကိုယ်ကို ဤအဆင့်သို့ ရောက်ရှိလို ဘွလျှင် မည်သည့်အဆင့်က စတင်

သည်ပင်ဖြစ်စေ၊ နောက်ဆုံးတွင် ပြည့်စုံသော ကိုယ်ကျိုးစွန့်လွှတ်မှုအဆင့်သို့ရောက်ရှိရမည်မှာသေချာနေပေသည်။ဤသို့ထင်ယောင်မိများလျက် ရှိသောအတ္တ စိတ်ပျောက်ကင်းသွားပါက၊ လောကကြီးတခုလုံးသည် မူလက ထင်မြင်သကဲ့သို့ နုကြွဘုံကြီး မဟုတ်တော့ဘဲ၊ ကောင်းချီး မင်္ဂလာနှင့် ပြည့်စုံသောသုခဘုံကြီးအဖြစ် ထင်မြင်လာရပေလိမ့်မည်။ပတ်ဝန်းကျင် သည်လည်း ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံ နေပေလိမ့်မည်။ လူတိုင်း၏ မျက်နှာသည်ကျက်သရေဖြင့် တင့်တယ်နေပေလိမ့်မည်၊ ဤသည်မှာ ကမ္မယောဂ၏ ရည်ရွယ်ချက်နှင့် အဆုံးသတ်ဖြစ်၍။လက်တွေ့ဘဝတွင် ပြည့်စုံကုံလုံမှု ဖြစ်ပေသည်။

ယောဂနည်းအမျိုးမျိုးတို့သည် တခုနှင့်တခု ထိခိုက်ဆန့်ကျင်ခြင်း မရှိပါပေ။ နည်းတခုစီသည် တခုတည်းသော ပန်းတိုင်သို့ ရောက်ရှိစေလျက်၊ ကျွန်ုပ်တို့အား ပြည့်စုံသော သူများဖြစ်စေလေသည်။ လိုအပ်သည်ကား နည်းအမျိုးမျိုးကိုကောင်းစွာကျင့်ကြံအားထုတ်ရန် ဖြစ်ပေသည်။ လက်တွေ့ကျင့်သုံးမှု၌ တကဲ့လျှို့ဝှက်သော သော့ချက်သည် ရှိပေသည်။ ပဌမဦးစွာ မိမိသည် နားထောင် ကြားနာရမည်၊ ထိုနောက် စဉ်းစားဆင်ခြင်ရမည်။ထိုနောက်အားထုတ်ပြုကျင့်ရပေမည်။ ဤနည်းမှာ ယောဂ နည်းတိုင်း၏ လမ်းမှန်ဖြစ်၏။ သင်သည် ပဌမဦးစွာ ကြားနာရမည်၊ နားလည် ထားရပေမည်။ မသိမရှင်းသေးသမျှကိုလည်း အဖန်တလဲလဲ နားဆင်ကြားနာခြင်းဖြင့်၊ အဓိပ္ပါယ်ရှင်းလင်း လာနိုင်ပေသည်။ အရာအားလုံးကို

တချိန်တည်းတွင် သိရှိသဘောပေါက် ရန်ကား ခက်ခဲသော အလုပ်ဖြစ်၏။ အရာအားလုံး၏အဓိပ္ပါယ်ကို ရှင်းလင်းနိုင်စွမ်း မှာ အဆုံးတွင် သင်၏ ကိုယ်တွင်း၌သာရှိ၏။ အမှန် စင်စစ် မည်သူတဦးတယောက်ကိုမျှ အခြားတယောက်ယောက်က သင်ကြားပြသပေးသည်မဟုတ်၊ လူတိုင်းသည် မိမိကိုယ်ကို မိမိသင်ကြား ရခြင်းဖြစ်၏။ ပြင်ပမှ သင်ကြား ပေးသူမှာ အတွင်း၌ သင်ကြားပြသပေးသူကို လှုံ့ဆော် ပေးခြင်းသာ ဖြစ်၏။ ထိုသို့ လှုံ့ဆော် ပေး၍ အတွင်းစိတ် နိုးကြားလာပြီး သည့်နောက်တွင်မူ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခံယူချက်နှင့် တွေးထင်ချက်များ၌ ထင်ရှား ပြတ်သား၍ လာ၏။ ကျွန်ုပ်တို့ ၏ ဝိညာဉ်တွင်လည်း အသိမှာ ထင်ရှားမှုမှ ထက်မြက်သော စိတ်တန်ခိုးဖြစ်လာလေသည်။

ပဋ္ဌမသော် စိတ်တွင်လှုပ်ရှားခြင်း ဖြစ်၏။ ထို့နောက် စိတ်ဆန္ဒ ဖြစ်လာလေသည်။ ထိုဆန္ဒစိတ်မှ အသေးအသား အကြောတို့ကို စိမ့်၍သွားသောအလုပ် စွမ်းအားဖြစ်လာပေ သည်။ နောက်ဆုံးတွင် မိမိ၏ တကိုယ် လုံးမှာ ကိုယ်ကျိုးမငဲ့ သော ယောဂဘာရေး၏လက်နက် ဖြစ်လာပေသည်။ ထိုအခါ လိုလားတောင့်တအပ်သော ပြည့်ဝသည့်ကိုယ်ကျိုးစွန့်လွှတ် မှုနှင့် လုံးဝကိုယ်ကျိုးမငဲ့မှုတို့ကို ရရှိလာလေသည်။ ဤသို့ရရှိ ခြင်းသည် မည့်သည့်အယူအဆ။ မည်သည့်ဝါဒ၊ မည်သည့် ယုံကြည် ချက်ကြောင့်မျှ မဟုတ်ပေ။ လူတယောက် သည် ခရစ်ယန်ဖြစ်စေ၊ ရဟူဒီဖြစ်စေ၊ ရဟူဒီ မဟုတ်သော ရပ်တု ဆင်းတု ကိုးကွယ်သူပင်ဖြစ်စေ အရေးမကြီးလှ၊ အရေးကြီး

သော မေးမြန်းဘွယ်ရာကား"သင်သည် ကိုယ်ကျိုးမငဲ့ကွက် ခြင်း ရှိပါ၏လော"ဟူသော အချက်ပင်ဖြစ်ပါသည်။ အကယ်၍သာ သင်သည် ကိုယ်ကျိုးငဲ့ကွက်ခြင်းမရှိပါက၊ ကျမ်းစာတအုပ်မျှ မဖတ်ဘူးသည်ပင်ဖြစ်စေ၊ ဘုရားပုထိုးတဆောင်သို့ပင် မရောက်ဘူးသည် ဖြစ်စေ၊ သင်သည် ကုံလုံစင်ကြယ်ခြင်းသို့ ရောက်စေနိုင်၏။ ယောဂနည်းတနည်းသည် လူတယောက်အား အခြားနည်းများ၏ အကူအညီ မပါဘဲ ပြည့်စုံကုံလုံခြင်းသို့ ရောက်စေနိုင်၏။ အဘယ်ကြောင့် ဆိုသော် ယောဂနည်းတိုင်းသည် တခုတည်းသော ပန်းတိုင် ၌သာ ဆုံစည်းသောကြောင့်ပေတည်း။ မောက္ခကိုရရှိနိုင်ရန်အတွက်အလုပ် ဉာဏ်ပညာ၊ ကိုးကွယ်ဆည်းကပ်ခြင်းတို့ဖြင့် စပ်လျဉ်းသော ယောဂ နည်းများမှာ လွတ်လပ်စွာ အောင်မြင် ဆောင်ရွက်နိုင်သော နည်းများ ဖြစ်ပေသည်။ "အလုပ် နှင့် အဘိဓမ္မာ တရားတို့သည် ကွဲပြား ခြားနား ကြသည်ဟု သူရူးတို့ကသာ ပြောကြ၏။ ပညာ ရှိ တို့ကား မပြော ကြလေကုန်" ယင်းတို့သည် အပြင်ပန်းအားဖြင့် ကွဲပြားခြားနား သယောင် ရှိသော်လည်း၊ နောက်လူတို့၏ ပြည့်စုံခြင်းဟူသော ပန်းတိုင်သို့သာ ဦးတည်ကြောင်း ပညာရှိတို့သာ သိရှိကြလေသည်။

# အခန်း (၇)

# လွတ်မြောက်ရေး

ကမ္မ ဟူသော စကားလုံးသည် အလုပ် ဟူသော အဓိပ္ပါယ်အပြင် စိတ်ပညာ သဘော အားဖြင့် "ဖြစ်ပေါ်စေသည့် အကြောင်းရင်း" ဟူသော အဓိပ္ပါယ်ကို ရသေးသည်ဟု ကျွန်ုပ်တို့ ဆိုခဲ့ ကြသည်။ တစုံတရာသော အလုပ် တစုံတရာသောအပြုအမူ၊ တစုံတရာသော စိတ်ကူးဟူ သမျှသည် အကျိုးတရားကို ဖန်တီးခဲ့လျှင် ၎င်းသည် ကမ္မဖြစ်ပေတော့သည်။ ထို့ကြောင့် ကမ္မ၏တရားသဘောဆိုရာ၌ ဖြစ်ပေါ်စေသည့်အကြောင်းရင်း၏ တရားသဘောဖြစ်သည့် (ဝါ) မလွှဲမရှောင်နိုင်သော အကြောင်းနှင့်အကျိုးတို့၏ တရားသဘောဖြစ်ပေသည်။

မည်သည့်အခါ နေရာတွင်မဆို အကြောင်းရင်းတခုကိုပြုလုပ်အံ့၊ ထိုအတွက် အကျိုးတရားသည် ပေါ်ပေါက်ရမည်ဖြစ်၏။ ဤအချက်ကို လွှဲရှောင်၍ မရပါလေ။ ကျွန်ုပ်တို့၏ နာနာနယကျိုးကြောင်းပြ ပညာအလိုအားဖြင့် ဤကမ္မတရားသဘော (ဥပဒေသ) သည် စကြဝဠာ တခုလုံး၌ပင် အမှန်တကယ်ဖြစ်ပျက်လျက်ရှိပေသည်။ ကျွန်ုပ်တို့မြင်သမျှ၊ တွေ့ထိသမျှ၊ ပြုလုပ်သမျှတို့ကို စကြဝဠာ၏ မည်သည့် နေရာ၌ ပြုလုပ်သည်ပင်ဖြစ်စေ၊ တဖက်မှ ပြုလုပ်ခဲ့သော အကျိုးသည် ပါဝင်လျက်၊ တဖက်မှဆိုင်ရာ အကြောင်း ပါဝင် လာကာ

သက်ဆိုင်ရာအကျိုးကို ဖြစ်ပေါ်စေလေသည်။ ဤအချက်နှင့် အတူ စဉ်းစားဆင်ခြင်ရန်မှာ တရားသဘော (ဥပဒေသ) ဟူသည့် အဘယ်ကိုဆိုလိုသနည်း ဟူ၍ဖြစ်၏။ တရားသဘော ဟူသည်မှာ အစဉ်အဆက် မပြတ်အလိုအလျောက် ဖြစ်ပေါ်စေခြင်းပင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ဖြစ်ရပ် တခုပြီး တခု ဆက်ချပ်ဖြစ်ပေါ်လျှင်သော်၎င်း၊ ဖြစ်ရပ်တို့သည် ပြိုင်တူဖြစ်ပေါ်လျှင်သော်၎င်း၊ ထိုဖြစ်ရပ်အစဉ်သို့မဟုတ်ပြိုင်တူဖြစ်ခြင်း တို့သည် ထပ်ခါဖြစ်လာဦးမည်ကိုသိထားကြသည်။

ဉာယ (Nyaya) နည်း ကို လိုက် သော ကျွန်ုပ်တို့၏ ရှေးအိန္ဒိယမှဆရာကြီးများ၊ကျိုးကြောင်းဆင်ခြင်တုံ ဆရာကြီးများသည် ဤတရားသဘောကို ဗျာပတိ (Vyapti) ဟု အမည် ပေး ကြ သည်။ ထို ပုဂ္ဂိုလ် ကြီး တို့ ၏ အလို အား ဖြင့် ကျွန်ုပ်တို့၏ ယင်းသို့သော တရားသဘောဆိုင်ရာ ယူဆချက်များသည် ပေါင်းစပ်ခြင်းကြောင့်ဖြစ်ပေါ်သည်ဟုဆိုကြ၏။ များမှသော ဖြစ်ရပ်တို့သည်၊ အစဉ်အဆက် ဖြစ်ပေါ်ကာ ကျွန်ုပ်တို့၏စိတ်တွင်းရှိ အရာများနှင့် ပေါင်းစပ် မိကြ၏။ ထို ပေါင်းစပ်မိခြင်းသည် တသမတ်တည်း ဖြစ်ပေါ်လျက် ရှိရာ ကျွန်ုပ်တို့သည် တချိန်ချိန်တွင် အကြောင်းတခုခုကိုမြင်လိုက် တိုင်းကျွန်ုပ်တို့တွင် ရှိပြီးသော အချက်များနှင့် ချက်ခြင်းပင် ကိုးကားနားလည်မိကြလေသည်။ စိတ်ပညာ၏အလိုအားဖြင့် ကျွန်ုပ်တို့၏ စိတ်သဏ္ဍာန် (စိတ္တ) တွင် ပေါ်ပေါက် လာသော စိတ်ကူး သို့မဟုတ် စိတ်ကူးဉာဏ်ကလေးများသည် အခြား အလားတူသော စိတ်ကူးများကို ဖြစ်ပေါ်စေ၏။ ဤသည့်မှာ

ပေါင်းစပ်ခြင်း၏ စိတ်ပညာဆိုင်ရာသဘောပင်ဖြစ်လေသည်။ ဖြစ်ပျက်စေသည့်အကြောင်းရင်းမှာ ပေါင်းစပ်ခြင်းဟူသည့် ရုပ်ဝင် ပျံ့နှံ့ တတ်သော သဘော တရား ကြီး၏ အစိတ် အပိုင်းတခုမျှသာ ဖြစ်ပေသည်။ ဤသို့ ရုပ်ဝင် ပျံ့နှံ့ခြင်းဖြင့် ပေါင်းစပ်ခြင်းသဘောကို သက္ကတဘာသာအားဖြင့် ဗိယာပတိ (Vyapti)ဟု ခေါ်ဆိုပါသည်။ ဖြစ်ရပ်တခုကိုအခြားဖြစ်ရပ်တခုက ထက်ချပ်လိုက်၍ ဖြစ်တတ်သည့်ကိုရင်း၊ ယင်းအဖြစ် သည် အလို အလျောက် ဆက် လက် ဖြစ် ပေါ် နေသည်ကိုရင်း၊ မြော်လင့်သော သဘောသည် ပြင်ပလောကတွင်ဖြစ်စေ၊ အတွင်း လောကတွင် ဖြစ်စေ၊ တရားသဘောအားဖြင့် ထပ်တူပင်ကြလေသည်။

စင်စစ် ပြောရလျှင် သဘာဝတရားတွင် ဥပဒေသဘောသည် တည်နေသည်မဟုတ်ပေ၊ လက်တွေ့အားဖြင့် ပြောရလျှင် မြေကြီး၏ ဆွဲငင်သော သဘောမှာ တည်ရှိနေသည်ဆိုရာ၌ မှားယွင်း၏။ ထိုမှတပါး မည်သည့်ဥပဒေသသဘောမှ မည်သည့် နေရာတွင်မဆို တရားကိုယ် အားဖြင့် တည်ရှိသည်မဟုတ်ပေ။ ဥပဒေသဟူသည်မှာ နည်းစံနစ်ပင်ဖြစ်၏။ ထိုနည်းစံနစ်များကို ကျွန်ုပ်တို့၏စိတ်က ဖြစ်ရပ်အစဉ်များအတိုင်း ခံယူထားချက်ဖြစ်၏။ ၎င်းတို့အားလုံးမှာ စိတ်၏ အမှတ်အသားများသာဖြစ်၏။ ဖြစ်ရပ်ဘစုံတခုမှာ တခုပြီးတခု ဆင့်ကဲ၍ဖြစ်သည်ဖြစ်စေ၊ သို့မဟုတ် ပြိုင်တူဖြစ်သည်ဖြစ်စေ၊ ထိုအဖြစ်များသည်အဖန်တလဲလဲဖြစ်လာသောအခါ

ထိုဖြစ်ရပ် အစီအစဉ်၏ သဘောသည် စိတ်ထဲသို့ဝင်လာ၏။ စိတ်ထဲတွင် ထင်မြင်လာသော အစီအစဉ်မှာပင် ဥပဒေသ ဖြစ်လာပေသည်။

နောက်တချက် စဉ်းစားရန် ပြဿနာမှာ ဥပဒေ သသည့် အများနှင့်စပ်ဆိုင်သည်ဟူသော အချက်ဖြစ်၏။ကျွန်ုပ်တို့၏စကြာဝဠာကြီးမှာသက္ကဋဆိုင်ရာဗိတ္တာဗေဒဆရာကြီးတို့ အခေါ်အားဖြင့် ဒေသ၊ ကာလ၊ နိမိတ္တ ခေါ် အချက်များဖြင့် ၎င်း၊ ဥရောပစိတ်ပညာ အလိုအားဖြင့် နေရာ၊ အချိန်၊ ဖြစ်ရပ် အကြောင်းရင်း ခေါ် အချက်များဖြင့် ၎င်း၊ ပုံဆောင်အပ်သော ဖြစ်တည်မှုအစိတ်အပိုင်း တရပ်သာဖြစ်၏။ ဤစကြာဝဠာကြီးသည် အတိုင်းမရှိ တည်နေသော အရာကြီးမှ ထူးခြားသော ပုံပန်းဖြင့် နေရာ၊ အချိန်၊ဖြစ်ရပ်အကြောင်းရင်းတို့ဖြင့်ဖြစ်တည်နေခြင်းဖြစ်ပေသည်။ဥပဒေသဆိုသည်မှာ ထိုပြုပြင် ဖန်တီးထားသော စကြာဝဠာ ကလေး အတွင်း၌သာ တည်နေနိုင်၏၊ ထိုနယ်နိမိတ်မှလွန်လျှင် ဥပဒေသဟူ၍ မရှိနိုင်ပေ။ ကျွန်ုပ်တို့သည် စကြာဝဠာဟူ၍ သုံးစွဲကြသည်မှာ ကျွန်ုပ်တို့စိတ်နှင့် သိထားသော နယ်နိမိတ်ကလေး အတွင်းကိုသာ ရည်ရွယ်၍ပြောကြခြင်းဖြစ်လေသည်။ ထို စကြာ ဝဠာ ကလေးမှာ မြင်ခြင်း၊ထိခြင်း၊ခံစားခြင်း၊ ကြားခြင်း၊ စဉ်းစား ဆင်ခြင်ခြင်းစသော အာရုံများ၏ လောက ဖြစ်၏။ ထိုအဝန်း အဝိုင်းတပိုက်သည်သာဥပဒေသသဘော၏သြဇာစက် အောက်တွင်ရှိပေသည်။ ထိုမှလွန်လျှင် ဖြစ်တည်မှုသည် ဥပဒေသသဘောကို အကြောင်းမခံတော့ပေ၊ အဘယ့်ကြောင့်ဆိုသော် ဖြစ်

ျပက်ရန် အကြောင်းရင်းသည် ကျွန်ုပ်တို့စိတ်လောက၏ နယ်နိမိတ်ကို ခကျော် လွန်သောကြောင့် ပင်တည်း။ ကျွန်ုပ်တို့၏ စိတ်များ၊ အာရုံများ၏ နယ်မှလွန်လေလျှင် ဖြစ်ပျက်ခြင်း အကြောင်းရင်းတရား၏ သွမ်း မိုးမှု ကင်း၏။ အာ ရုံ ဟူ သော နယ်ပယ်ကိုကျော်လျှင် စိတ်အားဖြင့်ပေါင်းစပ်ခြင်းသဘောသည်မရှိ။ သဘောများ၏ ပေါင်းစပ်ခြင်း မရှိလျှင် ဖြစ်ပျက်သောအကြောင်းရင်းတရားသည်မပေါ်ပေါက်နိုင်ပေ။ သက်ရှိသတ္တဝါသေ်ဒ်ဝင်း၊ ဖြစ်တည့်မှုတခုခုသေ်ာရင်း။ ရုပ်၊ နာမ် တို့ဖြင့် ပေါ်ထွန်းလာသော အခါ တွင် မှ ဖြစ် ပျက် ခြင်း အကြောင်းရင်းတရားကို ဥပဒေသကို လိုက်နာရ၏။ အဘယ့်ကြောင့်ဆိုသော် ဥပဒေသတိုင်းတွင် ဖြစ်ပျက်ရန်အကြောင်းရင်းရှိပေသောကြောင့်တည်း။ ထို့ကြောင့်ကျွန်ုပ်တို့သိမြင်ရသည့်မှာ လွတ်လပ်သော သန္တာဟူ၍ မရှိနိုင်ပါ။ ဆိုစကားနှစ်လုံးပင်လျှင် ဆန့်ကျင်ဖက်အဓိပ္ပါယ်ပေါ်ပေါက်နေပါသည်။ သန္တာဆိုသည်မှာ ကျွန်ုပ်တို့သိရှိသော အရာဖြစ်၏။ ကျွန်ုပ်တို့ သိသမျှမှာစကြဝဠာတွင်း၌တည်နေ၏။ စကြဝဠာတွင်း၌ တည်နေသမျှမှာလည်း၊ နေရာ၊ အချိန်၊ ဖြစ်ပျက်ရန် အကြောင်းရင်းဟူသော အကြောင်းသုံးပါး၏ အဖွဲ့အနှောင်သည့်ရှိ၏။ ကျွန်ုပ်တို့သိသမျှအရာနှင့် သိဘွယ်ရှိသော အရာဟူသမျှမှာ ဖြစ်ပျက်ရန်အကြောင်းရင်းတရားကိုနာခံရ၏။ ထိုတရားကို နာခံ၍ ဖြစ်ပျက်ရသော အရာသည် အဘယ်မှာ လွတ်လပ်ပါ အံ့နည်း၊ ၎င်းမှာ အခြားတပါးသော ပစ္စယာဂများကြောင့် အကြောင်းရင်းအဖြစ်ဖြစ်ပေါ်လာရ၏။ သို့သော်လည်း ၎င်းသည် မူလက (အလို) ဆန္ဒမဟုတ်ခဲ့၊ ယခုမှ (အလို) ဆန္ဒ

အဖြစ်ပြောင်း လွဲလာ စေခဲ့၏။ ထိုနောက် နေရာ၊ အချိန်၊ ဖြစ်ပျက်ရန်အကြောင်းရင်းတို့၏ အဝန်း အဝိုင်း အတွင်းသို့ ကျရောက်လျက် လူ၏အလိုဆန္ဒဖြစ်ပေါ်လာ၏။ သို့သော် လွတ်လပ်၏။ ထိုနေရာ၊ အချိန်၊ ဖြစ်ပျက်ရန် အကြောင်းရင်း တို့မှကင်းလွတ် သောအခါ လွတ်လပ် ဦးမည့်တည်း။ ၎င်းသည့်လွတ်လပ်ရာမှ လာခဲ့၏။ ထိုနောက် အနှောင်အဖွဲ့ အတွင်းသို့ကျရောက်၏။ထိုအနှောင်အဖွဲ့မှလွတ်မြောက်သော်လွတ်လပ်စွာတည်နေဦးမည့်ဖြစ်ပေသည်။

ဤစကြဝဠာသည် အဘယ် သူ့ထံမှ လာသနည်း၊ အဘယ်သူအား အမှီပြုနေသနည်း။ အဘယ်သူထံသို့ဦးတည်သွားမည်နည်းဟူ၍ အမေးစကား ဖြစ်ပေါ်လျက်ရှိ၏။ အဖြေမှာ ဤစကြဝဠာသည် လွတ်လပ် ရာမှ လာ၏။အနှောင်အဖွဲ့တွင်း၌တည်နေ၏။လွတ်လပ်ရာသို့ တဖန်ပြန်သွားမည်တည်းဟူ၍ဖြစ်ပေသည်။

ထို့ကြောင့်ဘုန်းတော်ကြီးက လူသည်မိမိအလိုအလျောက်ထင်ရှားစေသော အနတ္တမသတ်သည့် သတ္တဝါဟု ဆိုရာ၌ လူသည် သေးငယ်သော အစိတ်အပိုင်း ကလေးတခုသာ ဖြစ်သည်ဟုဆိုလို၏။ကျွန်ုပ်တို့မြင်ရသောမျှဤကိုယ်နှင့် ဤစိတ်တို့မှာပြည့်စုံသောအရာဝတ္ထုကြီးတခု၏အပိုင်းငယ်ကလေးမျှသာဖြစ်၏။ အတိုင်းမသိသော သတ္တဝါ၏ အစက်ကလေးတစက်မျှသာဖြစ်ပေသည်။

ဤစကြာဝဠာ တခုလုံးသည် အဘိုင်း မသိသော သတ္တဝါကြီး၏သေးငယ်သော အစွန်းအထင်းကလေးမျှသာ ဖြစ်၏။ ကျွန်ုပ်တို့၏ ဥပဒေများ၊ အနှောင်အဖွဲ့များ၊ ပျော်ရွှင်ခြင်းများ၊ ဝမ်းနည်းခြင်းများ၊ ကြည်နူးခြင်းများ၊ မြှော်လင့်ခြင်း ခြင်းများစသည်တို့မှာ ဤသေးငယ် ကျဉ်းမြောင်းသော နယ်ကလေးအတွင်း၌သာရှိ၏။ ကျွန်ုပ်တို့၏ တိုးတက်မှုနှင့်လွဲချော်မှုကလေးများသည်လည်း၊ ဤနယ်ကျဉ်း ကလေး ၌ပင်ရှိ၏။ ထို့ကြောင့်သင်တို့မြင်ပြီမဟုတ်ပါလော၊ ဤစကြာဝဠာတည်တန့်ရေးကို မြှော်လင့်နေခြင်းမှာ အဘယ်မျှကလေး သူငယ်ဆန်နေပါသနည်း။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ စိတ်ဖြင့် ဖန်တီးလျက်ရှိကြ၏။ ထိုနောက်ကောင်းကင်ဘုံသို့သွားရန် မြှော်လင့်ကြ၏။ ဤအချက်မှာ ကျွန်ုပ်တို့ သိနေသော ကမ္ဘာကို ထပ်မံဖြစ်ပေါ်စေရန်သာ ဖြစ်စေလေသည်။ ၎င်းနှင့်တချိန်တည်းမှာပင် အတိုင်းမသိ တည်ရှိနေသော ဖြစ်ပေါ်မှုကို ကျွန်ုပ်တို့သိသော အကန့်အသတ်နှင့် တည်ရှိ နေရသည့် ဖြစ်ပေါ်မှုနှင့် ညီညွတ်စွာ ရပ်တည် နေနိုင် ရန်မှာ ဖြစ်လည်း မဖြစ်နိုင်၍၊ ကလေးဆန်သောလိုအင်ဆန္ဒပေတည်း။ လူတယောက်သည် မိမိ၌ လက်ရှိ ဖြစ်နေသော ဘဝကို အဖန်တလဲလဲ ဖြစ်နေစေလိုခြင်းအားဖြင့်၎င်း၊ သို့တည်းမဟုတ် ကျွန်ုပ်မကြာခဏပြောဘူးသကဲ့သို့ သက်သက် သာသာ ရှိသော ဘာသာ တရားကို ရှာဖွေလိုလျှင်၎င်း၊ ထိုသူသည် မျိုးဆက် နိမ့်ကျ နေသောသူ ဖြစ်ကြောင်း သင်တို့သိပေမည်။ ထိုသူမျိုးသည် လက်ရှိဘဝ ထက်မြင့်မားရန် ကြိုးစားသည်မဟုတ်၊ သူသည် မိမိပတ်ဝန်းကျင်ရှိ မပြောပလောက်သော အရာကလေးမျှသာဖြစ်၏။ သူ

သည့် မိမိကိုယ်၏ အတိုင်းမသိသော သဘာဝကို မေ့လျော့နေ၏။ အသေးအဖွဲမျှသော ပျော်ရွှင်မှုများနှင့် အသည်းနှလုံးကြောင့်ကျမှုများတွင်ပင် တဒင်္ဂကျင်လည်၍ နေလိုသူဖြစ်၏။ ကန့်သတ်ထားခြင်းရှိသောအရာကို သူသည့်အကန့်အသတ်မရှိပါ ထင်နေ၏။ ထိုမျှမကသေး ထိုရှုးမိုက်မှု ကိုလည်းလက်မလွှတ်ပေ။ ထိုသူသည် ဘဝကို ခင်တွယ်မှု၍ အမိအရ တွယ်ကပ်နေ၏။ ၎င်း အဖြစ်ကို ဗုဒ္ဓဘာသာဝင်တို့က တဏှာနှင့် တရိသဟု ခေါ်၏။ ကျွန်ုပ်တို့သိရှိသော စကြဝဠာတိုက်၏ အပြင်ပတွင်မြောက်များလှစွာသောပျော်ရွှင်မှုများ၊ သတ္တဝါဖြစ်ဘည့်မှုများ၊ ဥပဒေသများ၊ တိုးတက်မှုများ၊ ဖြစ်တည်မှုအကြောင်းများတို့သည် ဆောင် ရွက် လှုပ်ရှားလျက်ရှိပေမည်။ သို့သော်အတိုင်းမသိသော ကျွန်ုပ်တို့၏ သ ဘာ ဝကြီးနှင့်စာလျှင် အစိတ်အပိုင်းဘာမျှသာ ဖြစ်ပေသေးသည်။

လွတ်မြောက်ရေးကိုလိုလျှင်ကျွန်ုပ်တို့သည်ဤစကြဝဠာ၏ကန့်သတ်ချက်များကို ကျော်လွန်ရမည်ဖြစ်၏။ ဤအတွင်းမှ ရနိုင်လိမ့်မည်မဟုတ်ပေ။ ကောင်းစွာဘည်ငြိမ်ခြင်းသို့မဟုတ်ခရစ်ယန်ဘာသာဝင်တို့၏အခေါ်အားဖြင့်နားလည်မှုအားကို ဖြစ်စေသော ငြိမ်းချမ်းရေးမျိုးမှာ ဤစကြဝဠာထဲတွင် မရနိုင်ပါ။ ကောင်းကင် ဘုံတွင်လည်း မရနိုင်ပါ။ ထိုမျှမဟုတ် ကျွန်ုပ်တို့၏စိတ်နှင့် စိတ်ကူးများ သွားနိုင်သောနေရာ၊ အာရုံများ ထင်မြင် နိုင်သောနေရာ စိတ်ကူးများ ထိမိနိုင်သောနေရာ မည်သည့်နေရာတွင်မဆို တည်ငြိမ်မှုကိုရနိုင်

မည်မဟုတ်ပါ။ ဤနေရာမျိုးများသည် လွတ်မြောက် ရေးကို ပေးနိုင်မည်မဟုတ်ပါ။အဘယ်ကြောင့်ဆိုသော်ငင်းတို့သည် ကျွန်ုပ်တို့၏ စကြာဝဠာထဲတွင်ရှိသောကြောင့်တည်း။ထိုပြင် ၎င်းတို့နေရာကိုအချိန်နှင့်ဖြစ်ပျက်သောအကြောင်းရင်းတို့က ကန့်သတ်ထားသောကြောင့်ဖြစ်ပေသည်၊ ဤကမ္ဘာလောက ကြီးထက် သိမ်မွေ့သော နေရာများသည်၎င်း။ ပို၍ပျော်ရွှင် ဘွယ်ကောင်းသောနေရာများသည်၎င်း၊ ရှိကောင်းရှိပါလိမ့် မည်။ သို့သော် ထိုနေရာများသည် ကမ္ဘာကြီး၏ အတွင်း၌ ဖြစ်ပေလိမ့်မည်။ စည်းမျဉ်း ဥပဒေသတို့၏ ချုပ်ချယ် မှုနှင့် မကင်းရှိပေလိမ့်မည်။ ကျွန်ုပ်တို့မှာ ထိုထက်လွန်၍သွားရပါ လိမ့်မည်၊ အမှန်တကယ်စစ်မှန်သော ဘာသာတရားဟူသည် မှာ ဤသေးငယ်လှသောကမ္ဘာကလေး၏ ဆုံးသော နေရာမှ စ တင် ပေ သည်။ ထို အ စ တွင် ပျော် ရွှင် ခြင်း များ၊ ဝမ်း နည်းမှုများ၊ အရာဝတ္ထုတို့ကို သိသတ်သော ပညာများသည် အဆုံးသတ်လျက် တကယ့်သဘာဝတရား မှန်သည် စတင် လေသည်။ ကျွန်ုပ်တို့သည် ဘဝကို ခင်တွယ်မှုများနှင့် ပြောင်း လဲတတ်၍ အကန့်အသတ်ရှိသော ဤဘဝကို ခဲခဲကပ်ကပ် စွဲ လန်းခင်မင်နေသမျှကာလပတ်လုံး ဟိုမှာဖက်ရှိအတိုင်းမသိ သော လွတ်မြောက်ရေးအရိပ်အရောင်ကိုမျှ မြင်နိုင်ရန်မြော် လင့်ဘွယ်မရှိပေ။ ဆင်ခြင် ကြည့်နိုင်သည် မှာ လွတ် မြောက် ရေးသို့ ရောက်ရှိရန်မှာ လူသားအတွက်အမြင့်မြတ်ဆုံးသော လမ်းစဘာခုတည်းရှိ၏။ ထိုလမ်းစမှာ ဤဘဝငယ် ကလေးကို စွန့်ပယ်ခြင်း၊ ဤစကြာဝဠာကလေးကိုစွန့်ပယ်ခြင်း၊ ဤကမ္ဘာ မြေကြီးကို စွန့်ပယ်ခြင်း၊ ကောင်းကင်ကိုစွန့်ပယ်ခြင်း၊ ခန္ဓာ

ကိုယ်ကိုစွန့်ပယ်ခြင်းနှင့်အကန့်အသတ်နှင့်ပြုပြင်ဖန်တီးထားသော အရေပဟူသ မှုကို စွန့်ပယ်ခြင်းဖြင့်သာလျှင် ရောက်ရှိနိုင်ပေသည်။ အာရုံတို့ဖြင့် ပြည့်နှက်လျက်ရှိသော ဤကမ္ဘာကို ပယ်စွန့်နိုင်လျှင် ကျွန်ုပ်တို့သည် မနေ့းအမြန် လွတ်မြောက်မည်ဖြစ်၏။အနှောင်အဖွဲ့မှလွတ်မြောက်ရန်တခုဘည်းသော လမ်းစမှာ ဥပဒေသ သဘောတို့၏ လွတ်မြောက် ရာနှင့် ဖြစ်ပျက်ခြင်းအကြောင်းရင်းတို့၏လွတ်မြောက်ရာသို့ သွင်းမှသာ ရောက်ရှိနိုင်ပေလိမ့်မည်။

သို့ပြားလည်း ဤစကြာဝဠာကို တွယ်တာ နေ ရာ မှ စွန့်ပယ်ရန်မှာအလွန်ခက်ခဲသောအလုပ်ဖြစ်၏။ အနည်းငယ်မျှသော သူတို့သာဤသို့ပြုလုပ်နိုင်ကြလေသည်။ ကျွန်ုပ်တို့၏ ကျမ်းစာအုပ်များတွင် စွန့်ပယ်သော အမှုကိုပြုရန်လမ်း နှစ်သွယ်ကို ဖေါ်ပြထား၏။ တလမ်းမှာ "နေတိ နေတိ" (ဤအရာမဟုတ်၊ ဤအရာမဟုတ်) ဟု ဖြစ်၍၊ ကျန်တလမ်းမှာ "ဣတိ"(ဤအရာ)ဟု ခေါ်၏။ ပဌမလမ်းမှာ ငြင်းပယ်သောနည်းဖြစ်၍ဒုတိယလမ်းမှာလက်ခံသောနည်းဖြစ်၏။ ငြင်းပယ်သောနည်းမှာအခက်ဆုံးဖြစ်ပေသည်။ဤနည်းသည်ဝိတ်ဓါတ်အားဖြင့်အလွန်မြင့်မားကြံ့ခိုင်လျက် "ဤလုပ်ကိုငါမလုပ်ဖြ" ဟု ဆိုလျှင် ဆိုသည့်အလျောက် စိတ် ရော ကိုယ် ပါ အောင်အောင်မြင်မြင် ပြဌာန်းနိုင်ခြင်းရှိသော ပုဂ္ဂိုလ်မျိုးသာလျှင် ပြုလုပ် နိုင်ရာမ်း၏။ သို့ သော် ထိုပုဂ္ဂိုလ် မျိုး မှာ လည်း အလွန်ရှားပါး၏။ လေးကရှိ လူပေါင်းများစွာသည် လက်ခံသောနည်းကိုကျင့်သုံးကြ၏။ ထိုနည်းမှာလေးကရှိအနှောင်အဖွဲ့များကို သုံးစွဲပြီး ထိုအနှောင်အဖွဲ့များကို ချိုးဖြတ်သော

နည်းဖြစ်၏။ ဤနည်းမှာတနည်းအားဖြင့် စွန့်ပယ်သော နည်းပင်ဖြစ်၏။ သို့သော် တရွေ့ရွေ့တဖြည်းဖြည်းနှင့်ပြုလုပ်ရ၏။ အရာဝတ္ထုများအကြောင်းကို သိရ၏။ သုံးစွဲပြီးတွေ့ကြုံသော လက်တွေ့ဗဟုသုတများကို ယူ၍ သဘာဝကို ဆင်ခြင်လျက် စိတ်ကနောက်ဆုံးတွင် ၎င်းတို့ကို စွန့်လွှတ်ကာ မတွယ်တာ မစွဲလန်းသောအဆင့်သို့ရောက်စေရ၏။

ပဉ္စမနည်းဖြင့် မတွယ်တာ မစွဲလန်းသော အဆင့်သို့ ရောက်စေရသည့်မှာဆင်ခြင်တုံတရားကို အထူးပြု၏။ ဒုတိယနည်းမှာ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် အတွေ့အကြုံကိုအထူးပြု၏။ ပဉ္စမနည်းမှာဉာဏယောဂလမ်းစဉ်ဖြစ်သည်။ ၎င်းသည် တစုံတခု လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန် ငြင်းဆန်သော သဘောရှိပါ၏။ ဒုတိယနည်းမှာ ကမ္မယောဂ လမ်းစဉ်ဖြစ်၏။ ၎င်းတွင်လုပ်ငန်းကို မပြတ်လုပ်ရလေသည်။

စကြာဝဠာတွင်း၌လူတိုင်းသည်အလုပ်လုပ်ကြရပါမည်။ မိမိ၏အတ္တတွင် ပြည့်စုံစွာ ကြေနပ်နေသော သူများမှ၎င်း၊ မိမိတို့၏ဆန္ဒမှာ အတ္တကို မလွန်ကျူးသောသူများမှ၎င်း၊ အတ္တမှစိတ်ကို မဖဲမကြည် မလေမလွင့်စေသောသူများမှ၎င်း၊ အတ္တသည် အရာအားလုံး ဖြစ်သည်ဟု ယူဆသော သူများမှ၎င်း၊ အလုပ်မလုပ်ဘဲ နေနိုင်ကြလေသည်၊ ကျန်သူများမှာ အလုပ်ကိုလုပ်ရ၏။

သဘာဝ အလျောက် ဖြစ်ပေါ်သော ရေတံခွန်မှရေသည်အောက်သို့ ဒလဟော ကျဆင်းပြီး အောက်ခြေ၌ ဝဲ

ကတော့တွင် တခဏမျှ လည်ပြီးနောက် မိမိဘာသာ လွတ်လပ်စွာ စီးဆင်းသွားပြန်သည်။ လူတိုင်း၏ဘဝသည် ဤရေစီးနှင့်ပမာတူ၏။ ၎င်းတို့သည် ဝဲကတော့ဟူသော သံသရာ၌ ဝင်၍ကျင်လည်၏။ ထို ဝဲကတော့၌ နေရာ၊ အချိန်နှင့် ဖြစ်ရပ်အကြောင်းရင်းတို့ပါဝင်ကြသည်။ ထိုဝဲတွင်ခဏခေတ္တလည်ပြီးသောအခါ "ငါ့အဖေ၊ ငါ့အစ်ကို၊ ငါ့အမည်၊ ငါ့ဂုဏ်သတင်း" စသည်ဖြင့် ဟာစ်ကြွေး၏။ ထိုနောက်မှ ဤနေရာမှ ထွက်ခွာသွားပြီးလျှင် မူလ လွတ်မြောက်မှုကို ရလေတော့သည်။ စကြာဝဠာတခုလုံးသည် ဤနည်းအတိုင်းလုပ်၍ နေပါသည်။ ကျွန်ုပ်တို့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကျွန်ုပ်တို့ သတိထားမိသည်ဖြစ်စေ၊ မထားမိသည် ဖြစ်စေ၊ ကျွန်ုပ်တို့ အားလုံးသည် ကမ္ဘာ့အိမ်မက်ထဲမှ လွတ်မြောက်အောင် ပြုနေကြ၏။ ကမ္ဘာတွင် လူ၏အတွေ့အကြုံသည် ဤဝဲကတော့မှ ထွက်သွားနိုင်စေရေးပင်ဖြစ်ပေသည်။

ကမ္မယောဂ ဆိုသည်မှာ အဘယ်ပါနည်း။ အလုပ်၏ လျှို့ဝှက်သောပညာတရားဖြစ်ပါသည်။ စကြာဝဠာကြီး တခုလုံး အလုပ်လုပ်နေကြသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဘယ်အတွက် အလုပ်လုပ်နေကြလေသနည်း၊ လွတ်မြောက် ကင်းငြိမ်းရေး အတွက်ပင် ဖြစ်ပါသည်။ သေးငယ်သော အနုမြူကလေးမှအစ အကြီးဆုံးသော သတ္တဝါအထိ တခုသော ရည်မှန်းချက်အတွက်သာ အလုပ်လုပ်နေကြခြင်းဖြစ်ပါသည်။ ထိုရည်မှန်းချက်ကား၊ စိတ်၏လွတ်မြောက်ရေး၊ ကိုယ်၏လွတ်

မြောက်ရေး၊ ဝိညာဉ်၏ လွတ်မြောက်ရေး အတွက်ပင် ဖြစ်ပါသည်။ အရာ အားလုံးတို့မှာ အနှောင်အဖွဲ့မှ လွတ်မြောက် လျက်လွတ်လပ်ရေးအတွက်ကြိုးပမ်းနေကြပါသည်။ နေ၊လ ကမ္ဘာနှင့် နက္ခတ်ဟူသမျှတို့သည်လည်းအနှောင်အဖွဲ့မှလွတ်မြောက်ပြေးထွက်ရန် ကြိုးပမ်းနေကြပါသည်။ သဘာဝကြီး၏ ဗဟိုချက်မှ ရုန်းထွက်သောသဘောနှင့် ဗဟိုချက်သို့လှည့်ဝင်သော သဘောတို့မှာ ကမ္ဘာကြီး၏ ပုံစံများစင်စစ်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ကမ္ဘာကြီးတွင် အထုအထောင်းအချေအဖျက်ခံရပြီး ယဲပြိုသွားရမည့်အစား အချိန် ကြာမြင့်သောအခါ အရာဝတ္ထုများ၏ မူလအဖြစ်အနေကို သိလာကြ၏။ ကမ္မယောဂတရားဖြစ်သောအလုပ်၏ လျှို့ဝှက်တရား၊ အလုပ်၏ နည်းလမ်းနှင့် အလုပ်၏ဖွဲ့စည်းမှုစွမ်း အားတို့ကို သိရှိလာရလေသည်။ ကျွန်ုပ် တို့သာ မည်သို့ အသုံးချ ရမည်ကို မသိပါလျှင် များလှစွာ သော လုပ်အား ဖိုက်ထုတ် မှုတို့မှာ အချည်းနှီး ဖြစ်သွား ကြသွယ် ရှိလေသည်။ ကမ္မယောဂ တရားသည် အလုပ်၏သိပ္ပံနည်းပညာကို ပြုလုပ်ပေး၏။ သင်တို့သည် ထိုတရားကြောင့်ကမ္ဘာပေါ်တွင် ဆောင်ရွက်ခြင်းများကိုမည်သို့အများဆုံး အသုံးကျအောင် သုံးစွဲရမည်ကို လေ့လာနိုင်ပေသည်။

အလုပ်လုပ်ရမည်ဟူသောအချက်မှာလွဲရှောင်၍မရ၊ ဤအတိုင်းသာဖြစ်ရမည်။ သို့သော် လုပ်ခြင်း လုပ်ရလျှင် အမြင့်ဆုံးသော ကိစ္စအတွက် လုပ်ဆောင်သင့်ပေသည်။ ကမ္မယောဂ တရားသည် ကျွန်ုပ်တို့အား ကမ္ဘာကြီး၏ တည်မြဲ၍

ပြောင်းလဲခြင်းရှိသော သဘောကိုပြဆိုရ၏။ ပြောင်းလဲခြင်းရှိသော ထိုအရာသည် ကျွန်ုပ်တို့ ဖြတ်သန်း သွားရန်ဖြစ်၏။ လွတ်မြောက်ရေးသည်၍ တွင်မရှိ၊ ဤမှလွန်သောနေရာတွင် ရှိပေသည်။ ကမ္ဘာ လောကကြီး၏ အနှောင် အဖွဲ့ များမှ လွတ်ကင်းရန်လမ်းစရ ရှိရန်မှာ ကျွန်ုပ်တို့သည် ဖြည်းဖြည်း မှန်မှန်နှင့် သေချာစွာ လျှောက်သွားရန်လို၏။ မြွေသည်အရေခွံကို ချွတ်သကဲ့သို့ ကျွန်ုပ်ယခု ပြောခဲ့သလို ကမ္ဘာကြီးကို ဘေးသို့ဖယ်၍ လှစ်လျူရှုနေနိုင်သော ထူးခြားသည့် ပုဂ္ဂိုလ်မျိုးကား ရှိကောင်းရှိပေမည်။ ထိုပုဂ္ဂိုလ်မျိုးရှိသည့်မှာလည်း ယုံမှားဘွယ်မရှိပေ၊ သို့သော် ၎င်းတို့မှတပါး ကျန်လူတို့မှာ လုပ်ငန်းကိုဆောင်ရွက်ရင်း မှန်မှန်သွား ကြရန် ဖြစ်၏။ ကမ္မယောဂသည် အကောင်းဆုံးသောအကျိုးကျေးဇူး ကို ရရှိစေရန်အတွက် လုပ်ငန်း အဆင့် ဆင့် ကိုရင်း၊ လျှို့ဝှက်ချက် ကို ၎င်း၊ နည်းလမ်း၎င်း၊ ပြဆိုပေသည်။

"မပြတ်အလုပ်လုပ်ပါ၊ သို့သော် လုပ်ငန်းနှင့် ပတ်သက်၍ တွယ်တာ ကပ်ငြိဘွယ် အားလုံးကို ပယ်ရှားပါ" ဟူသည်မှာ ဘာကိုဆိုလိုသနည်း။ သင်၏စိတ်ကို တစုံတခုနှင့်ဝင်စား၍ ကိုယ်နှင့်အတူမပြုပါနှင့်၊ စိတ်ကို လွတ်လပ်စွာထားပါ၊ သင်တို့မြင်သမျှ နာကျင်ခြင်း၊ စိတ်ပျက် ဝမ်းနည်းခြင်းဟူသမျှမှာကမ္ဘာကြီး၏လိုအပ်သောအချင်းအရာများ ဖြစ်ပါ၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းစသည်တို့မှာလည်း အမြဲရှိသည်မဟုတ်။ ယင်းတို့သည် ကျွန်ုပ်တို့၏ စစ်မှန်သော၊ သဘာဝနှင့် ပတ်သက်သည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ သဘာဝမှာ စိတ်ပျက်ဝမ်းနည်းခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းတို့ကို များစွာကျော်လွန်၍သွား၏။ စိတ်ကူးစိတ်သန်း များ ထက် ၎င်း၊ အာရုံခံစားရာ အရာ ဝတ္ထု များထက်၎င်း၊ ပိုမို၍လွန်ကဲသေး၏။ သို့ သော် ကျွန်ုပ် တို့ သည် အစဉ်မပြတ်အလုပ်လုပ်၍နေရပေမည်။ "စိတ်ပျက်ဝမ်းနည်းခြင်းဟူသည်တွယ်တာစွဲလန်းခြင်းမှလာ၏။ လုပ်ငန်းဆောင်ရွက်ခြင်းမှလာသည်မဟုတ်ပေ"

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ပြုလုပ်သောအလုပ်၌ မိမိကိုယ်ကိုဝင်စား၍ ထပ်တူထပ်မျှ သဘောထား လိုက်သည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်တို့မှာဝမ်းနည်းကြည်ကွဲရ၏။ သို့သော်ဤသို့မပြုလျှင် ဝမ်းနည်းကြေကွဲခြင်းကိုကြုံရလိမ့်မည်မဟုတ်ပေ။ ဥပမာအားခြင့် အခြားသူတဦးပိုင်ဆိုင်သော အလွန်လှပသည့် ပန်းချီကားတချပ်သည် မီးလောင် သွားပါက လူတယောက်သည်အများအားဖြင့်စိတ်မကောင်းဖြစ်မည်မဟုတ်၊ သို့သော်မိမိပိုင်ပန်းချီကား တချပ် ဖြစ်ပါမူကား ထိုသူသည် အဘယ်မျှ ကြေကွဲပက်လက်ဖြစ်ရလိမ့်မည်နည်း။

ဤသို့အဘယ်ကြောင့် ဖြစ်ရပါသနည်း။ ပန်းချီကားနှစ်ချပ်စလုံးသည် လှပသည်ချည်းဖြစ်၏။ တမျိုး တည်း ဆွဲထားသောပုံတူ ပန်းချီကားပင်ဖြစ်စေဦး၊ ပိုင်ရှင်သည်မိမိ၏ပန်းချီကားအတွက် အခြားသူထက်ပို၍ ဝမ်းနည်းခြင်းဖြစ်ရပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ထိုသူသည် ပန်းချီကား၌ ထိုသူသည် မိမိနှင့်သက်ဆိုင်ခြင်း(ဝါ)ကိုယ်နှင့် အတူပြုခြင်းသဘောထား၏။ ထို့ကြောင့်စိတ်ထိခိုက်ရ၏။

အခြားပုံတူတချပ်ကိုမူကားကိုယ်ပိုင်မဟုတ်၍၊ သံယောဇဉ် မထား၊ထို့ကြောင့်ဝမ်းမနည်းရတော့ပေ။ ဤသို့သော "ငါ" "ငါ့ဥစ္စာ"ဟူသောအကြောင်းတို့သည်စိတ်ပျက်ဝမ်းနည်းမှု၏ လက်သည်ဖြစ်ပေသည်။မိမိပိုင်ဆိုင်လိုခြင်းစိတ်မှကိုယ်တို့ ဟူသောစိတ်ဝင်လာ၏။ ထိုမှတဆင့် ကြေကွဲဘွယ်ကို ဖန်လာ စေခြင်းဖြစ်ပေသည်။ မိမိအတွက်လိုရမက်ဖြင့်ပြုသောအပြု အမူတိုင်း အကြံအစည်တိုင်းသည် ကျွန်ုပ်တို့အားတစုံတရာ ကိုတွယ်တာစေ၏။ထိုသည်နှင့်မရှေးမနှောင်းပင်ကျွန်ုပ်တို့မှာ ကျေးကျွန်များဖြစ်သွားကြရလေသည်။

စိတ်၏အဟုန်ကလေးတိုင်းသည် "ငါ-ငါ့ဥစ္စာ" ဟု ရွတ်ဆိုလျက် ကျွန်ုပ်တို့အား သံကြိုး ရစ်နှောင် လျက် ကျွန် အဖြစ်ကျရောက်စေ၏။ "ငါ-ငါ့ဥစ္စာ"ဟူ၍ ပြော လေ လေ ကျေးကျွန် ဖြစ်ရလေလေဖြစ်လျက်၊ ကြေကွဲဝမ်းနည်း ရခြင်း တို့လည်းတိုးတက်ပြည့်လျှမ်းလာလေသည်။

ထို့ကြောင့် ကမ္မယောဂ တရား က ကျွန်ုပ် တို့ အား ကမ္ဘာပေါ်ရှိ ပန်းချီကားအားလုံးကို ကြည့်ရှုနှစ်သိမ့်ရန်ပြော ကြား၏ သို့သော်မည်သည့်ပန်းချီကားကိုမျှ ပိုင် ဆိုင် လို စိတ် ဖြင့် မမက်မောစေပါပေ။ "ငါ့ဥစ္စာ"ဟု ဘယ်အခါမှ မဆို ပါလေနှင့်၊ ဘယ်အခါမဆို ဤသို့ ပြောသည့် အခါ ကြေကွဲ ဝမ်းနည်းမှုက နောက်မှထက်ချပ်လိုက်ပါလာလေသည်။ မိမိ စိတ်ထဲတွင်ပင်"ငါ့သားသမီး"ဟုမရေရွတ်ပါနှင့်၊ ကလေး ကိုပိုင်ဆိုင်ပါ၊ သို့သော် " ငါ့ ကလေး " ဟု မဆိုပါနှင့်။

ဤသို့ဆိုမိလျှင် ဝမ်းနည်းခြင်း တရားနှင့်တွဲ ရပေလိမ့်မည်။ "ငါ့အိမ်" "ငါ့ခန္ဓာ"ဟူ၍လည်းမခြေပါနှင့်။ ဒုက္ခအပေါင်းသည် ဤအရာတွင်တည်နေကြပေသည်။ ခန္ဓာကိုယ်သည်သင်တို့လည်းမပိုင်၊ ကျွန်ုပ်လည်းမပိုင်၊ မည်သူမျှ ပိုင်သည်လည်းမဟုတ်ပေ၊ ခန္ဓာကိုယ်များသည် သဘာဝတရား အလျောက်သွားချီလာလှည့် ပြုနေကြ၏။ သို့သော် ကျွန်ုပ်တို့မှာ လွတ်လပ်၏။ ဘေးပန်းမှ ကြည့်လိုကကြည့်နေနိုင်၏။ ဤခန္ဓာကြီးသည် ပန်းချီကားတကားထက်၊ နံရံဘချထက် ပို၍ လွတ်လပ်သည် မဟုတ်ပေ။ ဤသို့သော ခန္ဓာကိုယ်ကို ကျွန်ုပ်တို့အဘယ်သို့ တွယ်တာနေရပါမည်နည်း၊ လူတယောက်သည် ပန်းချီကား တချပ်ကိုရေးဆွဲပါက ရေးဆွဲပြီး လက်ဆင့်ကမ်းလိုက်ဘို့ပင်ဖြစ်၏။ ငါဘို့ငါပစ္စည်းဟူသော အကြံအရွယ်ကိုမထားရပေ။ ဤသို့ကြံရွယ်မိသည်နှင့် တပြိုင်နက် ကြေကွဲ ဝမ်းနည်းဘွယ် အကြောင်းသည်စတင် လေတော့သည်။

ထိုကြောင့် ကမ္မယောဂတရား၏အလိုအားဖြင့်ကိုယ်ဘို့ဟူသောအကြံအရွယ်ကို ချိုးနှိမ်ရန်ဖြစ်သည်။ ထိုသို့ပြုနိုင်ပြီးသည့်နောက် မိမိစိတ်ကိုကိုယ်ဘို့ဟူသော အတွယ်အတာတွင်းသို့ မဝင်စေရန် ထိန်းချုပ်ထားရပေမည်။ ထိုနောက် လောကအလယ်သို့ထွက်ရန်အလုပ်ကိုတတ်နိုင်သမျှသာလုပ်ဆောင်ပါလေလော့။ အရေးရာတွင်ရောနှောပါ။ ကြိုက်ရာနေရာသို့သွားပါ။ သင်သည် ထိုအခါတွင် မကောင်းမှုဖြင့်လည်း ရောစပ်ညစ်ညူးစေနိုင်တော့မည်မဟုတ်ပေ။ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့သင့်အားလည်း ကမ္ဘာကြီး၏ ဆိုးမှု

များသည် ကပ်ငြိခြင်း ရှိတော့မည် မဟုတ်ပေ။ ဤအခြေကို ဝေရာဂီယဟု ခေါ်၏။အဓိပ္ပါယ်မှာ တွယ်တာဇ်ကွက်ရခြင်း ကင်းသောဟူ၍ ဖြစ်ပေသည်။ တွယ်တာဇ်ကွက်ခြင်းကင်းမှု မပါဘဲနှင့်အဘယ်ယောဂီတရားမျှမရှိနိုင်ဟုကျွန်ုပ်ဟောပြော ခဲ့ပါသည်။ တွယ်တာ ဇ်ကွက်ခြင်း ကင်းသော တရားသည် ယောဂီတရားရပ်၏အခြေအမြစ်ဖြစ်ပေသည်။

လူတယောက်သည်အိမ်ကြီးရာကြီးတွင်လည်း မနေ၊ ဝတ်ကောင်းစားကောင်းကိုလည်းမဝတ်။စားကောင်းသောက် ဖွယ်ကိုလည်းမစား၊ သဲကန္တာရထဲ၌တဦးထည်းသွားနေလျှင် ထိုသူသည်တွယ်တာမှု အများဆုံး သူပင် ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဟူမူ ထိုသို့ သောသူသည် မိမိအတွက် ဇ် ကွက်စရာခန္ဓာကိုယ်တခုတည်းသာရှိ၍ ယင်း တခုတည်းကို သာ အရေးထားရသည်။ ထို့ကြောင့် ခန္ဓာကိုယ်ကိုပင် ဂရု တစိုက်ခက်ခက်ခဲခဲပြုစုစောင့်ရှောက်ရတော့မည်ဖြစ်ပေတော့ သည်။ တွယ်တာစွဲလန်းမှုကင်းခြင်းဟူသောတရားသည်။ခန္ဓာ ကိုယ်၏ပြင်ပအရာများကို ပြုလုပ်မှုနှင့်စပ်လျဉ်းသည်မဟုတ်။ စိတ်တွင်း၌တည်ရသောအရာဖြစ်လေသည်။ ဤသို့ခန္ဓာကိုယ် နှင့်အာရုံ ဝင်စားဘွယ် ဝတ္ထုများဖြင့် ဆက်သွယ်ခြင်း မရှိပါ လျှင်ကျွန်ုပ်တို့သည်ဘယ်အခါ၊ဘယ်နေရာတွင်ဖြစ်စေ၊တွယ် တာစွဲလန်းမှုကင်းရာရောက်ပေလိမ့်မည်။လူတယောက်သည် ရှင်ဘုရင်အဖြစ်ရွှေနန်းပလ္လင်ဖြင့်နေထိုင်ရသော်လည်း တွယ် တာမှုကင်းနိုင်၏။တဲပုတ်တဲစုတ်ဖြင့်အဝတ်ရတ်တို့ကိုဝတ်နေ ရသော်လည်း တွယ်တာမှုများသောသူဖြစ်နိုင်ပေသည်။

ကျွန်ုပ်တို့သည် ပဋ္ဌမဦးစွာ တွယ်တာမှု ကင်းသော အဖြစ်ကို ရရှိရန်လိုသည်။ ထို့နောက်တွင် အလုပ်ကို မပြတ် မလပ်လုပ်ရပေလိမ့်မည်၊ ကမ္မယောဂတရားသည် ကျွန်ုပ်တို့ အား တွယ်တာစွဲလန်းမှုအားလုံးကို စွန့်ပယ်စေနိုင်သောနည်း လမ်းကို ခက်ပင် ခက်ငြားသော်လည်း ပြသပေးနိုင်ပေသည်။

ဤနေရာတွင် တွယ်တာစွဲလန်းမှုကို စွန့်ပယ် စေနိုင် သောလမ်းနှစ်သွယ်ရှိပါသည်။ တလမ်းမှာ ဘုရားကို မယုံ ကြည်သောသူများနှင့် ပြင်ပအကူအညီကို မယုံကြည် သော သူများအတွက်ဖြစ်၏။ ထိုသူတို့မှာ မိမိတို့၏ စိတ်တန်ခိုး ဖြင့် သာ ဆောင်ရွက်နိုင်ကြ၏။ "ငါသည် တွယ်တာခြင်းကင်း သောသူဖြစ်ရမည်" ဟူ၍ ပြဋ္ဌာန်း ရေ ရွတ် လျက် စိတ်ဖြင့် အလုပ် လုပ်သွားရုံပ င်ဖြစ်၏။ အခြား ထလမ်းမှာ ဘုရားကို ယုံကြည်သူများအတွက်ဖြစ်၏။ ပို၍လည်းလွယ်ကူ၏။ ထိုသူ တို့အတွက်ကား လုပ်ငန်း၏အကျိုးထိုပယ်၍ဘုရားသခင်ထံ၌ အပ်ရန်ဖြစ်၏။ အလုပ် လုပ်သော်လည်း အကျိုးကို မြော်ကိုး တွယ်တာခြင်းကင်းရ၏။ ထိုသူတို့မြင်သမျှ၊ ခံစားရသမျှ ကြားရသမျှ၊ လုပ်သမျှသည်ဘုရားရှင်အတွက်ဖြစ်၏။ ကျွန်ုပ် တို့ပြုသမျှသော ကောင်းမှုအတွက် ကျွန်ုပ်တို့သည် ချီးမွမ်း သံသာနှင့် အကျိုးစီးပွါးကိုမတောင့်တအပ်။ ထိုအမှုတို့ကား ဘုရားရှင်ကို ရည်စူးလုပ်ဆောင်ခြင်းဖြစ်၍ အကျိုး တရားမှာ လည်းဘုရားရှင်နှင့်သာဆိုင်လေသည်။ ကျွန်ုပ်တို့သည် ဘေး မှရပ်လျက်အရှင်သခင်စေစားရာကိုသာကျိုးကျိုး နွံနွံ ဆောင် ရွက်လျက် လုပ်ငန်းအတွက် ပေါ်လာသောစိတ် အဟုန်မှန်

သမျှသည် ဘုရားရှင်ထံမှ ရရှိသည်ဟု ယူကြပါစို့၊ မိမိတို့ ဝတ်ပြုသမျှ၊ သိမြင်သမျှ၊ ပြုလုပ်သမျှတို့ကိုဘုရားရှင်ထံ၌သာ ပန်ဆင် ပေးအပ်လျက် သီးခြား သက်သာစွာ နေပါလော့။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဘာသာ အေးချမ်းစွာ ကုံလုံပြည့်စုံ အောင်နေကြလျက်၊ ကိုယ်နှင့်စိတ်ကိုဘုရားရှင်ထံ၌ ထာဝရ ပူဇော်ပါလေလော့။ ဆိမ်းတွင် ဆိထည့်၍ ပူဇော်သည့်ထက် တခုသောအမှုဖြင့်သာ နေ့နေ့ညည ပြုလုပ် ပါလော့၊ ထိုတခု ကား မိမိ၏အတ္တကလေးကို စွန့်လွှတ် ပူဇော်ရန်တည်း။

အောက်ပါအတိုင်း နေ့စဉ် ညစဉ် ရွတ်ဆို ဝတ်ပြု ပါလော့၊ "ကျွန်ုပ်သည် ဤကမ္ဘာ၌ စီးပွါးကိုရှာခဲ့ ပါသည်။ ကျွန်ုပ်တွေ့ရှိသည်ကားအရှင်သာလျှင်တခုတည်းသောစီးပွါး ဖြစ်ပါသည်၊ အရှင့်အား ကျွန်ုပ်ပူဇော်ပါ၏။ ကျွန်ုပ်သည် ဤကမ္ဘာလောကတွင် ချစ်ခင်လေးမြတ်ရာ တစုံတယောက် ကို ရှာခဲ့ပါ၏၊ ကျွန်ုပ်တွေ့ရှိသည်ကား အရှင်သာလျှင် တဦး တည်းသော ချစ်ခင် လေးမြတ်ရာ ဖြစ်ပါသည်၊ ကျွန်ုပ်သည် အရှင့်အားပူဇော်ပါ၏။ ကျွန်ုပ်အတွက်အခြားအရာသည်မရှိ၊ ကောင်းသည်ဆိုးသည်ဟူသော အရာတို့သည်လည်း ကျွန်ုပ် အရေးမထား အရှင့်အားသာပူဇော်ပါ၏"

ကျွန်ုပ်တို့သည် ဤသို့လျှင် ရှိသည်ဟု ထင်ကြသော အတ္တစိတ်ကလေးကို စွန့်ပယ်နိုင်စေရန် နေ့နေ့ညညအကျင့် ဖြစ်လာသည်အထိ ရွတ်ဆိုရပေမည်၊ နောက်ဆုံးကျွန်ုပ်တို့၏ အသွေးထဲ၊ အသားထဲ၊ အကြောထဲ၊ ဦးနှောက်ထဲသို့

ရောက်စေလျက်၊ တကိုယ်လုံးသည် ဤတရားကို ခဏတိုင်း ခဏတိုင်းလိုက်နာစေနိုင်သည်အထိ ပွါးများရာ၏၊ ထိုအခါ ချီးဝှင် သင်သည်အမြောက်သေနတ်တို့ဖြင့်၊ ညိုးညံသော စစ်တလင်းအလယ်သို့ ထွက်လာသော်လည်း သင့်ကိုယ်မှာ ငြိမ်းချမ်းတည်ငြိမ်လျက်ရှိသည်ကိုတွေ့ရပေလိမ့်မည်။

ကမ္ဘာယောဂတရားက ကျွန်ုပ်တို့အား တာဝန်၏ ရိုးရိုး အဓိပ္ပါယ်မှာ နိမ့်ကျသော အဆင့်မှာရှိသည်ဟု သင်ပြခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့အားလုံးသည်ကျွန်ုပ်တို့၏တာဝန် ဝတ္တရားကို ဆောင်ရွက်ကြရပေမည်။ သို့သော်လည်း ဤသို့ ထူးဆန်းသောတာဝန်၏ အသိသည်မကြာခဏပင် စိတ်ပျက် ဝမ်းနည်းခြင်းကိုဖြစ်စေတတ်၏။ တာဝန်သည်ကျွန်ုပ်တို့တွင် ရောဂါတခုကဲ့သို့ဖြစ်၏။ ကျွန်ုပ်တို့အား ရှေ့သို့တိုးသည်ထက် တိုးရန် ဆွဲဆောင်၏။ ယင်းသည် ကျွန်ုပ်တို့အား ဆုတ်ကိုင် လျက် ဘဝလုံးကိုကြေကွဲ ဝမ်းနည်းဖွယ်တို့ဖြစ်စေ၏။ ဤ အချက်မှာ လူ့ဘဝ၏ ဒုက္ခတရပ်ဖြစ်၏။ ဤတာဝန်မှာ မွန်း တည့်နေကဲ့သို့ပြင်းလျက်လူ့လောက၏ အတွင်းသားဝိဉာဉ် ကိုပူလောင်စေ၏။ တာဝန်၏ကျေးကျွန်များကိုကြည့်ပါ တာ ဝန်သည်၎င်းတို့အား ဘုရားဝတ်ပြုရန် ရေချိုးရန်ပင်အချိန်မ ပေးပေ၊ တာဝန်သည်၎င်းတို့အပေါ်၌အချိန်မရွေးရှိ၏။ သူတို့ ထွက်သွား၍ အလုပ် လုပ်သော အခါလည်း တာဝန်သည် ကိုယ်ပေါ်တွင် လေးနေ၏။ အိမ်ပြန်လာ၍ နောက်တနေ့ အတွက်ဆက်စဉ်းစားရပြန်၏။ တာဝန်သည်ကိုယ်ပေါ်တွင် လေးနေ၏။ ဤသို့ဖြင့် ကျေးကျွန်ဘဝကို ဖြစ်ပေါ်စေ၏၊ ကြာ

သော် နေ့ခက်ဆုံးပွင် မြင်းကဲ့သို့ပင် လမ်းမပေါ်၌ ကကြိုး တန်းဆာမဖြုတ်ရသေးဘဲ လဲကျသေဆုံးရ သကဲ့သို့ ဖြစ်ပေမည်။ ဤအချက်မှာကျွန်ုပ်တို့နားလည်နေကြရသော တာဝန် ဖြစ်၏။

တကယ်စစ်မှန်သောတာဝန်ကား တွယ်တာစွဲလန်းမှု ကင်းစွာဖြင့် လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်ခြင်း ဖြစ်၏။ အလုပ်၏အကျိုးအားလုံးကိုလည်း ဘုရားအား ပေးလှူရ၏။ ကျွန်ုပ်တို့ထမ်းသည့်တာဝန်အားလုံးသည် ဘုရားပေးသော တာဝန်ဖြစ်စေရမည်။ ကျွန်ုပ်တို့သည်တာပန်ထမ်းဆောင်ရန် အမိန့် ပေးခြင်း ခံရသဖြင့် ကောင်းချီး ပေး ခံရခြင်း ဖြစ်၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘဝတာတွင် ဝန်ထမ်းခြင်းဖြစ်၏။ ကျွန်ုပ်တို့ ကောင်းရာ လုပ်သည်၊ ဆိုးရာ လုပ်သည်ကို အဘယ်သူ သိသနည်း။ ကျွန်ုပ်တို့ အကယ်၍ ကောင်းရာလုပ်လျှင်အလုပ်၏အကျိုးကို ကျွန်ုပ်တို့ခံယူသည့်မဟုတ်၊အကယ်၍ အဆိုးကိုလုပ်လျှင်လည်း ပြုရစောင့်ရှောက်ခြင်း ခံရမည့် မဟုတ်။ ကျွန်ုပ်တို့သည် သက်သာစွာ လွတ်လပ်စွာနှင့် အလုပ်လုပ်ကြရပေမည်။ ဤသို့သော လွတ်သပ်ရေးမျိုးကို ရရှိရန်ကား အလွန်ခက်ခဲ၏။

ကျေးကျွန်ခံရခြင်းကိုတာဝန်ဟု အဓိပ္ပါယ် ပေးခြင်းမှာ မည်မျှလွယ်ကူလိုက်ပါလေသနည်း။ စင်စစ်ကား ရုပ်ခန္ဓာ ချင်းချင်း တပ်မက်သော ရောဂါတမျိုးမျှသာ ဖြစ်လေသည်။ လူတို့သည်လောကအလယ်တွင်ထွက်၍ငွေအတွက်သော်၎င်း မိမိတို့ မက်မောရာတခုခုအတွက်သော်၎င်း၊ အပြင်း အထန်

တိုက်ခိုက်ရန်းကန် ယှဉ်ပြိုင်ကြရ၏။ ဘာကြောင့် ဤသို့ ပြုပါသနည်းမေးငြား အံ့။ "ဒါဟာ တာဝန် တရပ်ဘဲ" ဟု ဖြေပေလိမ့်မည်။ ဤအဖြေကား ယုံထားဘူတမကျ။ ရွှေ-ငွေ တို့ကို မက်မောသော လောဘအထုကို နှစ်သက်ဖွယ် ပန်းကုန်းများဖြင့် ဖုံးထားခြင်းသာဖြစ်လေသည်။

ဤသို့ဖြစ်လျှင် တာဝန်ဆိုသည့်ကားအဘယ်ပါနည်း။ စင်စစ်မှာကျွန်ုပ်တို့ကိုယ်၏လှုံ့ဆော်မှုသာဖြစ်၏။ကျွန်ုပ်တို့၏ တွယ်တာစွဲလန်းမှုသာဖြစ်၏။ ထိုအမှုတို့သည် အမြစ် တွယ်လာသောအခါ၊ ကျွန်ုပ်တို့က တာဝန်ဟု ခေါ်ကြပေသည် ဥပမာအားဖြင့် လက်ထပ် ထိမ်းမြားခြင်း အလေ့ မရှိသော နိုင်ငံ၌ လင့်တာဝန်-မယားတာဝန်ဟူ၍မရှိပေ။လက်ထပ် ထိမ်းမြားခြင်းအလေ့ရှိလာသောအခါ လင်မယားတို့သည် တွယ်တာစွဲလန်းမှုကို အကြောင်းပြု၍နေထိုင် လာကြသည်။ ဤဓလေ့သည် ဆွေစဉ်မျိုးဆက် တည်မြဲလာသောအခါ ခိုင်မာ၍လာ၏။ ထိုအခါ တာဝန်တရပ်ဖြစ်လာပေသည်။ဤကိစ္စမှာ ပြောရလျှင် နာတာရှည်ရောဂါတခုဖြစ်၏။ ၎င်းကိုအပြင်းအထန်ဖြစ်လာသောအခါတွင် ရောဂါဟု ကျွန်ုပ်တို့ ခေါ်ကြ၏။နာတာရှည်သဘောဖြစ်နေသောအခါ ကျွန်ုပ်တို့က ၎င်းကို သဘာဝဟု ခေါ်ကြပေသည်။ ၎င်းမှာရောဂါတခု ဖြစ်ပါသည်။ ထို့ကြောင့် တွယ်တာစွဲလန်းမှုသည် နာတာရှည် ဖြစ်သောအခါ ကျွန်ုပ်တို့သည် တာဝန်ဟု ကြီးကြီးကျယ်ကျယ် ကင်းပွန်းတပ်လိုက်ကြ၏။ ထိုအဖြစ်ကို ဖုံးကွယ်ရန် အတွက် ကျွန်ုပ်တို့သည် ပန်းများနှင့် ဖုံးကြ၏။ တံပိုးခရာတို့ဖြင့် ချီး

မြှောက်ကြ၍၊ ကျမ်းကြီးကျမ်းခိုင်တို့ဖြင့် ဖေ့နေလိုက်ထားကြ၍၊ ထိုနေ့ကတ်တကမ္ဘာလုံးသည် ထိုတာဝန်အတွက် တယောက်နှင့် တယောက် အားတက်သရော လုယက်တိုက်ခိုက်ကြလေတော့သည်။ တာဝန်ဟူသည်မှာရက်စက်ကြမ်းကြုတ်မှုတို့ မပါဝင်လျှင် မြင့်မြတ်ပေသည်။လူ့အောက် အနိမ့်ကျဆုံးဖြစ်သောလူစားတို့အတွိုဘာခြားတပါးသောလမ်းညွှန်တရားမရှိလျှင်ဝင်းမှာအသင့်အတင့်ကောင်းမြတ်၍။သို့သော်ကမ္ဘယောဂီဖြစ်လိုသော ပုဂ္ဂိုလ်များအတွိုကား ဤအချက်ကိုပယ်ဖျက်စွန့်ပစ်ရပေမည်။ သင်တို့ကျွန်ုပ်တို့အတွက် တာဝန်ဆိုသည်မှာ မရှိပါ။ သင်တို့သည် ကမ္ဘာ လောကကြီး အားပေး၊ကမ်းရန်ရှိပါကနည်းအမျိုးမျိုးဖြင့်ပေးကမ်းပါ၊သို့သော်တာဝန်ဟူသော အနေဖြင့် မပြုလုပ်ပါနှင့်၊ စိတ်ကူးမျှပင် မထည့်ပါနှင့်မလုပ်မနေရ၍လုပ်သည်ဟုသဘောမထားပါနှင့်အဘယ့်ကြောင့်သင်တို့ကျွန်ုပ်တို့လည်မလုပ်မနေရနည်းဖြင့်အတင်းအကြပ်လုပ်ရမည်နည်း။ကျွန်ုပ်တို့သည်မလုပ်မနေရနနည်းဖြင့် အတင်းအကြပ် လုပ်ရ မည်နည်း။ ကျွန်ုပ်တို့ အတွိုမလုပ်မနေရသဖြင့် လုပ်ကြရသော အလုပ်များသည် တွယ်တာမှုကိုဖြစ်ပေါ်စေလေသည်။ ထို့ကြောင့် အဘယ်သို့သောတာဝန်များ ကျွပ်နို့တို့၌ရှိသင့်ပါသနည်း။ အရာအားလုံးကိုဘုရားရှင်ထံ၌သာအပ်နှံပါလော့။တာဝန်ဟူသောမီးတောက်များ လောင်မြိုက်ဖျက်ဆီးနေသောနတ်သုဋ္ဌါကို သောက်သုံးလျက် ပျော်ရွှင်ပါလော့။ ကျွန်ုပ်တို့အားလုံးသည် ဘုရားရှင်၏ အသိုတော်ကျလုပ်ဆောင်နေကြရ၍၊ အလုပ်မှ အကျိုးအပြစ်များကို ကျွန်ုပ်တို့ဂရုမထားအပ်၊ အကျိုးကို ယိုသူသည်

အပြစ်ကိုမခံယူရရေးမှာ အကျိုးကိုပါ မလိုလားရေးပင်ဖြစ်တော့သည်။ ကြေကွဲဝမ်းနည်းခြင်းတို့မှ ကင်းလွတ်ရေးမှာ ပျော်ရွှင်ကြည်နူးခြင်းကိုပါ လက်လွှတ်မှ ဖြစ်ပေမည်။ အဘယ့်ကြောင့်ဟူမူ ထိုနှစ်ရပ်တို့သည် တခုနှင့်တခု ဆက်စပ်နေကြသောကြောင့်ဖြစ်ပေသည်။ တဖက်တွင် ပျော်ရွှင်ကြည်နူးခြင်းရှိ၍ အခြားတဖက်တွင် ကြေကွဲ ဝမ်းနည်းခြင်းတို့ ရှိလေသည်။ တဖက်တွင်သက်ရှင်ရပ် တည်နေထိုင်မှု ၍ တဖက်တွင် သေလွန်မှုရှိလေသည်။ ထိုသို့သော သေလွန်မှုတရားကို ကျော်လွန်ပေါက်မြောက်နိုင်ရေးမှာလည်းဘဝကိုခံမင်တွယ်တာခြင်းကင်းမှဖြစ်နိုင်လေသည်။သက်ရှင်ခြင်းနှင့် သေဆုံးခြင်းတို့မှာလည်း တခုသောအရာသာဖြစ်ကြ၍ မြင်သော ရှုဒေါင့် ခြင်းသာ ခြားနား လေသည်။ သို့ဖြစ်သဖြင့် ကြေကွဲခြင်းကင်းသော ပျော်ရွှင်မှု သေဆုံးခြင်း ကင်းသော ဘဝဟူသည်တို့မှာကလေးသူငယ်ကျောင်းသားအရွယ်များကသာ ဟုတ်မှန်ဘွယ် ထင်နေသောအရာဖြစ်၏။ဆင်ခြင်စဉ်းစားတတ်သောသူတို့အဘို့ကား ၎င်းစကားများသည် ယွင်းမှားလျက်ရှိကြောင်းကိုသိလျက်ထိုနှစ်မျိုးလုံးကိုပင်စွန့်ပစ်ကြလေသည်။

ကျွန်ုပ်တို့ပြုသမျှအတွက် ချီးမွမ်း သံသာကိုရင်း၊ ရှုတ်ချကိုရင်း၊ မမျှော်လင့်အပ်ပေ။ ကျွန်ုပ်တို့သည် ကောင်းမှုကလေးတခုပြုပြီး၍ မကြာမီပင်ထိုအမှုအတွက်မိမိကိုအကျိုးပြုစေလိုသောစိတ်သည် ပေါ်လာတတ်၏။ တစုံတယောက်ကို ငွေကြေးစောင်မပေးကမ်းပြီး၍ မကြာခင်ပင် ကျွန်ုပ်တို့

သည် သတင်းစာထဲ၌ မိမိတို့အမည်ကို ထင်းကနဲ စာလုံးမဲ ကြီးများဖြင့် ပါစေလိုကြ၏။ ထိုသို့သော ဆန္ဒများမှ ကြေကွဲ ဝမ်းနည်းဖွယ်တို့သည် ပေါ်ပေါက်လာ၏။ ကမ္ဘာပေါ်တွင် အလွန်တရာကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်ကြီးများနှင့်နှိုင်း ယှဉ်လိုက်လျှင် ဒုတိယတန်းစားမျှဖြစ်သေး၏။ ရာပေါင်းများ စွာသော ထိုပုဂ္ဂိုလ်ကြီးများသည် နိုင်ငံပေါင်း များစွာတွင် ရှိကြလျက်၊ တိတ်ဆိတ်စွာပင် အလုပ်လုပ်လျက် ရှိကြ၏။ ယင်းပုဂ္ဂိုလ်ကြီးများသည်တိတ်ဆိတ်စွာအလုပ်လုပ်ကြသလို ပင် တိတ်ဆိတ်စွာပင်ကွယ်လွန်သွားကြ၏။ ၎င်းတို့၏အတွေး အခေါ်စိတ်ကူး စိတ်သန်းများကိုကား ဗုဒ္ဓမြတ်စွာနှင့် ယေရှု ခရစ်တော်တို့ထံမှနောင်အခါတွင်ကျွန်ုပ်တို့သိရှိရလေသည်။ အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်ကြီးများကမိမိတို့၏ပညာဉာဏ် အတွက် အမည်နာမနှင့်ဂုဏ်ထူးများကို လိုလိုချင်ချင် ရှိကြ သည်မဟုတ်ပေ။ သူတို့၏ စိတ်ကူး-စိတ်သန်း များကို သာ ကမ္ဘာပေါ်တွင် ထားခဲ့ကြ၏။ သူတို့အမည်နှင့် ဂိုဏ်းဂဏ ထောင်ခြင်း၊ ဝါဒ တီထွင်ခြင်းတို့ကို မပြုလုပ်ခဲ့ကြပေ။ သူတို့ ၏ အဖြစ်အနေများသည်၊ ဤသို့ပင်သေးငယ်စွာထားခဲ့ကြ၏။ သူတို့သည် သန့်ရှင်းသောသတ္တပိက ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သူတို့သည်ဝင့်မော်ဝါကြွားမှုကိုမပြု၊ ချစ်ချင်းမေတ္တာဖြင့်သာ ညွှတ်နူးစွာရှိကြ၏။

ကျွန်ုပ်သည် အိန္ဒိယပြည်တွင်ဂူတခုအတွင်း၌ နေထိုင် လျက်ရှိသော အလားတူ ယောဂီတဦးကို တွေ့ဘူး ပါသည်၊ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်တွေ့ဘူးသမျှ သူများထဲတွင် ထူး

ဆန်းအံ့ဩဘွယ်အကောင်းဆုံးဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာမိမိ၏ပုဂ္ဂလစိတ်လုံးလုံးကွယ်ပျောက်လျက်ထိုသူ၌လူတဦးဟူသောအဖြစ်အနေလုံးဝပျောက်ကွယ်သွားပြီးနောက်ဘုရားတည်းဟူသောလုံးဝသိမြင်သည့်အနေဖြင့်သာ နေထိုင်လျက်ရှိပါတော့သည်။ အကယ်၍ တိရိစ္ဆာန် တကောင်ကောင်က ၎င်း၏လက်မောင်း တဘက်ကို ကိုက်ခဲလျှင်၊ ထိုပုဂ္ဂိုလ်ကြီးသည်မိမိ၏ အခြားလက်တဘက်ကိုပါ အဆင်သင့် လှမ်းပေးလေသည်။ ထိုပုဂ္ဂိုလ်ကြီးက ဤအလုပ်မှာ ဘုရားရှင်၏ အလိုတော်ကျဖြစ်သည်ဟုဆို၏။ မိမိထံသို့ရောက်ရှိလာသမျှသောအကြောင်းကိစ္စအားလုံးမှာလည်း ဘုရားသခင်ထံမှလာသည်ပင်ဟူ၏။ သူသည် လူအများ နှင့် အတွေ့မခံပေ။ သို့ သော် ထိုပုဂ္ဂိုလ် ကြီး ကား ချစ်ချင်း မေတ္တာ တရားနှင့် မှန်ကန်ချိုသာသော စိတ်ကူးစိတ်သန်းများ၏ အထုအထည်သရုပ်ပင် ဖြစ်လေသည်။

အစ်ိ အစဉ် အားဖြင့် သိလျှင် ရာဇအား သည်းသောသူ၏အဖြစ်သည်ပါလာ၏။ထိုသူသည်များစွာလှုပ်ရှား အားထုတ်၏။ တိုက်ခိုက်သတ်ဖြတ်တတ်သောသဘောရှိ၏။ ပြည့်စုံကုန်လုံသော တရားရှင်တို့၏ တရားကိုယူလျက်၊ လောကကြီးအား ဟောကြား မှုံချ၏။ လူတကာတွင် အမြင့်မြတ် ဆုံးသောသူတို့သည်ကား တိတ်ဆိတ ငြိမ်သက်စွာပင် မြင့်မြတ်သောအမှန်တရားကိုရှာဖွေကြ၏။ ဗုဒ္ဓမြတ်စွာနှင့် ခရစ်တော်စသောပုဂ္ဂိုလ်ထူးများက ထိုတရားများကိုအနယ်နယ်အရပ်ရပ်သို့သွားရောက်လျက်၊ဒေသစာရီဖြန့်ချိကြ၏။ဂေါတမဗုဒ္ဓ

မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိစဉ်၌၊ မိမိသည် နှစ်ဆယ့်ငါးဆူမြောက် ဗုဒ္ဓဟု ဟောကြားသည်ကို ကျွန်ုပ် တို့သဘိထားမိပေသည်။ ၎င်းထက်ရှေးကျသော နှစ်ဆယ့် လေးဆူမှ ဗုဒ္ဓတို့ကိုမူကား ရာဇဝင်သမိုင်းတို့၌မသိရှိရ။ သို့ သော် ကျွန်ုပ်တို့သိရှိသောဗုဒ္ဓမြတ်စွာသည်၊ ရှေးမဆွကာ ဗုဒ္ဓ အဆူဆူဘွဲ့စိုက်ထူခဲ့သောအုဘ်မြစ်ပေါ်တွင် ပေါ်ထွန်းလာရ သည်မှာ အမှန်ပင်ဖြစ်ပေသည်။ အမြင့်မြတ်ဆုံးသော သူတို့ သည် အေးချမ်း၏။ ဆိပ်ငြိမ်၏။ လူသူမသိရ။ အညတြနေထိုင် ကြ၏။ ထိုပုဂ္ဂိုလ်များကား စိတ်ကြံစည်ချက်၏တန်ခိုးကို သေ ချာစွာ သိသေသူများတည်း။ သူတို့သည် ဂူတွင်းသို့ဝင်၍ တံခါးပိတ်လျက်၊ ငါးပါးမျှသောအကြံအစည်တို့ကိုကြံဆပြီး တခဏာ၌ကွယ်လွန်သွားလျှင်ပင်၊ ထိုကြံဆခဲ့သော တရားတို့ သည် ကမ္ဘာတည်သရွေ့ တည်ပေလိမ့်မည်ဟု သေချာစွာ သိရှိကြပေသည်။ ထိုပုဂ္ဂိုလ်ကြီးတို့၏ တရားတို့သည်လည်း တောင်အထပ်ထပ်ကိုဖြတ်သိမ့်မည်၊ သမုဒ္ဒရာအစင်းစင်းကို ကျော်လိမ့်မည်။ ကမ္ဘာကို့ပတ်၍ပလိမ့်မည်။ ထိုမျှမကသေး ထိုတရားတို့သည် လူတို့၏နှလုံးဦးနှောက်များထဲသို့ စူးစိုက် ထိုးဝင်လျက်၊ ထိုတရားကိုလူ့ဘဝ၌လက်တွေ့ကျင့်သုံးသော ယောကျ်ားမိန်းမတို့အား အခြေကိုမြင့်စေလိမ့်မည်။

သတ္တုပိကဖြစ်ကြသော သူတို့သည် လှုပ်ရှားရာ၌၎င်း၊ တိုက်ခိုက်ရာ၌၎င်း၊ တရားဟောပြောရာ၌၎င်း၊ ကောင်းမှုပြု ရာ၌၎င်း၊ ၎င်းတို့၏အဆိုအားဖြင့်၊ ဤ လူ့လောကမြေအပြင်

ဝယ် ဘုရားနှင့် အနီး ကပ်ဆုံး သူ များ ဖြစ် ကြ သည်။ ဤသို့ တက်ကြွလှုပ်ရှားသောပုဂ္ဂိုလ်များသည်ကောင်းပင်ကောင်း သော်လည်း၊ ၎င်းတို့၌မသိနားမလည်မှု အကြွင်းအကျန်များ ရှိပေသေးသည်။ ကျွန်ုပ်တို့၏ သဘာဝအဖြစ်၌ မစင်ကြယ်မှု ကလေးများကြွင်းကျန်သောအခါတွင်မူ၊ကျွန်ုပ်တို့သည်အမှု ပြုနိုင်ကြ၏။ ဤကား အကြံအစည်နှင့် တွယ်တာ စွဲလန်းမှု တို့ကြောင့်၊ တိုက်တွန်းခြင်းရှိသော အလုပ်၏ သဘာဝဖြစ် ပေသည်။ အရာအားလုံးကို သိတတ်လျက် အပ်ကျသည်ကို ပင်သိတတ်သော ဘုရားသခင်၏ရှေ့မှောက်၌၊ လူတဦးသည် မိမိ၏အလုပ်ကို မည်ကဲ့သို့ ရေးကြီး ခွင်ကျယ် လုပ်ခါ တွယ် တာကပ်ငြိနိုင်ပါမည်နည်း။ ဘုရားသခင်သည် လောကရှိ အသေး အမွှားသော ကိစ္စကလေးများကိုပင်လျှင် စောင်မ ကြည့်ရှုနေပါလျက်၊ ဤသို့ ပြုလုပ်ခြင်းသည် ဘာသာရေး ကို ထိပါးရာမကျလေသလော။ ကျွန်ုပ်တို့သည် ဘုရားရှင်၏ ရှေ့မှောက်၌၊ ပျော်ဝင်လျက် "အရှင့်အလိုအတိုင်းပြီးနောက် ပါစေမည်" ဟု ရိုသေစွာလျှောက်ထားရန်ပင်ဖြစ်ပေသည်။ အမြင့်မြတ်ဆုံးသောသူတို့သည်အမှုဆောင်ရွက်ခြင်းမပြုနိုင် ကြချေ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့တွင် တွယ်တာ စွဲလန်းမှုကင်းပေသောကြောင့်တည်း။ အကြင်သူတို့၌ဝိညာဉ် တခုလုံးသည်(အတ္တ)တရားသို့သ်မြင်ပြီးနောက်၎င်း။(အတ္တ) တရား၌ ဆန္ဒဟူသမျှကိုနေ့ရာချထားပြီး မြောက်၎င်း။(အတ္တ) ၌ပင် အစဉ်အမြဲ မကွဲမကွာသော စိတ်ရှိသျှင်၎င်း။ ထိုသူမျိုး တို့၌ လောကီအမှုဆောင်ရွက်ခြင်းဟူ၍မရှိပေ။ ထိုသို့သော ပုဂ္ဂိုလ်မျိုးတို့သည် လူ့လောက၌ အမြင့်ဆုံးပုဂ္ဂိုလ်များ ဖြစ်

ကြလေသည်။ ၎င်းဘို့မှတပါး အခြားပုဂ္ဂိုလ်တို့သည် အမှုပြု ဆောင်ရွက်ရမည်သာတည်း။ ဤသို့ပြုလုပ်ရာ၌ကျွန်ုပ်တို့သည် စကြဝဠာတွင်းဘွင် သေးငယ်သောအမှုကိုမျှ ကူညီနိုင်မည် ဟုမယူဆသင့်ပေ။ ကျွန်ုပ်တို့သည်ဤသို့ကူညီခြင်းမပြုနိုင်ပါ။ ဤလောကဗိုဟာကြီး၌၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ မာတ်ိုသာ လျှင် ကျွန်ုပ်တို့ ကူညီနိုင်ပေသည်။ ဤအချက်မှာ အမှုလုပ် ဆောင်ရာတွင် မှန်ကန်သော စိတ်ထားဖြစ်၏။ ဤနည်းဖြင့် အမှုဆောင်ရွက်နိုင်၍၊ အစဉ်သဖြင့် ကျွန်ုပ်တို့သည် မိမိတို့ ကိုယ်ကို အခွင့်အရေးရရှိနေသည်ဟု သတိထားမိနေအံ့။ ထို အခါ ကျွန်ုပ်တို့၌ တစုံတခုကို တွယ်တာကပ်ငြိခြင်း ရှိတော့ မည်မဟုတ်ပေ။ သင်တို့ ကျွန်ုပ်တို့ကဲ့သို့သော ကမ္ဘာပေါ်ရှိ သန်းပေါင်း များစွာသော သူတို့သည် မိမိတို့ကိုယ်ကို ကြီး ကျယ်သောသူများဟုအထင်ရောက်ကြ၏၊ ထိုသော်ကျွန်ုပ်တို့ သည်သေလွန်ကြရ၏။ သေလွန်ပြီးနောက်ငါးမိနစ်မျှအကြာ ပင်လျှင်၊ လောကကြီးသည်ကျွန်ုပ်တို့အားမေ့ပျောက်သွား၏။ ဘုရားရှင်၏ အဖြစ်အနေမှုကား အဆုံးမရှိပေ။ "ဤသို့သော တန်ခိုးရှင်က မပိမ့်လျှင်အဘယ်သူသည် တဒင်္ဂမျှအသက်ရှင် နေထိုင် နိုင်ပါမည်နည်း"။ ထိုတန်ခိုးရှင်ကား အစဉ် အမြဲ အလုပ်လုပ်လျက် ရှိသောဘုရားရှင်ပင်ဖြစ်၏။ တန်ခိုးအာဏာ အားလုံးသည် သူ၏ အစေအပါးအရာ၌ အားလုံးရှိ၏။ လေ တိုက်ခြင်းသည်၎င်း၊ နေပူခြင်းသည်၎င်း၊ ကမ္ဘာ လောက တည်နေခြင်းသည်၎င်း၊ လူဘို့သေဆုံးခြင်းသည်၎င်း၊ ဘုရား သခင်၏စေစားချက်အရသာဖြစ်ကြပျက်ကြလေသည်။ ဘုရား

သခင်သည် အရာအားလုံး၌တည်ရှိ၏။ အရာ အား လုံး သည်လည်း ကိုယ်တော်၌ တည်ရှိ၏။ ကျွန်ုပ်တို့သည် ကိုယ်တော် အား ဝတ်ပြု ပူဇော်ကြရပေမည်။

အလုပ်၏ အကျိုးတရားများကိုလည်း စွန့်လွှတ်လျက် ကောင်းမှုကို ကောင်းမှုအတွက်သာ ဆောင်ရွက်ရမည်။ ထိုအခါတွင် တွယ်တာ စွဲလန်းမှု ကင်းခြင်းသည် ပြည့်မြောက်ပေလိမ့်မည်။ ဤနည်းဖြင့် အသဲနှလုံးအားနှောင်ဖွဲ့ထားသမျှတို့သည် ကျိုးပျက်ကုန်ကြလျက်၊ ပြည့်စုံသောလွတ်လပ်ရေးကိုရယူနိုင်ပေလိမ့်မည်။ ထိုလွတ်လပ်ရေးကား ကမ္မယောဂ၏ ပန်းတိုင်စင်စစ်ဖြစ်ပေသတည်း။

## အခန်း (၈)

# ကမ္မယောဂ၏စံပြသဘော

ဝေဒန္တကျမ်းများဆိုင်ရာ ဘာသာတရား၏ ခမ်းနားသော သဘောအဓိပ္ပါယ်အချုပ်မှာ ပန်းတိုင် တခုတည်းကို လမ်းအသီးသီးမှရောက်ရှိနိုင်ခြင်းဖြစ်သည်။ ထိုလမ်း အသီးသီးကို လေးကြောင်းလေးသွယ်အဖြစ် ကျွန်ုပ်ပေါ်ပြခဲ့ပြီးလေပြီ။ ၎င်းတို့မှာလုပ်ငန်းဆောင်ရွက်သောလမ်း၊ မေတ္တာလမ်း၊ စိတ်ပညာလမ်းနှင့် ဉာဏ်ပညာလမ်းတို့ဖြစ်သည်။ သို့သော် တခုသတိထားရန်ကား၊ ထိုလမ်းတို့သည် တခုနှင့်တခု သီးခြားလျှက် တည်ရှိနေကြသည်မဟုတ်ပေ။ တခုသည် အခြားတခုနှင့်ရောစပ်လျှက်ရှိ၏။ ထိုနည်းလမ်းများကို အမည်ပေးရာ၌၊ နည်းလမ်းဘခုစီ၏ ထင်ရှားသော လုပ်ငန်းသဘောကိုသာ အမည်ပေးခြင်း ဖြစ်၏။ ထိုနည်းလမ်းများကို ပြဆိုရာ၌ လူတို့သည် အလုပ်မှ တပါး၊ မည်သည့် အမှုမှ မပြုတတ်ဟု မဆိုလို၊ ရှစ်ခိုး ဝတ်ပြုရန်မှတပါး အခြားသော အမှုကိုမပြုတတ်ဟုလည်းမဆိုလို။ ပညာမှတပါး လူတို့၏အခြားတပါးသောအရာသည် မရှိဟုလည်းမဆိုလို၊ ထိုနည်းလမ်း တို့ကို ခွဲခြားရခြင်းမှာ၊ လူတို့တွင် တွေ့ရှိရတတ်သော၊ တခုခုသို့ ညွှတ်ပြောင်းတတ်သော သဘောပုံစံကိုအမှီပြု၍ ခွဲခြားထားခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ဤလမ်းလေးသွယ်တို့သည် အဆုံး၌ တခုတည်းသို့ပန်းဝင်ကြ၏။ ဘာသာ

တရားအားလုံးကိုငင်း၊ ကိုးကွယ် ဝတ်ပြုရာနည်းလမ်း စခမ်း အားလုံးသည့်ငင်း။ ကျွန်ုပ်တို့အား ပန်းတိုင် တခုတည်းသို့ သာ ပို့ဆောင်ပေးကြခြင်းဖြစ်လေသည်။

ကျွန်ုပ်သည့် ထိုပန်းတိုင်အကြောင်းကို ကြိုးစားပေါ် ပြခဲ့ပါသည်။ ကျွန်ုပ်နားလည်သမျှ ငင်းသည့် လွတ်မြောက် ရေးဖြစ်၏။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ တွေ့မြင်ရသောအရာ အားလုံးတို့သည် လွတ်မြောက်ရေးဘက် သို့သာ ဦးတ လှုပ်ရှား သွားလာလျက် ရှိကြ၏။ ငင်းတို့မှာ အနုမြူမှသည် လူသားအထိဖြစ်၏။ အာရုံခံ၍မသိတတ်သော (၀၂) သက်မဲ့ ဖြစ်သော မြူမှုမှသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး ဖြစ်သော လူ၏ဝိဉာဉ်အထိဖြစ်ပေသည်။ အမှန်စင်စစ် စကြာဝဠာကြီး တခုလုံးမှာ လွတ်မြောက်ရေးသို့ ရုန်းကန် လှုပ်ရှားမှုများ၏ အကျိုးသဘောများ ဖြစ်ပေသည်။ အစုအဝေး ဟူသမျှတွင် လည်း၊ ဖွဲ့စည်းသော အပိုင်းအခဲဟူသမျှသည် မိမိလမ်းစဉ် အတိုင်း သွားရန် ကြိုးစားလျက်ရှိ၏။ အခြား အပိုင်း အခဲမှ ခွဲထွက်လို၏။ သို့သော် အခြားအပိုင်းအခဲကလည်းခွဲမထွက် ရန် ဖက်တွယ် နှောင်တဲ၍ ထား၏။ ကျွန်ုပ်တို့၏ ကမ္ဘာကြီး သည် နေလုံးကြီးဆီမှ ဝေးကွာသွားရန် ကြိုးစားလျက် ရှိ၏။ လသည်လည်း ကမ္ဘာကြီးနှင့် ဝေးကွာ သွားရန် ကြိုးစား လျက်ရှိပြန်၏။ အရာ အားလုံး တို့ သည် ခွဲ ထွက် လို သော သဘောသို့ အတောမသတ် တိမ်းညွတ်လျက် ရှိ၏၊ စကြာ ဝဠာအတွင်းရှိ ပုပုရွရွ ဟူသမျှသော အရာအားလုံးတို့မှာ လည်းလွတ်မြောက်လိုသောသဘောသို့အကြောင်းခံနေကြ၏။

သိုသဘောတို့၏ စေ့ဆော်မှုကြောင့်ပင်၊ သူတော်စဉ်သည် တောင်းဆုယူလျက်၊ ခိုးသားသည် ခိုးဝှက်ခြင်းအမှုကိုပြုကြပေသည်။ ဤသို့ အသီးသီးဆောင်ရွက်ကြရာ၌၊ မိမိတို့ လိုက်နာသောလမ်းစဉ်သည်နည်းလမ်းမမှန်ပါက မကောင်းမှုဟု ကျွန်ုပ်တို့အမည်ပေး၏။

ထိုသခါးစ သည် မြင့်မြတ် မှန်ကန်မှုကို ထင်ဘးစေပါက ၎င်းကို ကောင်းမှုဟု ခေါ်၏။ လွတ်မြောက်ရေးသို့ ဟူသောစေ့ဆော်မှုကားအတူတူပင်ဖြစ်သည်။သူတော်စဉ်တဦးသည် အနှောင်အဖွဲ့တရားကိုသိမြင်သဖြင့် စိတ်ကျဉ်းကြပ်၏။ ထိုအနှောင်အဖွဲ့မှလွတ်မြောက်လို၏။ထို့ကြောင့် ဘုရားကိုရှိခိုးပူဇော်၏။ ခိုးသားတဦးသည် မိမိ၏ပစ္စည်းတစုံတရာမပိုင်ဆိုင်သဖြင့်စိတ်ကျဉ်းကြပ်၏။ မိမိ လိုအင်ဆန္ဒကို ပပျောက်လို၏၊ ထိုအဖြစ်မှလွတ်မြောက်ရန်အလို့ငှာ ခိုးဝှက်ရ၏။ လွတ်မြောက်ရေး ဟူသည်မှာ သက်ရှိအတွက်၎င်း။ သက်မဲ့အတွက်၎င်း။သတိမှုလျက်၎င်း။ သတိမမှုလျက်၎င်း။ အရာအားလုံးတို့၏ တခုတည်းသော ပန်းတိုင်ဖြစ်၏၊ အရာအားလုံးတို့သည်ထိုပန်းတိုင်သို့ကြိုးစားချီတက်လျက်ရှိကြ၏။

ဤနေရာ၌ သူတော်စဉ်တဦး ရှာကြံသော လွတ်မြောက်ရေးနှင့် ခိုးသားတဦးရှာကြံသောလွတ်မြောက်ရေးမှာ လွန်စွာခြားနားကြလေသည်။ သူတော်စဉ် လိုချင်သော လွတ်မြောက်ရေးမှာ အဘိုင်းမသိသောကြည်နူးခြင်း ချမ်းမြေ့မှုနှင့် ပေါ်မပြနိုင်သော ကောင်းချီးမင်္ဂလာကိုဖြစ်စေလျက်။

ခိုးသားလိုချင်သောလွတ်မြောက်ရေးမှာမူ၊ မိမိ၏ဝိညာဉ်အား အနှောင်အဖွဲ့ပြုရန်ပင်ဖြစ်သည်။

ဘာသာတိုင်းမှာပင် လွတ်မြောက်ရေးသို့ ဆောင်ကျဉ်းသောသဘောသည်ထင်ရှားပေါ်လွင်၏။ ထိုအမှုသည် လူ့ကျင့်တရားအားလုံး၏ အခြေအမြစ်ဖြစ်၏။ ကိုယ်ကျိုးမဖက်မှုအားလုံး၏အခြေအမြစ်ဖြစ်၏၊ လူတို့သည်ခန္ဓာကိုယ်သေးငယ်သည်နှင့် ထပ်တူထပ်မျှ သေးငယ်သည် ဟူသောအယူအဆ ပယ်ရှားခြင်းလည်းဖြစ်၏။ လူတယောက်သည် ကောင်းမှုကိုပြုနေသည်ကို မြင်လျှင်ငင်း၊ ကျည်းနေသည်ကို မြင်လျှင်ငင်း။ ထိုသူသည်"ငါ-ငါ့ဥစ္စာ"ဟူသော သေးငယ်သည့် အသိုက်အဝန်းကလေး၌ မနေနိုင်သူဖြစ်သည်မှာ ထင်ရှား၏။ ကိုယ်ကျိုးဘက်မှုမှလွတ်ထွက်ရောက်ရှိသည်အတိုင်းအဆမရှိ။ အားလုံးသော သဘောတ်စံနစ်ကြီးများသည် လုံး၀ ကိုယ်ကျိုး မဖက်မှုကို ပန်းတိုင်အဖြစ် ဟောကြား ကြ၏။ အကယ်၍ ဤသို့သော လုံး၀ ကိုယ်ကျိုး မဘက်မှုသည်၊ လူတဦး၌ ရရှိသည်ဆိုအံ့။ ထိုသူသည် အဘယ်သို့ ဖြစ်အံ့နည်း။ ထိုသူသည် အညတြမှုသော ကိုယ်, ဘယ်သူဘယ်ဝါဟုတ်တော့မည် မဟုတ်၊ သူ သည် အ တော မ သတ် ကျယ် ပြန့်သွားပြီးဖြစ်၏။ ယခင်က ရှိခဲ့သောဥပဓိရုပ်ကလေးမှာလည်း သူ့ထံမှ အစဉ်အမြဲ ပျောက်ကွယ်သွားပြီဖြစ်၏၊ ထိုသူသည် အတိုင်းမသိဖြစ်လာ၏။ ဤသို့အတောမသတ်သော ကြီးမား ကျယ်ပြန့်မှုကို ရရှိခြင်းသည် ဘာသာတကာဆိုင်ရာ၊ လူ့ကျင့်ဝတ်ဆိုင်ရာ၊ အဘိဓမ္မာများဆိုင်ရာ၊ ပန်းတိုင်ကို

စင်စစ်ရောက်ရှိခြင်းပင်ဖြစ်၏။ ကိုယ်ကို အမှီပြုသောသူကား ဤ အတွေး အခေါ်ကို အ ဘိ ဓမ္မာ ဆန် ဆန် တင် ပြ သော အခါ ကြောက်ရွံ့ခြင်းဖြစ်လာ၏။ တ ချိန် တည်း မှာ ပင် လျှင် လူကျင့် တရားကို ပယ်ကြွေးရာ၌ ဤတရားနှင့် မခြားသော တရားကိုပင် မိမိကိုယ်ကိုပယ်ကြွေးမိပြန်သည်။ သူသည် လူ တို့၏ကိုယ်ကျိုးမဘက်ခြင်းသဘောကိုအကန့်အသတ်မထား။ အကယ်၍ လူတယောက်သည် ကိုယ်ကို အရေးထားသော ဝါဒဖြင့်ကိုက်ကျိုးမဘက်သော ပြည့်စုံမှုမျိုးကိုရရှိအံ့။ ထိုသူ အား အခြား ဘာသာဝါဒများမှ ပြည့် စုံ ပြီး မြောက် သော သူများနှင့်မည်သို့ ခြားနားစေပါသနည်း။ထိုသူသည်အများ၏ ပန်းတိုင်သို့အများနည်းတူ ရောက်ရှိခြင်းပင်ဖြစ်သည်။ ကိုယ် ကိုအရေးထားသော သူမှာ မိမိအမှန်အကန်အတိုင်း ဆင်ခြင် ဆုံးဖြတ်မှုရှိရန်သတ္တိနဲပါးခြင်းသာဖြစ်၏။ကမ္မယောဂတရား သည့် ကိုယ်ကျိုးမဘက်သော နည်းဖြင့် လွတ်မြောက်ရေးကို ရရှိရန်နည်းလမ်းတခုပင်ဖြစ်၏။ ကိုယ်ကျိုးဖက်၍ပြုသမျှသော အမှုတိုင်းသည် ပန်းတိုင်သို့ ရောက်ရှိရေး၌ ဆန့်ကျင်ဘက် အမှုကိုပြုပေလိမ့်မည်။ ကိုယ်ကျိုး မဘက်မှု တိုင်း သည် ကား ကျွန်ုပ်တို့အား ပန်းတိုင်သို့ရောက်ရှိရန်ဆောင်ကျဉ်းသွားပေ သည်။ ထို့ကြောင့် လူကျင့်တရားနှင့်ပတ်သက်လာလျှင်၊တခု တည်းသော ပေါ်ထွက်ရှင်းလင်းချက်ကား "ကိုယ်ကျိုးဖက် သမျှသည် လူကျင့်တရားနှင့် မညီဘဲ ကိုယ်ကျိုးမဖက် သမျှ သည် လူကျင့်တရားနှင့်ညီ၏" ဟူ၍ဖြစ်၏။

သို့ပြားလည်း အသေးစိပ် လိုက်သောအခါ ဤတရားသည်ပင် ဤမျှလွယ်ကူမည်မဟုတ်ပေ။ ဥပမာအားဖြင့်ကျွန်ုပ် ပေါ် ပြခဲ့ဘူး သကဲ့သို့ပင် ပတ်ဝန်း ကျင်သည့် အသေးစိပ် အချက်များကိုမကြာခဏ ကွဲပြားခြားနားစေ၏။ အခြေအနေ တခုကိုမှီး၍ပြုလုပ်သော ဆောင်ရွက်ချက် တခုသည် ကိုယ် ကျိုးမဖက်ရောက်သော်လည်း ဤအမှုကိုပင်အ ခြားအခြေအနေ တခု၌ ပြုလုပ်သောအခါ လုံးဝ ကိုယ်ကျိုး ဖက်ရောက်လျှင် ဘူတတ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အချိန်နေရာ အခြေအနေများကိုချန်လှပ်လျှက်ယေဘူယျသဘောပါသော ပေါ်ထုတ် ငှင်းလင်းချက်ကိုသာ ပေးနိုင်ပေသည်။ နိုင်ငံတခု တွင်အမှုအကျင့်တခုမှာ လူကျင့်တရားနှင့်ညီသည်ဟုလက်ခံ ၏။ ထိုအမှုကိုပင် အခြားတိုင်းပြည်တခု၌ လူကျင့်တရား နှင့်မညီဟု ယူဆကြ၏။ အကြောင်း မှုကား အခြေအနေကွဲ ပြားသော ကြောင့် ဖြစ်၏။ သဘာဝ တရားအား လုံး၏ ပန်းတိုင်သည် လွတ်မြောက်ရေးဖြစ်၏။ထိုလွတ်မြောက်ရေး ကို လုံးဝကိုယ်ကျိုး မဘက်မှုဖြင့်သာ ရရှိနိုင်၏။ ကိုယ်ကျိုး မဖက်သော အတွေးအခေါ်၊ အပြုအမူ၊ အကြံအစည်ဟူသမျှ သည် ကျွန်ုပ်တို့အား ထိုပန်းတိုင်သို့ဆောင်ကြဉ်းလျှက်၊ ၎င်း တို့ကို လူကျင့်တရားနှင့်ညီသည်ဟုခေါ်၏။ ဤအယူအဆမှာ ဘာသာ တကာ တိုင်း နှင့် သဂြိုဟ်ဆိုင်ရာ ဂံနစ် တိုင်း တွင် ကောင်းသော အမှုဟု ယူဆကြောင်း တွေ့ရှိရပေလိမ့်မည်။ အချို့သော ဂံနစ်များတွင်၊ လူ့ကျင့်ဝတ်နှင့် ညီမှုမှာအထွဋ် အမြတ်ဖြစ်သော ဘုရားရှင်မှ ဆင်းသက်သည်ဟု ယူဆ၏။ အဘယ်၍ လူတယောက်အား အဘယ့်ကြောင့် ဤအမှုကိုပြု

ရလျှက်၊ ထိုအမှုကိုကား မပြုရသည့်အကြောင်းရင်းကို မေး လျှင် ရရှိမည့်အဖြေကား " ဘုရားသခင်၏ ပညတ်ချက် ကြောင့် ဖြစ်ပါသည်" ဟူ၍ ကြားရပေလိမ့်မည်။ သို့သော် မည်သည့်နေရာတွင်ပင်အကြောင်းခံသည်ဖြစ်စေ၊ ၎င်းတို့၏ လက်ခံထားသောသဘောမှာလည်း ကိုယ်ကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးကို စွန့်လွှတ်ရန် ဟူသော ဇဟိုရ်သဘောမှာ တသဘောတည်းဖြစ်၏။ သို့တိုင်အောင်လည်း ဤတရားရှိပါ လျှက်၊ အချို့သူတို့မှာ မိမိတို့၏ကိုယ်ကို အရေးထားမှုကို စွန့် လွှတ်ရမည်ကို ကြောက်ကြသည်။ ဤသို့ကိုယ်ကိုအရေးထား မှု၌ တယူသန်ဖြစ်သောသူအား၊ ကိုယ်ကျိုးမဘက်မှုဖြင့်ပြည့် စုံလျှက် မိမိကိုယ်အတွက်ကြိုးပမ်းချက်လည်းမရှိ၊မိမိအတွက် လည်းမည်သည့်အမှုကိုမှ မပြု၊ မိမိအတွက်လည်း မည်သည့် စကားကိုမှမပြောသောသူတယောက်အကြောင်းကိုပြောပြ လျှက် သူ၏"ကိုယ်" ဆိုသည်မှာ အဘယ်နည်းဟု ကျွန်ုပ်တို့ မေးသင့်ပေသည်။ ထို "ကိုယ်"ဆိုသော အရာမှ မိမိအတွက် တွေးနေသမျှ၊ လုပ်နေသမျှ၊ ပြောနေသမျှတွင်သာတည်ရှိနိုင် ၏။ အကယ်၍ ထိုသူသည် တပါးသော သူများအတွက်၊ စိတ် ရောက်လျှက်အားလုံးအတွက်စိတ်ရောက်လျှက်နေလျှင်ကား၊ ထိုသူ၏ "ကိုယ်" ဟူသည်မှာ အဘယ်တွင်ရှိမည်နည်း။ ၎င်း သည် ထာဝရ ပျောက်ကွယ်သွားပေလိမ့်မည်။ ထို့ကြောင့် ကမ္မယောဂဟူသည်မှာကိုယ်ကျိုးမဘက်မှုနှင့်ကောင်းသော အမှုတို့ကို ပြုခြင်းဖြင့် လွတ်မြောက်ရေးကို ရရှိအပ်သော ဘာသာတရားနှင့် သဘောလ်ဆိုင်ရာ စံနစ်တရပ်ဖြစ်၏၊ ကမ္မ ယောဂီတဦးသည်မည်သည့်ဘာသာဝါဒမှယုံကြည်ရန်မလို။

သူသည်ဘုရားကိုပင်ယုံကြည်ရန်မလို။ မိမိဝိညာဉ်သည် မည်သည့်အရာနည်းဟုလည်းမေးမြန်းရန်မလို။ထိုမှတပါးသင်္ဂြိုဟ်ဆိုင်ရာအကျုံးဝင်သော အချက်များကိုလည်းစဉ်းစားဆင်ခြင်ရန်မလို၊ သူ့တွင် ကိုယ်ကျိုးပျောက်ပျက်မှုကို သိမြင်ရန်ကိုယ်ပိုင် ရည်ရွယ်ချက် အထူးရှိပြီးဖြစ်၏။ မိမိဘာသာပြီးစီးအောင် ဆောင်ရွက် သွား ရန် ပင် ရှိတော့သည်။ ထိုသူ၏ဘဝတည်နေမှုအချိန်ပိုင်းခဏကလေးများသည် တရားသိမြင်မှုဖြစ်အဘယ့်ကြောင့်ဆိုသော် သူ၏ဘာဝန့်မှာ အလုပ်ဖြင့်ဖြေရှင်းရန်ဖြစ်၏။ ဝါဒနှင့် သဘောတရားတို့၏ အကူအညီမလိုပေ၊ ဉာဏလမ်းစဉ်လိုက်သူသည်ဆင်ခြင်တုံတရားဖြင့် ဖြေရှင်းရာသကဲ့သို့၎င်း၊ ဘက္တိလမ်းစဉ်ကို လိုက်သောသူသည် ချစ်ခြင်းမေတ္တာဖြင့် ဖြေရှင်းသကဲ့သို့၎င်း၊ မိမိ၌လည်း အလုပ်ဖြင့် သာဖြေရှင်းရာ၏။

ဤနေရာတွင် အခြားမေးခွန်းတခု ပေါ်လာသည်။ ဤအမှုကားအဘယ်နည်း။ ဤ အမှုဖြင့် ကမ္ဘာကြီး ကို မည်သို့ကောင်းကျိုးပြုသနည်း။ကျွန်ုပ်တို့ကမ္ဘာကြီးကိုကောင်းကျိုးဆောင်နိုင်သလော။အကြွင်းမရှိသောသဘော၊(ဝါ) ပြည့်စုံသောသဘောနှင့်ဖြေရလျှင် ကောင်းကျိုးမဆောင်နိုင်ဟုဖြေရပေမည်။ နှိုင်းခိုင်းရသောသဘောနှင့်ဖြေရလျှင်၊ ကျွန်ုပ်တို့သည် ကောင်းကျိုး ဆောင်နိုင်သည်ဟု ဖြေရပေလိမ့်မည်။ ကမ္ဘာကြီးအတွက်ခိုင်မာစွဲမြဲသောကောင်းမှုမျိုးကိုမဆောင်ရွက်နိုင်ပါ။ အကယ်၍ဆောင်ရွက်နိုင်သည်ဆိုသော်၊ ကမ္ဘာကြီးဆိုသည်မှာ ကမ္ဘာကြီး ဖြစ်လိမ့်မည် မဟုတ်ပေ။ ဆာ

လောင်မွတ်သိတ်နေသောသူတယောက်ကိုအအချိန်နည်းငယ် မျှသာ အဆာ ပြေအောင် ကျွန်ုပ်တို့ စွမ်း နိုင် ပေ လိမ့် မည်။ သူသည်နောက်ထပ်တဖန်ဆာလောင်လာဦးမည်မလွဲတည်း။ လူတဦးတယောက်အား ကျွန်ုပ်တို့ပြုနိုင်သောကျေးဇူးတိုင်း သည် တခဏမျှသာတည်ရှိနိုင်သည်ကိုထင်မြင်ရ၏။ အဘယ် သူ တဦး တယောက်မျှ ပင်လျှင် ကြည်လင်ခြင်းနှင့် နာကျင် ခံစားရခြင်းတို့ စက်ဝန်းသဘွယ် ပတ် လည် လှည့် လျက် ရှိ သော အနာရောဂါကြီးကို ထာဝရ ပျောက်ကင်းအောင် ကု စားနိုင်သည်မဟုတ်။ သို့ဖြစ်လျှင် ကမ္ဘာကြီးအား ထာဝရ ပျော်ရွှင်မှုကို မပေး စွမ်း နိုင် တော့ မည် လော။ ပင်လယ် သမုဒ္ဒရာထဲတွင် လှိုင်းတလုံးထရန်မှာ၊ ရေမျက်နှာပြင်တနေ ရာကိုနိမ့်ချိုင့်မသွားစေဘဲလျက် ပြုလုပ်၍ရသည် မဟုတ်ချေ။ ကမ္ဘာပေါ်ရှိကောင်းမှုအရစု၏ပမာဏသည်လူတို့၏လိုအပ် ချက်နှင့်လောဘတို့၏ပမာဏနှင့်အခါခါပ်သိမ်းတူညီခဲ့သည်။ ဤပမာဏသည်တိုးလည်း မတိုးနိုင်ခဲ့၊ ဆုတ်လည်း မဆုတ် နိုင်ခဲ့၊ ကျွန်ုပ်တို့ယနေ့သိရှိသောလူ့လောက၏သမိုင်းစဉ်ကို ကြည့်ပါ။ မခြားနားသော ကြေကွဲဝမ်းနည်းမှုများ၊ ကြည် လင်ပျော်ရွှင်မှုများ၊ စံစားရမှုများ၊ ခံစားရမှုများ၊ ဆူကြုံနိမ့် မြင့်ရှိမှုများကို ကျွန်ုပ်တို့ မတွေ့ရလေသလော။ အချို့သည် ချမ်းသာလျက်၊ အချို့သည် ဆင်းရဲလျက်။ အချို့သည် ဂုဏ် မြင့်လျက်၊ အချို့သည်ဂုဏ်နိမ့်လျက်။ အချို့သည် ကျန်းမာ လျက်၊ အချို့သည်ကျန်းမာခြင်းကင်းလျက်ကျွန်ုပ်တို့မတွေ့ရ လေသလော။ ဤ အ ခြေ အ နေ များ သည် ဂျေး ပ ဝေ သဏီ အီဂျစ်၊ ခေါမ၊ ရောမလူမျိုးတို့၏ကာလနှင့်၊ ယခုအမေရိကန်

လူမျိုးတို့၏အခြေအနေသည် ထပ်တူပင်ဖြစ်လေသည်။ ကျွန်ုပ်တို့သိရှိရသမျှ ရာဇဝင် တလျှောက်လုံးတွင် ဤနည်း နှင့်နှင့်ချည်းသာဖြစ်၏။ တချိန်တည်းမှာပင် စံစားရမှု၊ ခံစားရမှုတို့ဖြစ်သော ကုမရှုမရနိုင်သည့် ခြားနားချက်များကို လျော့ပါးစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း တွေ့ရပေသည်။ ရာဇဝင်ခေတ်တိုင်းခေတ်တိုင်းတွင်၊ အများသူငါတို့၏ ဘဝလမ်းကြောင်း ချောမော သိမ်မွေ့ရန် အလို့ငှာ၊ ယောကျာ်း၊ မိန်းမ ထောင်ပေါင်းများစွာတို့ မွေးဖွား ပေါ်ပေါက်ခဲ့သည်ကို တွေ့ရပေသည်။ ထိုသူတို့သည် အဘယ်မျှအောင်မြင်ခဲ့ကြလေသနည်း။

ကျွန်ုပ်တို့သည် ဘော်လုံးတလုံးကိုကနေရာမှတနေရာသို့ ရွှေ့ရှားရန်သာကစားနိုင်ကြ၏။ ကျွန်ုပ်တို့သည် ရုပ်ခန္ဓာမှ နာကျင်ခြင်းကို ပယ်ရှားနိုင်၏။ သို့ သော် ၎င်းသည် စိတ်ခန္ဓာသို့ရောက်ပြန်လေသည်။ ၎င်းသည် ဒန်တေ၏ ငရဲခန်းကဗျာမှ သူစေးနဲများအဖြစ်နှင့်တူ၏။ သူစေးနဲတို့အားရွှေဘုံးကြီးတခုံးကိုပေးလျက် တောင်အထက်သို့ တွန်းတင်ခိုင်းရာ ရွှေတုံးကြီးသည် တချက်တွန်းလိုက်တိုင်း တချက်ပြန်၍ ကျလာ၏။ ကျွန်ုပ်တို့သည်လည်း နှစ်ပေါင်းတထောင်ကာလနှင့်ပတ်သက်၍၊ ကျွန်ုပ်တို့၏ ပြောစကား များသည်၊ ကျောင်းသားသူငယ်များ၏ ပုံပြင်များသဘွယ် အလွန်ကောင်းမွန်၏။ သို့သော် ပုံကလေးများထက်ကားခိုင်မာခြင်းမရှိကြပေ။

ဤနှစ်ပေါင်း တထောင်ကာလဖြင့်ပတ်သက်၍ နိုင်ငံပေါင်းများစွာတို့သည်၊ ကမ္ဘာကြီးမှာ လူအပေါင်းတို့ အခ

တွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု စိတ်ကူးယဉ်အိပ်မက်ခဲ့ကြ၏။ ဤသည်ကား ဤနှစ်တထောင်ကာလနှင့် ပတ်သက်၍ အံ့ဩဘွယ် ကောင်းသော ကိုယ်ကျိုး မဖက်သည့် စိတ်ကူး တရပ်ပင်တည်း။

ကျွန်ုပ်တို့သည် ဤ ကမ္ဘာကြီး၏ ပျော်ရွှင်မှုများကို နောက်ထပ်တိုးပေး၍မရနိုင်သလို ဝမ်းနည်းမှုများကိုလည်း တိုးအောင်မလုပ်နိုင်ကြပေ။ ကမ္ဘာ မြေပြင် အပေါ်တွင် ကြည်ရွှင်မှုများ နှင့် ခံစားရမှုများ တို့၏ အပေါင်း အစု ခွန်အားပမာဏသည်အချိန်မရွေးတူညီနေပေလိမ့်မည်။ ထိုနှစ်ရပ်ကို ဟိုမှာဘက်မှဤမှာဘက်သို့ရင်း။ ဤမှာဘက်မှ ဟိုမှာ ဘက်သို့ရင်း။ တွန်းထိုး ပို့ဆောင်ကြ၏။ သို့သော် မပြောင်း မလဲ ခိုင်မြဲ တူညီနေသည်သာ ဖြစ်၏။ အဘယ်ကြောင့် ဆိုသော်၊ ဤသို့မပြောင်းမလဲဖြစ်ရန်မှာ သဘာဝတရားကြီး စင်စစ်ဖြစ်ပေသည်၊ ဤသို့အတက်နှင့်အကျ၊ ရေစီးနှင့်ရေသာ တို့သည် ကမ္ဘာ့နိယာမသဘောပင်ဖြစ်၏။ ဤ သို့ မရှိလျှင် ကျွန်ုပ်တို့၌လည်း သေခြင်းတရားမရှိသော ဘဝဟု ဆိုရပေ လိမ့်မည်။ ဤအချက်မှာလုံးဝအငြင်းပွါးဘွယ်မရှိသော အရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော်၊ ဘဝ၏သဘောမှာသေခြင်းတရား နှင့်ပတ်သက်နေ၏။ ကြည်ရွှင်မှုဟူသောသဘောမှာဝမ်းနည်း ကြေကွဲခြင်းနှင့် ပတ်သက်သည်။ ဆီမီးတိုင်တခုမှာ မှိန်မှိန် လောင်ကျွမ်းနေရာ၊ ၎င်းသည် ဆီမီးတိုင်၏ အသက်ဖြစ်၏။ သင်တို့ကျွန်ုပ်တို့သည် ဘဝဖြစ်ပေါ်မှုကိုအလိုရှိလျှင်၊ ဘဝ ပျက်ပြုန်းမှု တည်းဟူသော သေခြင်းတရားကိုလည်း အချိန်

ခရွေးရင်ဆိုင်နိုင်ရမည်။ အသက် ရှင်ခြင်းနှင့်သေရခြင်း ဟူသည်မှာ အရောတခုတည်းမှာပင် ခွဲခြား ပေါ် ပြ ခြင်း ဖြစ် ၏။ တခုတခုတည်းကိုပင် ခြားနားသောရှုဒေါင့်မှ ကြည့်မြင်ခြင်း ဖြစ်၏။ ၎င်းတို့မှာ လိုင်းလုံး တခုထဲဖြစ်၏၊ အ တက် အ ကျ သဘောဖြစ်၏၊ ထိုနှစ်ခုကိုပေါင်းစပ်ပါမှ ပြည့် စုံသော တခု ဖြစ်းပါပေသည်။ လူတယောက်သည် "အကျ"ဘက်မှကြည့် ၍ အဆိုးဟူသမျှမြင်၏။ အခြားတယောက်မှာ "အတက်" ဘက်မှကြည့်၍ အ ဆိုး ဟူ သ မျှ ကို မြင်၏။ သူငယ် ကလေး တယောက်အတွက် မိခင်နှင့် ဘခင်တို့က ချစ်ခင်ယုယခြင်း ကိုခံရ၏။ ကျောင်းသို့ ကောင်းစွာသွားခိုင်း၏၊ ထို ကျောင်း သားကလေးအတွက် မတောင့်မတ မကြောင့်မကျ ဖြစ်ရ သဖြင့်၊အစစအရာရာတွင် သူ့ အတွက် အကောင်းချည်းဖြစ် နေပေသည်။ သို့သော် သက်ကြီးရွယ်အိုတယောက်အတွက် မှုကား၊ဘဝအတွေ့အကြုံများပြားခဲ့ပြီဖြစ်သဖြင့်ကျောင်းသား ခလေးထက် တည်ငြိမ်အေးချမ်း၏၊ စိတ်လှုပ်ရှားမှု ဟူသမျှ ကိုလည်း ကောင်းစွာ ထိန်းနိုင်၏။ တက် ကြွ ဘွ ယ် တို့သည် လည်း၎င်း ၌မရှိတော့ပေ။ ဤသို့ အလားတူစွာပင် ပျက်စီး ယိုင်နဲ့မှု ပတ်လည်ဝိုင်းလျက်ရှိသောနိုင်ငံကြီးများမှာ တက် သစ်စနိုင်ငံများထက်မျှော်လင့်ချက်နည်းပါး၏။ အိန္ဒိယပြည် တွင်"နှစ်တထောင်မျှ မြို့ပြဖြစ်လျက်၊ နှစ်တထောင်မျှ တော နက်ဖြစ်၏" ဟူသော စကားပုံ တရပ်ရှိပါသည်။ ဤသို့လျှင် မှန်ကင်းမှထင်းအဖြစ်သို့၎င်း၊ ထင်းမှမှန်ကင်း အဖြစ်သို့၎င်း၊ ပြောင်းလဲချက်များမှာ ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်လျက် ရှိနေ ပါသည်။ ထိုအဖြစ်တို့ကိုရှုမြင်ရလျက်၊ မိမိတို့မြင်ရာအဖြစ်

ကိုလိုက်၍ လူတို့သည် အကောင်းကိုချည်း မြင်သူကမြင်၏။ အဆိုးကိုချည်းတွေ့သူကတွေ့၏။

ကျွန်ုပ်တို့ပြောဆိုမည့် အခြားသဘောတရားမှာ ညီမျှခြင်းသဘောတရားပင်ဖြစ်၏။ ဤသို့သော သဘော များသည် အလုပ်လုပ်ရာ၌ ကြီးစွာသော တန်ခိုး အကြံ အစည်များ ဖြစ်လာတတ်၏။ ဘာသာတိုင်း၌ပင် ဤညီမျှခြင်းသဘောကို မိမိတို့၏အခြေခံအဖြစ်ပြုဆိုကြ၏။ ဘုရားသခင်သည်စကြာဝဠာကိုလာရောက်အုပ်စိုးမည်ဖြစ်သဖြင့်၊ အခြေအနေ အရပ်ရပ်၌ ထိုအခါမျိုးတွင် ကွဲပြားခြားနားမှု ရှိတော့မည် မဟုတ်ချေ။ ဤကဲ့သို့ ဟောပြောသောသူတို့ကား အယူတိမ်းသူများ သက်သက်ဖြစ်ကြ၏။ အယူတိမ်းနေသူများကား၊ လူ့လောကတွင် အရိုးသားဆုံးသူများ ဖြစ်ကြလေသည်။ ခရစ်ယာန် အယူဝါဒ၌ ဤသို့အယူတိမ်းမှုသဘောပါသော စိတ်ညို့ခြင်းသဘောပေါ်တွင် မူတည်၍ ဟောပြောခဲ့ဘူးကြသည်။ ဤအချက်ဖြင့်၊ ဂရိတ်လူမျိုးနှင့်ရောမလူမျိုးကျေးကျွန်တို့အား မက်လုံးပြခဲ့ဘူးသည်။ သူတို့၏ယုံကြည်ချက်မှာ နှစ်ပေါင်း အရာအထောင်မျှတည်မြဲမည့် ဘာသာတရား၏အောက်တွင် ကျေးကျွန်စံနစ်သည်ရှိမည်မဟုတ်တော့။ စားဘွယ်သောက်ဘွယ်တို့သည် အလျှံမယ်ဖြစ်ပေလိမ့်မည်။ ထို ဟော ပြောချက်ကြောင့်ပင်၊ သူတို့သည် ခရစ်ယာန်ဘာသာသို့ ချဉ်းကပ်လာကြ၏။ ဤသို့ ဦးစွာပဌမဟောပြောသောသူတို့မှာ ရိုး,အသော အယူတိမ်းသမားများ ဖြစ်ကြ၏။ သို့သော် အလွန်

ရိုးသားကြပေသည်။ ဤခေတ်သစ်၌မူ အားပေးအားမြှောက်ပြုသောစကားမှာ ညီမျှခြင်းဟူသော အသွင်ကို ဆောင်လာလေသည်။ ၎င်းတို့မှာ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ညီရင်းအကိုသဘွယ် ပေါင်းသင်းခြင်း ဟူသော အကြောင်းသုံးချက်တို့ပါဝင်လာသည်။ ဤအချက်ပင်လည်း အယူတိမ်းခြင်းပင်ဖြစ်၏။ အမှန်တကယ် ညီမျှခြင်း ဟူသော သဘောမှာ၊ ကမ္ဘာမြေပြင်ပေါ်တွင် မည်သည့်အခါမျှမရှိခဲ့။ မည်သည့် အခါမျှလည်းရှိနိုင်လိမ့်မည်မဟုတ်။ ဤဘဝတွင်ကျွန်ုပ်တို့အားလုံးမည်သို့ညီမျှနိုင်ပါမည်နည်း။ ဤသို့မဖြစ်နိုင်သော ညီမျှခြင်းတရားသည် သေဆုံးပျက်စီးခြင်းသဘောသို့သာ ရောက်စေပေလိမ့်မည်။ ဤကမ္ဘာကြီးကို ဤသို့ဖြစ်အောင် မည်သည့်နေရာက ပြုလုပ်လေသနည်း။ တည်ငြိမ်ခြင်းကို ပျက်ပြားစေသော မဟာနိုင်ခြင်းပင်ဖြစ်၏။ အစပဌမအဆင့်တွင်ရုန်းရင်းဆန်ခတ်မှုဟု ခေါ်ရသော ရှုပ်ထွေးမှုများသာ ဖြစ်ပွားခဲ့၏။ သို့သော်ဟန်နိုင်သေး၏။ ဤ စကြာဝဠာကြီး၏ အင်အား စုများသည်၊ ထိုမှတဆင့် မည်သို့တည်ဆောက်လာမိသနည်း။ ၎င်းတို့မှာ၊ ရုန်းကန်ခြင်း၊ မြိုင်ဆိုင်ခြင်း၊ တိုက်ခိုက်ခြင်းတို့ကြောင့်ဖြစ်ပေါ်လာလေသည်။ အကယ်၍ဝဋ္ဋတခု၏အနိုင်းကလေးများကို ဟန်ချက်ကျကျထိန်းနိုင်ခဲ့လျှင်၊ တည်တွင်ဖန်တည်းမှုရှိပါဦးမည်လော။ ဤအချက်မှာမဖြစ်နိုင်ကြောင်းကိုကျွန်ုပ်တို့သည် သိပ္ပံပညာအရသိရှိလေသည်။

ရေမျက်နှာပြင်တခုကို လှုပ်ရှားကြည့်ပါ၊ ရေလှိုင်းကလေးများသည် ရေမျက်နှာပြင် ပြန်လည် တည်ငြိမ်စေရန်

အတွက်၊ တခုနှင့်တခုထိခိုက်တွေ့ဆုံကာလှုပ်ရှားကြသည်ကို တွေ့ရပေလိမ့်မည်။ ဤနည်းနှင့် အလားတူပင်၊ စကြဝဠာကြီးဟုဆိုအပ်သောအဖွဲ့အစည်းကြီး၏ဖြစ်ရပ်အရာအားလုံးတို့သည် မူလဟန်ချက်အနေသို့ ရောက်ရန် ပြန်လည်ကြိုးစားကြသည်ကိုတွေ့ရပေခဲ့သည်။ နောက်တကြိမ် လှုပ်ရှားလာလျှင်လည်း ကျွန်ုပ်တို့သည် တည်ထွင်ဖန်တီးမှုများ၏အစဉ်အဝေးကိုထပ်မံတွေ့ရပေလိမ့်ဦးမည်။ ညီမျှခြင်း၏သဘောမှာ တည်ထွင်ဖန်တီးမှု အခြေခံသဘောသည် တည်၏။ တချိန်တည်းမှာပင် ဟန်ချက်ကိုရရှိရန် လှုပ်ရှားသော အင်အားစုများသည် ပျက်စီးသွားသမျှကဲ့သို့ပင် ဖန်တီးမှုများစွာ လိုအပ်၏။

လုံးဝညီမျှခြင်း၊ သို့မဟုတ်အဆင့်ဆင့်၌ (ဝါ) အဖြစ်အနေအမျိုးမျိုး၌ တွန်းကန်လှုပ်ရှားမှုများ၏ ဟန်ချက်ကို ရရှိရန်မှာ ဤကမ္ဘာတွင် ဘယ်အခါမျှ ဖြစ်နိုင်မည် မဟုတ်ပေ။ ထိုအခြေအနေမျိုးသို့ မရောက်မှီမှာပင်၊ ကမ္ဘာကြီးသည် မည်သို့သော ဘဝမျိုးအတွက်ပင် ဖြစ်စေ၊ သင့်တော်တော့မည်မဟုတ်။ လူသတ္တဝါတို့သည်း တည်ရှိတော့မည် မဟုတ်။ ထို့ကြောင့် ကျွန်ုပ်တို့သိမြင်ရသည်မှာ၊ ဤသို့ နှစ်အရာအထောင်တည်မည်ဆိုသည့် သဘောထားများဖြစ်သော လုံးဝညီမျှခြင်းတရားသည် မဖြစ်နိုင်သည့်သာမက၊ အကယ်၍ဖြစ်အောင်ကြိုးစားလုပ်ဆောင်ပါလျှင်၊ ကမ္ဘာကြီးပျက်စီးရမည့်အနေသို့ ရောက်ရှိတော့မည် မလွဲ ဖြစ် ပေ သ တည်း။ လူနှင့် လူချင်း၏ ခြားနားမှုကို အ ဘယ် အရာက ပြုပါလေ

သနည်း။ ၎င်းမှာဦးကျောက်၏ခြားနားခြင်းပင်ဖြစ်သည်။ ယခုခေတ်တွင် သူရူးများမှဘပါး မည်သူကမျှ သူတို့သည် ချညီသော ဦးကျောက် စွမ်းရည်များနှင့် မွေးဖွား လာကြသည်ဟု ဆိုသိမ့်မည် မဟုတ်။ ကျွန်ုပ်တို့သည်လောကကြီးထဲသို့မတူညီသော အကျိုးပေးအမျိုးမျိုးဖြင့် ရောက်ရှိလာကြ၏။ အချို့မှာ ကြီးမြတ်သောသူအဖြစ်၎င်း။ အချို့မှာ သိမ်ငယ်သောသူ အဖြစ်၎င်း ရောက်ရှိလာကြ၏။ ဤအချက်မှာ မမွေးဖွားမီက ပင် ဆုံးဖြတ်ပြီးသောကံကြမ္မာဖြစ်သဖြင့် ကျွန်ုပ်တို့ လွဲဖယ်ရှောင်ပြေး၍မရနိုင်ပေ။ ဤတိုင်းပြည်တွင် အမေရိကန်လူနီမျိုးများသည် နှစ်ပေါင်းထောင်ပေါင်းများစွာ ကပင် နေလာခဲ့ကြ၏။ သင်တို့၏ ဘိုးဘေးများမှာမူကား လက်တဆုပ်စာမျှ သာ ဤမြေပေါ်သို့ ရောက်ခဲ့ကြ၏။ ဤ သူတို့သည် ဤ တိုင်းပြည်အသွင်အပြင်ကို ပြောင်းလွဲရန် မည်သို့ဖန်တည်းကြ သနည်း။ ဒဲ့ ကယ်၍သာ လူအားလုံးသည် ညီမျှရမည်ဆိုလျှင်။ အမေရိကန်လူရိုင်းများသည် အဘယ့်ကြောင့်မြို့ကြီးပြကြီးများကို တည်ဆောက်လျက်တိုးတက်မှုမရှိနိုင်ခဲ့ကြသနည်း။ သင်တို့၏ ဘိုးဘေးများမှာမူကား၊ ဤနိုင်ငံသို့ တမျိုးသော ဦးကျောက်စွမ်းရည်၊ တမျိုးသောဘဝအတွေ့အကြုံတို့ဖြင့်ရောက်ရှိလာလျက် အလုပ်လုပ်ကိုင်ကြကာ၊ မိမိတို့ကိုယ်ကို ထင်ရှားစေကြ၏။ လုံးဝ မကွဲပြားမခြားနားမှု ဟူသည့်မှာ၊ သေခြင်းတရားအရာ၌သာရှိ၏၊ ဤကမ္ဘာတည်သ၍ကာလပတ်လုံး၊ ကွဲပြားခြားနားမှုသည် ရှိနေမည်ဖြစ်လျှင်၊ လုံးဝညီမျှမှုဟူသောတရားမှာ သံသရာစက်ကြီး ပြတ်သွားသောအခါမှပင် ထွန်းကားလာနိုင်ပေလိမ့်မည်။ ဤသို့မဖြစ်သေးသမျှအလုံးစုံသော

ညီမျှမှုမရှိနိုင်ပေ။ သို့သော်လည်း ဤသို့အနှစ်အရာအထောင် ကာလသို့ ရောက်ရှိရေးမှာ အလုပ်လုပ်ရန် တန် ခိုး အစွမ်း ထက်လှသော သဘောတရဖြစ်နေပေသည်။ တည့်ထွင် ဖန် တီးမှု၌ မတူညီမှုသည် လိုအပ်သကဲ့သို့ပင် ဝင်းကွဲအကန့် အ သတ်ပြုရန် ရှုန်းကန်လှုပ်ရှားရေးမှာလည်း လိုအပ်၏။အကယ် ၍သာလွတ်မြောက်ရေးနှင့် ဘုရားထံပြန်လည် ရောက်ရှိရေး အတွက် ရုန်းကန်လှုပ်ရှားမှုမရှိခဲ့သော်၊ တည့်ထွင် ဖန်တီးမှု လည်းရှိတော့မည့်မဟုတ်ပေ။ ထိုကဲ့သို့ လှုပ်ရှားမှု အင်အား နှစ်ရပ်၏ ခြားနားမှုသည် လူတို့၏ အကြီးအစည်ရည်ရွယ်ချက် သဘောကို ဆုံးဖြတ်ပေသည်။ ဤ အ ကြီ အ စည် သ ဘော များသည် အလုပ်လုပ်ရန်အမြဲတန်းလှုပ်ရှားနေပေလိမ့်မည်။ အချို့မှာ အနှောင်အဖွဲ့ဘက်သို့ ယိမ်းညွတ်လျက်၊ အချို့မှာ လွတ်မြောက်ရေးဘက်သို့ ယိမ်းညွတ်ပေလိမ့်မည်။

ဤကမ္ဘာကြီး၏ချားရဟတ်အဆင့်ဆင့်မှာ ကြောက် ဖွယ်ကောင်းသော ယန္တရားသဘောဖြစ်လေသည်။ ထိုချား ရဟတ်များထဲသို့ လက် ထိုး ထည့်မိသည်နှင့် တပြိုင်နက် သံသရာကျော့တွင်မျောပေတော့သည်။ ကျွန်ုပ်တို့သည် တာ ဝန်တခုကို ပြုပြီးလျှင် လုပ်ငန်းပြီးဆုံးပြီ၊ အေးဆေးစွာနားနေ ရတော့မည်ဟု ထင်ကြ၏။ သို့သော်လည်းထိုတာဝန်ကိုထမ်း ဆောင်၍ တဝက်မကျိုးမီ မှာပင် အခြား တာဝန် တခုသည် အရံသင့် စောင့်နေ ပြန်လေသည်၊ သူသူငါငါ ဖြစ်ကြသော ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ် ကောင်း၍ ရှုပ်ထွေးသော

ဤသံသရာ စက်ကြီးထဲသို့ ဆွဲသွင်းခြင်းကို ခံနေကြရလေသည်။ ထိုဒုက္ခမှလွတ်ႏမြောက်ရန်မှာသမ်းနှစ်သွယ်သာရှိလေသည်။

တလမ်းမှာ ထိုစက်ကြီးနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းဟူသမျှကို ပယ်ဖြတ်လျက် မိမိဘာသာဘေးမှတသီးတခြားနေထိုင်ခြင်းဖြစ်သည်။အလိုဆန္ဒအားလုံးကိုစွန့်ပယ်ရသည်။ ဤအလုပ်မှာ အပြောရအလွန်လွယ်၏။ သို့သော်လုပ်၍ မဖြစ်လောက်အောင် ခက်ခဲလှပါသည်။ လူဦးရေသန်းပေါင်း ၂၀မျှတွင် တယောက်တလေမျှ ဤအလုပ်မျိုးကိုလုပ်နိုင်မည်ဟု ကျွန်ုပ်မထင်ပေ။

အခြား တလမ်းမှာကား ကမ္ဘာလောကကြီး ထဲသို့ တိုးဝင်လျက် အလုပ်၏လျှို့ဝှက်ချက်ကိုလေ့လာသော နည်းဖြစ်၏။ ထိုနည်းသည်ကမ္မယောဂနည်းပင်ဖြစ်သည်။ သံသရာစက်ကြီးမှ ပြေးမထွက်ပါလေနှင့်၊ ဘေးသို့ဖယ်၍ အလုပ်၏လျှို့ဝှက်ချက်ကို လေ့လာပါ။ အတွင်းတွင် လမ်းမှန်သောအလုပ်ကို လုပ်ပြီးလျှင်အပြင်သို့ ထွက်လာနိုင်သောနည်း ရှိပေသည်။ ဤသံသရာစက်ကြီးမှပင် ထွက်ရပ် လမ်းစကို ရှာနိုင်ပေသည်။

အလုပ်ဆိုသည်မှာ အဘယ် ဖြစ် သည် ကို ကျွန်ုပ်တို့တွေ့ခဲ့ကြလေပြီ။ ယင်း အမှု သည် သဘာဝ အခြေခံကြီး၏ တစိတ်တဒေသဖြစ်၏။ အမြဲတန်းလည်း ရွေ့သို့ သွားနေ၏။

ဘုရားရှင်ကိုယုံကြည်သောသူတို့မှာ ဤအချက်ကို ပိုမို၍ နားလည်၏။ အဘယ်ကြောင့်ဟူမူ ဘုရားရှင် ဆိုသည်မှာ ကျွန်ုပ်တို့၏ အကူအညီကို လိုလားသောပုဂ္ဂိုလ်မျိုးမဟုတ်သည်ကို သိရှိသောကြောင့်တည်း။ ဤစကြာဝဠာကြီးသည်ထာဝစဉ် လှုပ်ရှားပြေးသွားနေမည် ဖြစ်သော်လည်း ကျွန်ုပ်တို့၏ ပန်းတိုင်မှာကား လွတ်မြောက်ရေးဖြစ်၏။ ကိုယ်ကျိုး မဖက်မှုဖြစ်၏။ ကမ္မယောဂတရား၏ အလိုအားဖြင့် ဤပန်းတိုင် သို့ အလုပ်လုပ်ခြင်းဖြင့် ရောက်ရှိနိုင်ပေသည်။ ကမ္ဘာကြီး ကို ပျော်ရွှင်ဘွယ်အတိဖြစ်အောင် ကြံဆောင်မည် ဆိုသည်မှာ အယူတိမ်းသူတို့၏ အကြံအစည်သာဖြစ်၏။ သို့သော် အယူတိမ်းမှုသည် ကောင်းမှုနှင့်အတူဆိုးမှုကိုလည်း ဖြစ်စေတတ်သည်ကို ကျွန်ုပ်တို့သတိမူရသည်။ ကမ္မယောဂီ တဦး အတွက်မှာ မိမိမွေးပါလွတ်မြောက်ရေးကို ချစ်မြတ်နိုး စိတ်မှ လွဲ၍အခြားဘာပါးသောအကြံအစည်ကိုရှာဖွေနေရန်အဘယ်ကြောင့်လိုတော့သနည်းဟု မေးမြန်းရန်ပင်ရှိသည်။ လူတိုင်းထားရှိသော အကြံအစည်မျိုးထက် ကျော်လွန်၍ ကျွန်ုပ်တို့ အကြံပြုရပေမည်။

"အလုပ်လုပ်ရန် သင်တို့တွင် အခွင့် အရေးရှိ၏။ သို့သော်အလုပ်၏အသီးအပွင့်များကို ရယူရန်ကားအခွင့်အရေး မရှိ"ဟူသော ဥပဒေသကို လက်တွေ့လုပ်ဆောင်လျက် သိရှိနိုင်ရန် လူတို့သည်မိမိတို့ကိုယ်ကို အလေ့အကျင့်ပေးနိုင်သည် ဟု ကမ္မယောဂီဆရာတို့က ဆိုပေသည်။ ကောင်းမှုကိုပြုလုပ်ခြင်းမှာ မိမိကိုယ်၏တစိတ်တဒေသဖြစ်နေလျှင်ထိုသူ၌အခြား

တပါးသောအကြံအစည်ကိုရှာဖွေရန် လိုတော့မည် မဟုတ်ပေ။ ကောင်းမှုကိုပြုလုပ်ခြင်းသည် ကောင်းမြတ်ခြင်း ဖြစ်၍ ကျွန်ုပ်တို့သည်ကောင်းရာကိုပြုလုပ်ကြပါစို့။ ကောင်းကင်ဘုံသို့ ရောက်လိုသဖြင့်သာ ကောင်းမှုကို ပြုသောသူ၌ အနှောင်အဖွဲ့ရှိနိုင်သေး၏။ မည်သည့်အမှုကိုပြုသည်ဖြစ်စေ၊ ငါ့အတွက် ကိုယ်ကျိုးမြော်ကိုးချက် တစုံတရာ ပါလာလျှင် ထိုအမှုသည် မိမိအားထွက်ရပ်လမ်း(ဝါ)လွတ်မြောက်ကြောင်းတရားကို ပေးမည့်အစားအနှောင်အဖွဲ့ကိုပင်တိုး၍ဖြစ်စေနိုင်လေသည်။

ထို့ကြောင့် တခု တည်း သော လမ်းစဉ်မှာ အလုပ်၏ အကျိုးတရားကို စွန့်ပယ်ရေးဖြစ်၏။ ယင်းတို့ကိုမတွယ်တာမစွဲလန်းရေးဖြစ်၏။ ဤ ကမ္ဘာကြီး သည် ကျွန်ုပ် တို့ မဟုတ်၊ ကျွန်ုပ်တို့သည်လည်းဤကမ္ဘာကြီး မဟုတ်သည်ကို သိထားပါလော့။ ကျွန်ုပ်တို့သည် ခန္ဓာကိုယ် စင်စစ်မဟုတ်။ အလုပ်လုပ်နေသည် စင်စစ်လည်းမဟုတ်ပေ။ ကျွန်ုပ်တို့မှာ အတ္တဖြစ်၏။ ထာဝရငြိမ်းချမ်းခြင်း အ မှန် ရှိ၏။ ထို့ကြောင့် အဘယ်သို့လျှင် တစုံတခုနှင့် နှောင်ဖွဲ့မှုကိုခံရပါမည်နည်း။

တွယ်တာစွဲလန်းမှုကင်းခြင်းဟူသည်မှာ အလွန်ပြော၍ ကောင်းသောစကားဖြစ်၏။ သို့သော်ထိုအဖြစ်ကို ရောက်ရှိရန် မည်သည့်လမ်းစဉ်ကို လိုက်ပါ မည်နည်း။ မည်သည့်အမှုကိုဖြစ်စေနောက်ကွယ်မှ ရည်ရွယ်ချက်တစုံတရာမပါဘဲ ဆောင်ရွက်နိုင်ပါမူ၊ ထိုအမှုသည်နှောင်ဖွဲ့ခြင်းကင်း၍ လက်

ရှိ အနှောင်အဖွဲ့ကြိုးများကို ဖြတ်တောက် နိုင်ပေ လိမ့်မည်။ ကျွန်ုပ်တို့၏ တစုံတရာ တုန့်ပြန် ချက်ကိုမ မြော်လင့်ဘဲ ကမ္ဘာလောကကြီးသို့ ထားရှိသော စေတနာတို့သည်ထုံနေရာတွင် ရဆောင်းသိမ်းပြီးသားဖြစ်လျက် အနှောင်အဖွဲ့ကြိုးမြှင်များကို ဖြတ်နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့အားလည်းလူသားတကာတို့တွင် တနေ့တခြား စင်ကြယ် လာစေလျက် အစင်ကြယ်ဆုံးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိ စေပေလိမ့်မည်။ သို့သော်ဤသို့ပြောသမျှအားလုံးသည်စိတ်ကူးယဉ်ဆန်လွန်းလျက် အဘိမ္မော သန်လွန်းရာ ကျနေ ပေမည်။ သို့မဟုတ် လက်တွေ့ထက်စါတွေ့သဘောပို၍နေချင်လည်း နေပေလိမ့်မည်။ ကျွန်ုပ်သည် ဘဂဝင်ဂီတာကျမ်းကြီးနှင့် ပတ်သက်၍ ငြင်း ခုန်ဆွေးနွေးချက်များစွာကို ဖတ်ခဲ့ဘူးပါသည်။ ဝေဖန်သူများစွာကပင် အကြံအစည်မရှိပါဘဲ မည်သို့အလုပ် လုပ်နိုင်မည်နည်းဟု ဆင်ခြေတက်ကြပါသည်။ ထိုပုဂ္ဂိုလ်တို့ကား အယူတိမ်းမှုဖြစ်ပေါ်လာသော ကိစ္စမှလွဲ၍ကိုယ်ကျိုးမဖက်မှုမျိုးကိုတွေ့ဘူးဟန်မတူချေ။ ထို့ကြောင့် ဤသို့ ဆိုကြခြင်း ဖြစ်ပေသည်။

နိဂုံးချုပ်အနေအားဖြင့် ကမ္မယောဂ တရားကို လက်တွေ့ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီး တဦး၏ အကြောင်းကို ကျွန်ုပ်အနည်းငယ်ပြောကြားလိုပါသည်။ ထိုပုဂ္ဂိုလ်ကြီးကား ဗုဒ္ဓမြတ်စွာကိုယ်တော်ကြီးဖြစ်ပါသည် ဗုဒ္ဓမြတ်စွာသည် ထိုတရားကို ပြည့်ဝစွာကျင့်သုံးခဲ့သူ ပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင်ရှိသမျှ ဆရာအဆူဆူတို့အနက် ဗုဒ္ဓမြတ်စွာမှ

လွဲ၍အခြားတပါးသောပုဂ္ဂိုလ်တို့၌မိမိဘို့ကိုယ်ကိုကိုယ်ကျိုး မပဖက်ရေးသို့ရောက်ရှိနိုင်ရေးအတွက်ပြင်ပအကြံအစည်များ ရှိခဲ့ကြလေသည်။ ကမ္ဘာပေါ်ရှိဆရာအဆူဆူတို့အနက်ချွင်း ချက်ရှိသော ဤပုဂ္ဂိုလ်ကြီးမှလွဲ၍ ၎င်းတို့ကို နှစ်မျိုးနှစ်စားခွဲ ခြားနိုင်ပါသည်။ တမျိုးမှာမိမိတို့သည်ဘုရားရှင်ဝင်စားကာ ကမ္ဘာမြေပြင်ပေါ်သို့ရောက်ရှိလာသူများဖြစ်သည်ဟူသော ပုဂ္ဂိုလ်စုနှင့်အခြား တမျိုးမှာမိမိတို့သည်ဘုရားရှင်၏ တမန် တော်များသာ ဖြစ်သည် ဟူသော ပုဂ္ဂိုလ်စုတို့ဖြစ်ပါသည်။ ထိုအစုနှစ်စုလုံးပင်ပြင်ပမှလုပ်ငန်းသဘောကို အားပြုကြ၏။ မည်သို့ပင်ခန်းနားထယ်ဝါသောစကားလုံးတို့ဖြင့် တန်းဆာ ဆင်ကာ တရားကိုဟောကြားသည်ဖြစ်စေ၊ ပြင်ပမှရလဒ်ကို လည်း မြှော်လင့် အားထားကြ၏။ ဗုဒ္ဓမြတ်စွာ တဦးဘည်းက မူကား "ငါသည် သင်တို့၏ဘုရားနှင့်ပတ်သက်သောအယူ ဝါဒတွဲတို့ကို စိတ်မဝင် စားလို။ ဝိဉာဉ်နှင့်ပတ်သက်၍ သိမ် မွေ့သောအကြောင်း အရာတို့ကိုဆွေးနွေးဝေဖန်၍ အဘယ် အကျိုးထူးအံ့နည်း။ ကောင်းမှုကိုလုပ်၍ ကောင်းရာကိုဖြစ်စေ ပါ။ ဤအမှုဖြင့်သင်အားထွက်ရပ်လမ်းနှင့် သစ္စာတရားရှိရာ သို့ပို့ဆောင်ပေလိမ့်မည်"ဟုဟောပြောတော်မူ၏။ ထိုပုဂ္ဂိုလ် ကြီး၏ဘဝ၌ ပုဂ္ဂလိက အကြံအစည်မပါ။ အဘယ်လူသား မျှသည်း သူ့နည်းနှင်နှင် အလုပ်မလုပ်နိုင်၊ ရာဇဝင်တွင် သူ့ လောက် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်မျိုးမရှိသေးပါ။ လူ့ဘောင်တခုလုံးသည် ဤမျှမြင့်မြတ်သော အဘိဓမ္မာတခု၊ ဤမျှကြီးမားသော ကရုဏာအဟုန်တခု၊ ဤမျှအမူအကျင့်ရှိ သောပုဂ္ဂိုလ်တဦးတည်းကိုသာမွေးဖွားပေးခဲ့ပါသေးသည်။

တရားထူး တရားမြတ် ဘို့ကိုဟောကြားခဲ့သော၏ တရားရှင် မြွာအနိမ့်ဆုံးသောတိရစ္ဆာန်များကို ပင်လျှင်ကြီးစွာသောကရုဏာ ထားတော်မူခဲ့၏။ ထို့ပြင်မိမိအတွက်လည်း ဘာတချက်ကိုမျှသိုလားခြင်း မရှိခဲ့ပေ။ ထိုပုဂ္ဂိုလ်ကြီးကား စံတင်ထိုက်သော ကမ္ဘာ့ယောဂီပုဂ္ဂိုလ်ကြီးကြီးဖြစ်၏။ အကြံအစည် မပါဘဲ အလုပ်လုပ်သူဖြစ်၏။ လူ့လောကရာဇဝင်သမိုင်းတွင်လည်း အကြီးမြင့်ဆုံး ပုဂ္ဂိုလ်တဦးဖြစ်ခဲ့ကြောင်း သက်သေခံနေပေသည်။ အကြီးမြတ်ဆုံးသော ဦးနှောက်နှင့်နှလုံးသားတို့၏ပိုင်ရှင်အဖြစ်၎င်း၊ အကြီးမြတ်ဆုံး ပေါ်ထွန်းခဲ့ဘူးသော ဝိညာဉ်တော်အဖြစ်၎င်း၊ မယှဉ်သာအောင် ပေါ်ထွန်းခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ ကမ္ဘာက ပဌမဦးစွာမြင်ခဲ့ရသောပြုပြင်ရေးသမားကြီးဖြစ်၏။ သူသည် အောက်ပါစကားကိုပဌမဦးစွာဝန့်ဝန့်စားစားပြောကြားခဲ့သူဖြစ်၏။ "ပူရာဏ်ကျမ်းလာစကားများဖြစ်၍ဟု ယုံကြည်ခြင်းမရှိကြလေနှင့်၊ မိမိတို့အမျိုးသားလုံး ယုံကြည်ချက်ဖြစ်သောကြောင့်လည်း ယုံကြည်ခြင်းမပြုကြလေနှင့်၊ ငယ်စဉ်တောင်ကျေး ကလေးဘဝက စတင်သိခဲ့ရသဖြင့်လည်း ယုံကြည်ခြင်း မရှိကြလေနှင့်၊ မိမိတို့ကိုယ်တိုင်တွေးကြံကြပါ၊ သရုပ်ခွဲကြည့်ကြပါ။ ထိုအခါ၌အမှုသည် တဦးဦးကို၎င်း၊ အများကို၎င်း၊ ကောင်းကျိုးဆောင်နိုင်သည့်ကိုတွေ့ရှိအံ့။ ၎င်းကိုယုံကြည်ပါလော့။ ၎င်းအတိုင်းကျင့်ကြံပါလော့။ လူအပေါင်းအားလည်း ၎င်းအတိုင်းကျင့်ကြံနိုင်အောင် ဆောင်ရွက်ကူညီပါလော့" ဟူ၍ ဖြစ်သတည်း။

လူတယောက်သည် တစုံတရာအကြံအစည့် မပါဘဲ ငွေအတွက်ရင်း၊ နာမည်အတွက်ရင်း၊ ငဲ့ကွက်မြှော်လင့်ခြင်း ကင်းလျက်၊ အလုပ်လုပ်နိုင်ပါက အကောင်းဆုံးကို ပြုရာ သည်မည်၏။ ဤသို့ပြုလုပ်နိုင်သူသည် ဗုဒ္ဓတပါးဖြစ်ပေလိမ့် မည်။ထိုပုဂ္ဂိုလ်မှသည်လောကကြီးကိုပြောင်းလဲစေနိုင်သော တန်ခိုးစွမ်းအားသည်ပေါ်ထွက်လာပေလိမ့်မည်။ ထိုပုဂ္ဂိုလ် မျိုးသည်ပင်ကမ္မယောဂ၏ အမြင့်ဆုံး သော စံပြသဘောကို ပေါ်ပြပေတော့သည်။